
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်မှန် စုံထောက် မဂ္ဂဇင်း

NO.143 OCTOBER 2014

တာဝန်ခံအယ်ဒီတာ
[illegible]
အယ်ဒီတာ
[illegible]
[illegible]
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
[illegible]
[illegible]


**စုံထောက်ကဗျာ**

မောင်သာလင်း၊ ခုမွန်ဦး (ဟာသ်ာတ)၊
ငယ်လေးမောင် (သမြေဂျ်) ဗဟိုမောင်မိုးခေ့

**စုံထောက်ရင်ခုန်သံ**

ကိုဘချော၊ မောင်လွမ်းရည် (ရွှေတောင်)၊ နိုင်လွင်ကောင်းဇံ၊
သိန်းဝင်း (ကျောက်ပန်းတောင်း)

**စုံထောက်မှင်သစ်**

ကောင်းအိမ်မွှေး ရာဇဖွား

**ကာတွန်း**

သူရိန်၊ မောင်မောင်ညွှက်၊ အောင်အောင်ထွေး ပေါက်ကျိုင်း
သာဒင်၊ ကိုငယ်၊ မြေရိုင်း၊ M အောင်ရှိန်

**အတိုဆုံးစုံထောက်ဝတ္ထု**

၁၂၉။ လမင်းသစ္စာ၊ ခက်လှိုင်းကျော်၊ ရှစ်ခွင်ကျော် ဖောင်တော်သီ၊
အောင်ကျော်ပြုံး

**စုံထောက်သုတ**

၂၉။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ) ဥပဒေစုံထောက်
၃၂။ မောင်ဉာဏ်စိန် မူးယစ်ဆေးဝါးတွေရှိမှုနှင့် အလေးချိန်ပြဿနာ
၅၀။ လှမိုး(ပညာရေး) နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ

**နိုင်ငံတကာစုံထောက်**

၂၇။ မောင်ကောင်းယဉ် နိုင်ငံတကာစုံထောက်

**စုံထောက်ဒိုင်ယာရီ**

၁၀၆။ မောင်ယဉ်ကျော် စုံထောက်ဒိုင်ယာရီ

**စုံထောက်အလုအပ**

၂၁။ ငြိမ်းချမ်းအောင် သရုပ်ဆောင်အလုပ် စတင်တော့မယ့်
ရွှေရည်သုန်သုန်
၁၃၅။ စုဝေနင်း ချိုင်းချွေးနံ့ထွက်ခြင်းကို
ကာကွယ်နိုင်သည့်နည်းလမ်းများ

**Cover Story**

၁၄။ စုံထောက်မောင်ရေချဲ
စုံထောက်စံထူးနှင့်
ခြစားခံရသော
သတ္တုတုံးများ

**ကံကြမ္မာစုံထောက်**

၁၇၈။ ဇင်ယော်နီ
တစ်လတာကံကြမ္မာ

**စုံထောက်ဟာသ**

၁၃၃။ စလောင်သောင်း (သုံးဆယ်)
သက်ရှည်ကျန်းမာ ရယ်စ




www.burmeseclassic.com

www.burmeseclassic.com


စုံထောက်ဂမ္ဘီရ

၁၃၇။ နေမင်းသူရိန် ဂမ္ဘီရစုံထောက်

၁၄၂။ ကိုမောင်သန်းဝင်း စိတ်ညွှတ်၍ ပြန်ရောက်လာသော တမလွန်မှ ချစ်သူ

၁၅၁။ နန္ဒာမိုးကြယ် တစ်ညတာနန်းက

ရသဝတ္ထု

၅၆။ ဇင်ယော်နီ

ရသေ့ကြီးဦးရွှေတောင်နှင့် ဝရမ်းပြေးရဲခေါင်

၆၅။ ကိုးမန်းတင်ဝင်း

မိန်းမစခန်းမှူး မြင်ဖူးကြသလား

၇၂။ လွမ်းသျှင်နှောင်

ရင်မှာလောင်သောမီး

၇၈။ ကျွန်းစဉ့်မြေစောက်

မိစ္ဆာကောင်တို့ကလဲ့စား

၈၅။ စိုးဇေ

မရဏခေါ်သံနှင့် ကြမ္မာငင်သူကြိုးသမား

၉၉။ မောင်မြင့်မား (ဗိုလ်ကလေး)

တောထဲက လူပုလေးများ

၁၁၁။ အလင်္ကာသူရ

တိမ်လွှာဖုံးသော လပြည့်ည

၁၄၇။ မြသိန်း

ပြပွဲမှ ရေးဟောင်းပစ္စည်းပျောက်မှု

၁၅၈။ ကိုကိုမောင် (အင်းလေး)

အကြွေးမထားသောဝင့်

၁၆၇။ ထွန်းအောင်ရင်

ပွဲဈေးတန်းက လူလိမ်များ






www.burmeseclassic.com

www.burmeseclassic.com

# 2014 OCTOBER


မျက်နှာဖုံးပန်းချီ
မင်းထက် နိုင်

အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး။
လွင်မင်း။ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်

ဖြန့်ချိရေး
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးကျင်ရင်(မြ-၀၅၄၁၇)၊
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၁၂)၊ သရဖီလမ်း။
စောရန်ပိုင်အနောက်ရပ်ကွက်။
ဖုန်း - ၂၂၉၅၆၁






ထုတ်ဝေသူ
ဦးမောင်မောင်အေး
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)


အုပ်ချုပ်ရေးမှူး
ဒေါ်စန်းစန်းဌေး(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မဂ္ဂဇင်းတိုက်တည်နေရာ
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# ပျိုကိုရင်

ဖြာဟာစ်ကြေးသကွယ့် ဘဝင်ခူပွက်
ဂျာရစ်လေးနဲ့ သျှင်လူထွက်··။

အို··မချိုမချဉ် မျက်နှာပြူးသနော့
ပျိုကိုရင် ရုက်စရာ မှန်းသတော့။

ညအခါ အများပျော် ဘယ်မငြင်းခဲ့ အတူ
လအသာ ကစားဖော် သူငယ်ချင်းကွယ့် သူ။

နှစ်ယောက်အတူ နံပြောင်းတုတ်ရိုး နွတ်တူးသယ်သနဲ့
မကြောက်မပူ ကြံချောင်းလုပ်ချိုး စုပ်ဖူးတယ်ဟဲ့။

လေးခွတစ်လက်ဆွဲ နှစ်ယောက်မြူးပျော်
ဒွေးမြထန်းလျက်တဲ ရောက်ဖူးသနော်။

မလွှမ်းသယောင် စတိုင်ချိုးမိ အပေါင်းကြိတ်ကြံကြ
ကွမ်းတောင်ကိုင် "သျှိုး"ထိ စောင်းချိတ်ခံရ။

အို··ဟိုယခင်အခါ ဒွေးတင့်သမီးထွား ဆံရစ်ဖူးနွယ်
ပျိုကိုရင်ဟာ "အေးခင့်ရည်းစား" ဖြစ်ဖူးတယ်။

မျှစ်စို့အလား ထွားကျိုင်းလာ သန်မာပေ့
ချစ်ဖို့တအား ကျုံးရိုင်းပမာဏ မာန်ပါသလေ့။

မြင်သူမက်စရာ တကာယ်မပမ်းဇွဲနဲ့
သျှင်လူထွက်လာ ထယ်တန်းခွဲသတဲ့။

ထနောင်းရှေ့အကွယ် လက်သရမ်း အကြံက သူမတူ ကြမ်း
ချောင်းကွေ့အဆွယ် ဖက်နမ်းခံရ ထူပူအမ်း။

ကစားဖက်မက မယားအသက်တမျှ
နှစ်ပါးယှက်ကြ တို့ဟိုယခင်နှယ်··
ခါးဖက်မဝ မားတစ်လက်ဆ
တအားတက်ရ ပျိုကိုရင်ရယ်···။

မောင်သာလင်း

www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာမိုး

❒ ရှိက်ကြီးတငင်ငင်
ပရိဒေဝသောကတစ်စုံနဲ့
ငိုကြွေးမှုတွေက
မကုန်ဆုံးနိုင်တော့ဘူး . . ။

❒ ရွာလည်း ရွာနိုင်ရဲ့
ကျလည်း ကျနိုင်တဲ့
အလွမ်းလက်ဖွဲ့ မိုးရည်စက်တွေ . . ။
တကျိမ်းကျိမ်းညီးညံ
သားခေါ်သံ
သမီးခေါ်သံ
ခြေးမြစ်ခေါ်တဲ့အသံတွေ
တိမ်ယံမှာပေါက်ကွဲ
လာမယ်လေ တကဲကဲလုပ်
တသည်းသည်းဆုပ်
ရွာလိုက်တဲ့
မိုးတွေ . . မိုးတွေ
မြေကမ္ဘာပေါ်မှာတော့ အိုင်တွေထွန်း
ချစ်ခွန်းခြွေဖွဲ့
ရွှေမိုး . .
ငွေမိုး . .
ပုလဲမိုး . . တဲ့။

❒ အတိုးနဲ့ပဲ ရွာရွာ
အငြိုးဖွဲ့ ပြီးတော့ပဲ ရွာရွာ
မိုးဆိုတာ
မင်္ဂလာတစ်ပါးရယ်မို့
ခြည်း . .
အလင်္ကာတရားနဲ့ ပြည့်စုံနေ . . ။



ဘုမှန်ဦး (ဟသံတ)

www.burmeseclassic.com

www.burmeseclassic.com



# ထီးဖြူတစ်လက် လိုချင်တယ်



အမိုးဖောက်ထားတဲ့ ဘတ်စ်ကားပေါ်မှာ
မိုးပေါက်ကလေးတွေ အစီအရီကြဲပက်
နွေတစ်ဝက် မိုးတစ်ပြက်
ပင့်သက်ရှိုက် ဖြေလျှော့လော့
မျက်နှာမော့တန့်ချိုး
ပလီပလာ ပေယ်ယာ
မေတ္တာစားတွေ နှာခံရင်းရွေ့
ကောက်ကောက်ကွေ့ကွေ့
တိုးဝှေ့နေရာ မရထားခရီးကြမ်း
ရှေ့တစ်လှမ်းတက် နောက်တစ်လှမ်းဆုတ်
အိုးပုတ်ချိုးရုပ်
အစာအိမ်မီးမှုတ်
ချွေးထုတ်ဖို့ မလိုဘူးလေ။
ငါးသေတ္တာထဲက ငါးလေးတွေလို
မြို့ပြငုန် နှလုံးတုန်ရှုခင်းအလှ
စကားမေးမရ မျိုသိပ်သက်ပြင်းချ
နွမ်းလျအိမ်ပြန်
မနက်ဖြန်ရဲ့ မနက်ဖြန်
ပြန်လာဦးမှာလား မိုးရယ်။

ထယ်-သောင်နိုးဇော်

www.burmeseclassic.com

www.burmeseclassic.com




# အသက်ကမြစ်ရဲ့ အရုဏ်သစ်ချိန်

❒ ဆည်းလည်းတစ်ခုလို တည်ငြိမ်မှုမဲ့တဲ့ ဥတုရာသီထဲ
ချွေးနဲ့စွဲနေတဲ့ သီချင်းသံစဉ်ဝေ
ပြားချပ်နေတဲ့ ဘဝအောက်မှာတော့ အနာသင်းရောင်တစ်ခု။

❒ တစ်ခါတစ်ခါ
တုန်ဖျားတက်နေတဲ့ လေအဟုန်မှာ
စာနင်ခြင်းနဲ့ ဘဝကိုထွန်ယက်ရင်း
ဂန္တဝင်ဂီတကို နှလုံးသားနဲ့ သီဆိုခဲ့။

❒ နှင်းဝေနေတို့ ရတုသစ်ဆဲမှာ
အပြုံးဝေအမော သံစဉ်တစ်ခု
အသက်ကမြစ်တို့ ရှန်းသစ်ဝေဖို့
အားအပြည့်ထည့်ရင်း
"ဘုရင်သုံးရင် တုံးနေ့တဲ့ဓား ထက်" ဆိုသလို
မျှော်လင့်ချက်နဲ့ ဘဝကို အရုဏ်တက်ရင်း
နေကွယ်ချိန် စောသွားတာ နှမြောမိတယ်။


ယော်လေးမောင် (သမြို့)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com





## စကားဝါမြို့

မြတ်ဗုဒ္ဓသာသနာနဲ့ သာယာလှပနေတဲ့မြို့
မေတ္တာအစုံ လွှမ်းခြုံခံထားရတဲ့မြို့
အမှန်ကိုချစ်မြတ်နိုး သစ္စာမဖျက်ချိုးတတ်တဲ့မြို့
သင်းရနံ့ကြိုင် ပန်းစကားဝါ လှိုင်တဲ့မြို့
တိုးတက်မှုတွေနဲ့အပြိုင် ခေတ်ကိုယှဉ်နိုင်တဲ့မြို့
ကူညီစိတ်ထားများနဲ့ ဖြူစင်ရိုးသားတဲ့မြို့
မန်ကျည်းတမာနဲ့ ထန်းပင်များ ခြံရံထားတဲ့မြို့
ပုပ္ပါးတောင်ခြေ အိုအေစစ်တစ်နေရာက
ငြိမ်းချမ်းလှပတဲ့ အညာမြေက စကားဝါမြို့။

သိန်းဝင်း (ကျောက်ပန်းတောင်း)



www.burmeseclassic.com

www.burmeseclassic.com



## လမင်းခြေသံ

❒ လိပ်ပြာသန့်စင် ကြော့မော့လွင်၍
လှုမြင်ခံ ပွဲလယ်တင့်ရဲ. . .။
❒ လူ့ခြေဆိတ်ပျောက် လမ်းထလျှောက်သည့်
အကြောက်ပဇာ ရှိလို့လဲ။

ကိုဘချော






www.burmeseclassic.com

www.burmeseclassic.com





# ပညတ် နဲ့ ပရမတ်

- ဒါ

သူတစ်ပါး
ယောကျ်ား
မိန်းမ
သက္ကာယဒိဋ္ဌိတွေ စွဲနေ
မရှိကို အရှိထင်
မဟုတ်ကို အဟုတ်ထင်
ပညတ်ကို ပရမတ်ထင်

- ပညတ်နဲ့ ပရမတ်

ကွဲကွဲပြားပြား မသိသေးသမျှ
ဝေးနေရဦးမှာကတော့ နိဗ္ဗာန်။ ။

မောင်လွမ်းရည် (ရွှေတောင်)



www.burmeseclassic.com


www.burmeseclassic.com



# မျက်မမြင်

ချိုမြိန်ခြင်း။ ခါးသက်ခြင်းက
စိတ်နဲ့ကိုယ် မကပ်တော့တဲ့ဇာတ်လမ်း
တစ်နေ့ထက်တစ်နေ့
အဝိဇ္ဇာတွေပဲ လေလုံးထွားထွားလာ
အနာဂတ်ကို ကြားနာဖို့ ဆေးလိပ်က တိုတောင်းနေပြီလေ
သမီးငယ်ရဲ့ အပြုံးနဲ့လည်း အညစ်အကြေးတွေက မဆေးနိုင်မကြောနိုင်
ကြာပြီ
အနုပညာဆိုတာ ခမ်းခြောက်သွားတဲ့ မြို့ကြီးပြကြီးလား
တူတူပုန်းတမ်းလည်း မကာစားပါရစေနဲ့
ဆေးချယ်ထားတဲ့မျက်နှာကို ဘယ်သူမှ မဝေ့ဖြစ်ဘူး
ရိုးစင်းစွာ အံ့ဝင်ခွင်ကျခဲ့ပေါ့
ရန့်ဖွေးဖွေးကိုပဲ ကြည့်ဖြစ်တယ်
အရောင်အဆင်းကို နားမထောင်တော့ပါဘူး
ပြောရရင် အားလုံးဟာ အေးအေးဆေးဆေး
စိတ်ဆင်းရဲစရာတစ်ဝက်က ဖိအားလျော့ပြီးသား။

ခိုင်လွင်ကောင်းဇံ





www.burmeseclassic.com

www.burmeseclassic.com





ပရိသတ်များ စိတ်ဝင်စားနေကြတဲ့
သရုပ်ဆောင်အသစ်တွေအထဲမှာ
**ရွှေရည်သုန်သုန်**လည်း တစ်ယောက်
အပါအဝင် ဖြစ်ပါတယ်။
ကြော်ငြာများ၊ ဘောဘုတ်များ၊
ဂျာနယ်မဂ္ဂဇင်း အလှဓာတ်ပုံများမှာ
ချစ်စရာဟန်ပန်များကြောင့်
သရုပ်ဆောင်လောကထဲသို့
စတင် အခြေကျဆောင်ရွက်တော့မယ့်
**ရွှေရည်သုန်သုန်**ရဲ့
အနုပညာအစီအစဉ်တချို့ကို
မေးကြည့်မိတဲ့အခါမှာတော့ . . .

## သရုပ်ဆောင်အလုပ် စတင်တော့မယ့်

# ရွှေရည်သုန်သုန်



www.burmeseclassic.com

www.burmeseclassic.com




ပထမဆုံး ညီမလေး အခု အနုပညာ အလုပ်တွေ လုပ်ဖြစ်နေတဲ့အကြောင်းတွေကစပြီး ပြောပြပါ။

ဟုတ်ကဲ့၊ ညီမ အခု မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေအတွက် အလှမာတ်ပုံတွေကတော့ ဆက်တိုက်ဆိုသလို ရိုက်ကူးဖြစ်နေတာပေါ့နော်။ ညီမက Photo Model တစ်ယောက်အနေနဲ့သာ ရပ်တည်လာရာမှ အခုဆို ပရိသတ်တွေရဲ့ တောင်းဆိုချက်အရရော၊ ကိုယ်တိုင်ကလည်း ဝါသနာပါတာကြောင့်ရော အခု သရုပ်ဆောင် စတင်ပြုလုပ်တော့မှာ ဖြစ်ပါတယ်။

သရုပ်ဆောင်ဘက်ကို စတင်ဆောင်ရွက်တော့မှာ ဆိုတော့ သရုပ်ဆောင်ပိုင်းအတွက် ဘယ်လိုကြိုတင်ပြင်ဆင်မှုတွေ လုပ်နေသလဲ။

သရုပ်ဆောင်ပညာကတော့ အရမ်းခက်ခဲနက်နဲပါတယ်။ ဒါကြောင့် ညီမ အခု သရုပ်ဆောင်ပညာကို စကားဝါအနုပညာ သရုပ်ဆောင်သင်တန်းကျောင်းတက်နေပါတယ်။ ဒီသင်တန်းကို တက်နေတာ သုံးပတ်လောက်တော့ ရှိနေပါပြီ။

သရုပ်ဆောင်သင်တန်းမှာရော ဘယ်လို အသိပညာတွေ ရရှိလာစေသလဲ။

သရုပ်ဆောင်တာကတော့ အများကြီးလည်း ကျယ်ပြန့်ပါတယ်။ ကိုယ်မသိသေးတာ၊ မတတ်သေးတာ သရုပ်ဆောင်တဲ့အခါ Mood ဘယ်လိုသွင်းရသလဲ၊ စကားအပြောအဆိုစတာတွေကအစ အသေးစိတ် သိရှိလာစေတယ်။ သရုပ်ဆောင်ပိုင်းအတွက် အသိပညာတွေ၊ ဗဟုသုတတွေလည်း အများကြီး ရရှိလာစေတယ်။

သရုပ်ဆောင်သင်တန်း တက်ပြီးတဲ့အခါ ရိုက်ကူးမှုတွေအတွက် ကမ်းလှမ်းထားတာတွေ ရှိနေပြီလား။

www.burmeseclassic.com



ဟုတ်ကဲ့ . .၊ သမီးကို အခု ကတည်းက ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ကူးဖို့အတွက် လာရောက် ကမ်း လှမ်းထားတာတွေတော့ ရှိတယ်။ ဒါ ကြောင့် သရုပ်ဆောင် စတင်ပြုလုပ်တဲ့ အချိန်မှာ အကောင်းဆုံးဖြစ်အောင် အခုကတည်းက



သေချာလေး ဂရုစိုက်သင်ယူတယ်၊ လေ့လာတယ်၊ ကြိုးစား ဆောင်ရွက်ဖြစ် နေပါတယ်။

သရုပ်ဆောင်သင်တန်းတောင် မပြီးသေး ဘူး၊ ဗီဒီယိုဇာတ်ကားတွေ ရိုက်ကူးဖို့ လာရောက် ကမ်းလှမ်းနေတဲ့ အပေါ်မှာရော ညီမရဲ့ခံစား ချက်တွေကာ..

သမီး အရမ်း ကို ပျော်ပါတယ်။ အခုလို သရုပ်ဆောင် ဖို့ ကမ်းလှမ်းခြင်း တွေ ခံရတော့ ကိုယ်ရှေ့ဆက်ရ မယ့် အနုပညာအလုပ်တွေအတွက် အားအင်တွေလည်း ဖြစ်စေပါတယ်။

သရုပ်ဆောင်သင်တန်းတက်နေပေမယ့် တခြား သရုပ်ဆောင်ပိုင်းအတွက် လေ့ လာမှုတွေကရော...

သင်တန်းကိုလည်း သေသေ ချာချာလေး လေ့လာ သင်ယူတယ်။ အိမ်ရောက်တဲ့အခါမှာလည်း သရုပ် ဆောင်ပိုင်း၊ အိုင်တင်ပိုင်းတွေကိုရော လေ့ကျင့်တယ်။ စီနီယာသရုပ်ဆောင် ကြီးတွေရဲ့ သရုပ်ဆောင်မှုတွေကို လေ့ လာတယ်။ အခုဆို ဗီဒီယိုဇာတ်ကား





www.burmeseclassic.com

www.burmeseclassic.com

တွေ ပိုကြည့်ဖြစ်တယ်။ သင်တန်းကို သေချာအားစိုက်ပြီး တက်ရောက်ဖြစ်တယ်။

**သရုပ်ဆောင် လုပ်မယ့်သူတွေအတွက် သရုပ်ဆောင်သင်တန်းတက်ဖို့ရော လိုအပ်မယ်လို့ ထင်သလား။**

အရေးကြီးတယ်လို့ ထင်ပါတယ်။ သရုပ်ဆောင်ဖို့ဆိုတာက ဒီလို သရုပ်ဆောင်အခြေခံတဲ့ သရုပ်ဆောင်မှု အတတ်ပညာတွေကို ကောင်းကောင်းတတ်ထားဖို့တော့ လိုတယ်လေ။ အခြေခံကစထားမှ သရုပ်ဆောင်တဲ့အခါမှာလည်း သေသေချာချာ လုပ်နိုင်မယ်လို့ ထင်ပါတယ်။

**ဒါဆို ညီမကရော ဘယ်အချိန်လောက်မှ စတင်သရုပ်ဆောင်ဖို့ စီစဉ်ထားသလဲ။**

ညီမ အခု အနုပညာလောကထဲ ရောက်တာကလည်း တစ်နှစ်ခွဲလောက်ပဲ ရှိသေးတာလေ။ ဗီဒီယိုဇာတ်ကားတွေ ရိုက်ကူးဖို့အတွက် ကမ်းလှမ်းထားတာ ရှိပေမယ့်လည်း အခု သင်တန်းပြီးတဲ့အခါ ပညာပြည့်ဝရင်တော့ လက်ခံ ရိုက်ကူးသွားမှာပါ။ နောက် ခြောက်လလောက်မှပဲ စတင်ရိုက်ကူးမယ်လို့ စဉ်းစားထားပါတယ်။

**အခုဆို ပရိသတ်တွေကလည်း ညီမရဲ့ သရုပ်ဆောင်မှုတွေကို စိတ်ဝင်စားနေကြတဲ့အပေါ်မှာရော⋯**

အခု ကြိုးစားနေပါတယ်။ သမီးကိုသိတဲ့ ပရိသတ်တွေအတွက်ရော မသိသေးတဲ့ ပရိသတ်တွေရော ရှိကြတယ်။ အနုပညာအလုပ်တွေကို ဆက်လက် ကြိုးစားသွားပါမယ်၊ အကောင်းဆုံး ကြိုးစားသရုပ်ဆောင်မယ်၊ သမီးကိုလည်း အားပေးကြပါလို့။

ငြိမ်းချမ်းအောင်





www.burmeseclassic.com

www.burmeseclassic.com





## မောင်မောင်စိန်လင်း (နတ်မောက်) စုစည်းတင်ပြသည့် လူကြီးလူလတ်၊ လူငယ်များ သတိထားသင့်သော ဖြစ်ရပ်မှန် မှုခင်း ဖြစ်စဉ်များ (၃)




ဆရာ မောင်မောင်စိန်လင်း (နတ်မောက်) မှစုစည်းတင်ပြသည့် လူကြီးလူလတ် လူငယ်များ သတိထားသင့်သော ဖြစ်ရပ်မှန် မှုခင်းဖြစ်စဉ်များ စာအုပ်ထဲတွင် ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်း ၁၅ ပုဒ် ပါရှိသည်။

ဇာတ်လမ်းအားလုံးမှာ တကယ်ဖြစ်ခဲ့သည့် မှုခင်းများကို ရသစာပေအဖြစ် ဖွဲ့နွဲ့တင်ပြ ထားခြင်း ဖြစ်သည်။ ဆရာမောင်မောင်စိန်လင်း (နတ်မောက်)၏ ဖြစ်ရပ်မှန် မှုခင်းဖြစ်စဉ်များအား လေ့လာဖတ်ရှုကြည့်ခြင်းအားဖြင့် စာဖတ်သူများ သင်ခန်းစာယူနိုင်ခြင်းနှင့် သတိပြု ဆင်ခြင်နိုင်ခြင်းများ ဖြစ်နိုင်ပါသည်။ မြတ်ပန်းရဂုံစာပေမှ ထုတ်ဝေဖြန့်ချိသည်။




## ထက်ဝေး

### အမုန်းမုန်တိုင်းပေါ်က ရက်စက်သော ရယ်သံနှင့် ညီမလေးဖတ်ဖို့စာ

ဆရာထက်ဝေး၏ အမုန်းမုန်တိုင်းပေါ်က ရက်စက်သော ရယ်သံနှင့် ညီမလေး ဖတ်ဖို့ စာအုပ်သည် ထူးခြားသည့်စာအုပ်ဖြစ်သည်။

စာအုပ်ထဲတွင် ကဗျာ ၉၉ ပုဒ်ပါရှိ၍ ဆောင်းပါး ငါးပုဒ် ပါရှိသည်။ စာစုအားလုံးသည် အချစ်ဖွဲ့ စာစုများချည်း ဖြစ်သည်။ စာဖတ်သူအတွက် တစ်ပြိုင်တည်း ကဗျာရသနှင့် ဆောင်းပါးရသ နှစ်မျိုးပေးနိုင်သည့်စာအုပ် ဖြစ်သည်။ ယဉ်မျိုးစာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ငြိမ်းငြိမ်း (ကျိုင်းတုံ)

### အံ့ဖွယ်ထူးခြား အိပ်မက်များ




ဆရာငြိမ်းချမ်း (ကျိုင်းတုံ) ၏ အံ့ဖွယ်ထူးခြား အိပ်မက်များ စာအုပ်ထဲတွင် ဇာတ်နိပါတ်တော်လာ အိပ်မက်၊ ထူးထွေဆန်းပြား ပဟေဠိဆန်သော အိပ်မက်များ၊ မကောင်းသော နိမိတ်ပြသည့် အိပ်မက်ဆိုးများ၊ မကျန်းမမာ နာဖျားစေသော အိပ်မက်များ၊ မင်္ဂလာနှင့် ပြည့်စုံ၍ နိမိတ်ကောင်းသော အိပ်မက်များ စသည် တို့နှင့်ပတ်သက်သည့် ဆောင်းပါး ၁၄ ပုဒ် ပါရှိသည်။ ဤစာအုပ် ကို ဖတ်ခြင်းဖြင့် မိမိမက်သောအိပ်မက်နှင့်ပတ်သက်၍ တိကျ စွာ အဓိပ္ပာယ်ကောက်နိုင်မည် ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

---

## ကြည်မိုးငြိမ်း

### မိတ္ထီလာကန်တော်နောက်က အချစ်ကောက်ရသည်




ဆရာကြည်မိုးငြိမ်း၏ မိတ္ထီလာကန်တော်နောက် က အချစ်ကောက်ရသည် စာအုပ်သည် ရှားရှားပါးပါး ထွက်ရှိလာသည့် အချစ်ဖွဲ့ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။ လူငယ်များ စာဖတ်အားနည်းနေချိန်တွင် အချစ် ဝတ္ထုသန့်သန့်ကလေးဖြင့် ဖြူစင်သည့်မေတ္တာအကြောင်း ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ ဆရာ၏ အရေးကျွမ်းကျင်မှု၊ ဇာတ်လမ်းဖွဲ့စည်းမှုတို့မှာ စာဖတ်သူကို လက်က မချ နိုင်လောက်အောင် ဆွဲဆောင်နိုင်သည့် ဝတ္ထု ဇာတ်လမ်းဖြစ်သည်။ မြစုရတနာစာပေမှ ထုတ်ဝေ ဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာစုံထောက်

မောင်ကောင်းယဉ်

## စီးပွားရေးလုပ်ငန်းရှင်၏ ဇနီး ခိုးဝှက်မှုဖြင့် စွပ်စွဲခံရ




မြန်မာစကားတွင် လွယ်လျှင် သူကြွယ်ပင် သူခိုးဖြစ်ဟု ဆိုသည်။ စင်ကာပူနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင် ကြီးတစ်ဦး၏ဇနီး လီလီယန်ဟွေး ဆိုသူသည် ခင်ပွန်း၏ ရင်းနှီးသောမိတ်ဆွေ မဒမ်လီလီချန်းထံမှ ဒေါ်လာ ၂၅၀၀ အပါအဝင် နာရီ၊ အိုင်ဖုန်းနှင့် အခြားပစ္စည်းရှစ်မျိုး တန်ဖိုးအားဖြင့် ဒေါ်လာ ၄၆၉၅ ဖိုး ခိုးယူသည်ဟု စွပ်စွဲခံရလျက်ရှိသည်။ မောင့်အယ်လီဇဘက် ဆေးရုံတွင် ခိုးယူသည်ဟု စွဲဆိုမှုဖြစ်သည်။

ရဲတပ်ဖွဲ့ကအရေးယူပြီး သက်သေများကိုပါ စစ်ဆေးဆဲဖြစ်ရာ စွပ်စွဲခံရသူ၏ ခင်ပွန်းမှာ ဇနီးနှင့်ရင်းနှီးသော မိတ်ဆွေအကြား ဗျာများနေရသည်။ တရားရုံးက ဆက်လက်စစ်ဆေးဆဲဖြစ်လျှင် ပင်ကိုယ်က ချမ်းသာကြွယ်ဝသည့်ပုံစံဖြင့် ခံ့ညားစွာရှိနေသော်လည်း တရားခံဘဝတွင် ညှိုးငယ်စွာတွေ့ရသည်။ ထောက်လှမ်း ဝေခွဲရခက်နေသော မှုခင်းဖြစ်သည် ဆို၏။

T.S.T. 7-5-14

မောင်ကောင်းယဉ်

## တရုတ်နိုင်ငံက အကြမ်းဖက် ရမ်းကားမှု



တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဓားကိုင်ရမ်းကားမှုအဖြစ် တတိယအကြိမ်ဖြစ်ပွားခဲ့ရာ ပြည်သူအများ အထိတ်တလန့်ဖြစ်ကြရသည်။ ဆက်တိုက်ဖြစ်ပွားမှုက သတိကြီးစွာထားနေရကာ အစွန်းရောက်သမားများ၏ လက်ချက်ဟု ယူဆကြသည်။ ယခုဖြစ်ရပ်မှာ ဂန်ဇောမြို့တောင်ပိုင်း လူစည်ကားသည့် ဘူတာရုံတွင် ဓားဖြင့် တိုက်ခိုက်မှုဖြစ်ကြောင်း၊ လေးဦးသေဆုံးပြီး၊ ခြောက်ဦးဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့က ဖြစ်ပွားမှုကိစ္စအတွက် ချက်ချင်းရောက်လာကာ အရေးယူခဲ့၍ တစ်ဦးကို ဖမ်းဆီးမိပြီး တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားသည်။ ဘူတာရုံအပြင်ဘက်၌ ဖြစ်ပွားလေရာ ရှုပ်ထွေးမှုများဖြစ်ခဲ့ရသည်။ ဂန်ဇောရဲတပ်ဖွဲ့၏ ရှေးဦးစစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ချက်အရ အကြမ်းဖက် သမားတစ်ဦးကို ပစ်ခတ်ခဲ့ရာ သေဆုံးခဲ့ပြီး ဆေးရုံတင် ပို့လိုက်ရပေသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလကလည်း ပေကျင်းမြို့ တီယာနမ်ရင်ပြင်အနီးတွင် အသေခံ ကားတိုက်မှု ဖြစ်ခဲ့ရာ ငါးဦး သေဆုံးပြီး ၄၀ ဦး ဒဏ်ရာရခဲ့သည်။ အလားတူပင် ဇီဇင်ကျန်းပြည်နယ်တွင်လည်း အကြမ်းဖက်မှု ဖြစ်ပွားခဲ့သေးသည်။

ယခုနှစ် မတ်လ ၁ ရက်ကလည်း ယူနန်ပြည်နယ်၊ ကူမင်းမြို့အနောက်တောင်ဘက်ရှိ ဘူတာရုံတွင် အကြမ်းဖက်ဓားသမားများ၏ လက်ချက်ကြောင့် ၂၉ ဦး သေဆုံးပြီး ၁၄၃ ဦး ဒဏ်ရာရခဲ့ရာ ကြီးမားသည့် သွေးထွက်သံယိုမှု ဖြစ်ပေသည်။ ယခုဖြစ်ပွားမှုက ဓားဖြင့် ရမ်းကားမှုဖြစ်ပြီး ဇင်းကျန်းမြို့တွင်လည်း သုံးဦး သေဆုံးပြီး ၇၉ ဦး ဒဏ်ရာရခဲ့ဖူးသည်။

ဓားဖြင့်ရမ်းကားတိုက်ခိုက်မှုဖြစ်စဉ် တူညီပေရာ အစ္စလာမ်မစ် အကြမ်းဖက်သမားများ၏ လက်ချက်ဟု ကောက်ချက်ချခဲ့ကြသည်။ ဖော်ပြပါပုံမှာ ရဲတပ်ဖွဲ့၏ အရေးယူဆောင်ရွက်မှုဖြစ်သည်။

T.S.T. 5-5-14

မောင်ကောင်းယဉ်

---

# အဆောက်အအုံပေါ် ပျက်ကျတဲ့ ဟယ်လီကော့ပတာ



ထိုင်ဝမ်မြောက်ပိုင်း တာအိုယန်းခရိုင်တွင် လေ့ကျင့်ရေးလေယာဉ် ဟယ်လီကော့ပတာတစ်စီး အဆောက်အအုံတစ်ခုပေါ်သို့ ကျခဲ့ရာ လေယာဉ်မှူး ဒဏ်ရာရခြင်းမှအပ မြေပြင်မှ ပုဂ္ဂိုလ်များ ဒဏ်ရာရခြင်းမရှိဟု သိရသည်။ ဒဏ်ရာရသူမှာ အသက် ၃၅ နှစ်အရွယ်ရှိပြီး အသေးစားဒဏ်ရာရမှုသာ ဖြစ်သည်။ လေယာဉ်လေ့ကျင့်ရေးမှူးမှာ အမေရိကန်နိုင်ငံ သင်တန်းဆင်းဖြစ်သည်ဟု ဆို၏။ ဖြစ်ပွားမှုမှာ ကောင်းကင်တွင် မိုးတိမ်ထူထပ်ပြီး အမြင်အာရုံ ခက်ခဲမှုကြောင့်ဟု သိရသည်။ မြို့များ ကျရောက်မှုကလည်း အခက်တွေ့စေခဲ့သည်။

အတားအဆီးများကြောင့် ထိန်းချုပ်ရန် ခက်ခဲသွားသည်ဟု လေယာဉ်မှူးက ပြောပြပေသည်။ ရုပ်မြင်သံကြား ထုတ်လွှင့်ချက်အရ ဟယ်လီကော့ပတာသည် တွဲစပ်လျက်ရှိသော အဆောက်အအုံများမှ သုံးထပ်အဆောက်အအုံပေါ်သို့ ကျသွားပြီး အပိုင်းအစများ ဖြစ်သွားသည်ကို တွေ့မြင်ကြရသည်။

လေယာဉ်ကို စစ်ဆေးဆဲဖြစ်ကြောင်း တာဝန်ရှိသူတို့က ပြောဆိုပေသည်။ ယခုဖြစ်ရပ်သည် ထိုင်ဝမ်တွင် ဒုတိယအကြိမ် ဖြစ်ပွားမှုဟုသိရပြီး ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကလည်း မြေပြင်သို့ တစ်ကြိမ် ထိုးကျခဲ့ဖူးသည်။ သို့ဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မတော်တဆဖြစ်ပွားမှုကို စစ်ဆေးလျက်ရှိပြီး စက်မှုနည်းပညာ၏ ချွတ်ယွင်းမှုပိုင်းကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ဟယ်လီကော့ပတာကို ထိုင်ဝ[illegible] အနေဖြင့် အမေရိကန်က မှာယူတင်[illegible] သွင်းခဲ့ခြင်းဖြစ်ပြီး ခေတ်မီအောင် ဆော[illegible] ရွက်ခဲ့သည့်ကြားက ယခုဖြစ်ရပ် ကြုံ[illegible] မှုဖြစ်သည်။ ယင်းလေယာဉ်မျိုး စင်း[illegible] ၃၀ မှာ မှာယူထားရာ ယခု ၁၈ စင်[illegible] သာ ရောက်ရှိသေးသည်။ လေယာ[illegible] တန်ဖိုးမှာ စင်းရေ ၃၀ အတွက် စက်[illegible] ဒေါ်လာ ၂.၅ ဘီလီယံရှိကြောင်း သိ[illegible] သည်။

T.S.T. 26-4-14 မောင်ကောင်းယ[illegible]



www.burmeseclassic.com

www.burmeseclassic.com



“ သတင်းမီဒီယာသမား တစ်ဦးသည် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများပြည်သူဆန္ဒပြရာ နေရာဒေသတို့၌ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းက . . . ”






# ဥပဒေ စုံထောက်

## ဦးအာကာ

၊ တ ရား လွှ တ် တော် ရှေ့ နေ ၊

ဆရာခင်ဗျား..

ပြည်ထောင်စုလွှတ်တော်မှာ သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းပြီးပြီလို့ သိရပါတယ်။ "သတင်းမီဒီယာ" ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကိုလည်း သိချင်ပါတယ်။ ပြဋ္ဌာန်းပြီးဖြစ်တဲ့ သတင်းမီဒီယာဥပဒေအရ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ (အခွင့်အရေးများ) ကိုလည်း သိချင်ပါတယ်။ ဥပဒေစုံထောက်အခန်းက ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

သတင်းထောက်တစ်ဦး၊ ရန်ကုန်



www.burmeseclassic.com

**သတင်းထောက်တစ်ဦးသို့...**

သတင်းထောက်ဆိုတော့လည်း မီဒီယာသမားပဲဖြစ်ပါတယ်။ သတင်းမီဒီယာဥပဒေကို သိသင့်သိထိုက်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ သတင်းထောက်တွေလည်း အပါအဝင်ဖြစ်ပါတယ်၊ မိမိတို့ရဲ့ ရပိုင်ခွင့်တွေဟာ ဘာတွေလဲဆိုတာ သိထားသင့်ပါတယ်။

ရှေးဦးစွာ "သတင်းမီဒီယာ" ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို ရှင်းလင်းဖော်ပြပါ့မယ်။ အဲဒီဥပဒေပုဒ်မ ၂ ၊ ပုဒ်မခွဲ (က) မှာ သတင်းမီဒီယာရဲ့အဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားပါတယ်။

"သတင်းမီဒီယာ" ဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်းအချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့် အသွင်သဏ္ဍာန်များအသုံးပြု၍ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိသော၊ အင်တာနက်မီဒီယာ (သို့မဟုတ်) အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများကို ဆိုသည်"

ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) မှာလည်း "သတင်းမီဒီယာသမား" ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ရှင်းပြထားပါတယ်။ သတင်းမီဒီယာနှင့်စပ်လျဉ်းသော လုပ်ငန်းတစ်ရပ်ရပ်၊ လုပ်ကိုင်သူကို သတင်းမီဒီယာသမားလို့ ခေါ်ပါတယ်။

ဒီဥပဒေရဲ့အခန်း (၃) မှာ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များကို ဖော်ပြထားပါတယ်။

ပုဒ်မ (၄)၊ ပုဒ်မခွဲ (က) အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဝေဖန်ထောက်ပြ၊ အကြံပြုရေးသားခွင့် ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မခွဲ (ခ) မှာလည်း နိုင်ငံသားတိုင်း သိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားခွင့်နဲ့ သတင်းထုတ်လွှင့်ခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ ပုဒ်မခွဲ (ဂ) မှာလည်း နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဆုံးရှုံးမှုဆိုင်ရာ ကိစ္စရပ်များကို ဖော်ထုတ်ရေးသားခွင့်ရှိတယ်လို့ ပြဋ္ဌာန်း ထားပါတယ်။ ပုဒ်မခွဲ (ဃ) မှာတော့ သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အစိုးရ၊ ရုံးဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက် ရယူခွင့်၊ နေရာထိုင်ခွင့်ရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့ ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ ၅ မှာတော့ သတင်းမီဒီယာလုပ်ငန်း၏ ထုတ် ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်လို့ ပြဋ္ဌာန်း ထားပါတယ်။

ပုဒ်မ ၆ ၊ ပုဒ်မခွဲ (က) မှာ သတင်းမီဒီယာသမား တစ်ဦးသည် ဥပဒေတစ်ရပ်ရပ်အရအဖြစ်စေ၊ အာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ အမိန့်ညွှန်ကြားချက်ဖြ လုံခြုံရေးအဆင့်အတန်း သတ်မှတ်ထားသော စာရင်း ယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်များမှအပ အများ ပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များကို သက် ဆိုင်ရာအဖွဲ့အစည်းများထဲမှ တောင်းယူကြည့်ရှုခွင့်ရှိတယ် လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၆ ၊ ပုဒ်မခွဲ (ခ) မှာလည် အများပြည်သူ၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော အစိုး မဟုတ်သည့် အသင်း၊ အဖွဲ့၊ လုပ်ငန်းများမှ သတင်းအချက် အလက်များကို ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တောင်းယူကြည့်ရှုခွင့် ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ ၇ ၊ ပုဒ်မခွဲ (က) မှာ သတင်းမီဒီယာသမား တစ်ဦးသည် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိ ရုဏ်း၊ အများပြည်သူဆန္ဒပြရာ နေရာဒေသတို့၌ သက်ဆို ရာ တာဝန်ရှိအဖွဲ့အစည်းက ဆက်နွှယ်ထားသော စည်းကမ် များနှင့်အညီ သတင်းရယူစဉ်တွင် လုံခြုံရေးဆိုင်ရာ၊ အ အစည်းတစ်ရပ်ရပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း၊ သတင်းမှ တမ်း စသည့် သတင်းရယူခြင်းနှင့် သက်ဆိုင်သောကိရိယာ များကို သိမ်းယူခံရခြင်းနှင့် ဖျက်ဆီးခံရခြင်းတို့မှ ကင်းလွ စေရမည်လို့ ဖော်ပြထားပါတယ်။ ပုဒ်မခွဲ(ခ) မှာတော့ ခြုံရေးဆိုင်ရာအဖွဲ့အစည်းများရှိက ယင်းတို့၏ ကာကွယ်စော ရောက်မှုကို တောင်းခံခွင့်ရှိစေရမည်လို့ ပြဋ္ဌာန်းထားပါတ

ပုဒ်မ ၈ ၊ ပုဒ်မခွဲ (က) မှာလည်း သတင်းမီဒီယ သမားတစ်ဦးသည် ကျင့်ဝတ်နှင့်အညီ မိမိအမြည်ကို ထု



www.burmeseclassic.com

www.burmeseclassic.com



ပြောဆို၍ သတင်းရယူရမည်။ သို့ရာတွင် အများပြည်သူ ကဆိုင်သော ကိစ္စရပ်များဖြစ်သည့် ပြည်သူ့ကျန်းမာရေး၊ သူတို့၏ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ကို ထိခိုက်စေနိုင်သော ကိစ္စရပ်များ၊ ဥပဒေပြုရေး၊ အုပ် ရေး၊ တရားစီရင်ရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ ဆောင် ချက်များတွင် မမှန်မကန်ဆောင်ရွက်မှုများ၊ အကျင့်ပျက် မှုများကို ဖော်ထုတ်ရန်၊ မဖြစ်မနေ စုံစမ်းရမည့်သတင်း ပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ အယ်ဒီ ၏ ခွင့်ပြုချက်ဖြင့် အမည်မဖော်ပြဘဲ၊ စုံစမ်းခွင့်ရှိပြီး၊ သို့ဆောင်ရွက်ခဲ့ကြောင်းကို ဖော်ပြပေးရမည်လို့ ပါရှိပါ တယ်။ ပုဒ်မခွဲ (ခ) မှာတော့ ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ် ရပ်ဖြင့် အရေးယူခံရသော အမှုတွင် တရားရုံး၏ အမိန့်အရ မဟုတ်ဘဲ၊ သတင်းမီဒီယာဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ ကို သိမ်းဆည်းခြင်း၊ ချိတ်ပိတ်ခြင်းနှင့် ဖျက်ဆီးခြင်းတို့မှ ကင်းလွတ်ခွင့်ရရှိစေရမည်လို့ ပြဋ္ဌာန်းထားတာကို တွေ့ရပါ တယ်။

သတင်းမီဒီယာသမားတွေအနေနဲ့ မိမိတို့ရဲ့ ရပိုင်ခွင့် တွေ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေကို သေသေချာချာ လေ့လာထားဖို့လိုပါတယ်။

* * * * *

ဆရာခင်ဗျား။ ။

မကြာမီက သတင်းစာတစ်စောင်ရဲ့ သတင်းဆောင်းပါး တစ်ခုမှာ ဥရောပတိုက်က နယ်သာလန်နိုင်ငံရဲ့ အမ်စတာဒမ်မြို့ လို နေရာမျိုးမှာ ဆေးခြောက်ကို တရားဝင် အရောင်းအဝယ် ပြုလို့ရတယ်လို့ ရေးထားတာကို ဖတ်လိုက်ရပါတယ်။ ကျွန်တော် တို့ရဲ့ မြန်မာနိုင်ငံမှာလည်း ဆေးခြောက်ကို တရားဝင်သုံးစွဲခွင့်၊ ရောင်းဝယ်ခွင့်ကို ခွင့်ပြုထားခြင်း ရှိ၊ မရှိ သိချင်ပါတယ်။ ဥပဒေ စုံထောက်အခန်းက ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။

အထက်တန်းရှေ့နေတစ်ဦး၊ ပန်းဆိုးတန်း၊ ရန်ကုန်

**အထက်တန်းရှေ့နေတစ်ဦးသို့။ ။**

တူမောင်ဖတ်လိုက်ရတဲ့ ဆောင်းပါးကို ဆရာလည်း ဖတ်လိုက်ရပါတယ်။ 7 Day Daily သတင်းစာမှာ ဖြစ်ပါ တယ်။ "ကမ္ဘာ့လေထုထဲသို့ တရားဝင် ရောက်လာသော ဆေးရွှေရွှေအနံ့" ဆိုတဲ့ ဆောင်းပါး ဖြစ်ပါတယ်။ အဲဒီဆောင်း ပါးအရဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ ကော်လိုရာဒို ပြည်နယ်နဲ့ ဝါရှင်တန်ပြည်နယ်တို့မှာလည်း ဆေးခြောက် ကို တရားဝင် ရောင်းချနေတာ လေးလခန့်ရှိသွားပြီလို့ သိ ရပါတယ်။ ဆေးခြောက်သုံးစွဲဖူးတယ်လို့ ဝန်ခံတဲ့ ပုဂ္ဂိုလ်တွေ ထဲမှာ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတဟောင်းတွေ ပါဝင် ပါတယ်လို့ ဖော်ပြထားတာကို ဆရာ ဖတ်ရှုလိုက် ရပါတယ်။ အမေရိကန်နိုင်ငံရဲ့ လူဦးရေ သန်း ၃၀၀ ကျော် ထဲက ၅၈ ရာခိုင်နှုန်းက ဆေးခြောက်ကို တရားဝင် ရောင်းချ၊ စိုက်ပျိုးခွင့်ပေးရန် လိုလားကြတယ်လို့ ဖော်ပြ ထားပါတယ်။

မြန်မာနိုင်ငံမှာတော့ ဆေးခြောက်ကို မူးယစ်ဆေးဝါး အဖြစ် သတ်မှတ်ထားပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ အရ မူးယစ်ဆေးဝါး အဖြစ် သတ်မှတ်ထားတဲ့ စာရင်းထဲမှာ ဆေးခြောက်နဲ့ ဆေးခြောက်အစေးကို ဖော်ပြထားပါတယ်။ အဲဒီအမိန့် ကြော်ငြာစာ၊ ဇယား (၁)၊ (၂)၊ (၃)တို့အရ မူးယစ်ဆေးဝါး အဖြစ် သတ်မှတ်ထားတာ ၁၂၄ မျိုး ရှိပါတယ်။ အဲဒီအထဲ မှာ ဆေးခြောက်နဲ့ ဆေးခြောက်အစေးဟာ အပါအဝင်ဖြစ် ပါတယ်။

မကြာမီကတောင်မှ သတင်းစာတွေ၊ ဂျာနယ်တွေထဲ မှာ အဆိုတော်တစ်ယောက်ဟာ ပဲခူး အရှေ့ခြမ်းဘက်မှာ ဆေးခြောက်လက်ဝယ်တွေ့ရှိမှုနဲ့ အဖမ်းခံရ၊ ပြစ်ဒဏ်အပေး ခံရတယ်လို့ ဖော်ပြထားတာကို တွေ့လိုက်ရပါတယ်။ ဒီလို ဖြစ်သွားတော့ သက်ဆိုင်ရာပုဂ္ဂိုလ်အနေနဲ့ နာမည်လည်းပျက်၊ ဂုဏ်သိက္ခာလည်းထိခိုက်၊ စီးပွားလည်း ပျက်တော့တာပေါ့။ အနုပညာသမားတွေရော၊ အခြားလူငယ်တွေပါ သင်ခန်းစာ ယူစရာဖြစ်ပါတယ်။ **"ဥပဒေနှင့်အညီနေထိုင်ခြင်းသည် ဘေးကင်းကျွသည်"** ဆိုရိုးစကားကို လေးလေးစားစား တန် ဖိုးထားပြီး လိုက်နာသင့်ကြပါတယ်။

ဦးအာကာ (တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံတွင် မူးယစ်ဆေးဝါးကို စမ်းသပ်တွေ့ရှိသော်လည်း အလွန်နည်းပါးမှုကြောင့် သာမန်ချိန်တွယ်သောကိရိယာများနှင့် ချိန်တွယ်သောအခါ အလေးချိန်ကို မဖော်ပြနိုင်ခြင်းများ ရှိတတ်သည်။ ထိုသို့သောအခြေအနေမျိုးတွင် ထိုပစ္စည်းတွင် မူးယစ်ဆေးဝါး ရှိ၊ မရှိ၊ အလေးချိန်ဟူ၍ မရှိဟုဆိုကာ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ခြင်းဟု မှတ်ယူလျက် အပြစ်မပေးသင့်ကြောင်း ခုခံချေပတတ်ကြသည်။

ယင်းသို့သောအခြေအနေမျိုးတွင် တရားရုံးအဆင့်ဆင့်က မည်ကဲ့သို့ သုံးသပ်၊ ဆုံးဖြတ်လေ့ရှိကြသည်ကို ဗဟုသုတအဖြစ် ဖတ်ရှုနိုင်ရန်အတွက် စီရင်ထုံးတစ်ခုကို ကိုးကား၍ တင်ပြလိုပေသည်။ ယင်းစီရင်ထုံးမှာ ၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးများတွင် ပါရှိသော စီရင်ထုံးဖြစ်၍ အချိန်အားဖြင့် သိပ်မကြာသေးသောကာလက ဆုံးဖြတ်ခဲ့သော စီရင်ထုံးဖြစ်ပေသည်။

ရွှေဘိုမြို့နယ်၊ တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၆ ၂/ ၂၀၀၅ တွင် တရားခံ အောင်ဇော်မိုးအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်၊ ကျခံစေရန် အမိန့်ချမှတ်သည်။ အဆိုပါအမိန့်ကို တရားခံအောင်ဇော်မိုးက မကျေနပ်၍ ရွှေဘိုခရိုင် တရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၂/ ၂၀၀၆ ကို တင်သွင်းရာ၊ အမှုပလပ်ခံရသည်။ ထို့နောက် စစ်ကိုင်းတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃၉/ ၂၀၀၆ ဖြင့်လည်းကောင်း၊ တရားရုံးချုပ် (မန္တလေး နယ်ထိုင်) သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၀၉ (ခ)/ ၂၀၀၆ ဖြင့်လည်းကောင်း လျှောက်ထားရာတွင်လည်း ပယ်ချခြင်းခံရသည်။ သို့ဖြစ်၍ အထူး အယူခံဝင်ခွင့်ပြုရန် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ (အထူး) ကို တင်သွင်းလာရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ကြားနာရန် ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

အမှုတွဲပါ သက်သေခံချက်များအရ၊ တရားခံ အောင်ဇော်မိုးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ၊ ဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှု ရှိ/ မရှိ။

အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ မုံရွာမြို့ မူးယစ် (အထူး) အဖွဲ့မှ ရဲအုပ်မင်းဇင်နှင့် တပ်ဖွဲ့ဝင်များ သတင်းတပ်ဖွဲ့နှင့် စရဖ အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေ ဦးအောင်စည် ဦးဘဝေ့တို့နှင့်အတူ ရွှေဘိုမြို့ အမှတ် (၁) ရပ်ကွက်နေ၊ အောင်ဇော်မိုး (ခ) ဆော်တာမန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေကြရာ အောင်ဇော်မိုးအိပ်သည့် အိပ်ရာခင်း ဖျာအောက်မှ ဘိန်းဖြူမှုန့်များ

ကပ်နေသည့် ပလတ်စတစ်ဘူးအဖွ
လေးလုံး ၃ စီစီအရွယ်ရှိ တစ်ခါသုံး
ပလတ်စတစ် ဆေးထိုးအပ် တစ်ခု
တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်း
ခဲ့သည်။ ထို့နောက် အောင်ဇော်မိုး (ခ)
ဆော်တာမန်အား ဥပဒေအရ အရေးယူ
ပေးပါရန် ရဲအုပ်မင်းဇင်က ရွှေဘိုရဲစခန်း
တွင် တိုင်ချက်ဖွင့်ခဲ့သောအမှုဖြစ်
သည်။

အယူခံတရားလိုဖို၏ရှေ့နေ၊ နိုင်ငံ
တော်အတွက် လိုက်ပါဆောင်ရွက်ခဲ့
သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး
တို့၏ လျှောက်လဲချက်များကို ကြား
ပြီးနောက် တရားရုံးချုပ် အထူးအယူ
ရုံးက အောက်ပါအတိုင်း စိစစ် သုံးသ
ခဲ့သည်။

မူလရုံးအမှုတွဲအား စိစစ်လေ့လာ
ရာတွင် တရားခံအောင်ဇော်မိုး၏နေအိမ်
မှ သက်သေခံ (က) ရှာဖွေပုံစံဖြ
သိမ်းဆည်းခဲ့သော ဘိန်းဖြူဟုယူဆ
သည့် အမှုန့်များ ကပ်စွဲနေသော
သမင်ဆေးဘူး ပလတ်စတစ်ပုလင်
လေးလုံး၊ ၃ စီစီ တစ်ခါသုံး ပလ
စတစ် ဆေးထိုးပြွန်ပယ်တစ်ခုနှင့် ဆေ
ထိုးအပ်တစ်ချောင်းတို့ကို တွေ့ရှိ သိ

## မောင်ဥက္ကာမိုး

# မူးယစ်ဆေးဝါးတွေ့ရှိမှု နှင့် အလေးချိန်ပြဿနာ





www.burmeseclassic.com

www.burmeseclassic.com


ဆည်းရမိသည်မှာ အငြင်းမပွားပေ။ အဆိုပါဆေးပုလင်းခွံ လေးလုံးတွင် ဟီးရိုးအင်း စမ်းသပ်တွေ့ရှိကြောင်း၊ သက်သေခံ (ဃ) ဓာတုဗေဒဝန် ပြန်ကြားစာတွင် ဖော်ပြထားသည်။

တရားခံအောင်ဇော်မိုးက သက်သေခံ ဆေးပုလင်းခွံများနှင့် ဆေးထိုးအပ်မှာ ယခင်မူးယစ်ဆေးဝါးသုံးစွဲစဉ်က ကျန်ရှိသော ဘူးခွံအဟောင်းနှင့် ဆေးထိုးအပ်အဟောင်းသာ ဖြစ်ကြောင်း ချေပသည့် အယူခံတရားလို အောင်ဇော်မိုးသည် မူးယစ်ဆေးစွဲရောဂါကု ဆေးရုံတွင် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၂-၆-၂၀၀၅ ရက်နေ့အထိ ဆေးကုသခဲ့ကြောင်း မှတ်တမ်းတွေ့ရှိရသည်။ ယခု အချင်းဖြစ်သောနေ့မှာ ၂၃-၁၀-၂၀၀၅ ရက်နေ့ ဖြစ်သည်။ သက်သေခံပစ္စည်းများမှာ ယခင်မူးယစ်ဆေးဝါးသုံးစွဲစဉ်က ကျန်ရှိခဲ့သော ပစ္စည်းများဖြစ်သည်ဟု ယူဆရန် အချိန်အားဖြင့် အလှမ်းကွာဝေးသည်။ ယခုအမှု ပေါ်ပေါက်လာခြင်းမှာလည်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်မှုရှိကြောင်း သတင်းအရ ရှာဖွေဖမ်းဆီးရာမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အောင်ဇော်မိုးမှာ ယခင်က မူးယစ်ဆေးဝါးသုံးစွဲခဲ့သူဖြစ်ပြီး ဆေးရုံတွင် ဆေးဖြတ်ခဲ့ပြီးနောက် လက်ရှိတွင် မူးယစ်ဆေးဝါးသုံးစွဲသော လက္ခဏာ မတွေ့ရကြောင်း၊ ဆေးစာ (သက်သေခံ-င)၊ ဆီးစစ်ဆေးပြန်ကြားချက် (သက်သေခံ-စ) နှင့် မူးယစ်ဆေးစွဲ ရောဂါကု မှတ်တမ်းစာအုပ် (သက်သေခံ-၁) တို့ဖြင့် ဖော်ပြထားသည်။

အမှုတွင် လျှောက်ထားသူဘက်မှ သက်သေခံပုလင်းခွံနှင့် စမ်းသပ်တွေ့ရှိရသော ဟီးရိုးအင်းမှာ အလေးချိန်မဲ့ဖြစ်ပြီး၊ ဒြပ်ထုမရှိ၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု မဆိုနိုင်ကြောင်း အဓိကထား တင်ပြထားသည်။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂ (က) တွင် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

(၁) ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြော်ငြာထားသည့် အပင်တစ်မျိုး၊ ယင်းအပင် တစ်မျိုးမျိုးမှ ထွက်ရှိသော (သို့မဟုတ်) ထုတ်လုပ်သော အရာဝတ္ထုများ၊ ဆေးဝါးများ။

(၂) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများ၊ ယင်းဆေးဝါးတစ်မျိုးမျိုး ပါဝင်သော အရာဝတ္ထုများ။

"အမှုတွင် အဓိက သုံးသပ်ရမည့် အချက်မှာ အမှုမှ သက်သေခံ ဘိန်းအမှုန့်များသည် အထက်တွင်ဖော်ပြသည့် မူးယစ်ဆေးဝါးတွင် အကျုံးဝင်ခြင်း ရှိ၊ မရှိ ဖြစ်သည်။ ရဲအုပ်မင်းဒင် (လိုပြ-၃)၊ ဒုရဲအုပ်အောင်မိုး (လိုပြ-၄)၊ ရဲအုပ်မင်းငွေသန်း (လိုပြ-၅) တို့၏ ထွက်ဆိုချက်အရ ပလတ်စတစ်ဘူးခွံများတွင် အဖြူမှုန့်များ ကပ်လျက်တွေ့ရှိရသည်ဟု ထွက်ဆိုထားသဖြင့် သက်သေခံအမှုန့်များကို သာမန်ကိရိယာဖြင့် ချိန်တွယ်၍ မရနိုင်သည့်တိုင် ရုပ်၊ ဒြပ်ရှိသည်မှာ ထင်ရှားသည်။ ရုပ်၊ ဒြပ်ရှိသော ပစ္စည်းဖြစ်သဖြင့် အလေးချိန်လည်း ရှိမည်ဖြစ်သည်။ သိပ္ပံနည်းကျ အသေးစိတ်ချိန်တွယ်ခြင်း မပြုခဲ့သောကြောင့်သာ အလေးချိန်ကို ဖော်ပြမှုမပြုနိုင်ခြင်း ဖြစ်သည်။ သို့မဟုတ် သာမန်ချိန်တွယ်သော ကိရိယာများဖြင့် ချိန်တွယ်၍ အလေးချိန်ကို မဖော်ပြနိုင်ခြင်းသာ ဖြစ်မည်ဟု ယူဆသည်"

"စမ်းသပ်တွေ့ရှိသော ဟီးရိုးအင်းမှာ အာနိသင် သက်သက်မျှသာ မဟုတ်ဘဲ အမှုန့်ရုပ်ဝတ္ထုဖြစ်သဖြင့် မြင်သာသော ရုပ်ဝတ္ထု ဖြစ်သည်။ သိပ္ပံနည်းကျ ချိန်တွယ်ပါက အလေးချိန်ပေါ်ထွက်လာမည် ဖြစ်သည်။ မူးယစ်ဆေးဝါးဆိုသော စကားရပ်တွင် အကျုံးဝင်ရန် အတွက် အလေးချိန် မည်မျှရှိရမည်ဟု ကန့်သတ်မထားပေ။ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုမြောက်ရန်အတွက် လက်ဝယ်တွေ့ရှိမှုအတိုင်း အလေးချိန် မည်မျှရှိရမည်ဟုလည်း ကန့်သတ်ချက် မရှိပေ။ မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို လက်ဝယ်တွေ့ရပါက ပြစ်မှုမြောက်မည် ဖြစ်သည်။"

အထက်ပါအတိုင်း အကျယ်တဝင့် သုံးသပ်ပြီးနောက် တရားခံအောင်ဇော်မိုးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ် ၁၆ (ဂ) အရ ပြစ်မှု ထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ အယူခံမှုကို ပလပ်ပြီး တရားရုံးချုပ် (မန္တလေးရုံးထိုင်) အမှုကို အတည်ပြုကြောင်း အမိန့်ချခဲ့ရုံးမှုမက **အောင်ဇော်မိုးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် (၂၀၀၇ - မ·တ·စ စာ ၄ဂ)** အဖြစ် စီရင်ထုံးပြုခဲ့ကြောင်း ရေးသားတင်ပြအပ်ပေသည်။

မောင်ဉာဏ်[illegible]


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

"ကျွန်တော် ဦးတင်အေးပါ၊ ခဲမြို့ သတ္တုစက်ရုံက စက်ရုံမှူးပါ"

၂၀၁၂ ခုနှစ် ဇူလိုင်လ(၂၆)ရက်နေ့တွင် ဖြစ်ပါသည်။ ရန်ကုန်တောင်ပိုင်း သန်လျင်မြို့မရဲစခန်းသို့ ရောက်ရှိလာသူမှ အထက်ပါစကားဖြင့် စတင်ခွင့်ဆိုပါသည်။ မိမိရုံးခန်းသို့ ရောက်ရှိလာသူအား ရဲစခန်းမှူးဖြစ်သူက –

"ဟုတ်ကဲ့ ...၊ ကျွန်တော် စခန်းမှူး ရဲအုပ်ညီညီလွင်ပါ၊ ဘာများ အကူ အညီပေးရပါမလဲ ခင်ဗျ"

ဟု ဆိုပြီး လက်ဆွဲနှုတ်ဆက်ကာ နေရာထိုင်ခင်းပေး၏။ ရဲစခန်းမှူးစားပွဲရှေ့ရှိ ထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်ပြီး စက်ရုံမှူးဦးတင်အေးက –

"ကျွန်တော့်စက်ရုံ ဂိုထောင်ထဲက သတ္တုတုံးတွေ ပျောက်သွားလို့ အမှုလာတိုင်တာပါ"

ဟု ပြောဆိုရင်း အသင့်ပါလာသော တိုင်စာကို စခန်းမှူးသို့ ကမ်းပေး၏။ ဦးတင်အေး၏တိုင်စာကို လှမ်းယူပြီး စခန်းမှူးရဲအုပ်ညီညီလွင်မှ ဖတ်ရှုနေသည်။ စက်ရုံမှူးဦးတင်အေး၏ တိုင်စာမှာ အောက်ပါအတိုင်းဖြစ်သည်။

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
ခဲမဖြူသတ္တုစင်စက်ရုံ
သန်လျင်မြို့
(အုပ်ချုပ်ရေးဌာနခွဲ)

စာအမှတ် – ၀၅၃၃/ ခစရ/ အခ/ အစ–၁၀/ ၂၀၁၂
ရက်စွဲ – ၂၀၁၂ ခုနှစ် ဇူလိုင်လ (၂၆)ရက်

သို့/–
စခန်းမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သန်လျင်မြို့။

အကြောင်းအရာ ။ ။ အမှုဖွင့်ပေးပါရန် တိုင်ကြားခြင်း။

၁။ သတ္တုတွင်း ဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း လက်အောက်ရှိ ခဲမဖြူသတ္တုစင်စက်ရုံ(သန်လျင်)ရှိ ပစ္စည်းသိုလှောင်ထားသည့် အမှတ်(၂)ဂိုထောင်အတွင်းရှိ အခန်း(၃)ခန်းဖြင့် ခဲမဖြူသတ္တုစင်တုံး(ပြည်ပအရည်အသွေး)များကို သိုလှောင်ထားပါသည်။

၂။ ယခုအခါ အဖွဲ့နှင့်စစ်ဆေးရာ ဂိုထောင်အမှတ်(၂) အခန်း(၁)တွင် သန့်စင်ခဲမဖြူတုံး (၄၆၃)တုံး၊ အခန်း(၂)တွင် (၃၆၆)တုံးနှင့် အခန်း(၃)တွင် (၁၈၆)တုံး စုစုပေါင်း (၁၀၁၅)တုံး ပျောက်ဆုံးနေပါသည်။ စုစုပေါင်းတန်ချိန် (၁၉. ၅)တန်ခန့်နှင့် ကာလတန်ဖိုး (၂၇၇၂ . ၆၆၆)သိန်းခန့် ပျောက်ဆုံးခဲ့ပါသည်။

၃။ သို့ပါ၍ ဂိုထောင်အမှတ်(၂) အတွင်းမှ သန့်စင်ပြီးခဲမဖြူတုံး (၁၀၁၅) တုံး ကာလတန်ဖိုး ကျပ်သိန်း (၂၇၇၂. ၆၆၆) ပျောက်ဆုံးခဲ့သဖြင့် ခိုးယူသူများကို အရေးယူပေးရန် တိုင်ကြားအပ်ပါသည်။

တင်အေး စက်ရုံမှူး

တိုင်စာကိုဖတ်ပြီးနောက် စခန်းမှူးရဲအုပ်ညီညီလွင်က –

"ပျောက်ဆုံးတဲ့အရေအတွက်နဲ့ တန်ဖိုးက မနည်းပါလား စက်ရုံမှူးကြီးရဲ့"

"ဟုတ်ပါတယ်ခင်ဗျ၊ ကျွန်တော်လည်း ဝန်ကြီးဌာနကို တင်ပြထားပါတယ်"

"ပျောက်ဆုံးတဲ့ဂိုထောင်နဲ့အခန်းတွေမှာ ခြေရာလက်ရာပျက်တာတို့ ဖောက်ဖျက်ထားတာတို့များ ရှိသလား"

"မရှိပါဘူးခင်ဗျာ၊ ဂိုထောင်နဲ့ အခန်းသော့တွေဟာ ခတ်လျက်ရှိပြီး သော့မှာရိုက်နှိပ်ထားတဲ့ ချိပ်စည်းလည်း မပျက်ပါဘူး"

စက်ရုံမှူး၏အဖြေစကားကြောင့် စခန်းမှူးရဲအုပ်ညီညီလွင် ငေးငိုင်သွား၏။ ခြေရာလက်ရာလည်းမပျက်၊ အရေအတွက်လည်း မနည်း၊ တန်ဖိုးကလည်း မြင့်မားနေ၍ အပြင်သူခိုးတော့ မဖြစ်နိုင်၊ အတွင်းသူခိုးသာ ဖြစ်နိုင်ခြေရှိပါ၏။ စက်ရုံ၊ အလုပ်ရုံများတွင် ဤကဲ့သို့သောဖြစ်စဉ်မျိုးက ဖြစ်လေ့ဖြစ်ထရှိတတ်ပါ၏။ မည်သို့ရှိစေ၊ နိုင်ငံတော်ပိုင် သတ္တုရတနာများ ပြန်လည်ရရှိဖို့နှင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ် အရေးယူဖို့အတွက် စက်ရုံမှူးဦးတင်အေး၏ တိုင်ကြားချက်ကို သန်လျင်မြို့မရဲစခန်းမှ ပထမသတင်းပေးတိုင်တန်းချက် အမှတ်–၉၃၄/၂၀၁၂၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆(၁)ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





### အမှတ် (၂) ဂိုထောင်တွင် တံခါးနှစ်ထပ်အား မြင်တွေ့ရပုံ

"စက်ရုံကိုဝင်တဲ့ အဝင်အထွက် ဂိတ်က ဒီတစ်ပေါက်ပဲလား"

အခင်းဖြစ်အရပ်ကို ကြည့်ရှုစစ်ဆေးရန် ရဲစခန်းမှူးက တရားလိုဦးတင်အေးနှင့်အတူ သတ္တုသန့်စင်စက်ရုံသို့ ထွက်လာ၏။ စက်ရုံဝင်ပေါက်အရောက်တွင် စခန်းမှူးက စက်ရုံမှူးအား အထက်ပါစကားဖြင့် မေးမြန်းပါ၏။ ထို့ကြောင့် စက်ရုံမှူးဦးတင်အေးက –

"ဟုတ်ကဲ့ . . . ဒီဂိတ်ပေါက်တစ်ခုပဲ အဝင်အထွက်ရှိပါတယ်"

စက်ရုံအဝင်အထွက်ဂိတ်သည် သံတံခါးအခိုင်အမာဖြင့် တပ်ဆင်ထားပြီး ဂိတ်ပေါက်ရှိ လုံခြုံရေးကင်းအဆောက်အဦကလည်း စည်းစနစ်ရှိစွာ တည်ဆောက်ထား၏။ ဂိတ်အဝင်အထွက်နှင့် လုံခြုံရေးထားရှိမှုက ဆိုဖွယ်ရာမရှိ။ ထိုမှတစ်ဆင့် အခင်းဖြစ်ပွားရာ အမှတ်(၂)ဂိုထောင်သို့ ထွက်လာကြသည်။

အခင်းဖြစ်ပွားရာဂိုထောင်၏ အဝင်မျက်နှာစာကို ခိုင်ခန့်သော သံတံခါးဖြင့် နှစ်ဆင့် ကာရံတပ်ဆင်ထား၏။ ပထမအဆင့်တံခါးမှာ ထူထဲသောသံပြားဖြင့် အလုံပိတ်တံခါးဖြစ်၍ နံဘေးသို့တွန်းဖွင့်ရသော အထက်နှင့်အောက် ဘီးတပ်သံတံခါးဖြစ်သည်။ ထိုသံတံခါးကို အထက်အောက် သော့တစ်လုံးစီ စုစုပေါင်း သော့(၂)လုံးခတ်ထားပြီး သော့အိမ်များကို ချိတ်ပိတ်၍ အမှတ်တံဆိပ် ရိုက်နှိပ်ထားသည်။ ဒုတိယအဆင့်တံခါးမှာ ထူထဲခိုင်ခန့်သော သံပန်းတံခါးဖြစ်သည်။ ထိုသံပန်းတံခါးမှ အတွင်းသို့ကြည့်လျှင် မြင်နိုင်သော အနေအထားရှိ၏။ ဒုတိယအဆင့် သံပန်းတံခါးကိုလည်း ပထမအဆင့် သံပန်းတံခါးကဲ့သို့ သောနှစ်လုံးခတ်၍ သော့အိမ်ကို ချိပ်စည်းရိုက်နှိပ်ထားသည်။

"ဒီဂိုထောင်တံခါးရဲ့သော့တွဲကို ဘယ်လိုထိန်းသိမ်းလို့ ဘယ်လိုကိုင်တွယ်ကြသလဲဗျ"

ရဲစခန်းမှူး၏အမေးကို စက်ရုံမှူးက –

"သော့အိမ်လေးခုရဲ့ သော့တွဲလေးချောင်းကို ကျွန်တော်ကနှစ်ချောင်း ဂိုထောင်မှူး ဦးစန်အောင်က နှစ်ချောင်း ကိုင်တွယ် ထိန်းသိမ်းထားပါတယ်"

ဂိုထောင်တံခါးနှစ်ဆင့်ကို ဖွင့်ပြီးနောက် အတွင်းသို့ဝင်ကြည့်သည်။ ဂိုဟောင်အတွင်း၌ သီးခြားသံလှောင်အိမ်ဖြင့် အခန်း(၃)ခန်း ပြုလုပ်ထားသည်။ ထိုအခန်း(၃)ခန်း၏ သံလှောင်အိမ်တံခါးကိုလည်း တစ်ခန်းလျှင် အထက်အောက် သော့အိမ်နှစ်လုံးစီဖြင့် စုစုပေါင်းသော့(၆)လုံးခတ်ထားပြီး သော့အိမ်များကို ချိပ်စည်းထားသည်။ အဆိုပါသံလှောင်အိမ်(၃)ခန်းထဲတွင် ပြည်ပနိုင်ငံသို့သာ တင်ပို့၍ နိုင်ငံခြားငွေဖြင့်သာ ရောင်းချသော (အေ) အဆင့်ရှိ ခဲမဖြူသတ္တုတုံးများ ထားရှိ၏။ ယခုပျောက်ဆုံးသော ခဲမဖြူသတ္တုတုံးများမှာ အဆိုပါသံလှောင်အိမ်(၃) လုံးထဲမှဖြစ်ကြောင်း သိရ၏။ ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချသော (ဘီ) အဆင့်ရှိ ခဲမဖြူသတ္တုတုံးများမှာ သံ လှောင်အိမ်ဖြင့်မဟုတ်ဘဲ ဂိုထောင်အ တွင်း၌သာ ထားရှိသည်ကို တွေ့ရှိရ သည်။ သံလှောင်အိမ်အတွင်းရှိ (အေ) အဆင့် သတ္တုတုံးများကိုကြည့်ရင်း ရဲ စခန်းမှူးက –

"သံလှောင်အိမ်အခန်းတွေမှာ ခတ်ထားတဲ့ သော့တွဲရဲ့ သော့ကို ဘယ် သူကိုင်တာလဲဗျ"


"ကျွန်တော်တစ်ဦးတည်း ကိုင် တွယ်ထိန်းသိမ်းပါတယ်၊ တစ်ခါက လေ အထုတ်အသွင်းရှိလို့ ကျွန်တော်မအား လပ်တဲ့အခါ သော့တွဲကို ဂိုထောင်မှူး ဦးစန်အောင်ကိုပေးပြီး အထုတ်အသွင်း လုပ်ခိုင်းပါတယ်"

ဟု စက်ရုံမှူး ဦးတင်အေးမှ အဖြေပေး၏။

ဂိုထောင်အတွင်းပိုင်းပြီး၍ ဂို ထောင်အပြင်သို့ လှည့်လာကြည့်သည်။ ဂိုထောင်နံဘေးနှစ်ဖက်ရှိ ပြတင်းတံခါး များကို အတွင်းမှကလန့်ထိုး၍ အ တန်းပိတ်ထားပြီး အပြင်မှလည်း ပြ တင်းတံခါးကို သစ်သားတန်းဖြင့် ရိုက်၍ ဖွင့်မရအောင်ဖန်တီးထားသည်။ ဂိုထောင်နောက်ဘက် သံတံခါးမကြီးမှာ

www.burmeseclassic.com





သည်း ရှေ့တံခါးမကြီးကဲ့သို့ နှစ်ထပ်ဖြစ်၍ တံခါးတစ်ဆင့်လျှင် သော့နှစ်လုံးစီတတ်ကာ ချိပ်စည်းထား၏။ ဂိုထောင်နှစ်ခုကြားတွင် သွပ်ဆူးကြိုးများဖြင့် ပိတ်၍ကာရံထားသည်။ ဂိုထောင်အမိုးနှင့်ဘေးတို့တွင် ဖောက်ရာဖျက်ရာမရှိဘဲ ပကတိအနေအထားအတိုင်း ရှိ၏။

စက်ရုံနှင့်ဂိုထောင်ကို ကာရံထားသော အုတ်တံတိုင်းမှာလည်း ခိုင်မာတောင့်တင်း၍ (၁၀)ပေခန့်မြင့်၏။ အုတ်တံတိုင်း၏အပေါ်ဘောင်တွင် ထိခိုက်နာကျင်စေနိုင်သော အရံအတားများ စိုက်ထူထား၏။ ကာရံထားသော စက်ရုံ၏အုတ်တံတိုင်းပတ်ဝန်းကျင်တွင် မီးရထားသံလမ်းနှင့် ဟာလာဟင်းလင်း မြေတလင်းများသာရှိ၏။ စက်ရုံ၏ အဝန်းအဝိုင်း၊ အခင်းဖြစ်ဂိုထောင်နှင့် ပျောက်ဆုံးနေသော သတ္တုတုံးများထားရှိမှု၏ လုံခြုံရေးအပြည့်ရှိမှုတို့ကို မြင်တွေ့ခဲ့ရသော ရဲစခန်းမှူးက -

"ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက် ဆိုသလို ဖြစ်နေပြီဗျ"

အခန်း(၂)

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း အဲဒီလိုပဲ ထင်မြင်မိပါတယ်"

အခင်းဖြစ်အရပ်နှင့် ပတ်ဝန်းကျင်ကို စိတ်ကျေနပ်အောင် အသေးစိတ်လေ့လာကြည့်ရှုပြီးနောက် ရဲစခန်းမှူး ရဲအုပ်ညီညီလွင်မှ ခိုးယူပျောက်ဆုံးမှုတွင် ပြင်ပမှလူစိမ်းသူစိမ်း၏ လက်လွတ်စပယ်ပြုလုပ်မှု မဖြစ်နိုင်ကြောင်း စက်ရုံဝန်ထမ်းထဲမှ သစ္စာဖောက်၍သာ ဖြစ်ရကြောင်း သုံးသပ်ပြောဆိုပြ၏။ ထို့ကြောင့် စက်ရုံမှူးဦးတင်အေးကလည်း အထက်ပါစကားဖြင့် ထောက်ခံပြောဆိုခဲ့သည်။ ထို့နောက် ရဲစခန်းမှူးက -

"ပျောက်ဆုံးသွားတဲ့သတ္တုတုံး တစ်တုံးရဲ့ အရွယ်အစားနဲ့အလေးချိန်က ဘယ်လိုအတိုင်းအတာရှိလဲ"

ဟု အမေးကို စက်ရုံမှူးဦးတင်အေးက -

"သတ္တုတုံးတစ်တုံးရဲ့ အရွယ်အစားပမာဏဟာ အလျား(၁၄)လက်မ၊ အနံ(၇)လက်မ၊ ဒု(၁)လက်မခွဲရှိပြီး၊ အလေးချိန်က (၁၂)ပိဿာလောက်ရှိပါတယ်၊ သတ္တုတုံးရဲ့အပေါ်မျက်နှာစာမှာ MYANMAR TIN ဟု ဖောင်းကြွစာလုံး ပါရှိပါတယ်"

"ဦးတင်အေးအနေနဲ့ အမှတ်(၂)ဂိုထောင်ထဲကသတ္တုတုံးတွေကို နောက်ဆုံးဘယ်နေ့က စစ်ဆေးခဲ့တယ်၊ ဘယ်နေ့မှာ ပျောက်ဆုံးကြောင်းသိရတယ် ဆိုတဲ့ စစ်ဆေးတွေ့ရှိမှုကို ပြောပြပါလား"

ဟု အမှုစစ်ရဲအုပ်ညီညီလွင်မှ မေး၏။

အခင်းမဖြစ်မီ ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်းက စက်ရုံမှူးဦးတင်အေးပါ အဖွဲ့ဝင်(၅)ဦးဖြင့် အမှတ်(၂)ဂိုထောင်အတွင်းရှိ (အေ)အမျိုးအစားနှင့် (ဘီ)အမျိုးအစား သတ္တုတုံးများကို အသေးစိတ်စစ်ဆေးခဲ့၏။ ထိုစဉ်က ဂိုထောင်အတွင်းရှိ သတ္တုနှစ်မျိုးစလုံးမှာ လျော့နည်းပျောက်ဆုံးခြင်း မရှိကြောင်း တွေ့ရ၏။ စစ်ဆေးတွေ့ရှိမှုအခြေအနေကိုလည်း ဝန်ကြီးဌာနသို့ တရားဝင်တင်ပြခဲ့၏။ ထို့နောက် ၂၀၁၂ ခုနှစ် ဇူလိုင်(၂၃)ရက်နေ့တွင် ၎င်းတစ်ဦးတည်း အမှတ်(၂)ဂိုထောင်သို့ ဝင်ရောက်စစ်ဆေးကြည့်ရှုရာ ယခုတိုင်ကြားစာတွင် ဖော်ပြပါရှိသော အမှုမှ (အေ)အဆင့်ရှိ ခဲမဖြူသတ္တု(၁၀၁၅)တုံး လျော့နည်းပျောက်ဆုံးနေသည်ကို တွေ့ရှိရ၏။ ထို့ကြောင့် (၂၅-၇-၂၀၁၂) ရက်နေ့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနသို့ ကိုယ်တိုင်သွားရောက်၍ သတင်းပို့အကြောင်းကြားခဲ့ကြောင်း စက်ရုံမှူးဦးတင်အေးမှ ထွက်ဆိုပြပါသည်။ ဦးတင်အေး၏ စကားအဆုံးတွင် ရဲအုပ်ညီညီလွင်က -

"နောက်ဆုံးစစ်ဆေးခဲ့တဲ့ ၂၀၁၁ ခုနှစ် နိုဝင်ဘာလနဲ့ ပျောက်ဆုံးကြောင်းသိရတဲ့ ၂၀၁၂ ခုနှစ် ဇူလိုင်လ(၂၃)ရက်အတွင်းမှာ အဲဒီဂိုထောင်ထဲက (အေ)အမျိုးအစား သတ္တုတုံးတွေကို တရားဝင်ထုတ်ပေးခဲ့တာများ ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ဘယ်သူတွေကို ထုတ်ပေးရတာလဲ"

"အများဆုံးလာထုတ်တာတော့ ခင်မောင်သိန်း(ခေါ်) ရှမီးပါ"

"ဦးတင်အေးကိုယ်တိုင် လိုက်



www.burmeseclassic.com

ထုတ်ပေးတာလား''

''မဟုတ်ပါဘူး၊ ကျွန်တော်ထိန်းသိမ်းထားတဲ့ သံလျှောင်အိမ်အခန်းသော့ကို ဂိုထောင်မှူးစန်အောင်နဲ့ ဂိုထောင်စာရေး စိန်အေးတို့ကို ပေးအပ်လိုက်ပြီး သူတို့နှစ်ယောက်က ထုတ်ပေးတာပါ''

''အဲဒီလို ထုတ်ပေးတဲ့အခါ ပစ္စည်းတင်ပေးတဲ့အလုပ်သမားတွေက စက်ရုံကပဲလား''

''ဟုတ်ပါတယ်၊ ထုတ်လုပ်ရေးဌာနက ကျွန်တော်တို့အလုပ်သမားတွေပါ''


စက်ရုံလုပ်သားများအနေဖြင့် ပစ္စည်းထုတ်ပေးသူ ဂိုထောင်မှူး ဦးစန်အောင်နှင့် ဂိုထောင်စာရေးဦးစိန်အေးတို့ ပြောဆိုသော သတ္တုတုံးအရေအတွက်ကိုသာ သယ်ယူပေးရပါသည်။ ပစ္စည်းထုတ်ပေးပြီးနောက် ဂိုထောင်မှူးနှင့် ဂိုထောင်စာရေးက သော့အိမ်များကို သတ်မှတ်ထားသည့်ပုံစံအတိုင်း ပိတ်ခတ်ပြီး သော့တွဲကို စက်ရုံမှူးသို့ ပြန်လည်အပ်နှံခဲ့ကြောင်း ဦးတင်အေးမှ ထွက်ဆိုပြသည်။

''တရားဝင် ပစ္စည်းထုတ်ယူခွင့်ရတဲ့သူဟာ စက်ရုံကို ပစ္စည်းလာထုတ်တဲ့အခါ ဘယ်လိုပုံစံ ဘယ်လိုအဆင့်စစ်မေးခံပြီးမှ ထုတ်ယူထွက်ခွာရတယ်ဆိုတဲ့ လုံခြုံထိန်းသိမ်းမှု အဆင့်ဆင့်ကို သိပါရစေ''

ပစ္စည်းထုတ်ယူခွင့် ရရှိသူသည် ထုတ်ယူခွင့်ရရှိသော စာရွက်စာတမ်းများနှင့်အတူ ဦးစွာပထမ အဝင်အထွက်ရှိ လုံခြုံရေးတွင် အစစ်ခံရပါ၏။ လုံခြုံရေးဂိတ်မှ မှတ်တမ်းတင်ပြီးနောက် ထိုသူကို လုံခြုံရေးဝန်ထမ်းက စက်ရုံမှူးဆီသို့ ပို့အပ်ရပါ၏။ စက်ရုံမှူးက မေးမြန်းတိုက်ဆိုင် စစ်ဆေးပြီးနောက် ထုတ်ယူပေးဖို့ မှတ်ချက်ပြုရပါ၏။ ထုတ်ယူခွင့်ရသူ၏ ပါမစ်ကို မှတ်တမ်းတင်၍ စက်ရုံမှူးကိုယ်တိုင်သော်လည်းကောင်း၊ စက်ရုံမှူးမှ တာဝန်လွှဲထားသူတစ်ဦးက ထုတ်ပေးရပါ၏။ ထိုအခါကျမှ ပစ္စည်းထုတ်ယူမည့်သူ၏ ကားကို လုံခြုံရေးတွင် ရှာဖွေအစစ်ခံ၍ ဝင်ခွင့်ဂိတ်ပတ်(စ်)လုပ်ရပါ၏။ ပစ္စည်းထုတ်ယူပြီး လုံခြုံရေးဂိတ်သို့ ရောက်သောအခါ လုံခြုံရေးဝန်ထမ်းများက စာရွက်စာတမ်းပါ ထုတ်ယူခွင့်အရေအတွက်နှင့် ကိုက်ညီမှုရှိမရှိ တိတိကျကျ နှံ့နှံ့စပ်စပ် ရှာဖွေကြည့်ရှုရပါ၏။ လုံခြုံရေးဌာနက စိတ်ကျေနပ်အောင် ရှာဖွေစစ်ဆေးပြီးမှ ပစ္စည်းလာထုတ်သောကားကို ထွက်ခွာခွင့်ပြုကြောင်း စက်ရုံမှူးဦးတင်အေးမှ ဖွင့်ဆိုပြသည်။


ဤမျှဆိုလျှင် အခင်းဖြစ်ပွားခဲ့သော သတ္တုသန့်စင်စက်ရုံ၏ ပစ္စည်းထုတ်ပေးမှု ခိုင်မာတောင့်တင်းသော လုံခြုံရေးတို့၏ အခြေအနေကို သိရှိနိုင်ပါ၏။ ထို့ကြောင့် ပြည်ပဈေးကွက်သို့သာ တင်ပို့ရောင်းချသော တစ်တုံးလျှင် (၁၂)ပိဿာခန့်ရှိ (အေ)အဆင့် ခဲမဖြူ

## သစ္စာမဲ့သော နိုင်ငံ့ဝန်ထမ်း၊ ကိုယ်ကျိုးကိုသာ သိသောပွဲစားနှင့် အလစ်သမား တိုင်းတစ်ပါးသားတို့၏ မသမာမှုကြောင့် မြန်မာ့သတ္တုရတနာများသည် ပြည်ပသို့ ရောက်ရှိသွားခဲ့ပါတော့သည်။


အမှတ် (၂) ဂိုထောင်အား သော့ခတ်ပိတ်ထားစဉ်



www.burmeseclassic.com



အမှတ် (၂) ဂိုထောင် အတွင်းပိုင်းမြင်ကွင်း

သတ္တုတုံး(၁၀၁၅)တုံးမှာ ခြေရာလက်ရာမပျက်ဘဲ သံလှောင်အိမ်အတွင်းမှ ပျောက်ဆုံးသွားခဲ့ပါ၏။ ထိုသတ္တုတုံးများကို အတောင်တပ်၍ လေတွင်ပျံ့ခဲ့ပြီး စက်ရုံပြင်ပသို့ မောင်းနှင်သူများ၊ ပစ္စည်းထိန်း၊ ဂိုထောင်မှူး၊ ဂိုထောင်စာရေး၊ လုံခြုံရေးနှင့် အလုပ်ကြမ်းလုပ်သား အထမ်းသမားများသာ ဖြစ်နိုင်ကြောင်း တရားလိုမှ ဖွင့်ဆိုကာ ဝန်ထမ်း(၁၀)ဦးကို အမှုစစ်အဖွဲ့သို့ လွှဲအပ်တိုက်ပါတော့သည်။

အခန်း(၃)

"ဖြစ်စဉ်ကတော့ အဲဒါပဲ ကိုစံထူးရဲ့၊ အဲဒီအမှုကို ကျွန်တော်တို့စီအိုင်ဒီက လွှဲပြောင်းလက်ခံစစ်ဆေးဖို့ အထက်အဖွဲ့အစည်းက တာဝန်ပေးလာတယ်၊ ဒါကြောင့် အဲဒီအမှုကို လက်ခံစစ်ဆေးနော်"

အမှုတိုင်ကြားပြီးနောက် သုံးရက်မြောက်၍ လေးရက် မြောက်သည့် (၂၉-၇-၂၀၁၂)ရက်နေ့တွင် ဖြစ်သည်။ အမှုကို လွှဲပြောင်းလက်ခံ စစ်ဆေးဖို့ အင်းစိန် မှုခင်းတပ်ဖွဲ့ခွဲ(စီအိုင်ဒီ)သို့ ညွှန်ကြားလာ၏။ ထို့ကြောင့် တပ်ဖွဲ့ခွဲမှူးမှ အမှုစစ်အရာရှိ စုံထောက်စံထူးကို ခေါ်၏။ ရုံးခန်းသို့ ရောက်ရှိလာသော စုံထောက်စံထူးကို တပ်ဖွဲ့ခွဲမှူးက အမှုဖြစ်စဉ်ကို အသေးစိတ်ပြောပြ၏။ ထို့နောက် တပ်ဖွဲ့ခွဲမှူးက အမှုကို လွှဲပြောင်းလက်ခံစစ်ဆေးဖို့ အထက်ပါစကားဖြင့် စုံထောက်စံထူးသို့ တာဝန်ပေး၏။ ထို့နောက် တပ်ဖွဲ့ခွဲမှူးမှ ဆက်၍ –

"အဲဒီအမှုကို အခုလောလောဆယ်တော့ မြို့နယ်၊ ခရိုင်နဲ့ တိုင်းရဲ့ တပ်ဖွဲ့တို့က ပူးပေါင်းစစ်ဆေးနေကြတယ်၊ အဲဒီမှာ ဘာတွေ့ရသလဲဆိုတော့ ..."

အမှုမတိုင်ကြားမီ (၁၄-၇-၂၀၁၂) ရက်နေ့က တရားလို စက်ရုံမှူးဦးတင်အေးသည် ဦးခင်မောင်သိန်းဆိုသူမှတစ်ဆင့် ဦးရောကွတ်သို့ အသားတံဆိပ်ဘလောက်တုံးမပါ သတ္တုတုံး အတုံး(၂၀)ကို ငွေကျပ်သိန်း(၆၀)ဖြင့် ရောင်းချခဲ့၏။ ရောင်းချ၍ရရှိသော ငွေကျပ်သိန်း(၆၀)အနက် ကျပ်သိန်း(၅၀)ကို စက်ရုံမှူးဦးတင်အေးထံမှလည်းကောင်း၊ ကျန်ငွေကျပ်(၁၀)သိန်းကို ဒုစက်ရုံမှူးဦးမင်းခင်ညွန့်ဝေထံတို့မှ ပူးပေါင်းအထူးအမှုစစ်အဖွဲ့မှ သိမ်းဆည်းရမိခဲ့၏။ ထို့ပြင် ထိုသတ္တုတုံးများ ပုံလောင်းသောမိုခွက်(၂)ခုကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း အမှုအခြေအနေကို တပ်ဖွဲ့ခွဲမှူးမှ ထပ်ဆင့်ဖွင့်ဆိုပြသည်။

တပ်ဖွဲ့ခွဲမှူး၏ ဖွင့်ဆိုချက်ကို စုံထောက်စံထူးက တွေဝေစွာ စဉ်းစားနေ၏။ ဒါကိုမြင်တွေ့နေသော တပ်ဖွဲ့ခွဲမှူးက –

"ခင်ဗျား ကျွန်တော်ပြောတာကို အာရုံနောက်သွားပြီနဲ့တူတယ်"

"ဟုတ်ပါတယ် တပ်ဖွဲ့ခွဲမှူး"

ဟု စုံထောက်စံထူးမှ ဖြေ၏။ ထို့



အမှတ် (၂) ဂိုထောင်အတွင်းတွင် ဘီအုပ်စု ခဲတုံးများ သိမ်းဆည်းထားပုံ



www.burmeseclassic.com

www.burmeseclassic.com






အနှင့် ဘီအုပ်စုခဲတုံးတို့တွင် ပါရှိသည့် စာတမ်းအမှတ်အသား




အေ အုပ်စု ခဲတုံးအား တွေ့ မြင်ရပုံ

ကြောင့် တပ်ဖွဲ့ခွဲမှူးက -

"အခုပျောက်နေတဲ့ (အေ)အဆင့် သတ္တုတုံးရဲ့မျက်နှာစာမှာ MYAN-MAR TIN ဆိုပြီး ဖောင်းကြွတဲ့ အသားတံဆိပ်ပါပါတယ်။ အခု စစ်ဆေးပေါ်ပေါက်လာတဲ့ သတ္တုတုံး(၂၀)မှာက ဘာအသားတံဆိပ်မှ မပါဘူးဗျ"

"ဒါဆို အခုပျောက်ဆုံးနေတဲ့ (အေ)အဆင့် သတ္တုတုံး(၁၀၁၅)တုံးနဲ့ မပတ်သက်ဘူးလို့ ပြောလို့ရမှာပေါ့"

"အခုပျောက်ဆုံးနေတဲ့ (အေ)အဆင့်သတ္တုတုံးတွေနဲ့တော့ မပတ်သက်ဘူးဗျ။ ဒါပေမဲ့ နိုင်ငံတော်ပိုင် အုတ်တစ်ချပ် သဲတစ်ပွင့်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားလို့ မရဘူးဗျ"

"ဟုတ်ပါတယ် တပ်ဖွဲ့ခွဲမှူး။ အဲဒီသတ္တုတုံးနှစ်ဆယ်ကို စက်ရုံမှူးနဲ့ ဒုစက်ရုံမှူးက ကိုယ်ကျိုးအတွက် ဘယ်လိုသုံးခဲ့လို့လဲ"

"သတ္တုရိုင်းပါတဲ့ ကုန်ကြမ်းတွေကို သန့်စင်ကျိုချက်လိုက်တော့ အေအဆင့်သတ္တုကုန်ချောနဲ့ ဘီအဆင့် သတ္တုချောတွေ ထွက်လာခဲ့တယ်။ အဲဒီနောက် မလိုအပ်တဲ့ ချော်တုံးချော်ခဲတွေကို စွန့်ပစ်ရတယ်။ အဲဒီစွန့်ပစ်ပစ္စည်းတွေကို နောက်ထပ်ဖကောတင် ကျိုချက်လိုက်တော့ ဘီအဆင့်လောက်မရှိတဲ့ သတ္တုချောတွေ ထွက်လာတယ်။ အခုအပြင်ကိုရောင်းစားတဲ့ သတ္တုတုံးနှစ်ဆယ်ဟာ စွန့်ပစ်ပစ္စည်းက ရရှိတဲ့ သတ္တုတုံးတွေလို့ သိရတယ်"

"ကုန်ကြမ်းကပဲရရ၊ စွန့်ပစ်ပစ္စည်းကပဲရရ၊ ထွက်လာတဲ့သတ္တုချောဟာ စက်ရုံပိုင်ဖြစ်ပါတယ်။ တစ်ဆင့်တက်ဆိုရင် နိုင်ငံတော်ပိုင်ဖြစ်ပါတယ်"

"မှန်တာပေါ့ ကိုစံထူးရယ်။ အဲဒီကိစ္စကိုလည်း ဌာနက တရားလိုလုပ်ပြီး တာဝန်ရှိသူကို အမှုဖွင့်အရေးယူဖို့ ပူးပေါင်းအဖွဲ့က စီစဉ်နေကြတယ်။ အဲဒီအမှုကိုလည်း ခင်ဗျားကပဲ လက်ခံစစ်ဆေးပြီး တရားရုံး ရောက်တဲ့အထိ ဆောင် ရွက်ပေးရမယ်"

"ဟုတ်ကဲ့ပါ တပ်ဖွဲ့ခွဲမှူး"

အဓိကကျသော တာဝန်မှာ ပျောက်ဆုံးသွားသော (အေ)အဆင့်ရှိ သတ္တုတုံး(၁၀၁၅)တုံး ပြန်လည်သိမ်းယူရရှိဖို့ ဖြစ်၏။ ယုတ်စွအဆုံး အဆိုပါ သတ္တုတုံးများသည် မည်သည့်အခြေအနေ၊ မည်သည့်အဆင့်သို့ ရောက်ရှိနေသည်ကို အထောက်အထားပြဖို့လို၏။ ထို့ပြင် ပြည်ပနိုင်ငံသို့ ရောက်ရှိသွားပြီဆိုပါကလည်း မည်သို့မည်ပုံ မည်သည့်လမ်းကြောင်းဖြင့် မည်သည့် နိုင်ငံသို့ ရောက်ရှိသွားသည်ကို ခိုင်လုံသောအထောက်အထားများဖြင့် သ[illegible] သေပြဖို့လိုကြောင်းတို့ကို တပ်ဖွဲ့ခွဲမှူး[illegible] အမှုစုံစမ်းဖော်ထုတ်မည့် စုံထောက်[illegible] ထူးအား မှာကြားမိန့်ဆိုပါသည်။

အခန်း(၄)

"ဒီသတ္တုအတုံးနှစ်ဆယ်အမှု[illegible] တော့ ဘာမှအငြင်းပွားဖွယ်မရှိဘူး[illegible] ကိုစံထူးရဲ့။ သက်သေခံပစ္စည်းလည်း [illegible] ရထားပြီးပြီ။ စက်ရုံမှူးနဲ့ ရောင်း[illegible] ဝယ်ကြတဲ့သူတွေကလည်း အဖြစ်မှ[illegible] ကို ဝန်ခံကြပါတယ် ..."

အမှုလွှဲပြောင်း လက်ခံစစ်ဆေး[illegible] စုံထောက်စံထူးနှင့်အဖွဲ့ တောင်ပိုင်း[illegible] ရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်ရှိခဲ့သည်။ [illegible] နီးမမိ ဖွဲ့နိုးမိဆိုသလို အဓိကကျသော[illegible] သန့်စင်ပြီး(အေ)အဆင့်ရှိ ခဲမဖြူ[illegible] (၁၉.၅)တန် ပျောက်ဆုံးမှုကို စုံစမ်း[illegible] မေးနေစဉ် စွန့်ပစ်ပစ္စည်းမှထွက်ရှိလာသော[illegible] သတ္တုအတုံး(၂၀)အမှုက အစပေါ်လာ[illegible] ခဲ့သည်။ ထိုအမှုကို သတ္တုတူးဖော်ရေး[illegible] လုပ်ငန်းမှ တရားလိုပြုလုပ်တိုင်ကြား[illegible] သဖြင့် သံနှင့်လျှင်ရဲစခန်းမှ (ပ)၉၄[illegible] ၂၀၁၂ ပြည်သူပိုင်ပစ္စည်း ကာကွယ်[illegible] စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆([illegible] ဖြင့် အမှုဖွင့်ထားသည်။ အဆိုပါအမှု[illegible] လွှဲပြောင်းလက်ခံရာတွင် မူလအမှု[illegible] အဖွဲ့ခေါင်းဆောင် ရဲမှူး ဦးစိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစကားဖြင့် ပြောဆိုလွှဲပြောင်း ခဲ့သည်။

"စက်ရုံမှူးက ဘယ်လိုအကြောင်း ပြချက်နဲ့ ဝန်ခံတာလည်းရဲမှူး"

"စွန့်ပစ်ပစ္စည်းက ထွက်လာတဲ့ သတ္တုကို ရောင်းရတဲ့ငွေ သိန်း(၆၀) က သတ္တုသန့်စင်စက်ရုံက ဝန်ထမ်း တွေအတွက် ထောက်ပံ့ကြေးလို့ ပြော တယ်ဗျ။ အဲဒီကိစ္စကို အထက်အဖွဲ့ အစည်းနဲ့ ဝန်ကြီးဌာနကိုအသိပေးပြီး ခွင့်ပြုမိန့်နဲ့လုပ်တာလားလို့မေးတော့ ဘယ်သူ့ကိုမှ အသိမပေးဘဲ စက်ရုံမှူး က သူ့သဘောနဲ့သူ လုပ်တာပါလို့ ပြောတယ်ဗျ"

နိုင်ငံတော်ပိုင် ဥစ္စာပစ္စည်းကို ခွင့် ပြုမိန့်ပေးနိုင်သူ၏ သဘောဆန္ဒမပါဘဲ မိမိအတွက် ဒါမှမဟုတ် အများအကျိုး အတွက် လုပ်ဆောင်ခွင့်မရှိပါ။ ထိုအမှု တွင် စက်ရုံမှူးဦးတင်အေးသည် မိမိ၏ သဘောဆန္ဒဖြင့် စွန့်ပစ်ပစ္စည်းမှ ထွက် ရှိလာသောသတ္တုအတုံး(၂၀)ကို ငွေ ကျပ်သိန်း(၆၀)ဖြင့် ခင်မောင်သိန်း(ခ) ရှုဖီးအား ရောင်းချခဲ့သည်။ ရောင်းရ ငွေ သိန်း(၆၀)အနက် သိန်း(၅၀)ကို ဦးတင်အေး(စက်ရုံမှူး)ထံမှ သိမ်းယူရရှိ ခဲ့ပြီး ကျန်ငွေကျပ်(၁၀)သိန်းကို ဒုစက် ရုံမှူး ဦးမင်းခင်ညွန့်ဝေထံမှ ပြန်လည် ရရှိခဲ့သည်။ သက်သေခံပစ္စည်း သတ္တု အတုံး(၂၀)အနက် (၁၃)တုံးကို စက်မှု လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းမြင့်ထံမှ သိမ်းယူရရှိခဲ့ပါသည်။

ဤအမှုတွင် နိုင်ငံတော်ပိုင်စက်ရုံ ပိုင်ပစ္စည်းဖြစ်ကြောင်း သိပါလျက်နှင့် အထက်ဌာန၏ ခွင့်ပြုချက်မရှိဘဲ မိမိ သဘောဖြင့် စက်ရုံမှူး အပါအဝင် ရောင်းသူဝယ်သူတို့မှာ ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့် ရှောက်ရေးဥပဒေပုဒ်မ ၆(၁)မှပေးအပ် သော ပြစ်ဒဏ်ကို ကျခံဖို့သာ ရှိပါ တော့သည်။


\+ + +

အဓိကကျသော ကဏ္ဍကို ဖွင့်ဆို ချင်ပါသည်။ ဤသည်မှာ ပုဒ်မ-၆(၁) ဖြင့် အရေးယူဖမ်းဆီးထားသူ စက်ရုံ မှူးဦးတင်အေး၏ တိုင်ကြားမှုပင်ဖြစ် သည်။ ပြည်ပနိုင်ငံများသို့ နိုင်ငံခြားငွေ ဖြင့်သာ တရားဝင်ရောင်းချသော အဖ အဆင့်ရှိ (Electro)သတ္တု(၁၉ . ၅)တန် စုစုပေါင်း သတ္တုတုံး(၁၀၁၅)တုံး ပျောက် ဆုံးနေမှုဖြစ်သည်။ ထိုအမှုတွင် အမှု တိုင်ကြား(တရားလို)က သက်မကင်း သူ လက်အောက်ဝန်ထမ်း(၁၁)ဦးကိုပါ မှုလပူးပေါင်းအမှုစစ်အဖွဲ့သို့ အပ်ပေး သည်။ ထိုသူ(၁၁)ဦးကိုလည်း အမှုဖြင့် ဖမ်းဆီးထားသည်။ ထိုအမှု (ပ)၉၃၄/ ၂၀၁၂ ပြည်သူပိုင်ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁)မှ အမှုတွဲစက္ကူများ၊ ဓာတ်ပုံမှတ်တမ်းများ နှင့် ဖမ်းဆီးထားသော ဝန်ထမ်း(၁၁) ဦး တို့ကို အမှုစစ်အရာရှိ စုံထောက်စံထူး နှင့်အဖွဲ့က စနစ်တကျ လွှဲပြောင်း လက်ခံရယူခဲ့ပါသည်။

အမှုစစ်အရာရှိ စုံထောက်စံထူး က အမှုတွဲကို အသေးစိတ်ဖတ်ရှုလေ့ လာကြည့်သည်။ ပျောက်ဆုံးနေသော ခဲမဖြူသတ္တုတုံးတစ်တုံး၏ အလေးချိန် မှာ (၁၂)ပိဿာခန့် ရှိသည်။ ထိုမျှလေး လံသော သတ္တုတုံး(၁၀၁၅)တုံးကို ခြေ ရာလက်ရာမပျက် ပျောက်ဆုံးနေခြင်း မှာ စက်ရုံမှူး၊ ဂိုထောင်မှူး၊ ဂိုထောင် စာရေး၊ အထမ်းသမားနှင့် ဂိတ်လုံခြုံ ရေးတို့၏ တက်ညီလက်ညီ မသမာမှု ဒါမှမဟုတ် တစ်ဦးတစ်ယောက်၏ မသ မာမှုကြောင့်သာ ဖြစ်သည်။ ဒါကြောင့် လည်း တရားလိုဖြစ်သူ စက်ရုံမှူးက တာဝန်ရှိသူ ဝန်ထမ်းအဆင့်ဆင့်ကို မြို့ နယ်ရဲတပ်ဖွဲ့သို့ အပ်ပေးခြင်းဖြစ်သည်။

အထက်တွင် တရားလိုဦးတင် အေးက ဂိုထောင်ကြီး၏တံခါးမကြီး သော့ (၄)ချောင်းကို မိမိကနှစ်ချောင်း

အမှတ် (၂) ဂိုထောင်အတွင်းရှိ အခန်းအမှတ် (၁) တွင် အေအုပ်စု ခဲတုံးများအား သော့နှစ်လုံးခပ် ချိတ်ပိတ်လျက် သိမ်းဆည်းထားပုံ





www.burmeseclassic.com

**စီးပွားရေးသမားဆိုသည်မှာ အချောင်ရလျှင် ယူမည်။ အလကားပေးလျှင် နည်းသေးသည်ဟု ထင်မှတ်ကြသော ဝိသမလောဘသမားများ ဖြစ်သည်။ ထိုသူများသည် အာဏာရှိသူ၊ ပါဝါရှိသူ၊ စွမ်းဆောင်ရည်ရှိသော နိုင်ငံ့ဝန်ထမ်းများကို ငွေကြေး၊ ဥစ္စာပစ္စည်းတို့ဖြင့် ချည်းကပ်၍ မိမိတို့လိုရာကို တောင်းဆိုကြမည်။ ဝိသမလောဘသမားနှင့် သစ္စာမဲ့သော နိုင်ငံ့ဝန်ထမ်းတို့ သဘောကြည်ဖြူကြသောအခါ နိုင်ငံပိုင်၊ အများပြည်သူပိုင်၊ ဌာနပိုင် ဥစ္စာပစ္စည်းများ ဆုံးရှုံးခဲ့ရပါသည်။**

ဂိုထောင်မှူး ဦးစန်အောင်က နှစ်ချောင်း ထိန်းသိမ်းကြောင်း ဆိုသည်။ ထို့ပြင် ယခုပျောက်ဆုံးသော သတ္တုတုံးများထားရှိသည့် ဂိုထောင်အတွင်းမှ သံလှောင်အိမ်(၃)လုံး၏ သော့များအားလုံးကို ဦးတင်အေးတစ်ဦးတည်းသာ ထိန်းသိမ်းထားသည်ဟု ဆိုသည်။ သံလှောင်အိမ်(၃)လုံးအတွင်းမှ (အေ)အဆင့်ရှိ (Electro)သတ္တုတုံးများကို ထုတ်ပေးသည့်အခါ တစ်ခါတရံ ဦးတင်အေးကိုယ်တိုင်လိုက်၍ သံလှောင်အိမ်တံခါးသော့ကို ဖွင့်ပေးသည်။ စက်ရုံမှူး ဦးတင်အေး မအားလပ်သည့်အခါ သံလှောင်အိမ်သော့ကို ဂိုထောင်မှူး ဦးစန်အောင်မှ ရယူ၍ ထုတ်ပေးရကြောင်း အစစ်ခံထွက်ဆိုထားကြသည်။

"အခင်းမဖြစ်မီရှေ့ပိုင်းက သံလှောင်အိမ်သုံးခုအတွင်းမှာရှိတဲ့ သတ္တုတုံးတွေကို ခင်ဗျား ဘယ်နှစ်ကြိမ်ထုတ်ပေးခဲ့ဖူးသလဲ၊ အဲဒီ ထုတ်ပေးခဲ့တဲ့ စုစုပေါင်း အလေးချိန်ကကော ဘယ်လောက်ရှိခဲ့လဲ"

အခန်း(၅)

"ကျွန်တော့်အနေနဲ့ စက်ရုံမှူး မပါဘဲ သံလှောင်အိမ်သုံးလုံးထဲက သတ္တုတုံးတွေကို သုံးကြိမ်သုံးခါ ထုတ်ပေးခဲ့ဖူးပါတယ်"

ဟု စုံထောက်စံထူး၏အမေးကို ဂိုထောင်မှူး ဦးစန်အောင်မှ ဖြေဆိုပါသည်။

ပထမဦးစွာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလခန့်ကဖြစ်သည်။ စက်ရုံမှူး ဦးတင်အေးခေါ်ဆို၍ ဂိုထောင်မှူး ဦးစန်အောင် ရုံးခန်းသို့ရောက်လာသည်။ စက်ရုံမှူးရုံးခန်းတွင် ခင်မောင်သိန်း(ခ) ရှဖီးလည်းရှိသည်။ ဦးတင်အေးက သံလှောင်အိမ်အခန်း(၁)နှင့် (၃)မှ (အေ)အမျိုးအစား သတ္တုတုံး(၇)တန်ကို ခင်မောင်သိန်း(ခ) ရှဖီးအား ထုတ်ပေး
ဦးစန်အောင်ကို ပြောသည်။ ထို့ပြ
ဂိုထောင်သော့နှင့် သံလှောင်အိမ်သေ
များကိုလည်း ဦးတင်အေးမှ ထုတ်ပေ
သည်။ ထို့ကြောင့် ဦးစန်အောင်
ထောင်စာရေး ဦးစိန်အေးနှင့် ပစ္စည်း
သယ်ယူရန် စက်ရုံအလုပ်သမား ကျေ
သူထွန်း၊ ကျော်ကျော်၊ ဒေါ်သော
မသန်းလွင်နှင့် ပစ္စည်းထုတ်ယူမည့်
ခင်မောင်သိန်း(ခ)ရှဖီး၊ သူ၏တပည့်
ဇော်မြင့်၊ သိန်းမြင့်စိုးတို့ကိုခေါ်၍
ထောင်သို့ ထွက်လာခဲ့ကြသည်။
ထောင်အတွင်း သံလှောင်အိမ်(၁)
(၃)အတွင်းမှ (အေ)အမျိုးအစား ခဲ
သတ္တုတုံး(၇)တန်ကို ဦးစန်အောင်
ထုတ်ပေးရာ အလုပ်သမားများ
သယ်ပိုးကြပြီး ခင်မောင်သိန်း(ခ)ရှဖီး
ကားပေါ်သို့ တင်ပေးခဲ့သည်။ ပစ္စည်း
များသယ်ယူသွားပြီးနောက် ဂိုထော
မှူးကလည်း သော့တွဲများကို စက်ရုံမှူး
သို့ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ၂၀၁၂ ခုနှစ် မတ်
ခန့်ကဖြစ်သည်။ အထက်ကဖွင့်ဆိုထား
သည့်အတိုင်း စက်ရုံမှူးဦးတင်အေး
ခင်မောင်သိန်း(ခ)ရှဖီးအား သံလှော
အခန်း(၁)နှင့်(၂)တို့မှ (အေ)အမျိုး
စား ခဲမဖြူတုံး (၅)တန်ထုတ်ပေး
ပြောဆို၍ ဂိုထောင်မှူး ဦးစန်အောင်
ဒုတိယအကြိမ် ထုတ်ပေးခဲ့ရသည်
တတိယအကြိမ်အဖြစ် ၂၀၁၂ ခု
ဧပြီလ၌ (အေ)အမျိုးအစားသတ္တု
(၇ • ၅)တန်ကို ခင်မောင်သိန်း(ခ)
ကိုပင် ထုတ်ပေးခဲ့ရကြောင်း ဂိုထော
မှူးဦးစန်အောင်က ထွက်ဆိုပြသည်

စက်ရုံမှူးဦးတင်အေးမှ တာ
ပေး၍ စက်ရုံမှူးကိုယ်တိုင်မပါဘဲ
ထောင်မှူးဦးစန်အောင် သုံးကြိမ်
တိုင် ထုတ်ပေးခဲ့သော (အေ)အ



www.burmeseclassic.com

www.burmeseclassic.com



အစား ခဲမဖြူသတ္တုတုံး၏ စုစုပေါင်း အလေးချိန်မှာ (၁၉ • ၅)တန်ဖြစ်သည်။ ပျောက်ဆုံးသော ခဲမဖြူသတ္တုတုံး အလေးချိန်နှင့် ဦးစန်အောင်ထုတ်ပေး လိုက်သော သတ္တုတုံးတန်ချိန်က ကွက် တိကျနေသည်။ ဒါကြောင့်မို့ပင် စက်ရုံ မှူးဦးတင်အေးက ဂိုထောင်မှူးအပါ အဝင် (၁၁)ဦးကို သံသယရှိစွာဖြင့် ရဲ ထက်သို့အပ်ပေးခဲ့သည်။

"ခင်ဗျားကိုယ်တိုင် ထုတ်ပေးခဲ့ တဲ့ သတ္တုတုံးတန်ချိန် (၁၉ • ၅)တန်နဲ့ ပတ်သက်ပြီး ထုတ်ယူခွင့်ပါမစ်၊ ခွင့်ပြု ချက်နဲ့ အထောက်အထား ဘာရှိသလဲ"

စုံထောက်စံထူး၏အမေးကို ဂို ထောင်မှူး ဦးစန်အောင်က –

"ကျွန်တော်က ပါမစ်တောင်းပါ တယ်၊ စက်ရုံမှူးက နောက်မှပေးမယ်၊ အခုလောလောဆယ် ထုတ်ပေးလိုက် လို့ ပြောပါတယ်"

"အဲဒီ (အေ)အဆင့်ရှိတဲ့ Electro သတ္တုတုံးတွေဟာ တိုင်းတစ်ပါးကို နိုင်ငံ ခြားငွေနဲ့ရောင်းတယ်ဆိုတာ ခင်ဗျား မသိဘူးလား"

"သိပါတယ်၊ ဒါပေမဲ့ စက်ရုံမှူး ကိုယ်တိုင်က တာဝန်ခံစေခိုင်းလို့ ကျွန် တော်လည်း သူပြောတဲ့အတိုင်း ထုတ် ပေးခဲ့တာပါ။ ဆရာတို့မယုံရင် သူပြော တဲ့အတိုင်း ထုတ်ယူသယ်ပိုးခဲ့တဲ့ အ လုပ်သမားတွေကို စစ်မေးကြည့်ပါ"

ဂိုထောင်မှူး ဦးစန်အောင်နှင့် အတူ ဖမ်းဆီးထားသူများထဲတွင် ဂို ထောင်စာရေး ဦးစိန်အေး၊ ပစ္စည်းထမ်း ပိုးအလုပ်သမား ကိုကျော်ကျော်နှင့် ကျော်သူထွန်းတို့လည်း ပါသည်။ ဂို ထောင်စာရေးနှင့် အလုပ်သမားများက လည်း ဂိုထောင်မှူး၏ထွက်ဆိုချက်နှင့် တစ်ထပ်တည်းကျသည်။

ထုတ်ပေး၊ သယ်ယူခွင့်ပါမစ် မပါ ဘဲ ဤမျှများပြားသော ကြီးကြပ်ကန့် သတ်ပစ္စည်းများကို အဝင်အထွက်ဂိတ် တာဝန်ကျ လုံခြုံရေးကလည်း ဘာလုပ် နေသနည်း။ ဤမေးခွန်းကို ဒုလက် ထောက်ညွှန်ကြားရေးမှူး(စီမံ)လည်း ဖြစ်၊ လုံခြုံရေးအရာရှိလည်းဖြစ်သူ ဦး ဝင်းလွင်က –


"ကျွန်တော်တို့ လုံခြုံရေးတာဝန် ကျတွေဟာ ရှဖီး(ခ)ခင်မောင်သိန်းရဲ့ ကားကို ရှာဖွေခွင့်လည်းမရှိဘူး၊ စစ် ဆေးခွင့်လည်းမရှိပါဘူး"

"ဘာဖြစ်လို့ ရှာဖွေစစ်ဆေးခွင့် မရှိတာလဲ"

စုံထောက်စံထူး၏မေးခွန်းကို ကိုယ်တိုင်တွေ့မြင် ခံစားခဲ့ရသော လုံ ခြုံရေးအရာရှိ ဦးဝင်းလွင်က အောက်ပါ အတိုင်း သာဓကပြပါသည်။

အခင်းမဖြစ်မီ တစ်နေ့တွင် ဦး ဝင်းလွင်သည် စက်ရုံအဝင်အထွက်

ဂိုထောင်ဘေးတံခါးများအား သစ်သားဖြင့် အသေရိုက် ပိတ်ထားပုံ





www.burmeseclassic.com

www.burmeseclassic.com




ဂိတ်၌ လုံခြုံရေးတာဝန်ကျနေသည်။ ထို စဉ် ခင်မောင်သိန်း(ခ)ရှဖီး၏ ပစ္စည်း တင်လာသောကားသည် ဂိုထောင်ရှေ့မှ ဂိတ်ပေါက်သို့ရောက်ရှိလာသည်။ ဂိတ် တာဝန်ကျ ကင်းမှူးခင်မောင်လတ်က ခင်မောင်သိန်းကားကို ရပ်တန့်၍ ကား ပေါ်တက်ကာ ရှာဖွေစစ်ဆေးနေသည်။ ထိုစဉ် ရှေ့ဂိတ်သို့ရောက်ရှိလာသော စက်ရုံမှူးဦးတင်အေးက –

"ဟေ့ကောင် … မင်း ကားပေါ် ဘာတက်လုပ်တာလဲ၊ စစ်စရာမလိုဘူး။ ခုချက်ချင်း ကားပေါ်ကဆင်းစမ်း"

ဟု ငေါက်ငန်းပြောဆိုခဲ့သည်။ ထို့အတူ စက်ရုံမှူးဦးတင်အေးသည် ခင်မောင်သိန်း(ခ)ရှဖီး၏ ပစ္စည်း တင် ထုတ်သောကား ဝင်ထွက်မှုများတွင် လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီ ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း အမိန့်ပေးမှုများ ရှိခဲ့ပါသည်။ ထိုနောက်ပိုင်းမှစ၍ စက်ရုံအဝင်အထွက်ဂိတ်ရှိ လုံခြုံရေးတာဝန်ကျများသည် ခင်မောင် သိန်း(ခ)ရှဖီး၏ ပစ္စည်းတင်ထုတ်ကား ဝင်ထွက်မှုရှိတိုင်း ရှာဖွေစစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်း စသည့် လုံခြုံရေး ဆိုင်ရာ ကိစ္စအဝဝကို လုံးဝ မလုပ်တော့ကြောင်း လုံခြုံရေးအရာရှိ ဦးဝင်းလွင်မှ ထွက်ဆိုပြပါသည်။

ထို့အတူ လုံခြုံရေးဝန်ထမ်း ခင်မောင်လတ်၊ ဦးလှစံနှင့် ဦးဗိုလ်ရှုတို့က လည်း စက်ရုံမှူးဦးတင်အေး၏ အမိန့်အာဏာကြောင့် ခင်မောင်သိန်း(ခ)ရှဖီး၏ ပစ္စည်းတင်ထုတ်ကားအား အတားမရှိ၊ တံခါးမရှိ ခွင့်ပြုခဲ့ရကြောင်း ပြောဆိုကြသည်။ တာဝန်ရှိ လုံခြုံရေးဝန်ထမ်းများ ပြောဆိုသလို လုံခြုံရေးဂိတ်၏ အဝင်အထွက်မှတ်တမ်းမှတ်ရာတွင်လည်း ခင်မောင်သိန်း(ခ)ရှဖီးအမည်နှင့် ကားနံပါတ်က နတ္ထိ။ ဒါကိုကြည့်



အမှတ် (၂)
ဂိုထောင်ရှိသော့များတွင်
ချိတ်ကပ်နိုင်ပိုထားပုံ

လျှင် ဝန်ထမ်းမဟုတ်သော ခင်မောင် သိန်း(ခ)ရှဖီးသည် ကြီးကြပ်ကန့်သတ်ဧရိယာအတွင်း စက်ရုံမှူး၏ အခွင့်အာဏာဖြင့် ထင်ရာစိုင်းနေသူဖြစ်သည်။ ဒီလိုလူမျိုးကလည်း အချို့အချို့သော စက်ရုံအလုပ်ရုံတို့တွင် ရှိတတ်ပါသည်။ ဒါကြောင့် စုံထောက်စံထူးက–

"ခင်မောင်သိန်း(ခ)ရှဖီးရဲ့ စီးပွားရေးလုပ်ငန်းက ဘာလုပ်တာလဲ"

အခန်း(၆)

"သတ္တုရောင်းဝယ်ရေးနဲ့ ပွဲစားအလုပ်ပါ၊ စက်ရုံက ပြည်တွင်းကိုရောင်းချခွင့်ရှိတဲ့ ဘီအဆင့်သတ္တုတုံးတွေကို လုပ်ငန်းရှင်ထံမှ တစ်ဆင့်ကောက်ယူပြီး ပြန်လည်ရောင်းချပါတယ်"

စက်ရုံ၏ လုံခြုံရေးစည်းရိုးကို ဖောက်ဖျက်၍ မသမာမှုပြုခဲ့သူ ခင်မောင်သိန်း(ခ)ရှဖီးကို စစ်ကြောရေးခန်းသို့ ထည့်သွင်းလိုက်သည်။ ဦးစွာ ပထမ သူ၏စီးပွားရေးလုပ်ငန်းကို သိလို၍ မေးစစ်ကြည့်ရာ အထက်ပါအတိုင်း ပြောဆိုခဲ့သည်။ သတ္တုဝယ်ရောင်းနှင့် ပွဲစားလုပ်သူ ခင်မောင်သိန်း(ခ)ရှဖီးနှင့် အခင်းဖြစ်ပွားခဲ့သော အမှတ်(၂)သတ္တုသန့်စင်စက်ရုံတို့၏ လုပ်ငန်းသဘောကို မေးကြည့်သည်။

ခင်မောင်သိန်း (ခ) ရှဖီးသည် ၂၀၀၇ ခုနှစ်လောက်ကစ၍ ခဲသတ္တု ရောင်းဝယ်ခြင်းလုပ်ငန်းကို စတင်[illegible] သည်။ မိမိစီးပွားရေးလုပ်ငန်း အောင်[illegible] မြင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာ[illegible] မှ အရာရှိကြီးများကိုလည်း အဆင်[illegible] စွာ ပေါင်းသင်းခဲ့သည်။ ဒီတော့လည်း ခဲသတ္တုထုတ်ယူခွင့် ရရှိခဲ့ကြသော လု[illegible] ငန်းရှင်များကလည်း ခင်မောင်သိန်း(ခ) ရှဖီးကို အားကိုးကြသည်။ ထုတ်ယူခွင့် ရရှိသော ပါမစ်ကို ခင်မောင်သိန်း(ခ) ရှဖီးလက်သို့ပင် အပ်ပေးကြသည်။ ခင် မောင်သိန်း(ခ)ရှဖီးကလည်း ထုတ်ယူ[illegible] ရှိသော ဘီအဆင့်ခဲမဖြူတုံးများကို [illegible] ခွဲရောင်းချပေးသည်။ ရရှိသော အမြတ်[illegible] အစွန်းကို သူ့အိတ်ထဲလည်းထည့် [illegible] ထက်လူကြီးသို့လည်း ဆက်သရသည်။ ဤသို့ လုပ်ကိုင်ခဲ့သည်မှာ အခင်းမဖြစ်[illegible] မီ အချိန်ကာလအထိ ဖြစ်သည်။ ဤ[illegible] သည်မှာ ပြည်တွင်း၌ရောင်းချခွင့်ရှိ သော ဘီအဆင့်ရှိ ခဲမဖြူသတ္တုတုံးများ ၏ စက်ရုံနှင့်ပွဲစားတို့ လည်ပတ်မှု[illegible] ခင်မောင်သိန်း(ခ)ရှဖီးမှ ထွက်ဆိုပြ သည်။

"အေအဆင့်ရှိတဲ့ ခဲမဖြူသတ္တု တုံး Electro Refined Tin ဟာ [illegible] ပြည်တွင်းမှာ ရောင်းချခွင့်မရှိဘူး။ ပြည်[illegible] နိုင်ငံတွေကိုသာ နိုင်ငံခြားငွေနဲ့ ရောင်း ချရမယ်ဆိုတာ သိသလား"

www.burmeseclassic.com



အမှုစစ်အရာရှိ စုံထောက်စံထူး၏ အမေးကို ခင်မောင်သိန်း(ခ)ရှုဖီးက -

"ဟုတ်ကဲ့ သိပါတယ်"

"ဒါဆို ဒီနှစ် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလဆန်းမှတစ်ကြိမ်၊ မတ်လကုန်လောက်မှာတစ်ကြိမ်၊ ဧပြီလဆန်းက တစ်ကြိမ်၊ စုစုပေါင်း(၃)ကြိမ်တိုင်တိုင် အေအဆင့်သတ္တုတုံး စုစုပေါင်း(၁၀၁၅)တုံး၊ အလေးချိန်အားဖြင့်(၁၉ . ၅)တန်ကို မင်းထုတ်ယူသွားတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်"

"ဘယ်သူ့ခွင့်ပြုချက်နဲ့ ထုတ်တာလဲ"

"စက်ရုံမှူးဦးတင်အေးကိုယ်တိုင် ထုတ်ပေးလို့ပါ"

"ဘယ်လိုပုံစံနဲ့ ထုတ်ပေးတာလဲ"

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင်ဖြစ်သည်။ စက်ရုံမှူးဦးတင်အေးသည် ရုံးဖုန်း(ကြိုးလိုင်းဖုန်း)ဖြင့် ခင်မောင်သိန်း(ခ)ရှုဖီး၏ လက်ကိုင်ဖုန်းသို့ ဆက်သွယ်သည်။ ဦးတင်အေးက စက်ရုံတွင် အေအဆင့်သတ္တုတုံး အနည်းငယ်ရှိ၍ လာရောက်ထုတ်ယူရန် ပြောသည်။ ခင်မောင်သိန်း(ခ)ရှုဖီးက မိမိတွင် ပါမစ်မရှိကြောင်းပြောရာ ဦးတင်အေးက ပစ္စည်းနှင့်ပတ်သက်၍ ၎င်းရုံးတွင် စာရွက်စာတမ်းများရှိကြောင်း၊ စိုးရိမ်စရာမရှိကြောင်းနှင့် ၎င်းထံသို့ ပစ္စည်းထုတ်ယူရန် လာရောက်ဖို့ ခေါ်ဆိုပါသည်။ နောက်တစ်နေ့တွင် ဦးတင်အေးမှ ရုံးဖုန်းဖြင့် ဆက်သွယ်လာပြီး ပစ္စည်းများကြောင်းနှင့် ဝယ်ယူမည့် ဈေးကို မေးရာ ခင်မောင်သိန်း(ခ)ရှုဖီးက တစ်တန်လျှင် ငွေကျပ်(၁၄၁)သိန်း ပေးမည်ပြောရာ စက်ရုံမှူးဦးတင်အေးမှ သဘောတူလက်ခံခဲ့ပါသည်။

နောက်တစ်နေ့တွင် ခင်မောင်သိန်း(ခ)ရှုဖီးသည် တပည့်ဖြစ်သူ ဇော်မြင့်နှင့် သိန်းမြင့်စိုးတို့နှင့်အတူ ဦးတင်အေး၏စက်ရုံသို့ ရောက်ရှိခဲ့သည်။ ခင်မောင်သိန်း(ခ)ရှုဖီးသည် ဦးတင်အေးနှင့်အတူ စက်ရုံမှူးရုံးခန်း၌ စကားပြောနေ၏။ ထို့နောက် ဦးတင်အေးသည် ဂိုထောင်မှူးဦးစန်အောင်ကိုခေါ်၍ ဂိုထောင်နှင့် သံလှောင်အိမ်သော့များကို ပေးကာ အေအဆင့်သတ္တုတုံး(၇)တန်ကို ထုတ်ပေးရန်ပြော၏။ ဂိုထောင်မှူးဦးစန်အောင်နှင့် စာရေးဦးစိန်အေးတို့သည် ပစ္စည်းထုတ်ပေးရန် ဂိုထောင်သို့ ထွက်သွားကြစဉ် ခင်မောင်သိန်း၏ တပည့် ဇော်မြင့်နှင့်သိန်းမြင့်စိုးတို့သည်လည်း ပစ္စည်းတင်မည့်ကားနှင့်အတူ ဂိုထောင်သို့ လိုက်ပါသွားကြ၏။ စက်ရုံမှူးရုံးခန်းတွင် ကျန်ရှိနေသော ခင်မောင်သိန်း(ခ)ရှုဖီးက ဦးတင်အေးထံတွင် ယခုထုတ်ပေးသော အေအဆင့်ခဲမဖြူသတ္တုတုံး (၇)တန်အတွက် ထုတ်ယူခွင့်ပါမစ်တောင်း၏။ ဒီတော့ ဦးတင်အေးက နောက်မှ ပါမစ်ပေးမည်ဟုပြော၏။ ဤသို့ဖြင့် ခင်မောင်သိန်း(ခ)ရှုဖီးနှင့် တပည့်ဇော်မြင့်၊ သိန်းမြင့်စိုးတို့သည် အေအဆင့်ရှိ ခဲမဖြူသတ္တုတုံး (၇)တန်ကို စက်ရုံမှူးဦးတင်အေး၏ ပါးစပ်ပြောပါမစ်ဖြင့် ပထမအကြိမ် ထုတ်ယူသွားခဲ့ကြသည်။

ထုတ်ယူရရှိခဲ့သော ခဲမဖြူသတ္တုတုံး(၇)တန်ကို တစ်တန်လျှင် ငွေကျပ်(၁၆၂)သိန်းကျော်ဖြင့် တရုတ်နိုင်ငံသားအားလျှန်ဆိုသူအား ရောင်းချခဲ့သည်။ ရောင်း၍ရရှိသော ငွေကျပ်(၁၁၃၅)သိန်းထဲမှ ဦးတင်အေးအား ပေးချေရန်ရှိသော ငွေကျပ်(၉၈၇)သိန်းကို ထိုနေ့ညပိုင်းတွင် ခင်မောင်သိန်း(ခ)ရှုဖီးကိုယ်တိုင် ဦးတင်အေးနေအိမ်သို့ သွားရောက်ပေးအပ်ခဲ့သည်။ ကျန်ငွေ(၁၄၈)သိန်းကို ပွဲစားခင်မောင်သိန်း(ခ)ရှုဖီးမှ ရယူခဲ့ပါသည်။


ဒုတိယအကြိမ် မတ်လကုန်ခန့်တွင် အေအဆင့်ခဲမဖြူသတ္တုတုံး (၅)တန်နှင့် တတိယအကြိမ် (၇ . ၅)တန်ကို ဧပြီလဆန်းလောက်တွင် ပထမအကြိမ်ထုတ်ယူသည့် နည်းလမ်းအတိုင်း ထုတ်ယူခဲ့ကြသည်။ ဒုတိယအကြိမ် ထုတ်ယူရရှိသော ခဲမဖြူသတ္တုတုံး ရောင်းရငွေကျပ် (၈၁၁)သိန်းကျော်ထဲမှ

**စီးပွားရေးသမားချင်း ရင်းနီးသူများဖြစ်လို့ အပြန်အလှန် ကူညီမှုရှိတာ မှန်ပါသည်။ သို့သော် မရိုးသားသူ၏ မသမာမှုကြောင့် ရိုးသားစွာကူညီ ဆောင်မသူမှာ လတ်တလော ဝေဒနာ ဖြစ်ရခြေပြီ။**




www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်သိန်း



စန်းအောင်

ကျသင့်ငွေ (၇၀၅)သိန်းကို ဦးတင်အေးသို့ ပေးချေခဲ့ပြီး၊ ကျန်ငွေကျပ်(၁၀၆) သိန်းကို ခင်မောင်သိန်း(ခ)ရှဖီးမှ ရယူခဲ့သည်။ ထို့အတူ တတိယအကြိမ် ထုတ်ယူရရှိခဲ့သော ခဲမဖြူသတ္တုတုံး ရောင်းချရငွေ (၁၂၁၆)သိန်းအနက်မှ ကျသင့်ငွေ (၁၀၅၈)သိန်းကို ဦးတင်အေးသို့ ပေးချေခဲ့ပြီး ကျန်ငွေ(၁၅၈)သိန်းကို ခင်မောင်သိန်း(ခ)ရှဖီးမှ ရယူခဲ့သည်။

စက်ရုံမှူးဦးတင်အေး၏ ပါးစပ်ပါမစ်ဖြင့် သုံးကြိမ်တိုင်တိုင် ထုတ်ယူခဲ့သော အေအဆင့်ခဲမဖြူသတ္တုတုံး စုစုပေါင်းအလေးချိန် (၁၉ . ၅)တန်ရှိ သတ္တုတုံး(၁၀၁၅)တုံးကို တရုတ်နိုင်ငံသား အားလျှန်တစ်ဦးတည်းကိုသာ ရောင်းချခဲ့သည်။ ရောင်းချရငွေစုစုပေါင်း ငွေကျပ်(၃၁၆၂)သိန်းအနက် စုစုပေါင်းကျသင့်ငွေကျပ် (၂၇၅၀)သိန်းကို စက်ရုံမှူးဦးတင်အေးက ရယူခဲ့သည်။ ကျန်ငွေစုစုပေါင်း ကျပ်(၄၁၂) သိန်းကို ပွဲစားခင်မောင်သိန်း(ခ)ရှဖီးမှ ဖြတ်စားခဲ့ကြောင်း ခင်မောင်သိန်း(ခ) ရှဖီးက ဝန်ခံထွက်ဆိုပြသည်။

ထို့ပြင် ခင်မောင်သိန်း(ခ)ရှဖီးက ၎င်းထံတွင် အကျိုးဆောင်ခအဖြစ် ပူပူနွေးနွေးရှိနေသေးသော ငွေကျပ်သိန်း (၄၀၀)ကျော်ကို စုံထောက်စံထူးနှင့် အမှုစစ်အဖွဲ့သို့ အပ်ပေးသည်။ ပြစ်မှုကျူးလွန်သူ ပေးအပ်သော သက်သေခံငွေများကို ဥပဒေနှင့်အညီ သိမ်းယူရသည်။ ခင်မောင်သိန်း(ခ)ရှဖီး၏ လက်ထောက်တပည့်များဖြစ်သည့် အတူပါဝင်သူ ဇော်မြင့်နှင့်သိန်းမြင့်စိုးတို့နှစ်ဦးမှာ အမှန်တရားကို ရင်မဆိုင်ဝံ့၍ တိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။ သက်သေခံပစ္စည်း ခဲမဖြူတုံးများနှင့်အတူ ပျောက်ဆုံးနေသူက တရုတ်နိုင်ငံသား အားလျှန်။ အားလျှန်ဝယ်ယူသော ခဲမဖြူသတ္တုတုံးများကို ဗိုလ်တစ်ထောင် မြို့နယ် (၄၄)လမ်း(အောက်လမ်း)ရှိ ဂိုထောင်သို့ ပို့ပေးရကြောင်း ခင်မောင် သိန်း(ခ)ရှဖီးက ဆိုသည်။ ယခု အဆို ဂိုထောင်တွင် မသမာသောနည်းဖြ ဝယ်ယူသိုလှောင်ခဲ့သော အေအဆ ခဲမဖြူသတ္တုတုံးများက နတ္ထိ။ တရုတ် နိုင်ငံသား အားလျှန်နှင့် ပစ္စည်းထိ ဂိုထောင် ဆက်စပ်မှုကို သိလို၍ ထောက်စံထူးက –

"ခင်ဗျားနဲ့အားလျှန်က ဘယ်လိ ပတ်သက်မှု ရှိနေလို့လဲ"

အခန်း(၇)


"ကျွန်မနဲ့အားလျှန်က တိုက်ရိုက် မသိကျွမ်းခဲ့ပါဘူး။ အစ်မကြီးဖြစ်တဲ့ မလီလီမြင့်က ဆက်သွယ်ပေးလို့ သိ ကျွမ်းရင်းနှီးခဲ့ရတာပါ"

သက်သေခံ ခဲမဖြူသတ္တုတုံးများ ခေတ္တထိန်းသိမ်းထားရှိခဲ့သော ဂိုထော ရှင် မလီလီထွေးက ထွက်ဆိုပြသည် မလီလီထွေးသည် ရှမ်းတရုတ်ကပြ ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲ

www.burmeseclassic.com



တင်အေး


ထွက်ပြေးတိမ်းရှောင်နေသော တရုတ်နိုင်ငံသား အားလျှန်

န်းမြို့နယ်တွင် ကော်ဇောများ လက်လီလက်ကား ရောင်းချသူဖြစ်သည်။ ဆိုပါ ကော်ဇောများကို (၄၄)လမ်းရှိ သူမ၏ဂိုထောင်တွင် သိုလှောင်ထား၏။

လီလီထွေး၏အစ်မ လီလီအေးက ည်း မန္တလေးမြို့တွင် ကော်ဇောဆိုင် ှင့်လှစ်ထားသည်။ ထို့အတူ မန္တလေးမြို့နေ အစ်မလီလီဝင်းနှင့် ခင်ပွန်း စိုးင်းခိုင်တို့မှာလည်း မန္တလေးမြို့တွင် တီးပစ္စည်းများအရောင်းဆိုင် ဖွင့်ထားသည်။ ဗန်းမော်မြို့နေ အစ်မအကြီးဆုံး လီမြင့်ကလည်း လူသုံးကုန်ပစ္စည်း ရောင်းချသူဖြစ်သည်။ ထိုညီအစ်မများအတွက် လိုအပ်သောကုန်ပစ္စည်းကို ရုတ်နိုင်ငံရှိ ရွှေလီနှင့်ကြယ်ဂေါင်မြို့ များမှ မှာယူရောင်းချခဲ့ကြသည်။

၂၀၁၀ ခုနှစ် အောက်တိုဘာလ ၁နေ့တွင် ဗန်းမော်မြို့နေ အစ်မကြီး လီလီမြင့်က ရန်ကုန်မြို့နေ ညီမလီလီထွေးထံသို့ ဖုန်းဆက်သွယ်လာသည်။ လီလီမြင့်က တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ချောင်အံမြို့နေ မစ္စတာအားလျှန်မှာ သူမ၏မိတ်ဆွေဖြစ်ကြောင်း၊ အားလျှန်မှာ အရောင်းအဝယ်သမားတစ်ဦးဖြစ်ကြောင်း၊ အရောင်းအဝယ်ကိစ္စဖြင့် အားလျှန် ရန်ကုန်ရောက်လာသည့်အခါ အကူအညီပေးရန် ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ပါသည်။

မကြာမီတွင် အားလျှန်သည် လီလီထွေး၏ ကော်ဇောအရောင်းဆိုင်သို့ ရောက်ရှိသည်။ တရုတ်နိုင်ငံသား အားလျှန်က မိမိသည် ခဲမဖြူသတ္တုတုံးများကို ဝယ်ယူ၍ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသူဖြစ်ကြောင်း၊ စက်ရုံမှထုတ်ပေးသော ခဲမဖြူသတ္တုတုံးများကို လတ်တလောထားသိုရန် အခက်အခဲရှိနေကြောင်း၊ ထုတ်ယူရရှိသော ခဲမဖြူသတ္တုတုံးများကို ခင်မောင်သိန်း(ခ)ရှုဖီး၊ ဒါမှမဟုတ် သူ၏တပည့်ဇော်မြင့်နှင့် သိန်းမြင့်စိုးတို့မှ လာရောက်ပို့အပ်သည့်အခါ လီလီထွေး၏ဂိုထောင်တွင် ခေတ္တထိန်းသိမ်းထားပေးရန် အကူအညီတောင်းခံလာသည်။ ဒီတော့ လီလီထွေးက –

"ဥပဒေနဲ့လွတ်ကင်းတဲ့ပစ္စည်းဆိုရင်တော့ ကျွန်မကူညီနိုင်ပါတယ်၊ ဥပဒေနဲ့ မလွတ်ကင်းဘူးဆိုရင်တော့ ကျွန်မဂိုထောင်မှာ ထားလို့မရပါဘူး"

ဟု ပြတ်ပြတ်သားသားပင် ပြောဆိုပါသည်။ ဒီတော့ အားလျှန်က အခင်းမဖြစ်မီ (၂၀၁၀)ခုနှစ်က တရားဝင်ဝယ်ယူရောင်းချခွင့်ရှိသော (ဘီအဆင့်) ပါမစ်များကို ထုတ်ပြသည်။ အစ်မဖြစ်သူ၏ပြောဆိုမှုနှင့် တရားဝင်ထုတ်ယူရရှိထားသော ပါမစ်တို့ကြောင့် လီလီထွေးက အားလျှန်၏ခဲတုံးများကို သူမ၏ဂိုထောင်တွင် ခေတ္တထားရှိရန် သဘောတူခွင့်ပြုခဲ့သည်။

အားလျှန်ပြန်သွားပြီး တစ်ပတ်ခန့်အကြာတွင်ဖြစ်သည်။ ခင်မောင်သိန်း(ခ)ရှုဖီး၏တပည့် ဇော်မြင့်ဆိုသူမှ (၄၄)လမ်းဂိုထောင်သို့ ခဲတုံးများလာပို့၍ လီလီထွေးမှ လက်ခံထားခဲ့သည်။ နှစ်ရက်ခန့်အကြာ အားလျှန်မှ လူစား


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လူမျိုးသည်
သဘောကောင်း၏။
ဖေးမကူညီတတ်သော
ဓလေ့စရိုက်ရှိကြပါသည်။
အထူးသဖြင့်
တိုင်းတစ်ပါးသားညော်သည်
နိုင်ငံခြားသားများအပေါ်
ပို၍ပင် အလေးထား၏။
မြန်မာ့စိတ်ရင်း
မြန်မာ့ဓလေ့ကို
အကျည်းတန်မှု
မဖြစ်စေချင်ကြပါ။
သို့သော် အချို့အချို့သော
မြန်မာနိုင်ငံသားနှင့်
နိုင်ငံခြားသားတို့သည်
စေတနာကို ဝေဒနာဖြစ်အောင်
ဖန်တီးတတ်ကြပါသည်။

လွှတ်ပြီး ပစ္စည်းများလာယူသဖြင့် ဂိုထောင်ထဲမှ ခဲတုံးများကို လီလီထွေးမှ ထုတ်ပေးခဲ့သည်။ ဤသို့ဖြင့် ၂၀၁၁ ခုနှစ် နှစ်လယ်ပိုင်းအထိ အားလျှန်၏ ခဲတုံးများကို လက်ခံထိန်းသိမ်း ထုတ်ပေးခြင်းအား (၅)ကြိမ်ခန့် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ရသည်။

ထိုစဉ် အားလျှန်မှ လီလီထွေးထံသို့ ဖုန်းဆက်လာ၏။ ပေးပို့သော ခဲတုံးများမှာ အလေးချိန်လျော့နည်းကြောင်း ယခုနောက်ပိုင်း ခဲတုံးများလာပို့လျှင် ချိန်တွယ်၍ လက်ခံပေးပို့စေလိုကြောင်း၊ ပေးပို့မည့်ခဲတုံးများကိုလည်း ကော်ဇောများတင်ပို့သယ်ယူသည့် အလင်းရောင်ကားဂိတ်မှ တင်ပို့ပေးစေလိုကြောင်း၊ ထိုဂိတ်သို့ ရောက်ရှိလာမည့် ခဲတုံးများကို မန္တလေးမြို့နေ ခယ်အိုတော်သူ စိုင်းဝင်းခိုင်မှ ထုတ်ယူသိမ်း ဆည်းထားမည် ဖြစ်ကြောင်း ဆက်သွယ်ပြောဆိုခဲ့ပါသည်။

၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ အခင်းဖြစ်သည့်နေ့အထိ ပေးပို့ရောက်ရှိလာသော ခဲမဖြူသတ္တုတုံးများကို လီလီထွေးက ကတ္တားဖြင့်ချိန်တွယ်၍ အလင်းရောင်ကားဂိတ်မှ ကားဖြင့် မန္တလေးသို့ တင်ပို့ပေး၏။ ထိုသို့ တင်ပို့ပေးရာတွင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ခဲမဖြူသတ္တုတုံး(၇)တန်၊ မတ်လတွင် ခဲတုံး(၅)တန်နှင့် ဧပြီလဆန်းတွင် ခဲမဖြူသတ္တုတုံး(၇ . ၅)တန် စုစုပေါင်းအလေးချိန် (၁၉ . ၅)တန်တို့အား နောက်ဆုံးတင်ပို့ပေးခဲ့ရသည်။ တင်ပို့ပေးခဲ့ရသော ခဲတုံးများကို မန္တလေးမြို့နေ ခဲအိုစိုင်းဝင်းခိုင်မှ ထုတ်ယူထိန်းသိမ်းပြီး အားလျှန်သို့ ဆက်သွယ်အကြောင်းကြားကြောင်း မလီလီထွေးမှ ထွက်ဆိုပြပါသည်။

"လေချိုတသွေးသွေး" ရုပ်ရှင်ဇာတ်ကားထဲက အပျော့ဆွဲတေးသီချင်းလို "အစကရိုးရိုး နောက်တော့တစ်မျိုးတိုးလို့..." ဆိုသကဲ့သို့ မူလကရိုးရိုးသားသား မှန်မှန်ကန်ကန် ထုတ်ယူရရှိ ခဲ့ကြသော်လည်း ဝိသမလောဘ (မတရားသော၊ လွန်ကဲသော လောဘ) တက်လာသောအခါ မောဟ ဖုံးလွှမ်း၍ အမှားအမှန်မသိ ဖြစ်လာခဲ့သည်။ "ဘယ်သူသေသေ ငတေ ဓ... ပြီးရော" ဆိုသလို မိမိတစ်ဘ... ကောင်းစားရေးအတွက် အရည်အသွေး... မိသော ကြီးကြပ်ကန့်သတ်ထားသော... သတ္တုရတနာများသည် နိုင်ငံခြားသား... လက်ဝယ်မှတစ်ဆင့် တိုင်းတစ်ပါး... ရောက်ရှိသွားခဲ့ပါသည်။

"အဲဒီလို ပစ္စည်းလက်ခံတင်... ပေးတဲ့အတွက် အကျိုးအမြတ် ဘ... များရခဲ့သလဲ"

အမှုစစ်အရာရှိ စုံထောက်စံ... ၏အမေးကို လီလီထွေးက –

"ကျွန်မတို့ဘက်က ဘာအကျိုး... အမြတ်မှမယူပါဘူး၊ လူပုဂ္ဂိုလ်ချင်း ရင်း... နှီးမှုနဲ့ ယုံကြည်မှုကြောင့်သာ အကူ... အညီပေးခဲ့တာပါ"

မှန်ပါသည်။ ကျွန်တော်တို့နိုင်ငံ... သား၊ ကျွန်တော်တို့ လူမျိုးသည် သဘောကောင်း၏။ ဖေးမကူညီ တတ်... သော ဓလေ့စရိုက်ရှိကြပါသည်။ အထူး... သဖြင့် တိုင်းတစ်ပါးသား ညော်သည်... နိုင်ငံခြားသားများအပေါ် ပို၍ပင်... အလေးထား၏။ မြန်မာ့စိတ်ရင်း မြန်... မာ့ဓလေ့ကို အကျည်းတန်မှုမဖြစ်စေ... ချင်ကြပါ။ သို့သော် အချို့အချို့သော... မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား... သည် စေတနာကို ဝေဒနာဖြစ်အောင်... ဖန်တီးတတ်ကြပါသည်။ ယခုပင်... မလီလီထွေး၏စေတနာသည် ... ဆေးလား၊ မေးလားမြန်း... ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com


ောဖြစ်ရခြေပြီ။ ဒါကိုစံပြု၍ အခမဲ့ လီထမ်းတတ်ကြသူများအနေဖြင့် " ယ့်ထမင်းကိုယ်စား၊ ကြီးဒေါ်နွား ကျောင်း"အဖြစ်မျိုးနှင့် "ကျောချမှ းပြမှန်းသိ"အဖြစ်ဆိုးမျိုးကို မတိုး ကြုံရလေအောင် သတိဆောင်သင့်ပါ သည်။

အခန်း(၈)

"ငါ့ညီနာမည်က စိုင်းဝင်းနိုင် နော်"

"ဟုတ်ပါတယ် အစ်ကို"

"ရှမ်းတိုင်းရင်းသားပေါ့"

"ဟုတ်ပါတယ်ခင်ဗျ၊ လားရှိုးက ရှမ်းတိုင်းရင်းသားပါ"

"ညီလေးက လီလီထွေးရဲ့ခဲအို ပေါ့"

"ဟုတ်ပါတယ် အစ်ကို"

တရုတ်နိုင်ငံသားအားလျှံ၏ အ ချုပ်အထုပ်က ခယ်မအလှည့်ပြီးတော့ ခဲအိုဆီသို့ ဦးတည်ခဲ့သည်။ စိုင်းဝင်းနိုင် အဖြစ်ကလည်း ခယ်မ လီလီထွေးနည်း တူ ကျွန်တော်လေ ထိုနည်းလည်း ကောင်းဟု ဆိုချင်ပါသည်။ မည်သို့ရှိစေ တရားမဝင် ထုတ်ယူသယ်ဆောင်ခဲ့သော ခဲမဖြူသတ္တုတုံးများ၏ သွားရာ လမ်းကြောင်းကို သိဖို့လိုပါသည်။ သို့ အတွက် စိုင်းဝင်းနိုင်ကို အားလျှံနှင့် ပတ်သက်၍ မေးစစ်ကြည့်သည်။

စိုင်းဝင်းနိုင်သည် မန္တလေးမြို့ တွင် လူသုံးကုန်စတီးပစ္စည်းများ ရောင်းချသူဖြစ်သည်။ စတီးပစ္စည်းများ ကို စိုင်းဝင်းနိုင်ကိုယ်တိုင် တရုတ်နိုင်ငံ ရွှေလီမြို့တွင် သွားရောက်ဝယ်ယူလေ့ ရှိသည်။ တစ်နေ့တွင် စိုင်းဝင်းနိုင်သည် ရွှေလီမြို့သို့ ရောက်ရှိစဉ် စားသောက် ဆိုင်တစ်ခု၌ အားလျှံနှင့်ဆုံတွေ့၍ မိတ်ဖွဲ့ကာ ရင်းနှီးခဲ့ကြသည်။ အားလျှံ သည် တရုတ်ပြည်နယ်ခံသားဖြစ်၍ စိုင်းဝင်းနိုင်လိုအပ်သော အကူအညီ များကို ပံ့ပိုးကူညီပေးသည်။ ဤသို့ဖြင့် စိုင်းဝင်းနိုင်နှင့်အားလျှံတို့မှာ ယုံကြည် ရသော မိတ်ဆွေများအဖြစ်သို့ ရောက် ရှိခဲ့သည်။

တရုတ်နိုင်ငံသား အားလျှံ၏ အကြံကြီးပုံကို မီးမောင်းထိုးပြချင်ပါ သည်။ အားလျှံသည် ဗန်းမော်မြို့နေ မလီလီမြင့်နှင့်ပတ်သက်ပြီး ရန်ကုန်မြို့ နေ မလီလီထွေးကို သိကျွမ်းရင်းနှီးခဲ့ သည်။ ထို့အတူ မန္တလေးမြို့တွင် ကော် ဇောရောင်းသော မလီလီအေးနှင့် စတီးပစ္စည်းရောင်းသော စိုင်းဝင်းနိုင် နှင့်ဇနီး မလီလီဝင်းတို့မိသားစုကို ကြား ဖူးနားဝရှိဟန်တူသည်။ ထို့ကြောင့် သတ္တုတုံးများသယ်ပို့ရာတွင် မန္တလေး မြို့၌ တထောက်နားခိုရန် ရည်ရွယ်၍ အားလျှံက စိုင်းဝင်းနိုင်ကို ရင်းနှီးမှု ရှိအောင် ပေါင်းသင်းခဲ့ကြောင်း ဖြစ်နိုင် ခြေရှိသည်။

မကြာလိုက်ပါ။ ၂၀၁၀ ခုနှစ် နှစ် ကုန်ပိုင်းခန့်တွင် –

"စိုင်းဝင်းနိုင်လား"

"ဟုတ်ပါတယ်ခင်ဗျ"

"ကျွန်တော် အားလျှံပါ၊ မနေ့ ကပဲ မန္တလေးရောက်တယ်၊ ခင်ဗျားနဲ့ စကားလေးဘာလေးပြောရင်း ထမင်း အတူစားရအောင် လာခဲ့ပါလား"

ဟု ဖိတ်ခေါ်ပါသည်။ ရင်းနှီးမှု ရှိပြီးသားဖြစ်၍ စိုင်းဝင်းနိုင်ကလည်း အငြင်းမပွား။ အားလျှံဖိတ်ခေါ်ရာ တရုတ်စားသောက်ဆိုင်သို့ ရောက်ရှိလာ ခဲ့သည်။ အတူတကွ စားသောက်နေစဉ် အားလျှံက –

"မန္တလေး အလင်းရောင်ကား ဂိတ်ကို ခင်ဗျားခယ်မ လီလီထွေး ပို့ ပေးမယ့် ကျွန်တော့်ပစ္စည်းတွေရောက် လာရင် ခင်ဗျားထုတ်ပြီး ခဏသိမ်း ထားပေးပါလား"

"ဘာပစ္စည်းတွေလဲဗျ"


"သတ္တုတုံးတွေပါ"

"ဥပဒေနဲ့လွတ်ကင်းရဲ့လား"

"စိတ်ချပါဗျာ၊ တရားဝင်ပါမစ်နဲ့ ထုတ်ယူရတဲ့ပစ္စည်းပါ"


ဟု အားလျှံမှ ကတိကဝတ်ပြု ၍ လူပုဂ္ဂိုလ်ချင်း ရင်းနှီးခင်မင်မှုကြောင့် စိုင်းဝင်းနိုင်မှ သဘောတူ လက်ခံလိုက်

စာမျက်နှာ (၁၇၆) သို့



www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



■

ယနေ့ ကျွန်ုပ်တော်တို့ဖတ်ရှုကြရသော သတင်းစာများ၊ ...နယ်များ၊ မဂ္ဂဇင်းများတွင် လာဘ်ပေးလာဘ်ယူခြင်းနှင့် ...သက်သော သတင်းများ၊ သတင်းဆောင်းပါးများကို ဖန် ...ရာတေအောင် ဖတ်ရှုခဲ့ကြရသည်။ တရားဥပဒေ စိုးမိုး ... တရားစီရင်ရေးများတွင် လာဘ်ပေးလာဘ်ယူမှုများ ရှိ ...ည် ဟူသော စွပ်စွဲမှုများ၊ ပြည်သူအများက တိုင်ကြားမှုများ ...ည်း ရှိခဲ့သည်ဟူသော သတင်းများလည်း နားမဆန့်အောင် ...ရသဖြင့် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည့် ...တင်းများလည်း ပျံ့နှံ့လျက်ရှိနေသည်။

မှန်ပါသည်။ လာဘ်ပေးလာဘ်ယူမှုဟူသည် သမိုင်း ...ဆက်ဆက် အမြစ်တွယ်လျက်ရှိရကာ ရှေးသူဟောင်းတို့ ... အဆိုအမိန့်တွင် "ငွေများက တရားနိုင်" ဟု ဆိုခဲ့ကြ၏။ ...နေ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးတို့တွင် ...တန်းရောက်နေသော နိုင်ငံကြီးများတွင်ပင် မကြာခဏ ...ဘ်ပေးလာဘ်ယူမှုများနှင့် အရေးယူခံခဲ့ရသော ပုဂ္ဂိုလ် ...အကြောင်း ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရ၏။ ကျွန်တော်တို့ ...နီးချင်း နိုင်ငံ တစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင်ပင် လာဘ်ယူခဲ့ကြသော ထိပ်တန်းအရာရှိကြီးများအား အရေးယူခဲ့ရသည့် သတင်းများလည်း ရုပ်သံလွှင့်အစီအစဉ်များနှင့် ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် ဖတ်ရှုကြည့်ရှုခဲ့ကြရသည်။ ဤကဲ့သို့ လာဘ်ပေးလာဘ်ယူမှုများသည် ဘာသာရေးကျမ်းဂန်များ၊ ပုံပြင်များတွင် တွေ့ရမည်ဖြစ်ရာ လာဘ်ပေးလာဘ်ယူခြင်းသည် ဘာဆန်းသလဲဟု ဆိုရမည် ဖြစ်တော့၏။ မည်သို့ပင် ဖြစ်စေကာမူ ဤလာဘ်ပေးလာဘ်ယူမှုများကြောင့် တရားစီရင်ရေးတွင် အတိမ်းအစောင်းရှိလာခဲ့သည်။ အမှန်အားဖြင့် ရာဇဝတ်မှုကျူးလွန်သူတစ်ရာအား ဥပဒေအတိုင်း အရေးယူနိုင်ခြင်းထက် လာဘ်ပေးလာဘ်ယူမှုများကြောင့် အပြစ်မဲ့သူတစ်ဦး၊ ပြစ်ဒဏ်ခံရမည်ဆိုပါက တရားမျှတပါသည်ဟု ဆိုသော၊ ဖြူစင်သော တရားဥပဒေမှာ အစွန်းအထင်းခံရတော့၏။

ယခု ရေးသားဖော်ပြမည့် လာဘ်ပေးမှုမှာ ဗြိတိသျှ ကိုလိုနီခေတ် မော်လမြိုင်ခရိုင်၊ မြို့နယ် တစ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော လာဘ်ပေးမှု ဖြစ်ပါသည်။ စိတ်ဝင်စားဖွယ်ရာ ကောင်းပြီး ရှင်မြူးဖွယ်ရာလည်း ဖြစ်ပါသည်။ ထိုအမှုကို မှတ်တမ်းတင်သူမှာ ဒုတိယကမ္ဘာစစ်ကြိုကာလက ရန်ကုန်ဥပဒေလောကတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ဗြိတိသျှအမျိုးသား ဝတ်လုံတော်ရ အီးစီဗီဖူးကား ဖြစ်ပါသည်။ သူကား နယ်နယ်ရရ ပုဂ္ဂိုလ်တစ်ဦးမဟုတ်ပါ။ မြန်မာနိုင်ငံ၏ ဥပဒေလောက၊ နိုင်ငံရေးလောက၊ စီးပွားရေးလောကတွင် လူသိများခဲ့သော အထင်ကရပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်ပါသည်။ သူ့အမည်အား ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဖွဲ့ပေးရန် မလိုဟု ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် သူရေးသားပြုစုခဲ့သော "The Reigned in Mandalay" ဟူသော ရတနာပုံခေတ် အရေးအခင်းအကြောင်း ရေးသားပြုစုထားသည့်စာအုပ်အား ကွယ်လွန်သူ စာရေးဆရာကြီး မောင်ကျော်တိုင်က "ကျွန်နိဒါန်း" အမည်ဖြင့် မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ထိုစာအုပ်မှာ အနောက်တိုင်းသမိုင်းသုတေသီများ ရေးသားပြုစုခဲ့ကြသော ရတနာပုံခေတ် သမိုင်းစာအုပ်များတွင် သမာသမတ်အကျဆုံးသမိုင်းစာအုပ်ဖြစ်သည်ဟု သမိုင်းသုတေသီများက ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com




အီးစီဗီ ဖူးကား

ကျွန်တော်တို့မြန်မာနိုင်ငံမှ သမိုင်းကျမ်းပြုဆရာများ ဖြစ်သော ဒေါက်တာမောင်မောင်၊ ဒေါက်တာမောင်မောင်ပြေ နတ်မောက်ဘုန်းကျော်၊ ရွှေကိုင်းသားတို့ ရေးသော သမိုင်း စာအုပ်များတွင် အထက်ဖော်ပြပါ အီးစီဗီ ဖူးကားရေးသော "The Reigned in Mandalay" ဟူသော စာအုပ်အား ကိုးကား ရေးသားထားကြ၏။ သတင်းစာဆရာနှင့် ဝန်ကြီး ဟောင်း ဦးထွန်းဖေ၏ "ရတနာပုံမှ ရတနာဂီရိနိဒါန်း" တွင် အထက်ဖော်ပြပါ အီးစီဗီဖူးကားရေးသားသော စာအုပ်ပါ အချက်အလက်များမှာ ရက်ရက်စက်စက် မှန်ကန်လှသည် ဟု ဖော်ပြခဲ့၏။

အီးစီဗီဖူးကားသည် ရတနာပုံခေတ်ကိုပင် Mandaly, The Golden ရွှေမန္တလေးစာအုပ်တွင်လည်း ရတနာပုံခေတ် ဖြစ်ရပ်များကို အသေးစိတ်၊ တိတိကျကျ အထောက်အထား မှန်မှန်ကန်ကန်နှင့် ရေးသားဖော်ပြခဲ့၏။ အီးစီဗီဖူးကား၏ ဖခင်ဖြစ်သူမှာလည်း ကိုလိုနီခေတ်ဦးနှင့် ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံလူထုက ကြီးငါးကြီးကုမ္ပဏီများဟု အသိအမှတ် ပြု၊ ကင်ပွန်းတပ်ခြင်းခံရသော ဘုံဘေဘားမားထရိတ်ဒင်း ကော်ပိုရေးရှင်း လီမိတက်သစ်ကုမ္ပဏီ၊ ဖူးကားသစ်ကုမ္ပဏီ၊ ဖဂ္ဂရီကာ သစ်ထုတ်ရေးကုမ္ပဏီ၊ စတီးဘရားသား သစ်ထုတ် ရေးကုမ္ပဏီနှင့် တီဒီဖင်လေ သစ်ကုမ္ပဏီကြီးများတွင် ဖူး ကားသစ်ထုတ်ရေးကုမ္ပဏီကြီးမှာ အများက လေးစားရသ သစ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည်။

အီးစီဗီဖူးကား၏ ဖခင်ဖြစ်သူမှာ အထက်ဖော်ပြ ဖူးကားသစ်ကုမ္ပဏီကြီးကို တည်ထောင်သူဖြစ်သည်။ မေ လမြို့ခရိုင်တွင် သစ်ဆိပ်များ၊ သစ်ခက်များ တည်ဆော ထားပြီး နိုင်ငံခြားသို့ ကျွန်းသစ်အပါအဝင်၊ သစ်မာများ သစ်တောထွက်ပစ္စည်းများကို တင်ပို့ခဲ့သည့် ကုမ္ပဏီဖြစ် အီးစီဗီဖူးကား ငယ်စဉ်ကလေးဘဝကမှ မော်လမြိုင်တွ ကြီးပြင်းခဲ့ရသည်။ သို့ဖြစ်၍ မော်လမြိုင်ခရိုင်မှ ဒေသ မြန်မာအမျိုးသားများ အခြားလူမျိုးနွယ်များနှင့် ရင်းရင် နီး နေထိုင်ခဲ့ရသူဖြစ်ရာ၊ မြန်မာတို့၏ ဓလေ့ထုံးစံ၊ မြန် ယဉ်ကျေးမှုကို မြတ်နိုးသူဖြစ်သည်။ မြန်မာဘာသာစကာ နှင့် စာပေကိုလည်း ပေါက်ပေါက်ရောက်ရောက် တတ်မြော ခဲ့သူဖြစ်၏။ အင်္ဂလန်တွင် ဥပဒေပညာများကို ဆည်းပူးခဲ့ပြ နောက် ၁၉၂၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရော ရှိလာခဲ့ပြီး ရန်ကုန်တွင် အခြေချ၍ ဝတ်လုံလိုက်ခဲ့သည် ဒုတိယကမ္ဘာစစ်ကြိုခေတ်က "ဖူးကားနှင့် ဆူးမာ" ဥပဒေ အကျိုးဆောင်အဖွဲ့မှာ အထူးထင်ရှားသဖြင့် ဝတ်လုံတော် အီးစီဗီဖူးကားမှာ လူကြည်ညိုလေးစားခြင်းခံရသူဖြစ်၏။ မြန် နိုင်ငံသည် အိန္ဒိယမှ ခွဲထွက်လာခဲ့ပြီး ၉၁ ဌာန အုပ်ချု ရေးစနစ်ဖြင့် အုပ်ချုပ်သောအခါ လွှတ်တော်တွင် ဥပရော တိုက်သား ကိုယ်စားလှယ်အဖြစ် အရွေးခံရသူလည်းဖြစ် ယခု ရေးသားဖော်ပြသည့် လာဘ်ပေးလာဘ်ယူမှုမှာ မဟုတ် မမှန် လုပ်ကြံရေးသားမည်မဟုတ်ဟု ယူဆရမည် ဖြစ်၏

အီးစီဗီ ဖူးကားသည် ၁၉၂၄ ခုနှစ်တွင် မြန်မာနိုင် သို့ ပြန်လာခဲ့၏။ သူ့မိတ်ဆွေအများကမူ ယခင်က သူ့ဖခ တာဝန်ယူခဲ့သော ဖူးကား သစ်ထုတ်ရေးကုမ္ပဏီတွင် ဆက် လက် တာဝန်ယူလိမ့်မည်ဟု ထင်မှတ်ကြသော်လည်း အီး ဗီ ဖူးကားသည် ရန်ကုန်ရောက်သည်နှင့် ဥပဒေလောကတွင် ဝတ်လုံတစ်ယောက်အဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့၏ ထိုကာလက ရန်ကုန်ဥပဒေလောကတွင် နေလိုလလို ထ ရှားနေသူမှာ သူနှင့် ခင်မင်ရင်းနှီးသော ဝတ်လုံတော် မစ္စတာကိတ် ဖြစ်သည်။ သူ့အကူအညီနှင့် ဟိုက်ကုတ်

www.burmeseclassic.com



ာတရားရုံး) တွင် ဝတ်လုံတစ်ယောက်အဖြစ် အမှုလိုက် မှတ်ပုံတင်ခဲ့၏။

သူ့မိတ်ဆွေ ဝတ်လုံတော်ရ မစ္စတာကိတ်ကမူ အီးစဗီ ားအဖို့ မြန်မာနိုင်ငံ တရားရုံးလောကအကြောင်း သိရှိ ရန်နှင့် အတွေ့အကြုံများ ရရှိရန် အောက်ခြေတရားရုံး ားတွင် အစပျိုး၍ အမှုလိုက်ရန် အကြံပေးခဲ့သည်။ သို့ ၍ အီးစီဗီဖူးကားအဖို့ အတွေ့အကြုံရရှိစေရန် နယ်တရား ားသို့ သွားရောက်အမှုလိုက်ရန် စီစဉ်ခဲ့ရသည်။ သူ့မိတ် ွများကမူ အီးစီဗီဖူးကား ငယ်စဉ်ကနေထိုင်ခဲ့သော မော် မြိုင်မြို့သို့ ခေတ္တသွားရောက် နေထိုင်၍ အမှုလိုက်ရန် ကြံပြုကြသည်။ အီးစီဗီဖူးကားမှာ ကလေးငယ်ဘဝတွင် မော်လမြိုင်တွင် ကြီးပြင်းခဲ့ရသူဖြစ်၏။ ထိုကာလက သူ့ဖခင် ကားမှာ မြို့မျက်နှာဖုံး သစ်ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်ရာ ူအများအပြား လေးစားကြသူဖြစ်၏။ သူ့ဖခင်၏တပည့်များ၊ ူဖခင်အား ခင်မင်သူ သစ်ကုန်သည်များ၊ သစ်စက်ပိုင်ရှင် ား အားလုံးသည် အီးစီဗီဖူးကားအား ကလေးဘဝက ကျွမ်းတဝင်ဖြစ်ကြပြီးဖြစ်ရာ သူ့အဖို့ အလားအလာရှိသော တ်လုံတော်ရတစ်ဦး ဖြစ်နိုင်သည်ဟု ယူဆမိ၏။

ထိုကာလက မော်လမြိုင်မှာ သစ်လုပ်ငန်းများသာမက ခြားစီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးလာခဲ့သဖြင့် အထူး ူစည်ကားသည့် မြို့ကြီးတစ်မြို့ဖြစ်ခဲ့သည်။ ရာဘာခြံ စိုက် ည့်လုပ်ငန်းများလည်း တိုးတက်လာခဲ့သဖြင့် မြန်မာ တိုင်း င်းသားများသာမက တရုတ်လူမျိုး၊ အိန္ဒိယတိုင်းရင်းသား ားလည်း နေထိုင်၍ စီးပွားရေးလုပ်ငန်းများ ဆောင် ွက်ကြရာ အခြေအနေအရပ်ရပ်အရ အမှုအခင်းလည်း အထူးပေါ်များသော မြို့ကြီးတစ်မြို့ဖြစ်၏။ မော်လမြိုင်ခရိုင်မှာ လည်း ကျယ်ဝန်းသော ခရိုင်ကြီးတစ်ခရိုင်ဖြစ်ရာ အထက် တွင် ဖော်ပြခဲ့သည့်အတိုင်း အမှုများ လက်ဆစ်ချိုးရေတွက် မရအောင် ပေါ်များလှသဖြင့် အီးစီဗီဖူးကားအတွက် အတွေ့ အကြုံအများကြီး ရနိုင်သည်ဟု မိတ်ဆွေအများက အကြံ ပေးကြသည်။ ထိုစဉ်က အင်္ဂလန်နိုင်ငံတွင် ဝတ်လုံတော်ရ ပညာရပ်ကို သင်ကြား၍ ဝတ်လုံလိုက်သည့် ဝတ်လုံမှာ မော်လမြိုင်တွင် အလွန်နည်းသည်။ မော်လမြိုင်ခရိုင်ရှိ မြို့ နယ်များတွင်ရှိ တရားရုံးများတွင် ဥပဒေအကျိုးဆောင်များ အဖြစ် လိုက်ပါသော ရှေ့နေများမှာလည်း အောက်တန်းရှေ့ နေနှင့် အထက်တန်းရှေ့နေများသာ ဖြစ်သည်။ သို့ဖြစ်၍ အီးစီဗီဖူးကားသည် မော်လမြိုင်တွင် ခေတ္တအခြေချ၍ တရား ရုံးများ၏ အတွေ့အကြုံကိုယူရန် စီစဉ်ခဲ့သည်။

အီးစီဗီဖူးကားအဖို့ သူမျှော်လင့်ထားသည်ထက် မော် လမြိုင်မြို့ခံ၊ သူ့ဖခင်၏ မိတ်ဆွေများ၊ တပည့်များ၊ သူ ကလေးဘဝက ကစားဖော်၊ ကစားဖက်များက အကူအညီ အများဆုံးပေးခဲ့ကြ၏။ သူ့ဖခင်၏ ဩဇာကြောင့်လည်း ဖူးကားမှာ ဝတ်လုံတော်ရကလေးအဖြစ် လူသိများလာပြီး မော်လမြိုင်မြို့ပေါ်နှင့် ခရိုင်အတွင်းရှိ မြို့ငယ်များမှာ အမှု အခင်းဖြစ်ပွားသူများက အီးစီဗီဖူးကားကို အမှုလိုက်ရန် ငှားရမ်းခဲ့ကြသည်။ ထိုကာလက မော်လမြိုင်ခရိုင် တရားရုံး များတွင် လာဘ်ပေးလာဘ်ယူမှုများပေါ်များသည်ဟူသော သတင်းများလည်း ပျံ့နှံ့နေ၏။ တရားသူကြီးအချို့သည် တရားရုံးပွဲစားများမှတစ်ဆင့် လာဘ်ယူ၍ တရားစီရင်ရာ မမှန်မကန် စီရင်သည်ဟု သတင်းများလည်း ထွက်သည်။ အီးစီဗီဖူးကားအနေဖြင့်မူ မြန်မာနိုင်ငံတရားရုံးလောကနှင့် ကင်းကွာနေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၍ ထိုသတင်းများသည် ကောလာဟလ ယုံတမ်းသတင်းများဟု မှတ်ယူထားမိ၏။

ဝတ်လုံအဖြစ် လိုက်ပါဆောင်ရွက်မည့် အမှုများသည် ဥပဒေအချက်အလက် ခိုင်မာ၍ တရားနိုင်မည်ဟု ထင်ရ သည့် အမှုမှန်သူဘက်မှ လိုက်ပါဆောင်ရွက်မည်ဟူ၍လည်း အီးစီဗီဖူးကားက ဆုံးဖြတ်ထားသည်။ အစဉ်အလာကြီးမားခဲ့ သော သူ့ဖခင်၏ ဒေသခံနယ်မြေလည်းဖြစ်၊ ထိုစဉ်က ဘိ

---

နှားခိုးသူများဟု စွပ်စွဲခံရသူများမှာ ရိုးသားဖြောင့်မတ်သောတောင်သူများဖြစ်ကြသည်။ မည်သည့် အခါကမျှ စာရိတ္တချို့ယွင်းခဲ့သူများ မဟုတ်ကြ။ သို့သော် တရားလိုဖြစ်သူမှာ လယ်ယာမြေပိုင်ဆိုင်ရေးနှင့်ပတ်သက်၍ တစ်ကြိမ်က အချင်းများခဲ့ဖူးသူများဖြစ်၏။



www.burmeseclassic.com

လပ်ပြန့် (အင်္ဂလန်) ဝတ်လုံတော်ရ တစ်ဦးလည်းဖြစ်၊ ဆက်ဆံရေးကောင်းမွန်၍ မြန်မာအမျိုးသားများနှင့် လက်ပွန်းတတီးနေထိုင်သူဖြစ်ရာ တိုတောင်းလှသည့်အချိန်အတွင်း အတော်အသင့် အောင်မြင်ပေါက်ရောက်သော ဝတ်လုံတော်ရတစ်ဦးဖြစ်ခဲ့၏။ သူလိုက်ပါဆောင်ရွက်သည့် အမှုများမှာ သူလိုက်ပါဆောင်ရွက်သည့်ဘက်က အနိုင်ရခဲ့လေ့ရှိ၏။ ထိုစဉ်က မော်လမြိုင်ခရိုင်အတွင်း အများဆုံးဖြစ်ပွားလေ့ရှိသော အမှုအခင်းကြီးများမှာ နွားခိုးမှု၊ သစ်ဖောင်များမှ သစ်များခိုးယူမှု၊ ဖောက်ထွင်းမှုနှင့် တရားမမှုများသာ ဖြစ်၏။

အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အီးစီဗီဖူးကားသည် သူလိုက်ပါဆောင်ရွက်ရမည့် အမှုအား လိုက်ပါဆောင်ရွက်ခြင်းမပြုခင် ပတ်ဝန်း လေ့လာမှုပြုပြီး မှန်ကန်သည်ဟု ယူဆမှ လိုက်ပါဆောင်ရွက်လေ့ရှိ၏။ ယခုရေးသားဖော်ပြမည့် နွားခိုးမှုကြီးတွင် တရားလိုနှင့် ပုလိပ် (ရဲ) တို့က တရားခံများဟု စွပ်စွဲခံရသော မောင်ခင်နှင့် မောင်ထွန်းမောင်တို့ဘက်မှ လိုက်ပါဆောင်ရွက်မည်ဟု ဝတ်လုံတော်ရ အီးစီဗီဖူးကားက ဆုံးဖြတ်ထားသည်။ သူ့ပတ်ဝန်းလေ့လာထားချက်အရ နွားခိုးသူများဟု စွပ်စွဲခံရသူများမှာ ရိုးသားဖြောင့်မတ်သော တောင်သူများဖြစ်ကြသည်။ မည်သည့်အခါကမျှ စာရိတ္တချို့ယွင်းခဲ့သူများ မဟုတ်ကြ။

သို့သော် တရားလိုဖြစ်သူမှာ လယ်ယာမြေပိုင်ဆိုင်ရေးနှင့်ပတ်သက်၍ တစ်ကြိမ်က အချင်းများခဲ့ဖူးသူများဖြစ်၏။ သို့ဖြစ် သူပိုင်နိုင်းနွားနှစ်ကောင်အား အထက်ဖော်ပြပါ တရားခံဖြစ်သူများက ခိုးယူသွားခဲ့ပြီး ဖျောက်ဖျက်ပစ်ခဲ့သည်ဟု ဆိုကာ မတရားသက်သေများ၊ လာဘ်ယူထားသော ပုလိပ် (ရဲ) များ၏ အကူအညီနှင့် တရားစွဲဆိုခဲ့ခြင်းဖြစ်၏။ နွားများ ပျောက်ဆုံးသွားရသည်ဆိုသော ရက်ကမူ တရားခံဟု စွပ်စွဲခံရသူနှစ်ဦးမှာ အချင်းဖြစ်ပွားသည့်ကျေးရွာနှင့် မိုင် ၂၀ ကျော် ကွာဝေးသော ကျေးရွာရှိအလှူတွင် ရောက်ရှိနေကြရာ ထိုကျေးရွာမှ လူအများက မောင်ခင်နှင့် မောင်ထွန်းမောင်တို့မှာ အချင်းမဖြစ်ပွားမီ နှစ်ရက်ခန့်ကပင် အလှူအိမ်တွင်ရှိကြသည်ဟု ထွက်ဆိုထားရာ တရားခံများအဖို့ ခိုင်မာသော အလီဘိုင် (Alibi) ဆင်သက်သေရှိထားသည်။

ထိုတရားသူကြီးမှာ လာဘ်ယူရာတွင်
အလွန်ရဲသူဖြစ်ကြောင်း
ယခုအမှုတွင်လည်း ဥပဒေအချက်
အလက် မည်မျှကောင်းသည်ဖြစ်စေ
တရားလိုများဘက်မှ စိုစိုပိုပို
လာဘ်ရထားသဖြင့် သေသေချာချာ
တရားခံများ အား
ပြစ်ဒဏ်ပေးမည်ဖြစ်သည်ဟု. . .

ဤသို့သော ခိုင်မာသည့် အချက်အလက်များကြောင့် ဝတ်လုံတော်ရ အီးစီဗီဖူးကားသည် တရားခံဘက်မှ တာဝန်ယူ၍ ဆောင်ရွက်ပေးခဲ့၏။ ဥပဒေအချက်အလက်ကောင်းသဖြင့် နွားခိုးဟု စွပ်စွဲခံရသူနှစ်ဦးမှာ ပြစ်ဒဏ်ချမှတ်ခြင်းမှ လွတ်ကင်းပေလိမ့်မည်ဟု မျှော်လင့်ထားသည်။ ပတ်ဝန်းကျင် သတင်းများအရဆိုရလျှင် ဤအမှုကို စစ်ဆေးသူ တရားသူကြီးမှာ လာဘ်ယူလေ့ရှိသူဖြစ်ကြောင်း တရားရုံးမှ ဝန်ထမ်းအများကလည်း လာဘ်တောင်းခံသူများသာ ဖြစ်သည်ဟု ဆိုကြ၏။ သို့သော် အီးစီဗီဖူးကားကမူ တရားသူကြီးဖြစ်သူသည် မည်သည့်နည်းနှင့်မျှ ဥပဒေအချက်အလက်များကို မျက်ကွယ်ပြုလိမ့်မည်မဟုတ်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထား၏။

ဤအမှု စီရင်ချက်မချမီ ရက်သတ္တ နှစ်ပတ်ခန့်တွင် အီးစီဗီဖူးကားထံသို့ သူနှင့် ကလေးဘဝကပင် ကစားဖော်ကစားဖက်ဖြစ်သူ မြန်မာအမျိုးသား ရွှေနေတစ်ယောက် သူ့အိမ်သို့ ရောက်ရှိလာပြီး အထက်ဖော်ပြပါအမှုနှင့်ပတ်သက်၍ သူ့တရားရုံးဝန်ထမ်းများမှ ကြားသိလာခဲ့သော သတင်းကို အီးစီဗီဖူးကားအား ပြောပြခဲ့၏။ ထိုသတင်းအရဆိုလျှင် အီးစီဗီဖူးကား ဥပဒေအကျိုးဆောင်အဖြစ်လိုက်ပါနေသော



www.burmeseclassic.com

www.burmeseclassic.com



တရားခံများဖြစ်ကြသော မောင်ခင်နှင့် မောင်းထွန်း ကို့အား ထောင်ဒဏ် နှစ်နှစ် ချမှတ်လိမ့်မည်၊ တိတိ ပြောတော့သည်။ ထိုတရားသူကြီးမှာ လာဘ်ယူရာတွင် ခဲ့သူဖြစ်ကြောင်း။ ယခုအမှုတွင်လည်း ဥပဒေအချက် တ် မည်မျှကောင်းသည်ဖြစ်စေ၊ တရားလိုများဘက်မှ လာဘ်ရထားသဖြင့် သေသေချာချာ တရားခံများ ဖြစ်ဒဏ်ပေးမည်ဖြစ်သည်ဟု ပြောခဲ့သည်။ အီးစီဗီ ကမှု တရားသူကြီးဖြစ်သူသည် မည်သည့်နည်းနှင့်မျှ ချမှတ်မည်မဟုတ်ဟု ပြောပြသောအခါ သူ့မိတ်ဆွေ အမျိုးသားရှေ့နေဖြစ်သူကမူ စောင့်ကြည့်ပါဟု ပြောခဲ့

တရားခံ၏ ဆွေမျိုးသားချင်းများကလည်း မောင်ခင်နှင့် ထွန်းမောင်တို့နှစ်ယောက်အား ထောင်ဒဏ် နှစ်နှစ် လိမ့်မည်မှာ သေချာကြောင်း။ ထိုသတင်းကို တရားသူ သူ၏ စာရေးကြီးထံမှ ကြားသိခဲ့ရကြောင်း ပြောပြ သည်း အီးစီဗီဖူးကားကမူ ထိုသတင်းများသည် ကော လ ယုံတမ်း ဂေဇက်များသာဖြစ်နိုင်သည်ဟူ၍သာ ား၏။ အီးစီဗီဖူးကားကမူ အကယ်၍ သူကြားသိရ သတင်းအတိုင်း တရားသူကြီးဖြစ်သူသည် တရားခံများ ဖြစ်ဒဏ်ချမှတ်ခဲ့သော် သက်ဆိုင်ရာသို့ အယူခံတက်ပါ ခဲ့မသေ ပြစ်ဒဏ်မှ လွတ်ကင်းမည်ဟု ယုံကြည်ထား၏။ တရားခံများ စီရင်ချက်ချမည့်နေ့တွင်မူ တရားလိုများ ဆွေမျိုးသားချင်းများ၊ အပေါင်းအသင်းများ၊ ရုံးခန်း လာရောက်နားထောင်ခဲ့ကြသည်။ သူတို့အားလုံး သေချာပေါက် အမှုနိုင်ထားမည်ကို တွက်ဆထားပြီး အောင်ပွဲခံရန် တရားရုံးစီရင်ချက်ကို လာရောက်နား ခြင်းဖြစ်၏။ ထို့နေ့အထိ ဝတ်လုံတော်ရ အီးစီဗီဖူးကား လိုက်ပါဆောင်ရွက်သော အမှုသည် အနိုင်ရပေလိမ့် မှတ်ယူထားခဲ့၏။ သို့သော် တရားသူကြီး၏ စီရင် ဆုံးအောင် နားထောင်ရသည်နှင့် သူ့အဖို့ တအံ့ ဖြစ်သွားသည်။ ပထမတွင် ဟုတ်မှဟုတ်ပါ့မလား။ သူ့ အာရုံ လွဲမှားခဲ့သလော။

တရားသူကြီး၏စီရင်ချက်တွင် သူ့ဥပဒေအကျိုးဆောင် လိုက်ပါဆောင်ရွက်ပေးသော တရားခံနှစ်ယောက်အား ထောင်ဒဏ်နှစ်နှစ် ချမှတ်လိုက်တော့၏။ သူကြားသိခဲ့ရသော သတင်းများသည် တိတိကျကျ မှန်ကန်နေပေသည်။ သို့သော် ထိုအမှုမှာ သက်ဆိုင်ရာသို့ အယူခံဝင်ခဲ့ရာတွင်မူ အီးစီဗီဖူးကား မျှော်လင့်ထားသည့်အတိုင်း သူ့ဥပဒေအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ပေးခဲ့သော နွားခိုးသူများဟု စွပ်စွဲခံရသူများဖြစ်သော မောင်ခင်နှင့် မောင်ထွန်းမောင်တို့မှာ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရခဲ့သည်။

အထက်ဖော်ပြပါ လာဘ်ယူသူ တရားသူကြီးအကြောင်း နောက်ထပ် ကြားသိရသည့်သတင်းမှာ ရှင်မြူးဖွယ်ဖြစ်တော့သည်။ ဝတ်လုံတော်ရ အီးစီဗီဖူးကား၏မိတ်ဆွေ မြန်မာအမျိုးသားရှေ့နေ ဥပဒေအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်သော သစ်ခိုးမှုတစ်မှုတွင် အထက်ဖော်ပြပါ မြန်မာအမျိုးသားရှေ့နေသည် လာဘ်ယူလေ့ရှိသည့် တရားသူကြီးဖြစ်သူအား တရားခွင်တွင် လူအများရှေ့၌ လာဘ်ပေးခြင်းဖြင့် သူလိုက်ပါဆောင်ရွက်သည့်အမှု အနိုင်ရခဲ့သည်ဟု ဆိုလျှင် စာဖတ်သူများ အံ့အားသင့်ကြမည် ဖြစ်သည်။ မှန်ပါသည်။ မြန်မာအမျိုးသားလာဘ်ပေးပုံမှာ ပိရိလွန်းသည်။ တရားခွင်ရှိ တရားလို၊ တရားခံရှေ့နေများ၊ တရားလိုတရားခံများ၏ ဆွေမျိုး၊ အပေါင်းအသင်းများ၊ အစိုးရဥပဒေအကျိုးဆောင်များရှေ့တွင် ပြောင်ပြောင်တင်းတင်း လာဘ်ပေးခြင်းဖြစ်၏။

တရားခွင်တွင် သစ်ခိုးသည့်တရားခံများဘက်မှ လိုက်ပါဆောင်ရွက်သော အထက်ဖော်ပြပါ မြန်မာအမျိုးသားရှေ့နေသည် တရားခံများအတွက် လျှောက်လဲချက်ပေးပြီး ထိုလျှောက်လဲချက်များအတွက် ဥပဒေအထောက်အထားပြရန် စီရင်ထုံးစာအုပ်အား တရားသူကြီးထံ တင်ပြလိုက်သည်။ တရားသူကြီးဖြစ်သူကလည်း ထိုစာအုပ်ကို လက်ခံယူလိုက်၏။ ရှေ့နေဖြစ်သူသည် ထိုစာအုပ်ကြားတွင် ထိုစဉ်ကာလသုံး ကျပ်ငွေ တစ်ရာတန်ကို ညှပ်ပေးခဲ့သည်။ သူ ဤသို့ပေးသည်ကို တရားသူကြီးနှင့် လာဘ်ပေးသည့်ရှေ့နေသာ သိကြ၏။ ထိုအမှုအား စီရင်ချက်ချသည့်နေ့တွင်မူ သစ်ခိုးတရားခံများဟု စွပ်စွဲခံရသူများမှာ ပြစ်ဒဏ်မှ လွတ်ငြိမ်းခဲ့ရသည်ဟု ဆိုခဲ့ပါကြောင်း။


*ကျမ်းကိုး - I Lived in Burma By E.C.V Foucar*

လုမိုး (ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



■

ရာသီဥတုသည် ပူပြင်းလှစွာ၏။ တစ်ချက်တစ်ချက် ဝှေ့ဝဲတိုက်ခတ်လာသော လေတို့မှာလည်း အပူရှိန်ကြောင့် လေပူများသာလျှင် ဖြစ်နေကြကုန်၏။ ကြည့်လေရာရာ၌လည်း အပူရှိန်ကြောင့် တံလျှပ်တို့သည် တဖျပ်ဖျပ် ထလျက်ရှိကြကုန်၏။ ဤတောတစ်ခွင်တစ်ပြင်၌ ပေါက်ရောက်ရှင်သန်လျက် ရှိကြကုန်သော သစ်ပင်တို့မှာလည်း ရိုးတံပြိုင်းပြိုင်းသာလျှင် ရှိနေတော့၏။ ရေတွက်ကြည့်၍ပင် ရနိုင်စွမ်းသော အနည်းငယ်မျှသော သစ်ရွက်တို့မှာလည်း နေရှိန်အောက်ဝယ် နွမ်းအိုင်ကျိုးနေကြလေတော့၏။

ဤတောသည်ကား အင်ကြင်းကျောက်တုံးများ ဟိုတစ်စဒီတစ်စ ပျံ့ကျဲလျက်ရှိသော တောဖြစ်၏။ တောဟုဆိုရသော်လည်း မည်ကာမတ္တ တောမျှသာလျှင် ဖြစ်၏။ အပင်ကြီးကြီးမားမား ဆို၍ ဟိုတစ်ပင် ဒီတစ်ပင်သာရှိပြီး ကန္တရပင်များ၊ ရှားစောင်းလက်ပတ်ပင်များ၊ မိုးနံ့ချုံများသာလျှင် မင်းမူနေသော တော ဖြစ်လေတော့၏။

ထိုတောကို ရိုးကြီးတစ်ခုသည် အလယ်မှ ပိုင်းခြားထား၏။ ထိုရိုးကြီးမှာ ဝါးနှစ်ရိုက်ကျော်ကျော်ခန့်ကျယ်ပြီး မိုးရွာသခိုက်တွင် ဆင်သတ္တဝါပင် ဖြတ်မကူးဝံ့လောက်အောင် ရေဝါးလုံးထိုးစီးဆင်းသော်ငြား ယခုကဲ့သို့ နွေခေါင်ခေါင်တွင်မူ သဲပြင်အတိသာလျှင် ဖြစ်၍ နေလေတော့၏။

တစ်နေ့သ၌ ဟောင်းနွမ်းစုတ်ပြတ်နေပြီဖြစ်သော အဝတ်အစားများကို ဝတ်ဆင်ထားသည့် အသက်အစိတ်ခန့်အရွယ် လူငယ်တစ်ဦးသည် ထိုရိုးချောင်းကြီး၏ ကမ်းပါးစပ် ချုံပုတ်များ၏ အရိပ်အတိုင်း တရွေ့ရွေ့ လျှောက်လှမ်းလာလေ၏။

၎င်းကိုကြည့်ရသည်မှာ မျက်တွင်းများ ချောင်ကျနေပြီး အရိုးပေါ် အရေတင်ဖြစ်နေ၏။ နာတာရှည်ရောဂါဝေဒနာတစ်ခုကို ခံစားနေရသော လူမမာတစ်ဦး ဖြစ်ဟန်ရှိ၏။ သို့တည်းမဟုတ် ရက်ပေါင်းများစွာ အစာရေစာ ငတ်ပြတ်နေသူတစ်ဦးလည်း ဖြစ်နိုင်ပေ၏။

၎င်းသည် လူတစ်ရပ်ခန့် သစ်ကိုင်းခြောက်တစ်ခုကို တောင်ဝှေးသဖွယ် အားပြု၍ တရွေ့ရွေ့ လျှောက်နေခြင်းဖြစ်၏။ ၎င်း၏ ခြေအစုံမှာလည်း ဖိနပ်ဗလာဖြစ်သောကြောင့် အောက်မှ သဲပြင်၏ အပူဒဏ်ကို ကောင်းစွာ ခံစားနေရလေတော့၏။

ဤသို့ဖြင့် တရွေ့ရွေ့ လျှောက်လှမ်းလာရင်း တစ်နေရာသို့အရောက်တွင်မူ အားအင်ကုန်ခမ်းနေပြီဖြစ်သော ထိုလူငယ်သည် ခြေတစ်လှမ်းစာမျှပင် အားအင်စိုက်ထုတ်နိုင်စွမ်း မရှိတော့ပြီဖြစ်ရကား မျက်စိကိုစုံမှိတ်လျက် တောင်ဝှေးကို အားပြုကာ ခန္ဓာကိုယ်ကို အနိုင်နိုင်ထိန်း၍ ရပ်တန့်လိုက်ရလေ၏။

ထို့နောက်တွင်ကား ခြစ်ခြစ်တောက် ပူပြင်းနေသည့် သဲပြင်ပေါ်သို့ ပုံခနဲ လဲကျသွားလေတော့၏။ ၎င်း၏ အဖြစ်သည် နံပြားဖိုထဲမှ နံပြားသဖွယ် ဖြစ်နေပြီဖြစ်၏။ မီးတမျှ ပူပြင်းနေသည့် သဲပြင်ပေါ်ဝယ် ၎င်းသည် အရှင်လတ်လတ် မီးဖုတ်ခံနေရသည့်နှယ် ဖြစ်နေလေတော့၏။ ၎င်းသည် မျက်နှာပြင်ပေါ်မှ ဆီးကင်းလုံးခန့် ချွေးသီးချွေးပေါက်ကြီးများကို လက်ဖနောင့်ဖြင့် အနိုင်နိုင်သုတ်ရင်း နံဘေးရှိ ချုံအရိပ်ဆီသို့ ရောက်ရန်ဂှာ အသည်းအသန် ကြိုးစားနေရှာလေ၏။

ထိုအခိုက်တွင် သစ်ရွက်ခြောက်များပေါ်သို့ ဖြတ်နင်းလာသော ခြေသံကို ကြားရသဖြင့် လူရွယ်လည်း အသံလာရာသို့ လှမ်း၍ကြည့်လိုက်၏။ ဒ်အားအင်ကုန်ခမ်းနေပြီဖြစ်သောကြောင့် မျက်လုံးများ ရီဝေနေသဖြင့်လည်းကောင်း၊ စူးရှလှသော နေရောင်ခြည်ကြောင့်လည်းကောင်း လူရွယ်သည် ဘာကိုမျှ ရှင်းလင်းပြတ်သားစွာ မမြင်နိုင်ဘဲရှိနေ၏။ ၎င်းလူရိပ်သည် သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လှမ်းနီးကပ်လာနေပြီဖြစ်၏။

လူရွယ်၏လက်တစ်ဖက်သည်



www.burmeseclassic.com

www.burmeseclassic.com



ခါးကြားဆီသို့ တဖြည်းဖြည်း ရွေ့သွားပြီးနောက် ခါးကြားမှ ဓားမြှောင်အရိုးကို ရှိသမျှအားဖြင့် တင်းတင်းဆုပ်ထားလိုက်၏။ ထိုအချိန်မှာပင် ၎င်း၏ရှေ့တူရူဆီသို့ လူရိပ်သည် ၎င်းအနီးသို့ တိုးကပ်လာလေတော့၏။ လူရှယ်သည် ရှိသမျှအားအင်တို့ကို ဖျစ်ညှစ်စုရုံးလျက် ထိုလူရိပ်၏ရင်ဝဆီသို့ ဓားမြှောင်ဖြင့် ထိုးစိုက်လိုက်၏။ သို့သော် ထိုလူရိပ်သည် အနည်းငယ် တိမ်းသည်ဆိုရုံလေးမျှ တိမ်းလိုက်ပြီးနောက် ဓားဖြင့်ထိုးသော ၎င်း၏လက်ကို ဖမ်းဆွဲကာ အနီးရှိ ချုံအရိပ်သို့ ဆွဲခေါ်သွားလေ၏။

လူရှယ်လည်း သံပြင်ကို လက်နှစ်ဖက်ဖြင့် ထောက်လျက် အနိုင်နိုင်ငုတ်တုတ်ကလေးထိုင်ရင်း ထိုသူ့ကို အလစ်မပေးစတမ်းကြည့်နေ၏။ ထိုသူ၏ လက်တစ်ဖက်သည်လည်း ခါးကြားဆီသို့ ရောက်သွားပြီးလျှင် တစ်စုံတစ်ရာကို ဆွဲထုတ်၍ ရှေ့သို့တိုးလာ၏။

ထို့နောက် သူ၏မျက်နှာဆီသို့ ဆန့်ထုတ်လိုက်သည်ဖြစ်ရာ လူရှယ်လည်း ရှိသမျှအင်အားစိုက်ထုတ်လျက် လက်ဖြင့် ပုတ်ထုတ်လိုက်လေ၏။ သို့သော် ၎င်း၏ဟန့်တားချက်မှာ မည်သို့မျှ အရာမရောက်ပေ။ လွန်စွာအေးစက်လှသော အထိအတွေ့တစ်ခုသည် ၎င်း၏ နှုတ်ဖျားကို လာ၍ ထိမိလေ၏။ ထိုအခါတွင်မှ လူငယ်သည် ဝမ်းသာအားဖြင့် ပါးစပ်ကို ဟပေးလိုက်လေတော့၏။

ဘူးသီးခြောက်ရေဘူးအတွင်းမှ ထွက်ကျလာသော ရေတို့ကို လူငယ်သည် တရှိုက်မက်မက် မျိုချနေ၏။ အရိပ်တွင် နားလိုက်ရသဖြင့်လည်းကောင်း၊ ရေအေးအေးကို သောက်သုံးလိုက်ရသဖြင့်လည်းကောင်း လူငယ်၏ မြင်ကွင်းအာရုံသည် တဖြည်းဖြည်း ကြည်လင်ပြတ်သားလာ၏။ သူသည် ၎င်း၏ရှေ့မှလူကို သေချာကြည့်လိုက်သောအခါ ရသေ့ကြီးတစ်ဦးဖြစ်ကြောင်း တွေ့လိုက်ရလေ၏။

"ကျုပ်··ကျုပ်··ရန်ပြုမယ့်လူထင်ပြီး ဓားနဲ့ထိုးမိတာကို တောင်းပန်ပါတယ် ဦးရသေ့··" ဟု လူရှယ်က ပြောလိုက်လျှင် ရသေ့ကြီးက -

"ဒါ··တောင်းပန်ရမယ့်ကိစ္စ မဟုတ်ဘူးကွ၊ မလိုအပ်တဲ့အလုပ်တွေ မလုပ်စမ်းပါနဲ့ကွာ··" ဟု ပြန်၍ ပြောလိုက်သောကြောင့် လူရှယ်သည် ဧ[...] တွေကြီးဖြစ်သွားလျက် စဉ်းစားရင်း -

"ဘယ်လို··ဘယ်လို··ဦးရသေ့[...] ရဲ့ လူတစ်ယောက်ကို ဓားနဲ့ထိုးမိတ[...] ကိစ္စက တောင်းပန်ရမယ့်ကိစ္စမဟုတ်[...] ဘာကိစ္စလဲ၊ မတောင်းပန်တဲ့အပြ[...] ထပ်ပြီးထိုးရဦးမှာလား··" ဟု ပြ[...] မေးလိုက်လေ၏။ ထိုအခါ ရသေ့ကြီး[...] တဟဲဟဲရယ်ရင်း -

"ဟုတ်တယ်ကွ··၊ မင်းလုပ်ရ[...] က ထပ်ထိုးရမယ့်အလုပ်၊ ထပ်ထိုးခြ[...] သည်သာလျှင် မင်းအတွက် အ[...] တရားကွ··" ဟု ပြန်၍ ပြောလို[...] လေ၏။ ထိုအခါ လူရှယ်က -

"မဟုတ်သေးပါဘူး ဦးရသေ့[...] ဦးရသေ့လိုပုဂ္ဂိုလ်မျိုးကို ဓားနဲ့ထိုးလို[...] ရင် ကျုပ် မှားသွားမှာပေါ့ဗျ··" ဟု[...] ပြောလိုက်ရာ ရသေ့ကြီးက တဟား[...] ဟား ရယ်မောရင်း -

"အဲဒါတွေ ခက်တာပေါ့ ကော[...] လေးရဲ့ မင်းဟာ ကိုယ့်ကိစ္စကို ကိုယ်[...] မလုပ်ဘူး၊ လုပ်ရမယ့်ဟာတွေကို မလု[...] ဘူး၊ မလုပ်ရမယ့်ဟာတွေကို လုပ်တယ်[...] ဒါကြောင့်လည်း မင်းအခုလို ဒု[...]

---

အားအင်ကုန်ခမ်းနေပြီဖြစ်သောကြောင့်
မျက်လုံးများ ရီဝေနေသဖြင့်လည်းကောင်း၊
စူးရှလှသော နေရောင်ခြည်ကြောင့်လည်းကောင်း လူရှယ်သည်
ဘာကိုမျှ ရှင်းလင်းပြတ်သားစွာ မမြင်နိုင်ဘဲရှိနေ၏။
၎င်းလူရိပ်သည် သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လှမ်းနီးကပ်လာနေပြီဖြစ်၏။

www.burmeseclassic.com



ရောက်နေတာပေါ့··" ဟု ပြောရင်း ၎င်း၏ လွယ်အိတ်ကြီးအတွင်းမှ စက္ကူထုပ်ကလေးများကို ထုတ်၍ ဆေးမှုန့်များကို ရောစပ်နေလေ၏။

"ဦးရသေ့ဟာကလည်း တစ်မျိုးကြီးပါပဲ၊ ကျုပ်ဘဝမှာ အရမ်းကာရောတွေ လျှောက်လုပ်ခဲ့လို့ အခုလို ဒုက္ခတွေ ရောက်နေတယ်ဆိုတာ ဟုတ်ပါတယ်၊ အခုတောင် ဒီလောက်ကြီး ဒုက္ခတွေ များနေတာဗျာ၊ တွေ့တဲ့လူတိုင်းကို ဓားနဲ့ထပ်ပြီးထိုးရမယ်ဆိုရင် ပိုဆိုးဖို့ပဲရှိတော့တာပေါ့" ဟု လူရွယ်က ပြောလိုက်ပြန်လျှင် ရသေ့ကြီး တဟားဟားရယ်ပြန်၏။ ထို့နောက် -


"အဲဒါကိုက ခက်နေတာပေါ့ကွ၊ မထိုးရမယ့်အချိန်မှာ ထိုးတယ်၊ ထိုးရမယ့်အချိန်မှာ မထိုးဘူး။ အဲဒါကိုက မင်း မှားနေတာ··၊ အခုလို မင်းအနေနဲ့ ဝရမ်းပြေးတစ်ယောက်ဖြစ်နေတဲ့ဘဝမှာ ဘာကိုမှ စိတ်မချရတော့ဘူး၊ အားလုံး မင်းကို ဒုက္ခပေးသွားနိုင်တယ်၊ ယုတ်စွအဆုံး ငါပေါ့ကွာ··၊ ငါကလည်း မင်းကိုဖမ်းပြီး ပုလိပ်လက်ကို အပ်လိုက်နိုင်တာပဲ၊ ဒီတော့ ကိုယ့်နားကပ်လာရင် ဓားနဲ့ထိုးရမှာက မင်းအလုပ်လေကွာ··" ဟု ရသေ့ကြီးကပြောလိုက်ရာ လူရွယ်သည် ခေါင်းကို တဗျင်းဗျင်း ကုတ်ရင်း -

"ဦး··ဦးရသေ့က ကျုပ်ဝရမ်းပြေးဆိုတာ သိနေတယ် ဟုတ်လား··" ဟု တအံ့တဩ ပြန်၍ မေးလိုက်၏။ ဦးရသေ့က -

"ဝရမ်းပြေးမဟုတ်ဘဲနဲ့ ဒီတောဒီတောင်၊ ဒီလောက်ခေါင်တဲ့နေရာကြီးမှာ ဘယ်လိုလူမျိုးက လာပြီးတော့ ပျော်ပွဲစားထွက်နေမှာတဲ့လဲကွာ၊ ရိုးရိုးခရီးသွားဆိုရင်လည်း အသုံးအဆောင်ပစ္စည်းပစ္စယနဲ့ အစာရေစာလေး ဘာလေးတော့ ပါရမှာပေါ့၊ အခုတော့ မင်းဟာက တိရစ္ဆာန်တစ်ကောင်ထက်တောင် ငတ်ပြတ်နေတဲ့ပုံဆိုတော့ ဝရမ်းပြေးဆိုတာ ဂါတ်က စာရင်းစာအုပ်ကို သွားမလှန်ရဘဲနဲ့ သိနိုင်ပါတယ်ကွာ" ဟု ပြောရင်း စက္ကူပိုင်းလေးတစ်ရွက်ပေါ်တွင် ရောစပ်ထားသော ဆေးမှုန့်ကလေးများကို လူရွယ်အား ပေးလိုက်၏။

လူရွယ်လည်း ရသေ့ကြီးပေးထားသော ဆေးမှုန့်များကို ပါးစပ်ထဲသို့ ပက်ထည့်လိုက်၏။ ရသေ့ကြီးက ရေဘူးကို ကမ်း၍ ပေးလိုက်ပြန်လေ၏။ အငမ်းမရ ရေသောက်နေသော လူရွယ်ကို သဘောကျစွာကြည့်ရင်း ရသေ့ကြီးသည် တဟားဟားရယ်မောလိုက်ပြန်၏။

❝
ကိုယ့်အလုပ်
ကိုယ်မလုပ်ဘဲနဲ့
သူများအလုပ်ကို
ဝင်ရှုပ်လိုက်တာကိုး၊
နည်းတောင်
နည်းသေးတယ်၊
အခုအချိန် အထိ
အသက်နဲ့ခန္ဓာ
မြဲနေသေးတာတောင်
တော်သေးတယ်၊
အမှန်က
ကောင်မလေးကို
ဓားနဲ့ ခုတ်ရမှာက
မင်းမှ မဟုတ်ဘဲ၊
မင်းအစ်ကိုကိုစွလေ··
❞





www.burmeseclassic.com

www.burmeseclassic.com



> "ဟား・・ဟား・・
> ဟား・・ဟား၊
> မင်းမှားပြန်ပြီကောင်လေး၊
> မလုပ်ရမယ့်ကိစ္စကို
> လုပ်ပြန်ပြီကွာ၊ ဘယ်ကမှန်း
> မသိတဲ့၊ ဘာမှန်းမသိတဲ့
> လူတစ်ယောက်
> တိုက်တဲ့ဆေးကို မစဉ်းမစား
> သောက်ချလိုက်ပြန်ပြီ၊
> အဲဒါ မင်းလုပ်ရမယ့်
> အလုပ်မဟုတ်ဘူး၊ အခုထိ
> မင်း သဘော
> မပေါက်သေးပါလားကွာ၊
> ဒီလိုနဲ့ပဲ
> ကိုယ်မလုပ်ရမယ့်
> အလုပ်တွေကို လုပ်ရင်း
> မင်းဘဝ မိုးကြီး
> စုံးစုံးချုပ်သွားလိမ့်မယ်၊"

"ဟား・・ဟား・・ဟား・・ဟား၊ မင်းမှားပြန်ပြီကောင်လေး၊ မလုပ်ရမယ့်ကိစ္စကို လုပ်ပြန်ပြီကွာ၊ ဘယ်ကမှန်းမသိတဲ့၊ ဘာမှန်းမသိတဲ့ လူတစ်ယောက်တိုက်တဲ့ဆေးကို မစဉ်းမစား သောက်ချလိုက်ပြန်ပြီ၊ အဲဒါ မင်းလုပ်ရမယ့်အလုပ်မဟုတ်ဘူး၊ အခုထိ မင်း သဘောမပေါက်သေးပါလားကွာ၊ ဒီလိုနဲ့ပဲ ကိုယ်မလုပ်ရမယ့်အလုပ်တွေကို လုပ်ရင်း မင်းဘဝ မိုးကြီးစုံးစုံးချုပ်သွားလိမ့်မယ်၊ သိပ်ခက်ပါလား" ဟု ပြောလိုက်လျှင် လူရွယ်က -

"ကျုပ်တော့ ဘယ်လိုလူနဲ့ လာတွေ့နေမှန်း မသိတော့ပါဘူး ဦးရသေ့ရယ်၊ ကျုပ်ဖျားနေမှန်းသိလို့ ခင်ဗျားက ဆေးတိုက်တဲ့ဥစ္စာ၊ ကျုပ်က ဆေးမသောက်တော့ ဘာကြီးသောက်ရမှာတဲ့တုံး・・၊ ပြီးတော့ ဦးရသေ့က ကျုပ်ကိုရန်ပြုတဲ့လူမှမဟုတ်ဘဲ၊ မိတ်ဆွေပဲဟာ၊ မိတ်ဆွေက တိုက်တဲ့ဆေးကို စိတ်ချလက်ချသောက်သင့်တာပေါ့ဗျာ・・၊ နောက်ပြီးတော့ ကျုပ်ကြောက်ရမှာက ပုလိပ်ကိုပဲ ကြောက်ရမှာလေ၊ ဦးရသေ့လို ရသေ့အဝတ်အစားနဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ကျုပ်အနေနဲ့ စိတ်ချလက်ချ ဆက်ဆံသင့်တာပေါ့・・" ဟု ပြောလိုက်ပြန်၏။ ရသေ့ကြီးသည် ခွက်ထိုးခွက်လန် ရယ်မောလိုက်ပြန်ရင်း -

"ရသေ့အဝတ်အစားကတော့ ဘယ်သူ့ကိုမှ ရန်မမူဘူး၊ ဒါပေမဲ့ အဲဒီအဝတ်အစားအောက်က အပုပ် ကောင်ကြီးကတော့ ဒုက္ခပေး ရန်မူနိုင်တယ်ကွ・・၊ အ,လိုက်ပါဘိ ကောင်လေးရယ်၊ ကဲကဲ・・ဒီထက်ပိုပြီး အရိပ်ကောင်းတဲ့ ပေါဟိုသစ်ပင်ကြီးအောက်ကို နေရာရွှေ့ကြရအောင်・・" ဟု ပြောရင်း ရသေ့ကြီးသည် လူရွယ်အားတွဲလျက် သစ်ပင်ကြီးအောက်ဆီသို့ ခေါ်ဆောင်သွားလေ၏။

လူရွယ်မှာ အတော်ပင် လန်းလန်းဆန်းဆန်းရှိလာပြီဖြစ်၏။

"ဦးရသေ့ပြောနေတာတွေလည်း ဟုတ်တော့အဟုတ်သားဗျ၊ ကျုပ် ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားကြည့်တယ်၊ ရယ်လည်း ရယ်စရာကောင်းတယ်၊ တကယ်တော့ ကျုပ်ဟာ ကိုယ့်အလုပ်ကို မလုပ်ခဲ့ဘူးဗျ၊ သူများအလုပ်တွေကို တောက်လျှောက်ကြီး လုပ်ခဲ့တာ၊ ဒါ ကြောင့်လည်း ခုလို ဒုက္ခရောက်နေတာ ကျုပ်နာမည်က ရဲခေါင်လို့ခေါ်တယ် ကျုပ်မှာ သိပ်ချစ်ရတဲ့ အစ်ကိုတစ် ယောက် ရှိတယ်၊ အဲဒီအစ်ကိုမှာလည်း သိပ်ချစ်ရတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်၊ အဲဒီကောင်မလေးကလည်း ကျုပ်အစ်ကိုကို သိပ်ချစ်တယ်ပေါ့ဗျာ ဒီလိုနဲ့ သူတို့နှစ်ယောက် လက်ထပ် တော့မယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါမှာ ကောင်မလေးရဲ့ မအေကြီးက ကျုပ်အစ် ကိုနဲ့ သဘောမတူဘူး၊ သူတို့သဘောတူ တဲ့ သူကြီးသားနဲ့ လက်ထပ်ရမယ်လို့ အဲကျုပ်ကိုင်လာတယ်၊ မာတ်ရှင်တွေထဲ က အတိုင်းပဲဗျို့・・၊ အသွားကြီးမှာ လည်း နှလုံးရောဂါက ရှိပြန်သေးသတဲ့ ဒီလိုနဲ့ပဲ ကောင်မလေးက သူကြီးသား နဲ့ လက်ထပ်ဖို့ သဘောတူလိုက်တယ် ပေါ့ဗျာ・・၊ အဲဒီမှာ ကျုပ်အစ်ကိုဟာ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်ဖြ ပြီး အရူးကြီးတစ်ပိုင်းပေါ့ဗျာ・・၊ ဒီ

www.burmeseclassic.com





မနက်ဖြန် ကောင်မလေး မင်္ဂလာဆောင်တော့မယ်လည်းဆိုရော ဒီနေ့လိုညမှာ ကျုပ်အစ်ကိုဟာ အဆိပ်ပုလင်းကြီးကို ကောက်မော့တော့တာပဲဗျို့··၊ ကျုပ်လည်း အဲဒီပုလင်းကြီးကို လက်နဲ့ အတင်းပုတ်ချလိုက်တယ်၊ ကျုပ်အစ်ကိုတာလေ ငိုလိုက်တာဆိုတာ မပြောနဲ့တော့··၊ ဒါနဲ့ ကျုပ်က ဒီလောက်ဘောင် ဖြစ်နေရင် အဲဒီကောင်မလေးသူများနောက် အပါမခံနဲ့တော့··၊ ဒီည သွားခိုးမယ်လို့ပြောတော့ အစ်ကိုက တားပါသေးတယ်၊ ဒါပေမဲ့ ကျုပ်က သူ့အဖြစ်ကို မကြည့်ရက်လွန်းလို့ ခိုးဖို့ စီစဉ်တော့တာပေါ့··၊

ဒါနဲ့ပဲ ကောင်မလေးကို ကျုပ်တို့လိုမ့်တစ်ပတ်နဲ့ အပြင်ကို ခေါ်ထုတ်လိုက်တယ်၊ ကောင်မလေးက သူ့ကိုလာနိုးတယ်ဆိုတာလည်းသိရော အစ်ကို့ကို ငိုယိုပြီး တောင်းပန်တယ်၊ ကျုပ်က အချိန်မရှိဘူးဆိုပြီး နှစ်ယောက်စလုံးကို ဖွတ်ဆွဲခေါ်တယ်၊ အဲဒီမှာ အစ်ကိုက ကောင်မလေးကို သနားလို့ဆိုပြီး မခိုးတော့ဘူးတဲ့··၊ ပြန်လွှတ်လိုက်ဖို့ ပြောတယ်၊ ကျုပ်က လက်မခံဘူး··၊ ကောင်မလေးကလည်း ငိုလို့ယိုလို့ပေါ့ဗျာ··၊ အဲဒီအချိန်မှာ ကောင်မလေးကို သနားပြီး စိတ်ရှုပ်ပေါက်သွားတဲ့ ကျုပ်အစ်ကိုဟာ ဟောဒီမှာ လာကြပါဦးဗျို့လို့ အော်တော့တာပဲ၊ ကျုပ်လည်း ထင်မှတ်မထားတဲ့ ကိစ္စကြီးဆိုတော့ ကြောင်သွားတယ်၊ ဒေါသလည်း ထောင်းခနဲထွက်သွားတယ်၊ ကရုဏာဒေါသောပေါ့ဗျာ··၊ အဲဒီမှာတင် ကျုပ်လက်ထဲမှာ အသင့်ပါလာတဲ့ဓားနဲ့ ကျုပ်အစ်ကိုရဲ့ရင်ဝကို အားကုန်စိုက်ချလိုက်တယ်၊ ကောင်မလေးကလည်း ဘာအော်သလဲ မမေးနဲ့ဗျို့ ကျုပ်လည်း တံစ်ချိုးတည်း လစ်ရတော့တာပေါ့၊ တစ်ရွာလုံးလည်း ပွက်လောရိုက်သွားကြတယ်၊

ရွာအပြင်ဘက်တောစပ်မှာ တစ်ညလုံး ပုန်းနေရင်း ကျုပ် တော်တော်ယူကျုံးမရဖြစ်သွားတယ်၊ ဒီကောင်မကြောင့် ကျုပ်သိပ်ချစ်ရတဲ့အစ်ကိုကို ကျုပ်ကိုယ်တိုင် သတ်ခဲ့မိပြီ၊ ဒီကောင်မရဲ့ မအေကြီးလည်း အတူတူပဲ၊ ဒီကောင်မကို လက်ထပ်ဖို့ ကမ်းလှမ်းခဲ့တဲ့ သူကြီးသားဆိုတဲ့အကောင်လည်း အတူတူပဲ၊ တွေးလေတွေးလေ ကြိတ်ခဲမရဖြစ်လာလေပဲဗျာ··၊ ဒါနဲ့ပဲ နောက်နေ့မနက် အဲဒီကောင်မရဲ့ မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနေတုန်းမှာ ကျုပ် ဓားနှစ်လက်ကိုင်ပြီး မဏ္ဍပ်ထဲကို ပြေးဝင်သွားတယ်၊

အားလုံးက ကျုပ်ကို လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးသွားပြီလို့ ထင်ထားကြတာကိုး၊ အခုလို ပြန်လာလိမ့်မယ်လို့ တစ်ယောက်မှ ထင်မထားကြဘူး၊ ကျုပ်လည်း ဘီလူးစီးသလို ပြေးဝင်သွားပြီး သတို့သမီးကို အရင်ခုတ်ချလိုက်တယ်၊ အဲဒီအချိန်မှာ ဟေ့ကောင်··ဟေ့ကောင် ဆိုပြီး ပြေးဝင်လာတဲ့ သူကြီးသားသတို့သားရဲ့ ရင်ဝကို ကျန်တဲ့ ဓားတစ်လက်နဲ့ ဆီးပြီး ထောက်ထားပေးလိုက်တယ်၊ သူ့အရှိန်နဲ့သူ သူကြီးသားရဲ့ ရင်ဝကနေ နောက်ကျောအထိ ဖောက်ထွက်သွားတယ်၊ အဲဒီအချိန်မှာ "သမီး"လို့ အော်ပြီး ပြေးဝင်လာပြန်တဲ့ သတို့သမီးရဲ့မအေကိုတော့ ဓားနှစ်လက်နဲ့ စုံခုတ်ချလိုက်တယ်၊ ဟာ··လူတွေလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတော့တာပေါ့၊ ဒေါသမွှန်နေတဲ့၊ ဘီလူးသရဲစီးသလိုဖြစ်နေတဲ့ ကျုပ်အနားကို ဘယ်သူမှလည်း မကပ်ရဲကြဘူး၊ ကျုပ်ဟာ မကျေနပ်နိုင်သေးဘဲ ညတုန်းက မဏ္ဍပ်ထဲမှာ ထွန်းထားတဲ့ ရေနံဆီမီးခွက်ကို လှတစ်ရပ်သာသာ လောက်မြင့်တဲ့ ဘေးက တဲခေါင်မိုးပေါ် ပစ်တင်လိုက်တယ်။

ပြီးတော့ အနားမှာတွေ့တဲ့ ကြေးမီးခြစ်ကို မီးခြစ်ပြီး အဲဒီအမိုးပေါ် ပစ်တင်လိုက်ပြန်တယ်။ မီးကလည်း ဝုန်းခနဲပဲဗျို့··၊ လူတွေ ပိုပြီး အလုပ်ရှုပ်သွားတော့တာပေါ့၊ ဓားခုတ်ခံရတဲ့လူတွေဆီ ပြေးတဲ့လူကပြေး၊ မီးငြိမ်းဖို့ ကြိုးစားတဲ့သူက ကြိုးစား၊ ကျုပ်ကို ဂရုမစိုက်ကြတော့ဘူး၊ အဲဒီအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း အသာလစ်ထွက်လာတာပေါ့··၊ ကျုပ် ရွာအပြင်ကိုရောက်တော့ ရွာထဲမှာ မီးအရှိန်က တော်တော်ကြီးနေပြီ၊ ရွာတစ်ဝက်ကျော်ကျော်လောက် မီးလောင်သွားတယ်၊

ဒီလိုနဲ့ပဲ ကျုပ်ဟာ လူလေးယောက်သတ်မှု၊ ရွာကို မီးရှို့မှုနဲ့ အခုလို ဝရမ်းပြေးကြီး လုံးလုံးဖြစ်ရတော့တာပဲဗျို့··" ဟု လူရွယ်က ၎င်း၏ ဘဝဇာတ်ကြောင်းကို ပြောပြပြီးနောက် ရသေ့ကြီး၏ရှေ့မှ ရေဘူးကို ဆွဲယူကာ မော့ချလိုက်ပြန်၏။ ရသေ့ကြီးကမူ လူရွယ်အား ပြုံးပြုံးကြီးစိုက်ကြည့်ရင်း -

"မသနားဘူးကွာ··၊ လုံးဝ မသနားဘူး။ ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲနဲ့ သူများအလုပ်ကို ဝင်ရှုပ်လိုက်တာကိုး၊ နည်းတောင်နည်းသေးတယ်၊ အခုအချိန်အထိ အသက်နဲ့ခန္ဓာ မြဲနေသေးတာတောင် တော်သေးတယ်၊ အမှန်က ကောင်မလေးကို ဓားနဲ့ ခုတ်ရမှာက မင်းမှမဟုတ်ဘဲ၊ မင်းအစ်ကိုကိုစွလေ၊ မအေကြီးကို ခုတ်တာရော၊ သတို့သားကို ခုတ်တာရော၊ ခုတ်ခြင်းခုတ်ရင် မင်းအစ်ကိုက ခုတ်ရမှာ··၊ အခုတော့ မင်းက သူများအလုပ် ဝင်လုပ်တာကိုးကွ··၊ လောကကြီးမှာ ဘယ်သူက ဘာလုပ်ရမယ်ဆိုတာ သူ့စာရင်းနဲ့သူ ရှိပြီးသားကွ··

ဒါပေမဲ့ လူအတော်များများက အဲဒီစာရင်းကို ချိုးဖောက်ပြီး လုပ်နေကြတယ်၊ အဲဒီမှာတင် ဒုက္ခဆိုတာတွေ ရောက်လာတော့တာပဲပေါ့ ··" ဟု ပြောလိုက်ပြီးနောက် ရသေ့ကြီးသည် လွယ်အိတ်ထဲမှ ဆေးပေါ့လိပ်တစ်လိပ်



"ဩော် ..
ငါ့အဖေက
ငါ့ကို
သားကောင်လိုက်နည်းရယ်၊
ကိုက်နည်းရယ်ပဲ
သင်ပေးထားခဲ့တာ၊
ငါ့အလုပ်က
သားကောင်လိုက်ဖို့နဲ့
ကိုက်သတ်ဖို့ပဲ ရှိတာ..၊
ဆူးထွင်ပေးဖို့မပါဘူး၊
ငါက ငါမလုပ်ရမယ့်
ဆူးထွင်တဲ့အလုပ်ကို
သွားလုပ်တာကိုး.."

နှင့် မီးခြစ်ကို ထုတ်ယူ၍ မီးညှိပြီး အေးအေးလူလူ ရှိုက်ဖွာနေလေ၏။ ထို အခါ ရဲခေါင်ဆိုသော လူရွယ်က -

"ကျုပ်တော့ စိတ်ဝင်စားလာပြီ ဦးရသေ့ရေ··၊ ဆက်ပြီး ပြောစမ်းပါဦး ဗျာ··" ဟု ပြောလိုက်ရာ ရသေ့ကြီး က -

"ပုံပြင်လေးတစ်ပုဒ် ရှိတယ်ကွ တစ်ခါတုန်းက သမင်တစ်ကောင်ဟာ အုပ်စုနဲ့ကွဲပြီး တောထဲမှာ တလည်လည် ဖြစ်နေတုန်း မြေခွေးတစ်ကောင်နဲ့ တွေ့ တယ်၊ အဲဒီမှာ မြေခွေးက သမင်ကို စားဖို့ လိုက်တော့တာပေါ့၊ သမင်ဟာ ပြေးလို့ မလွတ်နိုင်တော့ဘူးဆိုတာ သဘောပေါက်သွားတယ်၊ ဒါနဲ့ မပြေး တော့ဘဲ ခြေထောက်ထော့ကျိုး ထော့

www.burmeseclassic.com



ကျိုးနဲ့ လမ်းလျှောက်နေသတဲ့··၊ သူ့ အနားလည်း မြေခွေးရောက်လာရော သမင်က ဘာပြောသလဲ ဆိုတော့ အသင်မြေခွေးရယ်··၊ ခင်ဗျား စားယ်ဆိုရင်လည်း စားပါ··၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်ခြေထောက်မှာ ဆူးစူးနေတယ်ဗျာ··၊ မစားခင် အဲဒီဆူးလေးတော့ နှုတ်ပေးပါ၊ ဒါမှမဟုတ်ရင် ကျုပ်ကို ခင်ဗျားစားတဲ့အခါကျတော့ အဲဒီဆူးက ခင်ဗျားလည်မျိုကို ဖောက်ပစ်လိမ့်မယ်··" လို့ ပြောပြီး သူ့ရဲ့ နောက်ခြေထောက်တစ်ဖက်ကို မြှောက်ပေးလိုက်တယ်၊ အဲဒီအခါမှာ မြေခွေးကလည်း သမင်ရဲ့ ခြေထောက်မှာ စူးဝင်နေတဲ့ ဆူးကို သေသေချာချာကြည့်တော့တာပေါ့။

အဲဒီအချိန်မှာပဲ သမင်ဟာ ရှိသမျှအားကို ညှစ်ထုတ်ပြီး မြေခွေးရဲ့ မျက်နှာကို အားကုန် ကန်ထည့်လိုက်တယ်၊ မြေခွေးလည်း အော်တော်မအော်နိုင်ဘဲ လွင့်ထွက်သွားတော့တာပေါ့၊ အဲဒီအချိန်မှာပဲ သမင်ကလည်း လွတ်အောင် ပြေးရသတဲ့··၊ သတိလစ်မတတ် ကန်လိုက်ရတဲ့ မြေခွေးဟာ ဘယ်လို ရေရွတ်လိုသလဲဆိုတော့ -

"ဩော် ··ငါ့အဖေက ငါ့ကို သားကောင်လိုက်နည်းရယ်၊ ကိုက်နည်းရယ် သင်ပေးထားခဲ့တာ၊ ငါ့အလုပ်က သားကောင်လိုက်ဖို့နဲ့ ကိုက်သတ်ဖို့ပဲ ဟာ··၊ ဆူးထွင်ပေးဖို့မပါဘူး။ ငါက မလုပ်ရမယ့် ဆူးထွင်တဲ့အလုပ်ကို သွားလုပ်တာကိုး··" လို့ ရေရွတ်လိုက်သတဲ့၊ ပုံပြင်ထဲက မြေခွေးကတော့ တစ်ခါတည်းနဲ့ သဘောပေါက်သွားတာ ပဲ ကောင်လေးရေ··၊ မင်းတို့ငါတို့ လူသားတွေကတော့ သိပ်ပြီး သဘောမပေါက်ချင်ဘူးကွ··" ဟု ပြော၍ တဟားဟား ရယ်မောလိုက်ရာ မောင်ရဲခေါင်ဆိုသောလူရွယ်လည်း သဘောကျစွာဖြင့် အော်ဟစ်ရယ်မောလိုက်လေ၏။ ထိုအခါ ရသေ့ကြီးက ရယ်မောခြင်းကို ရုတ်တရက် ရပ်လိုက်ပြီးနောက် -

"ဟော··အခုပဲကြည့်၊ မလုပ်ရမယ့်အလုပ်ကို မင်းလုပ်ပြန်ပြီ၊ မင်းက ဝရမ်းပြေးလေ··၊ ငါ့ဟာငါ သဘောကျလို့ လော်စပီကာတပ်ပြီး ရယ်လည်း ဘာမှမဖြစ်ဘူး။ မင်းကတော့ အဲသလိုလိုက်ပြီး ရယ်လို့မရဘူးလေ၊ အနီးအနားမှာ ပုလိပ်တွေဘာတွေရောက်နေရင် မင်း ဒုက္ခရောက်သွားမှာပေါ့··" ဟု ပြောလိုက်ရာ ရဲခေါင်ဆိုသောလူရွယ်လည်း ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း-

"ဦးရသေ့ပြောတော့လည်း အဟုတ်ချည်းပဲဗျာ··" ဟု ပြန်၍ ပြောလိုက်၏။ ထိုအခါ ရသေ့ကြီးက -

"ဟုတ်ရမှာပေါ့ကွ··၊ လူတွေမှာ ကြုံနေရတဲ့ ဒုက္ခတွေရဲ့ ဇာစ်မြစ်ကို သေချာကြည့်လိုက်မယ်ဆိုရင် မလုပ်ရမှာကို သွားလုပ်လို့ ရောက်တဲ့ဒုက္ခရယ်၊ လုပ်ရမယ့်ကိစ္စကို မလုပ်မိလို့ ရောက်ရတဲ့ဒုက္ခရယ်··ဒီနှစ်မျိုးပဲ ရှိမယ်ထင်တယ်ကွ··" ဟု ပြောလိုက်လျှင် မောင်ရဲခေါင်က -

"ဒါဖြင့် ကျုပ်ရော အခု ဘာလုပ်ရမှာလဲဗျာ··" ဟု အလောတကြီး မေးလိုက်၏။

"မင်းက ဝရမ်းပြေးပဲ၊ ပြေးရမှာက မင်းအလုပ်ပေါ့ကွ··" ဟု ရသေ့ကြီးက

"
ပြေးတော့မလို့လား
ဝရမ်းပြေးရဲ့ ႋ၊
မေးဦးလေကွာ ႋ၊
ကျွန်တော်
ဘာလုပ်ရမှာလဲလို့ ႋ၊
ငါမပြောဘူးလား၊
လူတွေဟာ
သူဘာလုပ်ရမယ်ဆိုတာ
သူ့ဟာသူ သိပြီးသားပါလို့၊
အရေးကြီးတာကတော့ ႋ
"

ပြောလိုက်လျှင် မောင်ရဲခေါင်က -

"ကျုပ်က အခမ်းခံချင်စိတ်ပေါ်လာလို့ အဖမ်းခံတော့မယ်ဆိုရင်ရောဗျာ" ဟု မေးလိုက်ပြန်ရာ ရသေ့ကြီးက -

"ကိုယ့်ကိုယ်ကိုယ် ဝရမ်းပြေးလို့ သတ်မှတ်ထားတဲ့အချိန်မှာ ပြေးပေါ့ကွာ··၊ အဖမ်းခံမယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါကျတော့လည်း အဖမ်းခံမယ့်လူ လုပ်လိုက်ပေါ့ကွာ··၊ ဒါက မေးနေစရာတောင် မလိုပါဘူး။ သဘာဝကြီးက ငါတို့ကို သင်ပြီးသားပါ··၊ မင်းရဲ့လက်ကို ဆေးလိပ်မီးနဲ့ ထိုးလိုက်မယ်ဆိုပါတော့··၊ လက်ကို ရှေ့တိုးရမလား၊ နောက်ဆုတ်ရမလား··၊ ဘယ်သူစဉ်းစားလို့တုန်း··၊ လူက စဉ်းစားဦးတော့ လက်ကမစဉ်းစားဘူး ကိုယ့်လူရေ··၊ အဲဒီလိုပဲ ဝမ်းနည်းကြေကွဲစရာ ကြုံပြီ

www.burmeseclassic.com



ဆိုရင် မျက်ရည်က အလိုလိုထွက်ပြီး သားပါ၊ အဲဒီအချိန်မျိုးမှာ ငါ မျက်ရည် ကျရမလား၊ မကျရဘူးလား၊ မျက်ရည် ဘယ်နှစက်၊ ဘယ်နှပေါက်ကျရမလဲ မစဉ်းစားကြပါဘူး‥၊ လူက စဉ်းစားဦး တော့ မျက်ရည်ကတော့ မစဉ်းစားဘူး ကိုယ့်လူရေ‥" ဟု ပြောကာ ဆေးပေါ့လိပ်ကို စိမ်ပြေနပြေ ဖွာနေပြန်၏။ မောင်ရဲခေါင်လည်း ရသေ့ကြီးကို တွေတွေကြီး စိုက်ကြည့်ရင်း -

"ရှင်းတော့မလိုလိုနဲ့ ရှုပ်သွားပြန်ပြီ ဦးရသေ့ရေ‥၊ ကျုပ် ဘာလုပ်ရမယ်ဆိုတာကိုပဲ ရှင်းရှင်းပြောစမ်းပါ" ဟု မေးလိုက်ပြန်ရာ ရသေ့ကြီးက သဘောကျစွာဖြင့် ပြုံးရင်း -

"ကိုယ်ဘာလုပ်ရမယ်ဆိုတဲ့ကိစ္စဟာ ကိုယ်က ဘာကောင်လဲဆိုတဲ့ အပေါ်မှာ မူတည်တာပေါ့ကွာ‥၊ ဆိုက်ကားနင်းတဲ့အချိန်မှာ ဆိုက်ကားသမားပေါ့၊ ဆိုက်ကားနင်းပြီး အိမ်ပြန်ရောက်လို့ ရေချိုးတဲ့အခါကျတော့ ရေချိုးသမားပေါ့ကွာ‥၊ ရေချိုးနေတဲ့အချိန်မှာ ငါက ဆိုက်ကားသမားပဲဆိုပြီး ဆိုက်ကားကြီး ကောက်နင်းနေလို့ ဖြစ်ပါ့မလားကွ‥" ဟု ပြောလိုက်လျှင် မောင်ရဲခေါင်လည်း သဘောကျ၍ ရယ်လေ၏။ ထိုအခါ ရသေ့ကြီးက -

"မရယ်နဲ့ကောင်လေး‥၊ ငါတို့လူတွေ တော်တော်များများက အဲဒီလို ကိုးလိုးကန့်လန့်အလုပ်တွေကိုပဲ တော်တော်များများကြီး လုပ်နေကြတယ်ကွ‥၊ ညအိပ်ရာဝင်တဲ့အချိန်မှာ သူ့အလုပ်က အိပ်ပစ်လိုက်ဖို့ပဲ ရှိတယ်၊ မနက်ကျရင် ငါ ဘယ်အလုပ်ကို ဘယ်လို လုပ်ရဦးမှာပါလားဆိုပြီး အလုပ်သမားအလုပ်ကို လုပ်နေတတ်တယ်၊ အဲဒီလိုနဲ့ အိပ်မပျော်တော့ဘူး၊ ညဥ့်နက်သွားရော‥၊

ဟော‥နောက်နေ့မနက်လည်း ရောက်ရော တကယ်အလုပ်လုပ်ပြီဆိုတော့ ညက အိပ်ရေးပျက်ထားတော့ လူက ငိုက်ချင်နေတယ်၊ အလုပ်ထဲမှာ အာရုံမဝင်စားဘဲ အိပ်လိုက်ရရင် ကောင်းမှာပဲလို့ တွေးနေတယ်‥၊ အလုပ်သမားဖြစ်ရမယ့်အချိန်မှာ အအိပ်သမားရဲ့ အလုပ်ကို လုပ်နေတာပေါ့ကွာ၊ အဲဒီမျိုးတွေ အများကြီးပဲကွ၊ လမ်းလျှောက်ရမယ့်အချိန်မှာ ပြေးနေကြတယ်၊ ပြေးနေရမယ့်အချိန်မှာ အိပ်နေကြတယ်၊ လူတော်တော်များဟာ ကိုယ်လုပ်ရမယ့် အလုပ်နဲ့ လုပ်နေတာနဲ့ တစ်သီကြီး လွဲချော်နေလေ့ရှိတယ်‥" ဟု ပြောလိုက်စဉ်၌ပင် မောင်ရဲခေါင်သည် အဝေးတစ်နေရာသို့ အလန့်တကြား လှမ်း၍ ညွှန်ပြလိုက်ရင်း -

"ဟား‥ ဦးရသေ့ရေ၊ ဟိုးမှာ ပုလိပ်တွေ လာနေကြပြီဗျို့‥" ဟ ပြောကာ ထ၍ပြေးရန် ဟန်ပြင်လိုက် လေ၏။ ထိုအခါ ရသေ့ကြီးက -

"ပြေးတော့မလို့လား ဝရမ်းပြေ ရဲ့‥၊ မေးဦးလေကွာ‥၊ ကျွန်တော် ဘာလုပ်ရမှာလဲလို့‥၊ ငါမပြောဘူးလာ လူတွေဟာ သူဘာလုပ်ရမယ်ဆိုတာ သူ့ဟာသူ သိပြီးသားပါလို့၊ အရေးကြီ တာကတော့ ကိုယ်လုပ်ရမယ့်ဥစ္စာ လုပ်ဖို့ပဲဟေ့‥၊ မင်းက ဝရမ်းပြေး တော့ ပြေးပေါ့ကွာ‥ ၊ ဟောဟို ပုလိပ်တွေကတော့ ပုလိပ်ဆိုတော လိုက်ဖမ်းတဲ့အလုပ်ကို လုပ်ကြလိမ့်မ မဖမ်းမှာကိုတော့ မပူနဲ့‥၊ ဖမ်းမိသွ ခဲ့ရင်လည်း မပူနဲ့၊ မင်းအမှုကို စစ်မ တရား သူကြီးတွေ ရှိပြီးသား‥၊

ထောင်ကျသွားရင်လည်း မပူ မင်းကို ထည့်ထားရမယ့် ထောင်ေ ရှိပြီးသား‥၊ ကြိုးမိန့်ကျရင်လည်း နဲ့၊ မင်းကို ဒေါက်ဖြုတ်ပေးမယ့်လူ ပြီးသား‥၊ သူ့ဟာနဲ့သူ ရှိပြီးသွားေ ပါကွာ ‥၊ အရေးကြီးတာကတေ ကိုယ်လုပ်ရမယ့်ဥစ္စာကို လုပ်ဖို့ပဲဟေ ဟု ရသေ့ကြီးကပြောနေစဉ်၌ပင် ဝ ပြေးလူရှုယ် မောင်ရဲခေါင်သည် -

"ကျုပ်လည်း ကျုပ်အလုပ် လုပ်ပြီ ဦးရသေ့ရေ‥" ဟု အော်ပြေ ရင်း ထိုနေရာမှ ပြေးထွက်သွားပြီ ပါလေတော့သတည်း‥‥။

သပွေ့မမှာ ငယ်ေ





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်ကြီးကို တစ်ခုမေးပါရစေ။ ဌာနဆိုင်ရာတွေ၊ ရုံးတွေမှာ အမိန့် ဘယ်နှမျိုး တွေ့ဖူးပါသလဲ၊ ဟုတ်ကဲ့ တစ်မျိုးတည်း..။ တစ်မျိုးတည်းပဲလား။ ဩော် .. ဩော် .. ခုတစ်မျိုး၊ တော်ကြာတစ်မျိုးဟုတ်လား။ အဟဲ .. မလိုတစ်မျိုး၊ လိုတစ်မျိုး ရှိသေးတယ် ဟုတ်လား။ ဟုတ်မှာပါ။ အဲ ... အဲ ပေးရင်တစ်မျိုး ... မပေးရင်တစ်မျိုး။ အင်း ... ဒါလည်းတွေ့ဖူးနေကြတာပဲ ဟုတ်တာပေါ့။ ဟုတ်တာပေါ့ အထုပ်သေးရင် အလုပ်နှေးတယ်။ အထုပ်ကြီးရင် အလုပ်ပြီးတယ်။ အပိုင်းလေး ပုဒ်မလေး ...။ အပိုင်းလေး – အပေးလိုင်း။ ပုဒ်မလေး–ပေးမှလုပ်။ ဟာ .. သိပ်ဟုတ်တာပေါ့ဗျာ။ အင်း ... ဒါလည်း ခေတ်ကာလတော့ကွာမှာပေါ့။ ခုဆို လာဘ်ပေးလာဘ်ယူဥပဒေတွေ ထွက်နေပြီပဲ။ ကဲ .. ဆရာရေ လာဘ်ပေးတာ မဟုတ်ဘူး။ ကန်တော့တာဗျ။ ကန်တော့တာဆိုရင် ဘယ်လိုပြောမလဲ။ ကဲ ... ကဲ .. ပရိသတ်ကြီးကို ကျွန်တော်မေး မနေတော့ပါဘူး။ သူပြောကိုယ်ပြော ပြောနေကြတဲ့ အမိန့်အမျိုးမျိုးကို ကျွန်တော်ပြောမယ်။ ကဲ .. နားဆင်ကြပါတော့ . အဲဒီအမိန့် အမျိုးမျိုးကတော့ –

(၁) ခုတစ်မျိုး
(၂) တော်ကြာတစ်မျိုး
(၃) မလိုတစ်မျိုး
(၄) လိုတစ်မျိုး
(၅) ပေးရင်တစ်မျိုး
(၆) မပေးရင်တစ်မျိုး
(၇) အဘကတစ်မျိုး
(၈) အစ်မကတစ်မျိုးဆိုပြီး အမိန့်အမျိုးမျိုးရှိတယ်လို့ ပြောကြပါတယ် ပရိသတ်။ အဲဒီအထဲမှာ နောက်ဆုံး အမိန့်နှစ်မျိုးဖြစ်တဲ့ အဘကတစ်မျိုး အစ်မကတစ်မျိုးဆိုတဲ့ အကြောင်းလေးတွေနဲ့ ဆက်နွယ်ပြီး ဒီဇာတ်လမ်းလေးကို ပြောပြမှာဖြစ်ပါတယ် ပရိသတ်ကြီးရေ ...။

ကဲ ... ဒါဆိုရင် ဒီဇာတ်လမ်းလေး မစခင်မှာ နောက်ထပ်မေးခွန်းလေးတစ်ခု ထပ်ပြီး မေးချင်ပါသေးတယ်။ ဟုတ်ကဲ့ ... ဟုတ်ကဲ့ စခန်းမှူးဆိုတဲ့ပုဂ္ဂိုလ်များကို မြင်ဖူး တွေ့ဖူးကြ

လမ်းဆုံလမ်းခွ
လမ်းမပေါ်တွေမှာ ယာဉ်
စည်းကမ်း
လမ်းစည်းကမ်းတွေ ထိန်း
သိမ်းပေးနေတဲ့
စကာတ်တိုတို၊ အင်္ကျီ အဖြူ
ဦးထုပ်အဖြူလေးတွေနဲ့
ယာဉ်ထိန်းရဲမေ
ချောချောလေးတွေရှိတယ်။
အဲ..နောက်ပြီး ရဲစခန်းတို့
ရုံးတို့မှာ ရုံးလုပ်ငန်း
လုံခြုံရေးလုပ်ငန်းတွေ
လုပ်နေတဲ့ ရဲမေတွေရှိမယ်။
နောက်တစ်ခါ သမ္မတကြီးရဲ့
ခရီးစဉ်တွေမှာ လုံခြုံရေး
ဆောင်ရွက်ပေးနေတဲ့
ဇာဇာအောင်တို့လို
တက်တက်ကြွကြွ
အမူအရာနဲ့
အမျိုးသမီးရဲအရာရှိတွေ
တွေ့ဖူးပါလိမ့်မယ်။


www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့။ (ဟာ ... တချို့ကပြောကြဦး မယ် .. တို့တစ်သက် ရဲနဲ့ ပတ်သက် ဒူး တာမှမဟုတ်တာ ဘယ်ကလာ စခန်းမှူးဆိုတဲ့ ပုဂ္ဂိုလ်ကို မြင်ဖူးရမှာ လဲ)လို့ ပြောကောင်းပြောကြပါလိမ့် မယ်။ ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ အဲဒီလို အပြင်မှာ အရှင်လတ်လတ် မမြင်ဖူးရင်လည်း ရုပ်မြင်သံကြားတွေ၊ ဇာတ်လမ်းတွေမှာ စခန်းမှူးဆိုတဲ့ လူကို မြင်ဖူးကြမှာပါ။ ကဲ ... ဟုတ်မှာပါ။ ကဲ ... ဟုတ်ပြီ အဲဒီလို စခန်းမှူးကို မြင်ဖူးကြတယ်ဆိုရင် ပရိသတ်ကြီး .. မိန်းမစခန်းမှူးကိုရော မြင်ဖူးလားလို့ ထပ်မေးပါဦးမယ်။ ရဲတပ်ဖွဲ့ဝင်တွေထဲမှာ အမျိုးသမီးရဲမေတွေရှိပါတယ်။ ဥပမာ လမ်းဆုံလမ်းခွ လမ်းမပေါ်တွေမှာ ယာဉ် စည်းကမ်း လမ်းစည်းကမ်းတွေ ထိန်း သိမ်းပေးနေတဲ့ စကတ်တိုတို၊ အင်္ကျီ အဖြူ၊ ဦးထုပ်အဖြူလေးတွေနဲ့ ယာဉ် ထိန်းရဲ မေချောချောလေးတွေရှိတယ်။ အဲ .. နောက်ပြီး ရဲစခန်းတို့ ရုံးတို့မှာရုံး လုပ်ငန်းလုံခြုံရေးလုပ်ငန်းတွေ လုပ်နေ တဲ့ ရဲမေတွေရှိမယ်။ နောက်တစ်ခါ သမ္မတကြီးရဲ့ ခရီးစဉ်တွေမှာ လုံခြုံရေး ဆောင်ရွက်ပေးနေတဲ့ ဇာဇာအောင်တို့ လို တက်တက်ကြွကြွ အမှုအရာနဲ့ အမျိုးသမီးရဲအရာရှိတွေ တွေ့ဖူးပါ လိမ့်မယ်။

စာအုပ်စာပေတွေထဲမှာဆိုရင်လည်း ဆရာနေစိုးသော်ရဲ့ စုံထောက်မလေး မေစံရှားတို့ဘာတို့ ရှိမှာပေါ့နော်။ အဲ ဒါပေမဲ့ ဒီနေ့ လက်ရှိရဲစခန်းတွေမှာ အမျိုးသမီး စခန်းမှူးဆိုတာ မရှိသေး ဘူးဗျ။ ဟုတ်ကဲ့ ... အခုကျွန်တော် ပြောမယ့်အကြောင်းက မရှိသေးဘူး ဆိုတဲ့ အမျိုးသမီးစခန်းမှူးအကြောင်းပဲ ဖြစ်ပါတယ်။

ဟာကွာ ... ကျီးမနိုး တင်ဝင်း ဆိုတဲ့ စာရေးဆရာက ဝေ့လည်ကြောင် ပတ်နဲ့ ဘာတွေများ အရစ်ရှည်နေလဲ မသိဘူးလို့တော့ မထင်လိုက်ပါနဲ့ခင်ဗျာ။ ဒီဇာတ်လမ်းလေးကိုဖတ်ပြီး လိပ်ပတ် မလည်မှာစိုးလို့ စကားချီးတွေ၊ နိဒါန်း တွေနဲ့ အစပျိုးနေရခြင်းပဲဖြစ်ပါတယ်။

တချို့တချို့ဌာနတွေမှာ အရေးပါ အရာရောက်တဲ့ ဌာနဆိုင်ရာ လူကြီးနဲ့ ပြောလို့မပြီးတဲ့ ကိစ္စတွေရှိပါတယ်။ ဒီ တော့ အဲဒီလူကြီးရဲ့ကတော် (သူ့ဇနီး) နဲ့ပြီးမှပြီးတာ။ ပရိသတ်ကြီးလည်း သိ တာပဲ မဟုတ်လား။ (ဟုတ်ရင် ဟုတ် တယ်ပေါ့ဗျာ ပရိသတ်ကြီးရေ ရဲရဲကြီး ပြောလိုက်စမ်းပါ)။ ဒါကြောင့် အဘက တစ်မျိုးပြောပေမဲ့ အဘရဲ့ဇနီး အစ်မနဲ့ ကျမှပြီးလို့ အဘကတစ်မျိုး အစ်မက တစ်မျိုး ဆိုတာတွေ ပေါ်လာတာ မဟုတ်လား။

ကဲ ... ကျွန်တော့်ဇာတ်လမ်း လေးကို စပါတော့မယ်။ ကြိုပြောထား ရဦးမယ်။ ဇာတ်လမ်းက စိတ်ကူးယဉ် မဟုတ်ဘူး။ ဖြစ်ရပ်မှန်ဗျ။ ဖြစ်ရပ်မှန်၊ ဖြစ်ရပ်မှန်။

တစ်နေ့ ... ကျွန်တော် တာဝန် ထမ်းဆောင်နေတဲ့ ဧရာဝတီတိုင်း၊ ကန် ကြီးထောင့်မြို့နယ်ကနေ ရေကြည်မြို့ နယ်၊ ငါးသိုင်းချောင်း ဆိုတဲ့မြို့လေးကို တိုင်စာ သွားစစ်ရတယ်ခင်ဗျ။ ကျွန် တော်နဲ့အတူ ရဲမှူးကြည်လွင်၊ ရဲအုပ် အောင်မြတ်သူ၊ ဒုရဲအုပ်ဇော်ဇော်၊ တပ်





www.burmeseclassic.com

www.burmeseclassic.com


ကြပ်ကြီး သန်းဇော်၊ တပ်ကြပ် ဝေမိုး တို့ အပါအဝင် တစ်ဖွဲ့ကြီးပေါ့ခင်ဗျာ။ အဲဒီ ငါးသိုင်းချောင်းမြို့လေးမှာ တိုင်စာ စစ်ရင်း တပ်ကြပ်ကြီးတစ်ယောက်ကို တွေ့တယ်။ သူ့နာမည်က မင်းမင်းအောင်တဲ့။ ခဏနားတဲ့အချိန်မှာ အချင်းချင်း စကားစမြည်ပြောကြတဲ့အခါ အဲဒီ တပ်ကြပ်ကြီး မင်းမင်းအောင်က သူ ပြည်နယ်တစ်ခုမှာ တာဝန်ကျတုန်းက တကယ့်အဖြစ်ပျက်လေးတစ်ခု ပြောပြတယ်။ ပရိသတ်ကြီးသိချင်နေတဲ့ မိန်းမ စခန်းမှူးအကြောင်းဗျာ။ မိန်းမစခန်းမှူး။ အမည်နာမ အရပ်ဒေသတွေကိုတော့ အတိအကျထည့်မပြောတော့ပါဘူးဗျာ။

သူတာဝန်ကျတဲ့ စခန်းလေးက မြို့နဲ့တော်တော်ဝေးတယ်ဆိုပဲ၊ အထက်အရာရှိတွေ၊ စစ်ဆေးသူတွေလည်း အရောက်အပေါက်နည်းသတဲ့။ အဲဒီ စခန်းမှာ (ရဲကင်းထင်ပါတယ်) ဒုရဲအုပ် စခန်းမှူးတစ်ယောက်ရှိတယ်။ အဲဒီ ဒုရဲအုပ်က ခပ်အေးအေး။ အလုပ် တာဝန်တွေလုပ်စရာရှိရင်လည်း ခပ်မှန်မှန်ပဲ ဆိုတော့ အဲဒီမှာ သူ့မိန်းမက ခပ်သွက်သွက် ခပ်ထက်ထက်နဲ့ တွေ့တော့တာပေါ့။ အဲဒီဒုရဲအုပ်ရဲ့ မိန်းမက သူ့ယောကျ်ားရဲ့ လုပ်ငန်းတွေမှာ ဝင်ပါတယ်။ ခိုင်းစရာပြောစရာရှိရင် ပထမတော့ သူ့ယောကျ်ားကပြောတယ် ဆိုတယ်၊ ခိုင်းတယ်ဆိုပြီး နောက်တော့ ရဲစခန်းတစ်ခုလုံးကို သူကပဲခြယ်လှယ် ချုပ်ကိုင်နေတော့တာပေါ့။ ဘာကိစ္စဖြစ်ဖြစ် အဲဒီမိန်းမပြီးမှပဲ ပြီးတော့တာကိုး။ ကြာတော့ သူ့ယောကျ်ားကလည်း ဘာမှမပြောတော့ဘဲ သူ့မိန်းမလုပ်သမျှ

အထက် အရာရှိတွေ၊ စစ်ဆေးသူတွေလည်း အရောက်အပေါက် နည်းသတဲ့။ အဲဒီစခန်းမှာ (ရဲကင်းထင်ပါတယ်) ဒုရဲအုပ် စခန်းမှူး တစ်ယောက်ရှိတယ်။ အဲဒီ ဒုရဲအုပ်က ခပ်အေးအေး။ အလုပ်တာဝန်တွေ လုပ်စရာရှိရင်လည်း ခပ်မှန်မှန်ပဲ ဆိုတော့ အဲဒီမှာ သူ့မိန်းမက ခပ်သွက်သွက် ခပ်ထက်ထက်နဲ့ တွေ့တော့တာပေါ့။ အဲဒီဒုရဲအုပ်ရဲ့ မိန်းမက . . .

ကို ဒီအတိုင်းလွှတ် ထားတယ်ထင်ပါ တယ်။

တစ်နေ့ ...

အဲဒီတစ်နေ့မှာ သူ့ ယောကျ်ားက သူ့စခန်းကရဲတွေကို လစာထုတ်ပေးဖို့ မြို့ကို တက်သွားတယ်။ အဲဒီအချိန် အဲဒီကာလက အဲဒီဒေသဟာ အနက် ရောင်နယ်မြေဖြစ်လို့ ယာဉ်တန်းနဲ့သွား ရတယ်။ လစာ တစ်ခါတစ်ခါ သွား ထုတ်ရင်လည်း နယ်မြေ မအေးချမ်းတာ ရယ်၊ လမ်းခရီးက တောင်ဆင်းတောင် တက်နဲ့ ဝေးကွာတာရယ်ကြောင့် သုံး လေးငါးရက် ကြာပါသတဲ့။ ဒီဇာတ် လမ်းကိုပြောတဲ့ တပ်ကြပ်ကြီး မင်းမင်း အောင်က အဲဒီတုန်းက ရဲတပ်သား အဆင့်ပဲရှိသေးတယ်။ ရောက်တာ လည်း မကြာသေးဘူး။ အဲဒီတော့ ရဲကင်းစခန်းမှာရှိနေတဲ့ ရဲတွေနဲ့ သူ့ အထက်အရာရှိရဲ့ စိတ်နေသဘောထား လုပ်ပုံကိုင်ပုံနဲ့ ဒေသမှာရှိတဲ့လူတွေရဲ့ ဓလေ့စရိုက်သဘာဝတွေနဲ့ ပတ်ဝန်း ကျင်ကို လေ့လာနေတဲ့ကာလပေါ့ သူ့အထက်အရာရှိနဲ့ အရာရှိကတော် တို့ရဲ့ အခြေအနေတွေကိုလည်း လေ့ လာရင်း သူ့စိတ်ထဲမှာ ထူးထူးခြားခြား ဖြစ်နေတာပေါ့။ အဲဒီ အရာရှိလင်မယား ကလည်း လင်မယားအချင်းချင်း အခေါ် အပြောကလည်း အတော်ညက်ညက် ညောညော ရှိလှပါသတဲ့။ မိန်းမက သူ့ယောကျ်ားကို "မောင်" "မောင်" နဲ့ တစ်မောင်တည်း "မောင်" ခေါ် တော့တာပဲ ဆိုပဲဗျ။

ကဲ ... ဇာတ်လမ်းကိုဆက်ရအောင် သူ့ယောကျ်ားလစာသွားထုတ်တဲ့ နေ


www.burmeseclassic.com

ပေါ့။ ကျွန်တော့်ဇာတ်လိုက်ကျော် မင်းမင်းအောင်ကလည်း စနေနေ့ တော့ "အင်း ဒီနေ့ စနေနေ့ စခန်းမှာ န်းမှူးလည်းမရှိဘူး ဆိုတော့ တန်းစီ မှာ မပာတ်ဘူး။ အားတုန်း အပြင် ဘာလေး ထွက်ပြီး လက်ဖက်ရည် င်လေး ဘာလေးထိုင်၊ ဈေးထဲလည်း က် လည်ဦးမယ်" ဆိုတဲ့ စိတ်ကူးနဲ့ တ်အစားတွေ လဲနေတဲ့အချိန် –

"တန်းစီမယ်ဟေ့ ... တန်းစီ ယ်" ဆိုတဲ့ အသံကို ကြားလိုက်တယ်။ န်တဲ့လူတွေလည်း အလံတိုင်ရှိတဲ့ န်းစီကွင်းကိုလာကြတာပေါ့။ မင်းမင်း ာင်စိတ်ထဲမှာတော့ စခန်းမှူးမှမရှိဘာ ယ်သူက တန်းစီမှာလဲဟေ့ဆိုပြီး .. အပါအဝင် စခန်းမှာရှိတဲ့ ရဲတွေ ကုန်လုံး ခါတိုင်းလိုတန်းစီကွင်းကို က်လာကြပါသတဲ့။

အဲဒီမှာ သူတို့တန်းစီတဲ့ နေရာကို န်းမှူးရဲ့မိန်းမက ခပ်တည်တည်နဲ့ န်နဲ့ပန်နဲ့) လမ်းလျှောက်လာတာကို လိုက်တာနဲ့ တန်းစီနေတဲ့ ရဲတွေ အကုန်လုံး တအံ့တသြနဲ့ ရယ်ရမလို ငိုရမလိုနဲ့ ဘာလိုလိုဖြစ်ကုန်ကြသတဲ့။ ဘာကြောင့် အဲသလိုဖြစ်သလဲဆိုတော့ စခန်းမှူးမိန်းမ ဝတ်စားလာတာကိုလည်း ကြည့်ကြပါဦးပရိသတ်။

သူ့ယောကျ်ားရဲ့ ယူနီဖောင်း ကာကီရောင်ကိုဝတ်လို့ (အဲဒီခေတ်က ကာကီရောင်တွေပဲ ရဲတွေဝတ်ကြပါ သေးတယ်) အပေါ်ကပခုံးမှာ ကြယ်ပွင့် ပါတဲ့ ကာကီယူနီဖောင်းအင်္ကျီပွပွကြီး ကိုဝတ်လို့။ ဘောင်းဘီကလည်း ပွပွ ရှည်ရှည်ကြီးဆိုတော့ ဘယ်လောက်များ အချိုးကျ (အဲ ... အချိုးမကျ) သလဲ ဆိုတာ မျက်စိထဲမှာပဲ မြင်ယောင်ကြည့် ကြပါတော့။

သူက တန်းစီနေတဲ့ လူတွေ ရှေ့ ရောက်လာပြီး တစ်ယောက်ပြီး တစ် ယောက် လူစစ်ပြီးနာမည်ခေါ်တယ်။ ဘယ်သူကဘာတာဝန် ဘယ်သူက ဘာ လုပ်နဲ့ ဂျူတီတွေချတယ်။ (အင်း .. ဟုတ်တော့ဟုတ်နေပြီ) ကဲ .. နောက် ပြီး .. ရဲစခန်းဝိုင်းကရဲတွေ နံနက် တိုင်း လုပ်လေ့လုပ်ထရှိတဲ့ နိုင်ငံတော် အလံအလေးပြု သစ္စာဆိုတဲ့အလုပ် လုပ်ပါပြီတဲ့ခင်ဗျာ။

အဲဒီနေရာမှာ နိုင်ငံတော်အလံ အလေးပြုသစ္စာဆိုတာကို မသိတဲ့ သူ တွေအတွက် အဆင့်လိုက် ဖြည်းဖြည်း ချင်းပြောပြလိုပါတယ်။

ပထမဆုံး တန်းစီနေတဲ့ သူတွေရဲ့ ရှေ့မှာနေတဲ့ (အမိန့်ပေးမယ့်သူ)က စစ်ရေးပြမှုအတိုင်း တပ်ဖွဲ့ ရှေ့ကြည့် ဆိုပြီး မာန်နဲ့ထန်နဲ့ အမိန့်ပေးရတယ်။ အဲဒီအခါမှာ တန်းစီနေတဲ့သူတွေက ရှေ့တည့်တည့်ကိုကြည့်ပြီး လက်နှစ်ဖက် ကို နောက်ဖက်တင်ပါးပေါ်မှာ ယှက်ပြီး တင်ထားရပါတယ်။ ရှေ့ကြည့်ပြီးရင် တပ်ဖွဲ့ .. သတိလို့ အမိန့်ပေးရပါတယ်။ အဲဒီမှာ အားလုံးက သတိဆွဲပြီးသားအနေ အထားနဲ့နေရပါတယ်။ ပြီးမှ နိုင်ငံတော် အလံကို အလေးပြုရပါတယ်။ အလေးပြု ပြီးလို့ နေမြဲလို့အမိန့်ရရင် သတိအနေ အထားမှာ ပြန်နေရပါတယ်။ အဲဒါ ပြီးရင် ရှေ့ကအမိန့်ပေးတဲ့သူက "သစ္စာ

အင်း ...ဒီနေ့ စနေနေ့ စခန်းမှာ စခန်းမှူးလည်းမရှိဘူး ဆိုတော့
တန်းစီကြမှာ မဟုတ်ဘူး။ အားတုန်း အပြင်လေးဘာလေး ထွက်ပြီး
လက်ဖက်ရည်ဆိုင်လေး ဘာလေးထိုင်၊
ဈေးထဲလည်း လျှောက်လည်ဦးမယ်" ဆိုတဲ့ စိတ်ကူးနဲ့
အဝတ်အစားတွေ လဲနေတဲ့အချိန်...



www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံတော်အလံ အလေးပြုသစ္စာဆိုတာကို မသိတဲ့သူတွေအတွက် အဆင့်လိုက် ဖြည်းဖြည်းချင်းပြောပြလိုပါတယ်။**

**ပထမဆုံး တန်းစီနေတဲ့ သူတွေရဲ့ ရှေ့မှာနေတဲ့ (အမိန့်ပေးမယ့်သူ)က စစ်ရေးပြမှုအတိုင်း တပ်ဖွဲ့ ရှေ့ကြည့်ဆိုပြီး မာန်နဲ့ထန်နဲ့ အမိန့်ပေးရတယ်။**

**အဲဒီအခါမှာ တန်းစီနေတဲ့သူတွေက ရှေ့တည့်တည့်ကိုကြည့်ပြီး လက်နှစ်ဖက်ကို နောက်ဖက်တင်ပါးပေါ်မှာယှက်ပြီး တင်ထားရပါတယ်။**

**ရှေ့ကြည့်ပြီးရင်...**



ဆို''လို့ သစ္စာနဲ့ ဆိုကြားထဲမှာ အ
လေးနည်းနည်းခြားပြီး ''ဆို''
နေရာမှ အလံကိုဆောင့်ပြီး ဟာန်
မာန်ပါပါ အမိန့်ပေးရပါတယ်။

ကဲ ...ဟုတ်ပါပြီ ...။
စခန်းမှူးမိန်းမ အဲ ... အဲ မိန်းမ
မှူးက ရှေ့ကြည့်၊ သတိလို့ ခပ်
တည် အမိန့်ပေးတယ်။ သူ့နောက်
ရှိတဲ့ ရဲတွေကလည်း သူကြည့်ငါကြ
ပြုံးစိစိနဲ့လိုက်လုပ်ကြတယ်။ စိတ်
တော့ အူတွေယားပြီး အတော်
ရယ်ချင်နေကြပြီ။

ဟုတ်ပြီ ... သူအမိန့်ဆက်ပေး
''နိုင်ငံတော်အလံအား အလေး
တဲ့ ...။

အမယ် .... တယ်ဟုတ်ပါ
တပ်ဖွဲ့ဝင်အရာရှိတွေ အမိန့်ပေး
အတိုင်း သံနေသံထားနဲ့ အလေး
နဲ့ ပြကြားမှာ သံရှည်လေးဆွဲလို့
ထောင်လို့ တစ်မျိုးကောင်းနေသေး
ပရိသတ် ...။

ဟုတ်ကဲ့ ... ရှေ့ကြည့်၊ နိုင်ငံ
အလံ အလေးပြုလို့ အမိန့်ပေး
နောက်ကတပ်ဖွဲ့ဝင်တွေကလည်း နိုင်
တော်အလံပဲ ညီညီညာညာနဲ့ လို
ပြီးအလေးပြုကြတာပေါ့။ အလေးပြု
နေမြဲလို့ဆိုတော့ ရဲတွေအားလုံး သ
အနေအထားနဲ့ပဲ ရှိနေကြတယ်။ အ
သူ့ ဟာနဲ့သူတော့ ဟုတ်နေပါလာ
ထုံးစံအတိုင်း အလေးပြု၊ နေမြဲ ပြီး

သစ္စာလေးချက်ဆိုရမှာကိုး အဲ
ရှေ့ကအမိန့်ပေးတဲ့သူက ''သစ္စာ
ဆို''လို့ အမိန့်ပေးလိုက်ရင် အားလုံး
''ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံ

www.burmeseclassic.com


သစ္စာကို စောင့်သိရိုသေပါမည်'' ...ချိပြီး ... သစ္စာလေးချက်ကို ...မာန်နဲ့အသံကျယ် ပြတ်ပြတ် ...သားနဲ့ မရပ်မနားဆိုရတာကိုးဗျ။ ...တဲ ... အခု ... အလေးပြု၊ နေ ... အမိန့်ပေးပြီးတော့ "သစ္စာဆို" ... အမိန့်ပေးရမယ့်နေရာမှာ အဲဒီ ...မှူးမိန်းမ မိန်းမစခန်းမှူးက ခဏ ... စဉ်းစားသလိုလုပ်နေပြီး ပေးချ ...တဲ့အမိန့်ကြောင့် သူ့နောက်မှာ ရှိနေကြတဲ့ တပ်ဖွဲ့ဝင်အားလုံး ဘယ်လိုမှထိန်းလို့မရတော့ဘဲ "ဝါး" ခနဲ ရယ်ချလိုက်တဲ့ ရယ်သံကြီးက သူတို့ အနားမှာရှိတဲ့ သစ်ပင်ဝါးပင်နဲ့ တောင်ကုန်း သစ်တောတွေကြားမှာ ပဲ့တင်သံ ထပ်သွားအောင် ကျယ်ကျယ်လောင်လောင်ကြီး ထွက်ပေါ်သွားပါသတဲ့။ အဲဒီအမျိုးသမီးပေးလိုက်တဲ့ အမိန့်သံက ဘာတဲ့ –

"မောင်နဲ့ဆိုတဲ့အတိုင်း . . ဆို"

ပါတဲ့ခင်ဗျာ . . .။ သူတို့အားလုံးရဲ့ ရယ်ချလိုက်တဲ့အသံကြောင့် အဲဒီ စခန်းမှူးမိန်းမ၊ မိန်းမစခန်းမှူးဟာလည်း မျက်နှာကြီးနီပြီး အပြေးတစ်ပိုင်းနဲ့ သူနေတဲ့ လိုင်းခန်းဘက်ဆီကိုသွားလိုက်တာ နောက်ကို ယောင်လို့တောင် လှည့်မကြည့်နိုင်တော့ပါဘူး ခင်ဗျာ ...။ (တစ်ခေတ်တစ်ခါက တကယ့် ဖြစ်ရပ်မှန် တစ်ခုဖြစ်ပါကြောင်း)

ကြီးမနီးတင်ဝင်း၊ ပေါင်းတည်

---

# သတ်ပုံမှန်ဖို့ လိုပါသည်

စုံထောက် ပွင့်သစ်

လူ့ဘဝဟာ
ရေပွက်ကလေးဆိုရင်
လူ့သမိုင်းဟာ
ပင်လယ်ကြီး ဖြစ်လိမ့်မယ်··။
အဲ့ဒီ ပင်လယ်ကြီးထဲမှာ
ရေပွက်တွေ အများကြီးရှိတယ်
လောကကို အလင်းပေးတဲ့ ရေပွက်
လောကကို အမှောင်ချတဲ့ ရေပွက်
ကဲ··ခင်ဗျား ကျွန်တော်
ဘယ် ရေပွက်ဖြစ်မလဲ···။
လူဆိုတာ
ကိုယ့်သမိုင်းကိုယ် ရေးတာတော့
ဟုတ်ပါတယ်··ဒါပေမဲ့··
လက်ရေးလှရုံနဲ့ မပြီးဘူး
သတ်ပုံမှန်ဖို့လည်း လိုပါတယ်···။

ကောင်းအိမ်မွှေး

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com


■

သူရိန်နေမင်း၏ အပူရှိန်က ပြေလမို့ ထင်သည်၊ အလွန်ပင် ပူပြင်းလှ၏။ အရပ်လေးမျက်နှာကို ကြည့်လိုက်တိုင်း တံလှပ်တို့က တရိပ်ရိပ် နှင့် အရိပ်အာဝါသဆိုလို့ ကိုင်းပင်ကိုင်းတန်း တချို့နှင့် ရေမန်ကျီးပင် တစ်ပင်စနှစ်ပင်စသာရှိ၏။ ကျယ်ပြန့်သော မုရင်းစပါးခင်းများတွင် လယ်စောင့်တဲကလေးများက တစ်ခေါ်သာသာဝေးကြသည်။ ဖိုးထွေးတစ်ယောက်သည် ကနေ့ဆိုလျှင် လယ်စောင့်တဲလေးမှာ စာခြောက်ရင်းလာနေတာ ဆယ်ရက်ကျော်ပြီ။ အရီးသာတင့်က သူ့ကို စာခြောက်၊ ရေတင်၊ မုရင်းသိမ်းကို စပါးသုံးဆယ်နှင့် နှစ်စဉ်ငှားရမ်းခဲ့သည်။ အရီးသာတင့်မှာ မုရင်းစပါးခင်းဧက နှစ်ဆယ်ကျော် ပိုင်ဆိုင်သော မုဆိုးမတစ်ဦး ဖြစ်သည်။ ဖိုးထွေးတို့နေထိုင်ရာဒေသက စကလယ်များသာပေါ်များသဖြင့် မုရင်းစပါးများကိုသာ အဓိကထား လုပ်လိုက်ခြင်း ဖြစ်သည်။ မိုးတွင်းရောက်သည်နှင့် ကွင်းထဲမှာရေများက ဖွေးဖွေးလှုပ်လျက်၊ ရေနက်ကွင်းများ ဖြစ်ကြသည်။ အချို့မုရင်းခင်းများမှာ မိုးတွင်းဆို ရေအနက်က လူတစ်ရပ်သာသာရှိ၏။

ဖိုးထွေးတို့ရွာကလေးမှာ အိမ်ခြေသုံးရာကျော်ကျော်ခန့်ရှိ၍ အများစုမှာ မုရင်းစပါစိုက်ခြင်းကို အဓိကထား လုပ်ကိုင်ကြ၏။ မုရင်းစပါးက မိုးစပါးထက် အထွက်ပိုသည်မို့ တစ်သီးစားသာ စိုက်ပျိုးခွင့်ရသော်လည်း တွက်ခြေကိုက်ကြ၏။ သို့သော်ရွာတွင် ဖိုးထွေးတို့လို နေ့လုပ်နေ့စား မြေယာမဲ့သူများကလည်း ရှိနေကြသည်။ ၎င်းတို့မှာ နွေဘက်ဆိုလျှင် မုရင်းစပါးသိမ်းခြင်းကို အငှားဝင်ရောက်လုပ်ကိုင်တတ်ကြပြီး မိုးတွင်းဆိုလျှင် ပုစွန်ထောင်၊ ပိုက်ချ၊ ငါးရှာ၊ ဖားရှာဖြင့် အသက်မွေးဝမ်းပြုနေကြ၏။ မိမိဒေသ၏ ရေမြေသဘာဝကိုလိုက်၍ ကျင်လည် လုပ်ကိုင်စားသောက်နေကြရခြင်းဖြစ်သည်။ ဖိုးထွေးမှာ မိဘများ မရှိတော့။ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက် ရှိသော်လည်း အစ်ကိုဖြစ်သူ ဖိုးအေးက တစ်နယ်တစ်ကျေးမှာ အိမ်ထောင်ကျ၍ အဆက်အသွယ်သိပ်မရှိခဲ့။ အစ်မမိလှ သွေးနှင့်သာ နေထိုင်တာဖြစ်၏။ သူ့နှမ မိလှသွေးမှာ ဘဝက ဆင်းရဲနုံခြာသော်လည်း ရုပ်ရည်ရူပကာက အလွန်ပင်ကြည့်ကောင်းရှုပျော်ရှိ၏။ တောသူပီပီ အသားအရေမှာ တင်းတင်းရင်းရင်းနှင့် ဖြူဝင်းစိုပြည်သူလေးဖြစ်သည်။ ရွာမှာတော့ သူမက ကွမ်းတောင်ကိုင်ပင်၊ အနေအထိုင် ကျစ်လျစ်သိမ်မွေ့မှုများကြောင့်လည်း ရွာမှာ ကာလသားများက စိတ်ဝင်တစား ရှိကြသည်။

သည်ကနေ့ ဖိုးထွေးရေတင်စရာရှိသဖြင့် ရွာရှိ အရီးသာတင့်အိမ်သို့ ပြန်လာခဲ့သည်။

"အရီးရေ ... အရီး"

"ဟော .. ဖိုးထွေး ငါဒီမှာဟေ့"

အရီးသာတင့် ခြံထဲတွင် ဘုရားပန်းလဲရန် ပန်းများခူးနေရာက သူ့ကို လှမ်းပြောသည်။

"အရီးရေ .. သည်ကနေ့ ရေတင်မှာမို့ ဒီဇယ်လာယူတာ"

"ဩော် ... အေး .. အေး"

"ဒါနဲ့ အောင်လှရော ဘယ်သွားလဲ အရီး"

အောင်လှမှာ အရီးသာတင့်၏သား ဖြစ်၏။

"နင့်ညီလား ရွာထဲမှာနေမှာပေါ့ဟယ် .. သူက မိုးလင်းတာနဲ့ အိမ်ကပ်တာ မဟုတ်ဘူး"

ဟုတ်တော့ဟုတ်သည်။ အောင်လှမှာ အရီးသာတင့်၏ တစ်ဦးတည်းသော သားဖြစ်သလို စီးပွားရေးက သောင်သောင်သာသာ ရှိသော်လည်း အလုပ်ကို လက်ကျောတင်းအောင် မလုပ်၊ မိဘစီးပွားကိုသာ ထိုင်ဖြုန်းနေတတ်သူဖြစ်၏။ ရွာတွင်ကြက်တိုက်၊ ဖဲရိုက်နှင့် လောင်းကစား မှန်သမျှ အကုန်လုပ်၏။ တစ်ခါတစ်ရံ မြာကပွဲချင်သေးသည်။ အရီးသာတင့်မှာ သူ့ကို ဖတဆိုးသားလေးမို့အလိုလိုက်လာရင်းက ရောင့်တက်နေခြင်း ဖြစ်သည်။


www.burmeseclassic.com

ဖိုးထွေးအိမ်ရှေ့ပေပါထဲမှ ဒီဇယ်များကို ဂါလံပုံးထဲသို့ လှယ်ယူပြီး မုရင်းခင်းသို့ပြန်လာခဲ့၏။ အခုချိန်ဆို စာအုပ်ကကျနေလောက်ပြီ။ သုံးလစပါးများဖြစ်သဖြင့် စပါးနှံများမှာ ထွက်ပြူစ ပြုနေပြီဖြစ်၏။ ဖိုးထွေးနေထိုင်ရာ မုရင်းခင်းမှာ ရွာနှင့်ဆိုလျှင် နှစ်ဖာလုံခန့် လှမ်းသည်။

"ဖိုးထွေးရေ . . ဖိုးထွေး"

ကိုကြီးသာကွန့်က သူ့တဲမှ လှမ်းခေါ်နေတာဖြစ်၏။

"လာပါဦးကွ ရေနွေးကြမ်းလေး ဘာလေး သောက်သွားစမ်းပါဦး"

"မသောက်တော့ဘူး။ ကိုကြီးသာကွန့်ရာ အခုဆို စာအုပ်က ကျနေလောက်ပြီ"

"ဟေ .. ဗွအး .. အေး"

"မင်းကတော့ အရီးသာတင့်ရဲ့ ပင်တိုင် ပီသပါပေတယ်ကွာ"

ကိုကြီးသာကွန့်မှာ သူ့ကိုငေါ့ထေ့နေခြင်း မဟုတ်၊ အတည်ပြောနေသည်ကို သူသိသည်။ သည်နှစ်ပါဆို အရီးသာတင့်ဆီမှာ သူအလုပ်လုပ်လာတာ သုံးနှစ်သုံးကြိမ်ပင်ရှိပြီဖြစ်၏။

အရီးကိုယ်တိုင်က သူ့ကိုတူသားနောင်မယ်အရင်းလို ဂရုစိုက်သည်။ သူတို့မောင်နှမအတွက် စားရေးဝတ်ရေး နေရေးထိုင်ရေးဘာမျှ မပူပန်ရအောင် အားလုံးစီမံပေး၏။

တစ်ခါတစ်ရံ မိလှသွေးကလည်း အရီးသာတင့်အိမ်မှာ အလုပ်သမားများအတွက် ကူညီပိုင်းဝန်း၍ ချက်ပြုတ်လုပ်ကိုင်ပေးတတ်၏။ အချိန်တွေက တစ်နွေကုန်တစ်မိုးကူးပြီး တစ်ဆောင်းသစ်ခဲ့ပြန်ချေပြီ။

သည်ကနေ့တော့ အရီးသာတင့်အိမ်မှာ လူများစည်ကားနေ၏။ ဆောင်းဘောက်သံကလည်း တဒုံးဒုံးနှင့် ညံစီနေသည်။ အောင်လှနှင့် နှင်းမြကို့၏ မင်္ဂလာညှော်ခံပွဲကို ကျင်းပနေခြင်း ဖြစ်သည်။ နှင်းမြမှာ ရွာလယ်ပိုင်းမှ ငွေတိုးချေးသည့် ဦးရွှေထွန်းနှင့် ဒေါ်ခင်တင့်တို့၏ သမီးဖြစ်၏။ သူမသည်လည်း အောင်လှလိုပင် တစ်ဦးတည်းသော သမီးကလေးဖြစ်၏။ မြို့ကျောင်းမှာ အတန်းပညာဘွဲ့ကို သင်ယူခဲ့ပြီးသူ ဖြစ်သည်။ နှစ်ဖက်လူကြီးမိဘတို့၏ သဘောတူစေ့စပ်မှုဖြင့် မင်္ဂလာဆောင်ခြင်းဖြစ်သည်။

သည်ကနေ့တော့
အရီးသာတင့်အိမ်မှာ
လူများစည်ကားနေ၏။
ဆောင်းဘောက်သံကလည်း
တဒုံးဒုံးနှင့် ညံစီနေသည်။
အောင်လှနှင့် နှင်းမြတို့၏
မင်္ဂလာညှော်ခံပွဲကို
ကျင်းပနေခြင်း ဖြစ်သည်။
နှင်းမြမှာ ရွာလယ်ပိုင်းမှ
ငွေတိုးချေးသည့်
ဦးရွှေထွန်းနှင့်
ဒေါ်ခင်တင့်တို့၏
သမီးဖြစ်၏။
သူမသည်လည်း. . .

"ဟော့ .. ကောင်မ လှသွေးရဲ့ ညည်းသည်နေ့ တယ်လှနေပါလား"

ရွာမှ အမျိုးသမီးတချို့က မိလှသွေးကို စနေကြသည်။

"လှမှာပေါ့အေ့ လှသွေးတို့က သတို့သမီးအရန်လေ"

မိလှသွေးမှာ သူတို့ဘယ်လိုပြော ပြော ပြန်ပြုံးပြနေ၏။ သို့သော် သူမ မျက်နှာက တစ်စုံတစ်ရာခံစားမှုများ ရှိ နေသည်လား မပြောတတ်။ မျက်ရည် တို့က ရစ်ဝဲနေသည်။

"ဖိုးထွေးရေ .. လာပါဦး .. သည်မှာ ထမင်းရုံအဖွဲ့ဆီကို ဆေးလိပ် သွားဝေပေးပါဦး"

ဖိုးထွေးမှာ အရီးသာတင့်လှမ်းပေး သော စီးကရက်ဘူးများကို ယူရင်း ထမင်းကျွေးနေသည့် လူငယ်များကို လိုက်လံဝေငှပေးနေ၏။

နှစ်ဖက်မိဘတို့၏ စီးပွားရေး ပြေ လည်မှုကြောင့်လည်း မင်္ဂလာပွဲမှာ အတော်ပင် စည်ကားလှသည်။ ဆွေ ကြီးမျိုးကြီးများမှလည်း အခြားအခြား သော ရွာများမှညည့်သည်များမှာ မတွ တွင် ပြည့်နေ၏။

မင်္ဂလာဘိသိက်မြောက်သောအခါ သတို့သမီးအရန်နေရာတွင် လှသွေးက နေရာယူရ၏။ လူငယ်တစ်စုက ကြိုးဖို တောင်းနေကြသဖြင့် အရီးသာတင့်မှာ ငွေတချို့ပေးလိုက်ရသည်။ သတို့သား အောင်လှ၏မျက်နှာကား ကြည်နူးမှု အရိပ်အယောင်များ ပြည့်နှက်လို့နေ၏။

သည်လိုနှင့် အောင်လှနှင့် နှင်း တို့ မင်္ဂလာဆောင်က အောင်မြင်စွာ ပြီးဆုံးသွားပြီဖြစ်သည်။

www.burmeseclassic.com



ဖိုးထွေးတို့ မောင်နှမမှာလည်း အရီးသာတင့်အိမ်မှာ အလုပ်များ အားလုံးပြီးဆုံးသွားပြီဖြစ်၍ အိမ်သို့ ပြန်လာကြလေ၏။

* * * * *

ကြားရသည့်သတင်းက မယုံနိုင် စရာ ဖြစ်သည်။ အောင်လှတစ်ယောက် ခက်လာဆောင်ပြီးတာသိပ်မကြာသေး။ နှစ်ရက်သုံးရက်သာရှိသေးသည်။ အိမ်မှ ပျောက်သွားလို့တဲ့။

သတင်းကရွာတွင်းသာမက ရွာနီး ချုပ်စပ် ကျေးရွာများအထိပါ ပျံ့နှံ့ သွားသည်။ အရီးသာတင့်အိမ်တွင် သတင်းမေးသူများ မစဲအောင်ရှိနေ၏။ နှင်းမြမှာ တရှုံ့ရှုံ့နှင့် အခန်းထဲမှာ ငိုနေ၏။

"မိုးမလင်းတလင်းနဲ့ သွားတုန်းက တော့ အရှေ့ရွာကို စပါးဖိုးသွားယူတာ ပဲ"

အရီးသာတင့်မှာ ငိုသံများ စွက် လျက် ပြောပြနေ၏။ အရှေ့ရွာဆိုတာ က သူတို့ရွာနှင့် လယ်တစ်ကွင်းသာ ခြား၏။

"အရှေ့ရွာကို သွားစုံစမ်းတော့ လည်း မလာဘူးလို့ပြောတယ်"

နောက်ဆုံး ရွာမှလူကြီးများက မြို့ ရဲစခန်းတွင် လူပျောက်တိုင်ရန် အကြံ ပေးကြ၏။

အရီးသာတင့်မှာ ဦးရွှေထွန်းတို့ လင်မယားနှင့် တိုင်ပင်နေလေသည်။

"ဖိုးထွေးရေ"

" ဗျာ . . . အရီး"

"နင်ဒီနေ့ အိမ်ပြန်ရင် လှသွေး ကို သည်ည နှင်းမြနဲ့လာနေပေးစမ်းပါလို့"

"ဟုတ်ကဲ့ . . အရီး"

အရီးသာတင့်မရှိလျှင် အိမ်တွင် နှင်းမြမှာ တစ်ယောက်တည်းဖြစ်နေ သောကြောင့် မိလှသွေးကို အဖော် ခေါ်နေခိုင်းခြင်းဖြစ်သည်။ ဖိုးထွေး ရေ ချိုးပြီးနောက် အိမ်သို့ပြန်လာခဲ့သည်။

ထို့နောက်

သူ့အစ်မ မိလှသွေးကို နှင်းမြနှင့် အဖော်သွားနေပေးရန် ပြောနေ၏။

"ဖိုးထွေး အောင်လှရွာကပျောက် သွားတာ နင်ဘယ်လိုတွေးမိလဲ"

"ဒါတော့ .. ငါဘယ်သိမလဲ အစ်မရဲ့"

"အေး .. ငါလည်း မစဉ်းစား တတ်အောင် ဖြစ်နေတယ်။ မြို့ဂတ်ကို သွားတိုင်ကြတော့မှာပေါ့"

"ဟုတ်တယ်"

"တို့မောင်နှစ်မနှစ်ယောက် အမှု ထဲပါမှာစိုးရတယ်"

"ဘာဆိုင်လို့လဲအစ်မရဲ့"

"သည်အိမ်မှာ ဝင်ထွက်နေတာ ဆိုတော့လေ"

"ပေါက်တက်ကရတွေ အစ်မ တွေး နေပြန်ပါပြီဗျာ။ သွားတော့ .. သွား တော့"

ဖိုးထွေး အစ်မဖြစ်သူကို အော်ငေါက် လိုက်ရင်း သွားရန်ပြောလိုက်၏။ ဖိုးထွေး အသံများ တုန်ခါနေသည်ဟု သူမ ထင် မိသည်။ မောင်ဖြစ်သူကို တစ်ချက် တွေကြည့်ပြီးနောက် အရီးသာတင့်တို့



www.burmeseclassic.com

အိမ်ရှိရာဘက်သို့ သူမ ထွက်လာခဲ့သည်။

* * * * *

လပြည့်ညမို့ အားလုံး ထင်ထင်လင်းလင်း ရှိနေ၏။ ညကိုးနာရီခန့် ဖြစ်သည်။

"ကိုဖိုးထွေးရေ .. ကိုဖိုးထွေး"

အိပ်ရာပေါ်တွင် အတွေးများနှင့် အိပ်မပျော်နိုင်သေး။ အပြင်မှ ခေါ်သံကြောင့် ဖိုးထွေးထွက် လာခဲ့သည်။

"ဟင် ... "

ရွာလူကြီးများနှင့် ရဲများကို သူ တွေ့လိုက်ရသည်။ အရီးသာတင့်လည်း ပါလာလေ၏။

"အရီး .. ဘာဖြစ်လို့လဲ"

သူမေးလိုက်သည်။

"ကိုဖိုးထွေး ကျွန်တော်တို့နဲ့ ရဲစခန်းကို ခဏလောက်လိုက်ခဲ့ပါ"

"ဗျာ .."

"ကျွန် ... ကျွန်တော်"

"ဟိုရောက်မှ ရှင်းကြတာပေါ့"

ရဲတပ်သားတစ်ဦးက သူ့ကို လက်ထိပ် ခပ်လိုက်၏။ အရီးသာတင့်မှာ သူ့ကိုရွံရှာမုန်းတီးသော အကြည့်များဖြင့် ကြည့်နေသည်။ အရီးသာတင့်၏ အိမ်မှာ ရေချိုးတာကို သူသွားသတိရမိသည်။

"ဟင် .."

သူခေါင်းစိုက်ကျသွားရသည်။ မျက်နှာကို လွှဲလိုက်ရ၏။ အသိက နောက်ကျသွားခဲ့ပြီ။

ရဲများက သူ့ကို မြို့ဂတ်သို့ ညတွင်းချင်းပင် ခေါ်ဆောင်သွားလေတော့၏။

* * * * *



သည့်ကနေ့ သူအလုပ်ပင်ပန်းသွားသည်။ မင်္ဂလာဆောင်တွင် ကျွေးမွေးရေးကအစ ပစ္စည်းများ အယူအပို့ အားလုံးကို သူဒိုင်ခံလုပ်ခဲ့ရသည်။ အဝတ်အစားများလဲရန် အခန်းအတွင်းသို့ ဝင်လိုက်၏။ အခန်းထဲတွင် အဝတ်အစားများကရှုပ်ပွနေသည်။ အစ်မလှသွေး၏ အင်္ကျီများကို တန်းပေါ်သို့ လှမ်းတင်ရန် သူကောက်ယူလိုက်၏။

ထိုစဉ်

အင်္ကျီအိတ်အတွင်းမှ အမှတ်မထင် စာရွက်ခေါက်ကလေးတစ်ခုက လျှောကျသွားသဖြင့် ကောက်ယူဖတ်ကြည့်လိုက်သည်။

"ဟင်"

**မမသွေး**

**မောင်စာရေးပြီး ပြောပါရစေ၊ မောင်နှင်းမြနဲ့ယူတော့မယ်။ မောင့်ကို ခွင့်လွှတ်ပါ။ ပြီးခဲ့တာတွေ မေ့လိုက်ပါတော့။ မောင်တို့ တွေ့ခွင့်မရှိနိုင်တော့တာကိုလည်း နားလည်ပါတယ်။ မောင့်ကို အမြဲချစ်နေမယ်၊ သတိရနေမယ်ဆိုရင် မမသွေး မောင့်မင်္ဂလာပွဲမှာ သတို့သမီးအရန်လုပ်ပေးပါ။ မောင့် ရင်ထဲမှာ မမသွေး အမြဲရှိနေမှာပါ။**

**မောင်(သို့မဟုတ်)**

**အောင်လှ**

စာကိုဖတ်နေသော သူ့လက်များမှာ တုန်ရီလို့နေသည်။

"တောက်"

"မိုက်ရိုင်းလိုက်တာကွာ"

ဒေါသလှိုင်းများမှာ ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာသည်။

သူဘာလုပ်ရမလဲ။ အစ်မလှသွေး



www.burmeseclassic.com

www.burmeseclassic.com



ကို မေးရမလား။ ဒါလည်းမဖြစ်သေး။ သည်အကြောင်းကို သေွးအေးအေးနှင့် စဉ်းစားရမည်။ စာရွက်ခေါက်ကလေးကို ခါးကြားသို့ ထိုးလိုက်ပြီး အဝတ်အစားများကို ယူရန် အခန်းအပြင်သို့ ထွက်လာခဲ့လေ၏။

* * * * *

လပြည့်ခါနီးမို့ ထင်သည်။ အရာအားလုံးကို သဲသဲကွဲကွဲမြင်နေရ၏။ သစ်သားပိုင်းနှင့် မီးခြစ်ကိုယူပြီး သူ လယ်ကွင်းထဲသို့ ထွက်လာခဲ့သည်။

"ကိုထွေးရေ . . ကိုထွေး"

"ဟေ"

အောင်လှတစ်ယောက် ဒယီး ဒယိုင်ဖြင့် အရှေ့ရွာဘက်မှ ပြန်လာ၏။

"အောင်လှ မင်းဘယ်ကပြန်လာတာလဲ"

"အရှေ့ရွာကို စပါးဖိုးသွားယူတာ မရောက်ခဲ့ပါဘူး ကိုထွေးရ၊ လမ်းမှာ ဟိုဘက်ရွာက ထန်းရည်သည်တွေ့လို့ အဝသောက်ပြီး အိမ်ပြန်လာတာ မိုးတောင်ချုပ်တော့မှာပဲ"

"မင်းကွာ အရီးလေးက စိတ်ပူနေတော့မှာပဲ"

"ကိုထွေးကလည်းဗျာ ဒါတွေက သိပ်မဆန်းတော့ပါဘူး"

"မင်းမှာ မိန်းမနဲ့လေကွာ"

"သွားစမ်းပါဗျာ အလကားမိန်းမတွေ"

"ဟင် . ."

သူနားထဲမှာ တဖျင်းဖျင်းဖြစ်သွားရသည်။

အလကား မိန်းမတွေပါ . . . . တဲ့။

"ဒါ . . ဒါ . . ဆို"

မောင်စာရေးပြီး
ပြောပါရစေ။
မောင်
နှင်းမြနဲ့ယူတော့မယ်။
မောင့်ကို ခွင့်လွှတ်ပါ။
ပြီးခဲ့တာတွေ
မေ့လိုက်ပါတော့။
မောင်တို့ တွေ့ခွင့်
မရှိနိုင်တော့တာကိုလည်း
နားလည်ပါတယ်။
မောင့်ကို
အမြဲချစ်နေမယ်၊
သတိရနေမယ် ဆိုရင်
မမသွေး
မောင့်မင်္ဂလာပွဲမှာ . . . .

သူ့နှလုံးသားတွင် နာကျင်သွားသည်။

"အောင်လှ"

"ဗျာ"

"ဒီကိုလာဦး . . ညီလေး"

"ဘာလုပ်မလို့လဲဗျာ . . ပြန်တော့မယ်"

"နေပါဦးကွာ . . မင်းကလဲ"

သူပြောပြောဆိုဆိုတဲ့တွင် ထိုးထားသော သစ်သားပိုင်းနှင့် ကောက်ရိုက်လိုက်၏။

'ဒုတ် . ."

"အား . ."

အောင်လှရှေ့သို့ ငိုက်သွားစဉ်

"ဒုတ် . . ဒုတ် . . ဒုတ် . ."

'အား'

ဆင့်ကာဆင့်ကာဖြင့် သူရိုက်လိုက်သည်။

အောင်လှမှောက်သွားတော့၏။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မည်သူမျှမရှိ။ ကောက်ဆွကိုထမ်းပြီး ကောက်ရိုးလှိုဏ်ခေါင်းထဲထည့်လိုက်၏။ ကောက်ရိုးများကို ပြန်ဖို့ပြီးသည် နောက် မီးရှို့လိုက်လေတော့၏။ ပြီးမှ ဟန်မပျက် သူအရီးသာတင့်အိမ်သို့ ပြန်လာပြီး ရေမိုးချိုး၍ အိမ်သို့ ပြန်လာခဲ့လေသည်။

သတိ မထားလိုက်မိသည်က အစ်မလှသွေးကို အောင်လှရေးပေးထားသည့် စာရွက်ခေါက်ကလေးမှာ ရေချိုးစဉ်က ကျကျန်ခဲ့ခြင်းပင်။


အခုတော့ . . . .

မကောင်းမှုဟူသည် ဆိပ်ကွယ်ရာ မရှိပါလားဟူ၍သာ . . . ။

လွမ်းသျှင်နောင်(မဟာသာရ)



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


□

ရခိုင်ကျွန်းစဉ်ဒေသတွင် နွေရာသီရောက်ပလားဆို လူပျိုကာလသားများ တစ်ရွာနဲ့တစ်ရွာ လှေကလေးများဖြင့် လှော်ခတ်သွားလာ လည်ပတ်ကြသည်။ ရှင်းရှင်းပြောရလျှင် စပါးပေါ်ချိန်၊ ငွေပေါ်ချိန်မို့ လူငယ်တို့သဘာဝ အိမ်ထောင်ဖက် ရှာကြခြင်းပင်။ အထူးသဖြင့် နာနတ်တောင်ရွာသည် အပျိုချောတွေပေါသည်ဟု နာမည်ကြီးသဖြင့် ပတ်ဝန်းကျင်ရွာများမှ လူပျိုများ အရောက်အပေါက်များကြသည်။

"စံကျော် ..မင်းတို့ ရွာရောက်လာတာ အရမ်းကံကောင်းတယ်ကွာ၊ မိုးစံပယ်က တို့ရွာမှာ နာမည်ကြီးလေကွာ.."

"ဟာ..သူငယ်ချင်းမြထွန်း။ မင်း ဘယ်လို ပြောလိုက်တာလဲကွာ၊ နာမည်ကြီးတယ်ဆိုတာ ဘာလဲကွာ၊ ငါ ရင်ထိတ်လိုက်တာကွာ"

"ဩော်..ဘာဖြစ်ရမလဲ စံကျော်ရာ၊ မင်းဟာလေးရဲ့ လုဂုဏ်သတင်းပေါ့ကွာ"

"မင်းတို့လည်း ကူညီကြလို့ပါကွာ၊ မင်းတို့ကို အရမ်းကျေးဇူးတင်တယ်နော်"

"စံကျော်..မင်းကို တစ်ခုမေးမယ်"

"ဘာ မေးမှာလဲကွာ အထူးအဆန်းလုပ်လို့"

"ခု မင်းရဲ့ ကြင်ယာတော်လောင်း မိုးစံပယ် ဘာလုပ်တာလဲကွာ"

"ဟာ..သူငယ်ချင်း၊ ငါ့မျက်စိထဲမှာတော့ ကြည့်လို့ကိုမဝဘူးကွာ၊ ရှေ့ကကြည့်လည်း ယဉ်တယ်၊ နောက်ကကြည့်လည်း ယဉ်တယ်၊ ဘယ်လိုပဲကြည့်ကြည့် ယဉ်တဲ့သူရယ် ဆိုသလိုပဲ သိလား"

"ဟာ..သူငယ်ချင်း၊ မင်းကြည့်ရတာ ရူးမတတ် ချစ်တယ်ဆိုတာမျိုး ဖြစ်နေပြီနော်"

"ဟုတ်တယ်၊ သူငယ်ချင်း ဟုတ်တယ်၊ ငါသူ့ကို ချစ်နေတာ အရူးအမူးပဲကွာ"

စံကျော်မှာ ဓားကောက်ကြီးရွာသားဖြစ်ပြီး နာနတ်တောင်ရွာသို့ လူပျိုလှည့်ရောက်နေခြင်း ဖြစ်ပေသည်။ မြထွန်းမှာ သူငယ်ချင်းစံကျော်ကို ကောင်းကောင်းမွန်မွန်ဧည့်ခံကာ မိတ်ကောင်းတာဝန်ကျေခဲ့သည်။ စံကျော်မှာ နာနတ်တောင် ရွာသူချော မိုးစံပယ်နှင့် အကြည့်ချင်းဆုံ ရင်ခုန်မိရာမှ နှလုံးသားအလိုလိုက်ပြီး ချစ်ကြိုက်မိကြလေပြီ။

"ဟေ့ကောင် မြထွန်း.."

မာရေကျောရေ ခေါ်လိုက်သံကြောင့် မြထွန်းနှင့် စံကျော် နောက်ကျော ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ တစ်ရွာတည်းသားရွှေတင် ခါးထောက်ပြီး ပမာမခန့် ကြည့်နေသည်ကို တွေ့လိုက်ကြရ၏။

"မြထွန်း..မင်း တော်တော်တုံးတဲ့လူ၊ တော်တော်အသုံးမကျတဲ့လူပဲကွာ"

"ဘာလဲကွ..မင်းဟာက"

"ဘာဖြစ်ရမလဲ၊ မင်းဟာ ကိုယ့်ရွာသူ အလုပဂေးကိုမှ တစ်ရွာသားလက်ထဲအပ်တဲ့ ကောင်ပဲ၊ မင်းဟာ အလကားကောင်ပဲ"

မြထွန်းနဲ့ စံကျော်တို့ ရွာပြင်ကန်ပေါင်ရိုး ကုက္ကိုပင်ကြီးအောက်တွင် လေညှင်းခံရင်း စကားစမြည်ပြောနေကြတုန်း ရွှေတင်ရောက်လာပြီး ရန်စကား ပြောနေချေပြီ။ ဧည့်သည်ရှေ့မှာ စော်ကားခံလိုက်ရခြင်းမို့ ဒေါသဖြစ်ခြင်းအကြောင်းတရားသည် မြထွန်း၏ စိတ်ရင်ပြင်တွင် ချက်ချင်း ဂယက်ထသွားသည်။

ရွှေတင်တို့မိဘတွေမှာ ကျွဲပိုင်လယ်ပိုင်ရှင်တွေ။ ရွာတွင် စပါးကျီဆန်ကျီကြီးတွေနှင့် တင့်တင့်တယ်တယ်နေနိုင်ကြသူတွေ။ ရွှေတင်မှာ မိဘဂုဏ်ရှိန်မောက်ပြီး ရွာတွင် ခပ်ကဲကဲ၊ ခပ်စွာစွာနေသူ ဖြစ်သည်။ မိုးစံပယ်၏ အလှတွင် ယစ်မူးပြီး အကြိမ်ကြိမ် ချစ်ရေးဆိုဖူးသည်။ မိုးစံပယ်မှာ သူ့ကို


www.burmeseclassic.com

ချစ်ဖို့မဆိုထားနဲ့ လမ်းမှာတွေ့ရင်တောင် အခြားတစ်ဖက်သို့ ရှောင်ထွက်သွားတတ်သည်။

"ဟော့ကောင်··ညော့သည်ကောင်၊ မင်း ခု တို့ရွာက ထွက်သွားပါ၊ မိုးစံပယ်က ငါချိန်ထားတဲ့ ဇနီးလောင်းကွ၊ ဘယ်ကောင်ရဲ့ လက်ထဲကိုမှ အပါမခံနိုင်ဘူး"

"ရွှေတင် · ·မင်းလွန်နေပြီနော်၊ ငါ့ညော့သည်ကို မင်းမစော်ကားပါနဲ့"

"အောင်မာ··မင်းက လူပါးဝလို့ မင်းတို့နှစ်ယောက်စလုံးကို ရှင်းမယ်"

ရွှေတင်မှာ ဓားမြှောင်ကိုထုတ်ပြီး မြထွန်းဆီသို့ ပြေးဝင်ကာ ရင်ဝကို တန်းတန်းမတ်မတ် ထိုးစိုက်ချလိုက်သည်။

"အင်··"

"ဖန်း"

"စွပ်··စွပ်··စွပ်"

"အား····"

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည်။ ရွှေတင်က ဓားမြှောင်ကို ညာလက်ဖြင့် မြဲမြဲကိုင်ပြီး လှမ်းအထိုးတွင် အသင့်နေရာယူထားသော မြထွန်းက ဘယ်ခြေတစ်လှမ်းတက်ပြီး ဘယ်လက်ဖြင့်ပင် ဆတ်ခနဲ တားလိုက်သည်၊ လက်မောင်းအား နှစ်ခု အဆုံတွင် ဓားမြှောင်မှာ ဖျတ်ခနဲ လွတ်ထွက်သွားကာ မြေပေါ်တွင် ချာလပတ်လည်နေ၏။ မြထွန်းမှာ အရှိန်လွန်ပြီး ယိုင်နေသော ရွှေတင်၏ခန္ဓာကိုယ် ရင်ညွန့်ပိုင်းကို ညာဖြောင့်လက်သီးတစ်လုံး ပစ်သွင်းလိုက်ရာ ရွှေတင်မှာ မြေကြီးပေါ်တွင် ပက်လက်လန်နေခဲ့လေပြီ၊ မြထွန်း



၏ စိတ်ရင်ပြင်တစ်ခုလုံးကို ဒေါသအငိုး အလျှံများ ဖုံးလွှမ်းနေခဲ့ပြီမို့ ဓားမြှောင် ကို ပြေးကောက်ပြီး ရွှေတင်၏ရင်ညွန့် ကို သုံးချက်တိတိ စိုက်သွင်းမိချေလေ ပြီကော။

ဒေါသတရား၏ အစွန်းထွက် မိုက်မဲမှုရလဒ်၏ နောက်ဆုံးအဖြေမှာ တစ်ယောက်က မပြန်လမ်းကို ကြွပြီး တစ်ယောက်မှာ ဒုက္ခဘုံလောင်အိမ်ကြီး သို့ ရောက်ရှိသွားရခြင်းပင် ဖြစ်ပေသည် တကား။

* * * * *

(၂)

"ညီလေး စဉ်းစားကြည့်၊ မြထွန်း လို ဘာမဟုတ်တဲ့အကောင်က တို့ည လေးကို သတ်လိုက်တယ်ဆိုတာ တို့ ညီအစ်ကိုတွေကို လူမထင်လို့ လု လိုက်တာလေ"

"ဟုတ်တယ်ကိုကြီး၊ ကျွန်တော် လုံးဝ မကျေနပ်နိုင်ဘူး၊ အဲဒါ··ခု ကောင်က ထောင်ထဲမှာဆိုတော့ ဘယ် လို လုပ်ကြမလဲ"

"ကြွက်မနိုင် ကျီမီးနဲ့ ရှို့ရမှာပေ ကွာ"

ရွှေလှိုင်နဲ့ ရွှေလှတို့မှာ သူတို့ည ရွှေတင်သေဆုံးသွားရမှုအတွက် ဒေါ နသာ စိတ်သည် ရင်နင့်အမျှ ရှိနေကြ ၏။

ရွှေလှိုင်တို့ညီအစ်ကိုနှစ်ယောက် မှာ ယစ်ရွှေရည်တန်ခိုးကြောင့် ဒေါသ စိတ် ပိုမိုမြောက်နေကြ၏။

"ညီလေး··လာ··"

ရွှေလှိုင်က သူ့ညီရွှေလှကို ခေါ် လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခြင်း၊ ပျက်ခြင်း အကြောင်းတရားတို့ကို ဆန်းစစ်ကြည့်လျှင် အသိအလိမ္မာ အားနည်းခြင်း၊ အစွန်းထွက် ဒေါသတရားကို မထိန်းချုပ်နိုင်ခြင်း၊ ဆင်ခြင်တုံတရား ခေါင်းပါးခြင်း၊ စာအုပ်စာပေ ဖတ်ရှုမှု မရှိခြင်းတည်းဟူသော အကြောင်းတရားများကြောင့်ဟုပဲ ကောက်ချက်ချရပေလိမ့်မည်။



ညီအစ်ကိုနှစ်ယောက် ရွာလယ်လမ်းမပေါ်သို့ ရောက်လာကြသည်။ ညအမှောင်ထဲတွင် သစ်ရွက်များကို လေတိုးသံမှအပ အရာရာသည် တိတ်ဆိတ်နေ၏။ ရွှေလှိုင်တို့ညီအစ်ကို နှစ်ယောက်ဘေးချင်းယှဉ်ပြီး လျှောက်လာကြသည်။ အိမ်တစ်အိမ်ရှေ့သို့အရောက်တွင် နှစ်ယောက်စလုံး ပြိုင်တူ ရပ်လိုက်ကြသည်။

အိမ်ထဲသို့ တစ်ချက်လှမ်းကြည့်လိုက်ကြသည်။ မီးလင်းဖိုနံဘေးတွင် ဆောင့်ကြောင့်ထိုင်ရင်း လူတစ်ယောက် မီးလှုံနေသည်ကို ဝါးနီးထရံ ကျိုးတိုးကျဲတဲကြားမှ လှမ်းမြင်နေရသည်။ ထိုသူမှာ လမ်းမဘက်သို့ ကျောပေးပြီး ရေနွေးကြမ်းသောက်နေခြင်းဖြစ်သည်။

ရွှေလှိုင် သူ့ညီ ရွှေလုလက်ကို ဆွဲပြီး အိမ်ရှေ့ အဖီလေးသို့ တက်လိုက်၏။ အိမ်ဝါးကဲလားလေးကို တွန်းကြည့်လိုက်သည်။ အသေအချာ ချည်နှောင်ထားခြင်းမရှိ။ လက်အားနဲ့ တွန်းလိုက်သည့်အတိုင်း ရွေ့လျားပါနေ၏။ နှစ်ယောက်စလုံး အိမ်ခန်းထဲသို့ ရောက်



www.burmeseclassic.com

သွားကြပေပြီ။ မီးလင်းဖိုဘေးက လူကြီးကတော့ ဘာကို စိတ်ကူးနေသည် မသိ၊ တုတ်တုတ်မျှ မလှုပ်။

"ကဲ··ညီလေး၊ လုပ်တော့"

ရွှေလှိုင်မှာ မီးဖိုဘေးက လူကြီးကို ပြေးချုပ်ပြီး သူ့ညီရွှေလှကို သတိပေးလိုက်၏။

"စွပ်··စွပ်··စွပ်··"

"အား···"

အသက် ၆၀ ကျော် ဦးဘထွန်း၏ နောက်ကျောပေါ်သို့ ဓားမြှောင်ချက် သုံးချက် စိုက်ဝင်အပြီးမှာတော့ နာကျင်စွာ အော်လိုက်သောအသံဆိုးကြီးက ညဉ့်လွှာရုံကို ဖောက်ထွင်းမြည်ဟီး သွားလေတော့သည်။

"ဟင်··ရွှေလှိုင်၊ နင်တို့ ဘယ်လိုလုပ်ကြတာလဲ"

ဦးဘထွန်း၏ဇနီး ဒေါ်အေးမြမှာ စူးစူးဝါးဝါး အော်လိုက်သံကြောင့် လန့်နိုးပြီး အိပ်ရာမှ မြန်းခနဲ ထထိုင်လိုက်၏။ အိမ်ရှေ့ခန်းဘက်သို့ လှမ်းကြည့်လိုက်ရာ ရွှေလှိုင်နဲ့ ရွှေလှတို့ ညီအစ်ကိုနှစ်ယောက်ကို တွေ့လိုက်ရသည်။ ဒေါ်အေးမြအသံကိုကြားမှ ညီအစ်ကိုနှစ်ယောက်စလုံး အိမ်ပေါ်က ပြေးဆင်းသွားကြသည်။

ဒေါ်အေးမြ သူ့ယောက်ျားအနီးသို့ အရောက်တွင် ဦးဘထွန်းမှာ ထိုးသွင်းဒဏ်ရာများနဲ့ သွေးအိုင်ထဲတွင် လဲနေပေပြီ။ ဒေါ်အေးမြမှာ အရမ်းတုန်လှုပ်နေပြီး အိမ်နီးနားချင်းများကို ဆင်နိုးလိုက်သည်။ တစ်ဆက်တည်းပင် ညမိစ္ဆာကောင်တို့၏ လူမဆန်သော လုပ်ရပ်ကို ကျေးရွာလူကြီးအား တိုင်ကြားလိုက်၏။

ဦးဘထွန်းမှာ မြထွန်း၏အဖေဖြစ်ခြင်းတည်းဟူသော အကြောင်းတရားကြောင့် လူစိတ် ကင်းမဲ့နေကြသော ရွှေလှိုင်နဲ့ ရွှေလှတို့ အယုတ်တမာဇာတ်ခင်းပြီး သူတို့ညီရွှေတင်အတွက် ကလဲ့စားချေလိုက်ကြခြင်းပင် ဖြစ်ပေသည် တကား။

အပြစ်မဲ့သော သက်ကြီးရွယ်အိုတစ်ယောက်ကတော့ ဥပစ္ဆေဒက ကံဖြင့် သံသရာခရီးသည်ဘဝ တစ်ဇာတ်သိမ်း၍ တစ်ခန်းရှာချုပ်ငြိမ်းခဲ့ရပါလေပြီကော။

* * * * *

"တောက်"

ကျွန်တော့်အစ်ကိုကြီးကို မကျေနပ်တာနဲ့ အဖေကြီး သက်ကြီးရွယ်အိုတစ်ယောက်ကို ဒီကောင်တွေ သတ်လိုက်ကြတာ လုံးဝမတရားဘူး"

"အဖေကြီးခမျာ အိုကြီးအိုမ အစိမ်းသေ သေသွားရတာ လုံးဝ မကျေနပ်နိုင်ဘူး"

"စိတ်ထိန်းစမ်းပါ သူငယ်ချင်း သူတို့အကြောင်းတရားနဲ့သူတို့ ဖြစ်ဒ တွေ့ ကျခံနေရပြီလေ"

"မင်းဘာပဲပြောပြော ငါကတော လုံးဝ မကျေနပ်ဘူးကွာ၊ အဖေ့အတွ ငါ့ရင်ထဲမှာ တစ်ဆို့နေတယ်"

"သူငယ်ချင်း မင်းစဉ်းစားနေ မင်းတစ်ခု လုပ်မိရင် အရက်မူး လုပ်တာပဲဖြစ်မယ်၊ မင်းပဲ ဒုက္ခရောက် မယ်၊ မင်းစိတ်ကို ထိန်းပါကွာ"

"မင်း စဉ်းစားကြည့်လေ၊ သူ အဖေ့ကိုသတ်တာ ငါ့ကို လူမထင် လုပ်တာကွ··၊ ငါ မကျေနပ်ဘူး ငါ သွားပြီကွာ··"

လှထွန်းကို သူငယ်ချင်းဖြစ်သူ ဘယ်လောက်ပဲ ချော့မော့ပြောပေ မရ။ စိတ်ဆင်ရိုင်း ဝင်နေသော လှထွန်း လေ့ဆိပ်သို့ သုတ်ခြေတင်ခဲ့လေပြီ။

လှထွန်းမှာ မြထွန်း၏ ညီဖြ သည်။ သူ့အစ်ကို မြထွန်း၏ စနက် ကြောင့် သူ့အဖေ ဦးဘထွန်းကို ရက် ရက်စက်စက်သတ်သွားကြသော ရွှေ

**အသက် ၆၀ ကျော် ဦးဘထွန်း၏ နောက်ကျောပေါ်သို့ ဓားမြှောင်ချက် သုံးချက် စိုက်ဝင်အပြီးမှာတော့ နာကျင်စွာ အော်လိုက်သောအသံဆိုးကြီး က ညဉ့်လွှာရုံကို ဖောက်ထွင်းမြည်ဟီး သွားလေတော့သည်။**


www.burmeseclassic.com

www.burmeseclassic.com



လှိုင်တို့ ညီအစ်ကိုနှစ်ယောက်ကို လုံးဝ မကျေနပ်။ ဒေါ်သတရားနဲ့ မကျေနပ်မှု အာဃာတတရားသည် ရင်ထဲတွင် ပြည့်လျှံနေ၏။


လုထွန်း လှေကြိုးကိုဖြုတ်ပြီး ရွာချောင်းရိုးအတိုင်း လှော်ဆင်းသွားလိုက်သည်။ ဆန္ဒဇောအမှောင်က သူ့အသိစိတ်အား စိုးမိုးနေပေရာ လှေလှော်ချက်တိုင်း အင်ပြည့်အားပြည့် ဖြစ်နေ၏။ လှေကလေးမှာ ချောင်းရိုးအတိုင်း တရိပ်ရိပ် ပြေးနေ၏။ လှေကို ချက်ချင်းဆိုက်ကပ်ပြီး လှေကြိုးချည်လိုက်သည်။ လုထွန်း ခပ်သွက်သွက် ပြေးတက်လိုက်သည်။

လယ်တဲတစ်ခုအနီးတွင် ကောက်ရိုးကျီခြံ ချည်နေသော အသက် ၆၀ ကျော် အဘိုးကြီးတစ်ဦးနောက်သို့ လုထွန်း ရောက်သွား၏။ အဘိုးကြီးက တော့ အလုပ်ကိုသာ အာရုံစိုက်နေပြီး ဘေးဘယ်ညာ ဘာမျှ သတိမထားမိပေ။ လုထွန်း ဓားမကို လက်နှစ်ဖက်ဖြင့် မြဲမြဲကိုင်ပြီး အားကုန်မြှောက်ကာ အဘိုးကြီး၏ ဦးခေါင်းကို ထက်ခြမ်းကွဲအောင် ခုတ်ချလိုက်လေတော့သည်။

"အား..."

"အဲဒါ..အဖေ့အတွက် ကလဲ့စားပဲ"

ရွှေလှိုင်တို့အဖေ အဘိုးကြီးမှာ



ဒေါ်သတရား၏
အစွန်းထွက်
မိုက်မဲမှုရလဒ်၏
နောက်ဆုံးအဖြေမှာ
တစ်ယောက်က
မပြန်လမ်းကို ကြွပြီး
တစ်ယောက်မှာ
ဒုက္ခဘုံ
လှောင်အိမ်ကြီးသို့
ရောက်ရှိသွားရခြင်းပင်
ဖြစ်ပေသည်
တကား။...



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ပွဲချင်းပြီးခဲ့လေပြီ။

"ဟင် • • အဲဒါ ဟိုကောင်လေး လှထွန်းပဲ၊ ကလေးတို့အဖေကြီးကို သတ်သွားပြီး ဒုက္ခပါပဲ"

ဒေါ်ခိုင်ဇံမှာ မချိမဆံ့အော်သံကြား၍ သူ့ယောက်ျား ဦးထွန်းလှိုင်ကို တဲထဲမှ လှမ်းကြည့်လိုက်ရာ နေရာတွင် ပင် ခွေလဲကျသွားသည်ကို လှမ်းမြင်လိုက်ရသည်။ လှထွန်းကတော့ သူ့ကိစ္စဆောင်ရွက်ပြီးပြီမို့ လေဆိပ်သို့ သုတ်ခြေတင်သွားခဲ့လေပြီ၊ ဒေါ်ခိုင်ဇံမှာ ကြောက်ရွံ့တုန်လှုပ်ပြီး ဆောက်တည်ရာမရ ဖြစ်နေ၏။

ဦးထွန်းလှိုင်မှာ သားနှစ်ယောက် လူသတ်မှုနဲ့ အပြစ်ရှိသူတို့ ဒုက္ခခံရာ ထောင်တည်းဟူသော အကုသိုလ်ရောင်ကြီးထဲ ရောက်သွားချိန်တွင် လယ်ယာလုပ်ငန်းကို အိုကြီးအိုမနဲ့ ဦးစီးလုပ်ကိုင်ရုန်းကန်နေရချိန် ဖြစ်သည်။

ခုတော့ မလိမ္မာကြသော သားမိုက်တို့၏ အကုသိုလ်လုပ်ရပ်ကြောင့် ဖခင်ကြီးပါ အဆစ်ပါ အသေဆိုးနဲ့ သေခဲ့ရပါပေါ့လား။

* * * *

ဖြစ်ခြင်း၊ ပျက်ခြင်း အကြောင်းတရားတို့ကို ဆန်းစစ်ကြည့်လျှင် အသိအလိမ္မာ အားနည်းခြင်း၊ အစွန်းထွက်ဒေါသတရားကို မထိန်းချုပ်နိုင်ခြင်း၊ ဆင်ခြင်တုံတရား ခေါင်းပါးခြင်း၊ စာအုပ်စာပေ ဖတ်ရှုမှု မရှိခြင်းတည်းဟူသော အကြောင်းတရားများကြောင့် ဟုပဲ ကောက်ချက်ချရပေလိမ့်မည်။

စာပေအသိ မရှိသည့်အပြင် လှ... တကာအပေါ် မိုလ်ကျစိုးမိုးချင်သော မိုက်ရူးရဲစိတ်ကြောင့် ရွှေတင်မှာ ကိုယ်... လက်နက်နှင့်ကိုယ် အသတ်ခံရသည်... သူ့ကို အကြောင်းပြုပြီး အဖေကြီးမှာ... အိုကြီးအိုမနဲ့ ဓားခုတ်အသတ်ခံရသည်... အပြင် အစ်ကိုနှစ်ယောက်မှာလည်း... ထောင်ကျခံရပြီး မိသားစုနဲ့ ရှင်ကွဲ ကွဲ... ကြရကာ လူမှုရေး၊ စီးပွားရေး ပျက်စီး... ကြရသည်။ မိခင်ကြီး ဒေါ်ခိုင်ဇံမှာလည်း... လင်သေက၊ သားတွေသေကနဲ့ ဗျာ... ပါဒတွေဖုံးကာ ကြိမ်မီးအုံးသို့ ခံစား... ရပေပြီ။

ဆင်ခြေတုံတရား အသိအားနည်... သော မြထွန်းမှာလည်း မဟုတ်လှ... မခံဆိုသော ဒေါသမန်ဖြင့် ရန်ကို... ချင်း တုံ့နှင်းခဲ့မှုကြောင့် လူတစ်ယော... ကို သတ်မိပြီး ဒုက္ခတောထဲ ရော... သွားခဲ့ရသည်။ သူ့အကြောင်းတ... ကြောင့် ပဲ ညီဖြစ်သူ လှထွန်းမှာလည်... လူသတ်မှုကျူးလွန်ခဲ့ရပြီ၊ နရသိန် ဒု... အိမ်ထဲ လဲခဲ့ရလေပြီ။

အမိုက်ကောင်တို့၏ လူမဆန်... မိုက်ဇာတ်ခင်းခဲ့ကြမှုကြောင့် ကျေးလ... တောရွာနေ၊ လယ်သမားမိသားစု နှ... မှာ ပူပြီးဖြာဝေ သောကနွယ်ပြီး စီး... ပျက်၊ ဘဝပျက် ဖြစ်ကြရလေပြီ။

သည်လူတွေ လူဖြစ်လာရ တ... ခဏမှာ အဘယ်မှာလျှင် သံသ... အတွက် လမ်းကောင်းရအံ့ပါမည်နည်... လူမှန်ရင် လူစိတ်ရှိဖို့တော့ လိုအပ်... သည်တကား။

ကျန်းစဉ်မြစောသ...





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

■

"ဂျိမ်း .. ဒလိမ်း .. ဝုန်း . ."

"အမလေး"

တိတ်ဆိတ်နေသော ညအခါ သမယဝယ် မိုးကလည်း သည်းသည်းမည်းမည်း ရွာသွန်းနေစဉ် ကြောက်မက်ဖွယ်ရာ မြည်ဟီးသံကြီးနှင့်အတူ ကြောက်လန့်တကြား အော်ဟစ်လိုက်သံက တိတ်ဆိတ်နေမှုကို ထွင်းဖောက်ပြီး ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

ကျွန်ုပ်လည်း မိုးအေးအေးနှင့် ပူးဝတံခါးကြီးအတွင်းရှိ တာဝန်မှူး ခုတင်ပေါ်တွင် အဓိဋ္ဌာန်ပုတီးစိပ်နေခိုက် ရုတ်တရက်ကြားလိုက်ရသော အသံကြောင့် တံခါးတာဝန်ကျ ဝန်ထမ်းကို လှမ်းမေးလိုက်စဉ် ..

"ဟော့ .. ဝင်းအောင် .. ဘယ်က အသံတွေလဲ . ."

"ဆရာ . . အမျိုးသမီးဆောင်ထဲက .. လန့်အော်တာထင်တယ် .."

"ဟာ .. မဖြစ်သေးပါဘူး . . အထဲမှာ တစ်ခုခုများ ဖြစ်နေလို့လားမသိဘူး . . ဝင်စစ်ဆေးဦးမှဖြစ်မယ်"

ကျွန်ုပ်လည်း ပုတီးစိပ်နေခြင်းကို ရပ်ဆိုင်းပစ်လိုက်ပြီးနောက် မိုးများ ရွာသွန်းနေဆဲဖြစ်သဖြင့် ယူနီဖော ်းအင်္ကျီပေါ်မှ မိုးကာအင်္ကျီကို ထပ်ဝတ်လိုက်သည်။ နောက် ခေါင်းရင်းဘက်ရှိ ခုတင်ပေါ်တင်ထားသော သုံးထောင့်ထိုးဓာတ်မီးကို ယူဆောင်လျက် တံခါးထဲထွက်လာသည်။

တံခါးထဲတွင် တာဝန်ကျနေသော တပ်သားဝင်းအောင်အား ကျန် ဝန်ထမ်းတစ်ဦးကို နှိုးခိုင်းပြီး ဘီရိုထဲမှ အမျိုးသမီး ဆောင်သော့ကို ထုတ်ကာ ယူလိုက်သည်။ တပ်သား ဝင်းအောင်နှင့်အတူ မိုးရေထဲမှာ အမျိုးသမီးဆောင်ဘက်ထွက်လာကြလေသည်။

မိုးများတဝေါဝေါရွာနေသည့် ကြားမှ အမျိုးသမီးဆောင်တံခါးကို သော့ဖွင့်ကာ ဝင်ရောက်လာစဉ် ညကင်းတာဝန်ကျ တပ်ကြပ်ဒေါ်ပြုံးမှ စောင့်ကြိုနေသည်။

"ဒေါ်ပြုံး . . ဘာဖြစ်တာလဲဗျ"

"ဆရာရေ . . မိန်းမဆောင်အနောက်ဖက် . . ကြိုးစင်ကြီးဆီကနေ ဝုန်းဒိုင်းအသံတွေကြားလိုက်ရလို့ အထဲကလန့်အော်တာပါ . ."

"မိုးကြိုးပစ်တာလား . . မိုးချုန်းသံလား မသိပါဘူး .. အထဲမှာတော့ ဘာမှမဖြစ်ဘူး .. မဟုတ်လား .."

"ဟုတ်ကဲ့ဆရာ . . ဘာမှမဖြစ်ပါဘူး . . အားလုံးကောင်းပါတယ်"

"ကဲ . . ဒါဆို . . အဆောင်နောက်ဖက် . . ကြိုးစင်ဆီ သွားကြည့်ဦးမယ် . ."

ကျွန်ုပ်နှင့် တပ်သားဝင်းအောင် နှစ်ဦးသည် အမျိုးသမီးဆောင် သော့ခတ်ပြီး ပြန်ထွက်လာကြသည် ညအိပ်ချိန်ပေးထားပြီးသောကြော မိုးထဲလေထဲမှာထောင်ကြီးတစ်ထော လုံးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်

အပြင်ဘက်မှာသာ မိုးသံလေ များနှင့်အတူ တဝုန်းဝုန်း ရွာချနေ သေ မိုးသံများ သစ်ပင်ကြီးများ လေပြင်းတိုက်ခတ်နေမှုကြောင့် တ အော်မြည်သံများကိုသာ ကြားနေ သည်။

အိပ်ဆောင်တွေထဲရှိ အကျဉ်းသာ များမှာလည်း မိုးအေးအေးနှင့် လို့ ကောင်းနေမည်ထင်သည်။ ကျ နှင့် ဝင်းအောင်တို့နှစ်ဦးသည် မိုး သွန်းနေသည့် အထဲမှာ အမျိုးသ ဆောင်ဘေး ထောင်အုတ်ရိုးပတ်လ အတိုင်း ကြိုးစင်ကြီးဘက်ဆီ လျှောက်လာနေကြသည်။

မိန်းမဆောင်အလွန် နှင်းဆီ ကြီးနားရောက်သောအခါ ရှေ့မှာ စစ် တစ်ကောင်ဆွဲလျက် စစ်ခွေးတိုက် တပ်ကြပ်အောင်ထွန်း ကင်းလှည့် နေသည်ကို ဘွားခနဲ တွေ့ မြင်လိုက် သည်။

"ဘယ်လိုလဲ ဆရာအောင်ထွ စောစောကမိုးရွာသွန်းနေတုန်း ကြိ ဘက်က အသံဗလံတွေ ကြားလို သေးလားကွ"

"ဟုတ်တယ်ဆရာ၊ ကျွန်တေ လည်း ဆူဆူညံညံအသံတွေ ကြ လိုက်လို့ အဲဒီဘက်ကို ကင်းလှ စစ်ဆေးဖို့ ထွက်လာခဲ့တာပဲ

www.burmeseclassic.com



ကျွန်ုပ်တို့သုံးဦးသည် ကျွန်ုပ်လက်ထဲမှ ထိုးထားသော လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် မိုးရေကြီးထဲဝယ် အတူတူလျှောက်လာနေကြသည်။ တပ်ကြပ်အောင်ထွန်းသည် အယ်လ်ဖေးရှင်းခွေးကြီးအား ကြိုးဖြင့်ဆွဲလျက် ရှေ့မှသွားနေသည်။

ကြိုးစင်ကြီးနားသို့ ရောက်သောအခါ လက်နှိပ်ဓာတ်မီးဖြင့် အပေါ်ဘက်နေရာဆီ လှမ်းထိုးကြည့်ရှာဖွေနေသည်။ မိုးများရွာသွန်းနေသည့်အထဲမှာ ကြိုးစင်အုတ်ခုံပေါ်တွင် တပ်ဆင်ထားသော သံယက်မတန်းကြီးမှာ ပျက်စီးယိုယွင်းနေခြင်းမရှိဘဲ ပကတိအတိုင်းရှိနေသည်။

ကျွန်ုပ်လည်း စိတ်ကျေနပ်မှုမရှိသေးသဖြင့် ကြိုးစင်ကြီးပေါ်သို့ လှေကားမှတဆင့် တက်ရောက်သွား ကာ ဟိုဟိုဒီဒီ ရှာဖွေကြည့်နေလေသည်။ သို့သော်လည်း မည်သည့်ထူးခြားချက်မှ မတွေ့ရှိရဘဲ အေးဆေးတည်ငြိမ်လျက် ရှိနေသည်။

"အင်း .. ထူးတော့ တော်တော်ထူးဆန်းတာပဲ .. မကောင်းတဲ့ အတိတ်နိမိတ်ကို ပြနေတာလား မသိဘူး"

ဟု စိတ်ထဲမှာ တွေးနေမိသည်။ ထို့နောက် ကြိုးစင်ကြီး ပတ်ပတ်လည် လှည့်ပတ်စစ်ဆေးပြီး တပ်သား ဝင်းအောင်နှင့်အတူ ပြန်လာကြသည်။ တပ်ကြပ်အောင်ထွန်းသည် စစ်ခွေးကြီး ဆွဲလျက် ထောင်အုတ်ရိုး ပတ်လမ်းအတိုင်း ဆက်လက် ကင်းစစ်သွားနေသည်။

ကျွန်ုပ်လည်း ဗူးဝတံခါးနားရောက်ခါမှ ထွက်လာလက်စနှင့် မထူးဘူးဆိုပြီး တပ်သားဝင်းအောင်ကို ပြန်လွှတ်ကာ ဒုတိယအကြိမ် ညကင်းရောင်းလှည့်ရန် ထောင်ကြီးဘက် ဆက် လက်လျှောက်လာခဲ့လေသည်။

ကျွန်ုပ်တာဝန်ကျသော ကြိုးတိုက်ခန်းများဆီသို့ အယင်ဆုံး ခြေဦး လှည့်စစ်ဆေးနေသည်။ ကြိုးတိုက်ခန်းထဲရှိ ကြိုးသမားအားလုံးသည် အပူအပင်ကင်းမဲ့စွာဖြင့် ကြိုးတိုက်ခန်းလေးများထဲဝယ် ခြေပစ်လက်ပစ် အိပ်မောကျနေကြသည်။

ယခုလို အိပ်ပျော်နေစဥ် ရှုမြင်ရသည်မှာ အပြစ်ကင်းစင်သော ကလေးငယ်များနှယ် မှတ်ထင်နေရသည်။ သို့သော်လည်း ပကတိအခြေအနေတွင်မူ ရက်စက်မှုကို ကမ်းကုန်အောင် လုပ်ဆောင်ခဲ့ကြသူများမို့ ဤလိုနေရာမျိုးကို ရောက်ရှိလာခဲ့ကြခြင်းဖြစ်ပါသည်။

✦✦✦

သေရမည်ကို
လူတိုင်းကြောက်ကြ၏။
ယင်းတို့အထဲမှ သူတစ်ပါး၏
အသက်ကို ဖက်ရှက်နယ်
သဘောထားကာ
ရက်ရက်စက်စက်
သတ်ဖြတ်ခဲ့သူများသည်
သူတို့ခံရသည့် အလှည့်သို့
ရောက်သောအခါမျိုးတွင် . . .

✦✦✦

ရင်းတို့သည် ကြိုးသမားဘဝဖြင့် ကြိုးတိုက်ထဲသို့ ရောက်လာခဲ့သည့်တိုင် နောင်တမရကြသေးဘဲ တချို့ကလည်း သတ်ရဲရင်သေရဲတယ်ကွ။ ကြိုးစင်ပေါ်ခုချက်ချင်းပို့လိုက်စမ်းပါ။ သေရမှာ ကြောက်ရင် လူမသတ်ဘူးကွ။ လုပ်ရဲရင် ခံရဲတယ်စသည်ဖြင့် သေဒဏ်အမိန့် ချမှတ်လိုက်စဉ် တရားရုံးပေါ်တွင် အာဂသူရဲကောင်းများနှယ် ကြွေးကြော်ခဲ့ကြလေသည်။

လောကတွင် သေရမည်ကို မကြောက်သူ ဟူ၍ ရှိလိမ့်မည်မထင်ပါ။ အကယ်၍ သေရမည်ကို မကြောက်ဟု ဆိုလာသူသည် အမှန်တကယ် သေဘေးနှင့် ရင်မဆိုင်ရသေး၍ သော်လည်းကောင်း၊ သေရမည့်အချိန်၊ နာရီ၊ နေရက်ကို မသိသေး၍သော်လည်းကောင်း ဖြစ်ပါလိမ့်မည်။

သေရမည်ကို လူတိုင်းကြောက်ကြ၏။ ယင်းတို့အထဲမှ သူတစ်ပါး၏ အသက်ကို ဖက်ရှက်နယ်သဘောထားကာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူများသည် သူတို့ခံရသည့် အလှည့်သို့ ရောက်သောအခါမျိုးတွင် သေရမည်ကို ပို၍ကြောက်တတ်ကြပေသည်။

ကြိုးတိုက်ခန်းများထဲရှိ ကြိုးသမားများကို ကြည့်ပြီး တရားသံဝေဂ ရစရာကောင်းလှပေသည်။ မိမိတို့ ကိုယ်ကို နိုင်ငံတော်မှ အပြစ် ကျူးလွန်လာခဲ့သူများဖြစ်သဖြင့် သေမိန့်ချထား ပြီးသူများသည်။

သို့သော်လည်း ကံကိုယုံ၍ ဆုံးပုံမနင်းနဲ့ ဟူသော စကားလို မိမိတို့အသက်ချမ်းသာလိုချမ်းသာငြား ထိုင်



www.burmeseclassic.com

ထဲရောက်လာမှ ပုတီးနေ့ညမပြတ် စိပ်လာသူများ၊ ဝိပဿနာတရားကို သူတော်စင်များနှယ် ကျင့်ကြံကြသူများသည် ထောင်တွင်းအယူခံကို အားကိုးအားထားပြုကာ ကျင့်ကြံ အားထုတ်လာကြသည်။

ဒီလိုကောင်းမှုကုသိုလ်လုပ်သည်ဆိုတာကလည်း အတိတ်ကံက ပါလာမှ ကောင်းမှုကုသိုလ်လုပ်၍ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ခုပဲ ရာဇဝတ်မှု ကျူးလွန်လို့ သေဒဏ်ချလိုက်ကာမှ တရားဘာဝနာ ထစီးဖြန်းနေလို့လည်း ဘာများအကျိုးထူးလာမှာလဲ။

ကိုယ်ပြုကျင့်ခဲ့စဉ်တုန်းက သူတစ်ပါးအပေါ် ငဲ့ညှာထောက်ထားမှု၊ စာနာသနားမှုမရှိခဲ့ဘဲ၊ ကိုယ်ခံရမည့်အလှည့်ရောက်ခါမှ သေဘေးက လွတ်မြောက်လို လွတ်မြောက်ငြား သွေးရူးသွေးတန်းထလုပ်နေသည့်မှာ ဖရုန်စသူမြက်တစ်ပင်ဆွဲနေသလိုသာ ဖြစ်နေပေမည်။

ကျွန်ုပ်သည် မိမိကြိုးတိုက်တာဝန်ထမ်းဆောင်နေစဉ် ကြိုးသမားများ၏ ပြစ်မှုအထွေထွေကို အားလုံးကြားသိနေသောကြောင့် ကြိုးသမားအားလုံးသည် အယူခံကို ဝင်ထားဆဲလူများဖြစ်သည်။

တချို့ဆိုလျှင် ဗဟိုတရားရုံးမှ အယူခံကို ပလပ်ခံထားရသဖြင့် စောဒကမှု တင်သွင်းထားဆဲဖြစ်နေသည်။ ကြိုးတိုက်ထဲတွင် ကြိုးသမား (၂၀)ဦးခန့်ရှိနေသည်။ တချို့လည်း အယူခံရှုံးနိမ့်သွားသဖြင့် ကြိုးစင်ပေါ်သို့ တက်သွားရပြီး ဘဝဇာတ်သိမ်းသွားကြသူများလည်း ရှိလေသည်။

သို့သော်လည်း ကြိုးသမားအဟောင်းကုန်သွားပြန်တော့လည်း နောက်ထပ်ကြိုးသမားအသစ်များက ဝင်လာမစဲ တသဲသဲပင်။ ပြစ်မှုကို ကျူးလွန်လာခဲ့ကြသူများသည် မျက်ကန်း တစ္ဆေမကြောက်သလို လူများသည်။ အမှုတစ်ခုကို လွယ်လွယ်ပင်ကြံစည်၍ လွယ်လွယ်ပင် ကျူးလွန်လာခဲ့ကြသူများ၊ ရှေ့နောက် ဆင်ခြင်တိုင်းထွာမှု အသိဉာဏ်နည်းပါးကြသူများဖြစ်သည်။ မိမိလိုချင် တပ်မက်မှု တစ်ခုတည်းနောက်ကို ဖွတ်ပိုက်လိုက်





www.burmeseclassic.com

www.burmeseclassic.com



ကြပြီးနောက်ဆုံး မဖြေရှင်းနိုင်သော အခြေအနေရောက်မှ ကီစွတုံး "စီရင် လိုက်သောအခါ ပြစ်မှုက ပိုကြီးသွားလေ တော့သည်။

ဒါကြောင့်မည်ကဲ့သို့သော ရာဇဝတ် မှုမျိုးကိုမဆို ကျူးလွန်ခဲ့ကြသူများ အတွက် ကောင်းကျိုးပေးခဲ့သည်ဟူ၍ မရှိပေ။ ဆိုးကျိုးနှင့်သာလျှင် မုချမသွေ တွေ့ရမည်ဖြစ်ပါသည်။

ဤကဲ့သို့သတ်သူခံရသည့် အလှည့် တွင်မူ စိတ်ဝေဒနာ၊ ကိုယ်ဝေဒနာများ ကို လနှင့်နှစ်နှင့်ချီ၍ ခံစားရပြီးနောက် အသေဆိုးသေရမည့် ကြိုးစင်ပေါ်တွင် တစ်ဖန် အသေခံရပြန်လေသည်။ အကယ်၍ အယူခံနိုင်သဖြင့် ကြိုးက လွတ်မြောက်လာသည့်တိုင် ထောင် တစ်သက် လွတ်ရက်မရှိဟူသော ပြစ် ဒဏ်ကို မိုးဆုံးမြေဆုံးဆက်လက် ကျခံ ကြရပြန်လေသည်။

ကျွန်ုပ်သည် ကြိုးသမားများ၏ ဘဝကို ဆင်ခြင်တွေးတောကာ တိုက် ခန်းထဲဝယ် တစ်ဦးတည်းလှည့်လည် စစ်ဆေးကြည့်ရှုနေလေသည်။ ကြိုး သမားအများစုကတော့ အယူခံအဆင့် ဆင့် ရှုံးနိမ့်ထားသူများဖြစ်သော ကြောင့် မည်သူသည် ကံဆိုးသူ မောင်ရှင်ဖြစ် မည်ကို မှန်းဆ၍ မရနိုင်ပေ။

မည်သို့ပင်ဖြစ်စေ၊ ကြိုးသမားတို့ မည်သည် ကြိုးစင်ပေါ်တွင်သော ဘဝ ဇာတ်သိမ်းကြရသည်ကများလေသည်။ ကံကောင်းလွန်းမှသာ ကြိုးစင်နှင့် ကင်း လွတ်နိုင်သူများဖြစ်ပေသည်။ များသော အားဖြင့် သေဒဏ်ကျခံထားပြီးသော ကြိုးသမားအားလုံးသည် တူသော အကျိုးပေးကိုသာ ခံကြရလေ သည်။

ကျွန်ုပ်လည်း ကြိုးတိုက်ခန်းထဲ လှည့်လည်စစ်ဆေးပြီးနောက် အခြား သော တိုက်ခန်းများဘက်ဆီ ခြေဦး လှည့်လည် စစ်ဆေးနေသည်။ အပြင် ဘက်မှာတော့ မိုးတွေကလည်း မစဲ နိုင်သေးဘဲ တသည်းသည်းရွာသွန်းနေ ဆဲ ရှိလေသည်။

"ဆရာ .. ထောင်ပိုင်ကြီးက ရုံး ကိုလာခဲ့ပါတဲ့"

ကျွန်ုပ်ထံမိန်းဂျေးလ်ရုံးခန်းမှ ဗာရာ တစ်ဦးမှ လာရောက်သတင်းပို့နေသည်။ ကျွန်ုပ်သည် တိုက်ရုံးခန်းထဲမှာ အလုပ် လုပ်နေစဉ်ဖြစ်ပါသည်။ ကျွန်ုပ်လည်း ထောင်ပိုင်ကြီး ခေါ်သည်ဆို၍ တိုက်ထဲမှ ဗူးဝရုံးခန်းဆီ အမြန် သွားရောက်ခဲ့လေ သည်။

"ကဲ .. ဗိုလ်စိုးရေ .. ဟောဒီ မှာ အမင်္ဂလာ စာအိတ်နီတစ်လုံး ရောက်လာပြီကွဲ့"

"ဟုတ်ကဲ့ . . ထောင်ပိုင်ကြီး"

"အဲဒါ .. ဘယ်သူဖြစ်မယ်ဆို တာ .. မောင်ရင့်ဘာသာဖွင့်ဖောက်ပြီး စီစဉ်စရာရှိတာ စီစဉ်ထားလိုက်ဦး"

"ဟုတ်ကဲ့ . . ဆောင်ရွက်လိုက် ပါ့မယ်"

ကျွန်ုပ်သည် သေမင်းတမန်တော် စာအိတ်နီလေးကို အိတ်ကပ်ထဲထည့် ပြီး မိမိတာဝန်ကျနေသော ကြိုးတိုက် ခန်းဆီ ပြန်လာခဲ့လေသည်။ ဒီတော့ မှ လွန်ခဲ့သော နှစ်ရက်ခန့်က မိုးများ သည်းထန်စွာ ရွာသွန်းနေစဉ် ကြိုးစင်

---

**တချို့ဆိုလျှင် ဗဟိုတရားရုံးမှ အယူခံကို ပလပ်ခံထားရသဖြင့် စောဒကမှု တင်သွင်းထားဆဲဖြစ်နေသည်။ ကြိုးတိုက်ထဲတွင် ကြိုးသမား (၂၀)ဦးခန့် ရှိနေသည်။ တချို့လည်း အယူခံရှုံးနိမ့်သွားသဖြင့် ကြိုးစင်ပေါ်သို့ တက်သွားရပြီး ဘဝဇာတ်သိမ်းသွားကြသူများလည်း ရှိလေသည်။ သို့သော်လည်း ကြိုးသမား အဟောင်းကုန်သွားပြန်တော့လည်း နောက်ထပ် ကြိုးသမားအသစ်များက ဝင်လာမစဲ တသဲသဲပင်။ ပြစ်မှုကို ကျူးလွန်လာခဲ့ကြသူများသည် မျက်ကန်းတစ္ဆေ မကြောက်သလို လူများသည်။**

---



www.burmeseclassic.com

ကြီးပေါ်မှ အဖြစ်အပျက်ကို ပြန်လည်သထိရသွားသည်။

အင်း . . ကြိုးစင်ကြီးပေါ်မှာ ကြိုးပေး မခံရတာနှစ်နှင့်ချီပြီးကြာလာ၍ ထင်သည့် ယခုတော့ အကြောင်းကိစ္စတစ်ခု ပေါ်ပေါက်လာခြင်းမှာ မရဏကြိုးစင်ကြီး၏ ခေါ်သံများလားဟု စိတ်မှာ ထင်မှတ်နေလေသည်။

ကျွန်ုပ်လည်း ကြိုးတိုက်ခန်းထဲရောက်မှ အိတ်ကပ်ထဲမှာ ထည့်ထားသော သေမင်းတမန်တော် စာအိတ်နီကို ထုတ်ယူဖတ်ကြည့်လိုက်သောအခါ–

"ကြိုးသမား စံနက်ကျော်အား ကြိုးပေးစီရင်ရန်"

ဟူသော တရားရုံးမှ အကြောင်းကြားစာ ဖြစ်နေသည်။ ဒီတော့မှ စံနက်ကျော်ဆိုသူနှင့် ကြိုးတိုက်ခန်းထဲမှာ ထိမ်းသိမ်းစောင့်ရှောက်ထားစဉ် ဆုံတွေ့ခဲ့ရသည်များကို မျက်စိထဲဝယ် ပြန်လည်မြင်ယောင်လာနေသည်။

စံနက်ကျော်ဆိုသူမှာ တွံတေးမြို့နယ်အပိုင်ထဲရှိ ရွာလေးမှာ နေထိုင်သူဖြစ်လေသည်။ အသက်အရွယ်အားဖြင့် ဆယ့်ရှစ်၊ ဆယ့်ကိုးနှစ်ခန့်လောက်ပဲရှိသေးသည်။ လူပုံပန်းက မည်းမည်းတုတ်တုတ်နှင့် နှစ်လိုဖော်ရွေဖွယ် အပြုံးကို အမြဲဆောင်နေသည်။ လူငယ်ပီပီ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်ရှိသူ တစ်ယောက်ဖြစ်သည်။

တရားရုံးမှ သေဒဏ်ချမှတ်လိုက်သဖြင့် ကြိုးတိုက်ခန်းထဲသို့ ရောက်ရှိလာသူဖြစ်သည်။ တစ်နေ့ညဘက်တာဝန်မှူးကျနေစဉ် ကျွန်ုပ်နှင့် စံနက်ကျော်တို့သည် ရောက်တတ်ရာရာစကားများ ပြောနေရာမှ သူ့အကြောင်းကို စပ်စပ်စုစု မေးကြည့်တော့မှ အောက်ပါအတိုင်း ပြောပြလေတော့သည်။

'ကျွန်တော်က ရွာမှာတော့ အဖေ မယ်မယ်ရရမရှိဘဲ နွားကျောင်းလိုက်၊ လယ်ထဲဆင်းလိုက်နှင့် အဖေတို့ ခိုင်းတာ အကုန်လုပ်ပေးရတယ်။ ပညာရေးမှာလည်း မထူးချွန်တော့ ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်လိုက်ရတယ်။

အသက်ငယ်ငယ်ရွယ်ရွယ်အချိန်တုန်းကတော့ ကလေးပီပီ ရွာထဲမှာ ဆော့ကစားနေခဲ့တယ်။ ရွာမှာ လသာညတွေဆို ကျွန်တော်တို့ ကလေးတစ်သိုက်ဟာ ရွာလယ်လမ်းပေါ်မှာ ပြေးလွှားဆော့ကစားနေကြတယ်။

အဲဒီလိုဆော့ကစားကြတဲ့ အထဲမှာ ကျွန်တော်နဲ့ ရွယ်တူထဲက ဘုတ်ဆုံမရယ်၊ အခြားကောင်လေး၊ ကောင်မလေးတွေလည်း ပါခဲ့တာပေါ့။ ကလေးသာသာအရွယ်တွေဆိုတော့ တစ်ဦးနှင့်တစ်ဦး လည်ပင်းဖက်ဆော့ကစားနေကြတယ်။

ဘုတ်ဆုံမက ငယ်ငယ်လေးကတည်းက အသားညိုညိုချောချောလေးပဲ။ သူမရဲ့ မျက်ဝန်းလေးတွေ ဟာ သမင်မျက်လုံးလို ကြည်လဲ့ တောက်ပလို့နေတယ်။ နှာတံလေးက စင်းစင်းလေး၊ နှုတ်ခမ်းလေးတွေကလည်း ဖူးဖူးလုံးလုံးလေးဆိုတော့ အရမ်း ချစ်စရာကောင်းတာပဲ။

ကျွန်တော်တို့ အသက်အရွယ်လေးတွေ လူလားမြောက်လာတဲ့အခါ ငယ်ကကျွမ်းတဲ့ ငယ်ကျွမ်းဘုတ်ဆုံမ အပေါ် တိတ်တခိုးချစ်နေရာက နှလုံးသားထဲမှာ စွဲစွဲလမ်းလမ်း ချစ်ခင် နှစ်သက်နေမိသည်။

ဘုတ်ဆုံမကတော့ လယ်ပိုင်ရှင်ကြီး ဦးအောင်ချစ်သမီးဆိုတော့ မိဘကလည်း ရွာမှာငွေကြေးချမ်းသာတဲ့ စာရင်းဝင်တွေဖြစ်တယ်။ သမီးလေး ဘုတ်ဆုံမကို ရွှေပေါ်မြတင်ထားတာပေါ့။ သမီးက လိမ္မာရေးခြားရှိသလို ပညာလည်းတော်တယ်။

ဘုတ်ဆုံမက အလယ်တန်းကျောင်းကို တက်နေရပြီ။ ရွာကနေ တစ်မိုင်လောက်ဝေးတဲ့ ရွာကြီး အလယ်တန်းကျောင်းမှာ နေ့စဉ် နေ့တိုင်း ကျောင်းပြန်လုပ်ရတယ်။



www.burmeseclassic.com



ကျွန်တော်ကတော့ စာစောက ပြောသလို ပညာရေးကလည်း မထူး ချွန်တော့ လေးတန်းလောက်မှာပဲ ကျောင်းထွက်လိုက်ရတယ်။ အဖေနဲ့ အတူတူ လယ်ထဲမှာ ဝိုင်းလုပ်ကူညီ ပေးရတယ်။ ကျွန်တော်တို့မှာ မိဘပိုင် လယ် ငါးကေလောက်ပဲရှိတယ်။

ကျွန်တော်က ကျောင်းထွက်တဲ့လူ ဆိုတော့ အချိန်တွေပိုနေတာပေါ့။ တစ်နေကုန်အဖေနဲ့ လယ်ထဲမှာ ဝိုင်းကူ လုပ်ရှိတာ ဝိုင်းကူလုပ်ပြီးရင် ညနေပိုင်း အချိန်အားနေပြီ။ အိမ်ကိုပြန် ရေမိုး ချိုးပြီး ဘုတ်ဆုံမတို့ ကျောင်းက ပြန် လာကို ရွာထိပ်ကနေ သွားသွား စောင့်ကြည့်နေခဲ့တယ်။

ဘုတ်ဆုံမကတော့ ရွာနဲ့ကျောင်း ကို အိမ်ဦးနဲ့ ကြမ်းပြင်လိုပဲ။ နေ့တိုင်း သွားပြန်နေကြဆိုတော့ အဖော် အပေါင်းတွေနဲ့ အတူတူပြန်လာသလို တစ်ခါတလေ ကျောင်းဆင်းချိန်မှာ တစ်ယောက်တည်းလည်း လမ်းလျှောက် ပြန်လာလေ့ရှိတယ်။ ကျွန်တော်က ဒီယိုဇာတ်ကားတွေ ညတိုင်းကြည့် နေကြဆိုတော့ ရုပ်ရှင်ထဲကအတိုင်း တစ်ဖက်သတ်ချစ်နေတဲ့ ဘုတ်ဆုံမကို ချစ်ရေးဆိုဖို့အကွက်ချောင်းနေတယ်။

တစ်နေ့မှာတော့ မိုးတွေကလည်း သွဲ့ဖွဲ့ရွာနေတယ်။ ကျွန်တော်အိမ်က ထွက်လာစဉ်တုန်းက မိုးမရွာသေး တော့ ချထိုးဦးထုပ်နီလေးကို ဆောင်းပြီး ဘုတ်ဆုံမပြန်လာမယ့် လမ်းညောင်ညို ပင် ကြီးအောက်က စောင့်နေခဲ့တယ်။

အဲဒီအချိန်မှာပဲ ဘုတ်ဆုံမဟာ ကျောင်းကနေ ရွာဆီကို ထီးလေး ဆောင်းပြီး ပြန်လာနေတယ်။ သူမ တစ်ယောက်တည်း အဖော်မပါဘဲ ပြန်လာနေတော့ ကျွန်တော့်အတွက် အကွက်ဝင်သွားတယ်။ မိုးတွေရွာထား လို့ ညောင်ညိုပင်အောက်မှာ စောင့် နေရတဲ့ ကျွန်တော့်တစ်ကိုယ်လုံး လည်း မိုးရေတွေနဲ့စိုရွှဲနေပြီ။

အဲဒီလိုပဲ ဘုတ်ဆုံမတစ်ယောက် လည်း ထီးသာဆောင်းထားတယ် မလုံလို့ထင်ပါရဲ့ တစ်ကိုယ်လုံး ရွှဲရွဲစို နေပြီ။ အဝေးကနေ လာနေတဲ့ ဘုတ်ဆုံမကို သစ်ပင်ကွယ်ကနေ ကျွန် တော်ချောင်းကြည့်နေမိတယ်။

ဘုတ်ဆုံမလို ရွှေရင်သိမ်းသစ် အရွယ်ပေမဲ့ လူနဲ့မလိုက်အောင် ဖွံ့ထွား လွန်းနေတဲ့ ဘုတ်ဆုံမရဲ့ ခန္ဓာကိုယ် အစိုင်အခဲတွေဟာ မိုးတွေနဲ့ စိုရွှဲနေ တဲ့ကြားက ရှိုက်ဖိုကြီးငယ် အသွယ် သွယ်ဟာ ပန်းပုရုပ်ထုဆစ်ထားသလို ပီပီပြင်ပြင်ပေါ်လွင်နေတယ်။

ကျွန်တော်လည်း လှမ်းငေးကြည့် နေရင်း အသက်ရှူမှားမတတ် ရင်ထဲက နှလုံးမှာ တဒိတ်ဒိတ်ခုန် လာနေတယ်။ ဘာလဲဖြစ်ဖြစ် ခုလို အခွင့်သာတုန်းမှာ ရင်ထဲက စကား တွေကို ဖွင့်ထုတ်ပြဖို့ ကြံစည်စိတ်ကူး ထားတာဆိုတော့ ဘုတ်ဆုံမအနားကို ချဉ်းကပ်လိုက်တယ်။ အဲဒီအချိန်မှာ ရွာလမ်းဆီသွားတဲ့ ဖုန်း ဆိုးလမ်းပေါ်မှာ လူသူ ရှင်းလင်း ဖြစ်



www.burmeseclassic.com

လပ်နေတယ်။

ဘုတ်ဆုံမဟာ ကျွန်တော်နဲ့ ရင်းနှီး ခင်မင်နေသူဆိုတော့ ကြောက်ရွံ့ ထိတ်လန့်ဟန်ရှိပေမဲ့ ကိုယ့်တစ်ရွာတည်းသားချင်း တစ်ယောက်ဆိုပြီး စိတ်ဖြေသိမ့်သွားတယ်။ ကျွန်တော်ကတော့ ဘုတ်ဆုံမအပေါ် တစ်ဖက်သတ် ချစ်နေခဲ့သူဆိုတော့ အခွင့်သာတုန်းမှာ ရင်ထဲက စကားတွေကို ဖွင့်ပြောလိုက်တယ်။

ဒါကို ဘုတ်ဆုံမက လုံးဝလက်မခံဘဲ ခါးခါးသည်းသည်း ငြင်းလွှတ်တယ်။ သူ့အသက်အရွယ်ငယ်သေးလို့ အချစ်ရေးကို စိတ်မဝင်စားဘဲ ပညာရေးကိုပဲ အပတ်တကုတ် ကြိုးစားနေကြောင်း ပညာသားပါပါ ငြင်းလွှတ်ခဲ့တယ်လေ။

ကျွန်တော်လည်း သူမရဲ့အချစ်ကို မရရင် လူသူရှင်းလင်းခိုက်မှာ သူမခန္ဓာကိုယ်ကို ရရင်ပိုင်မှာပဲ ဆိုတဲ့ မိုက်ရူးရဲအတွေးနဲ့ သူမရေစိုနေတဲ့ အဝတ်အစားတွေကြောင့် စိတ်မထိန်းနိုင်ဘဲ ဖွတ်နှစ်လို့ ဗလက္ကာရ ပြုကျင့်ဖို့ ကြိုးစားခဲ့တော့တယ်။

နောက်ဆုံးကိစ္စဝိစ္စ ပြီးပြတ်သွားချိန်မှာ သူမမျက်နှာပြင်ပေါ်မှာ မျက်ရည်တွေဟာ မိုးရေနှင့်အတူ စိုရွှဲပြီး မကျေမနပ်သံနဲ့ နင့်နင့်သီးသီးပြောဆိုနေတယ်။ ကျွန်တော်ကလည်း စိတ်မထိန်းနိုင်လို့ ဖြစ်သွားတာပါဆိုပြီး အမျိုးမျိုး တောင်းပန်ပြောဆိုနေပေမဲ့ လက်မခံဘဲရဲကိုတိုင်ပြီး အမှုဖွင့်မယ်လည်းပြောရော ကျွန်တော်လည်း ဒေါသပေါက်ကွဲပြီး သူမလည်ပင်းကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရင်း ငြိမ်သက်သွားတော့တယ်။ နောက်ဆုံး လူသူမရှိတဲ့ နေရာမှာ ဖြစ်သွားတာပဲလို့ စိတ်ကို ဖြေတွေးနေတုန်း ကျွန်တော့် ကျန်ရစ်ခဲ့တဲ့ ဦးထုပ်နီလေးက အဖြစ်မှန်ကို ဖော်ပေးလိုက်တာပါပဲဗျာ။

“

ဆရာရယ်...
မနက်ဖြန် သေရမယ့်
လူတစ်ယောက်အဖို့
ဒီထမင်းကို
ဆက်စားနေလို့ကော
ဘာထူးလာမှာလဲ
ဆရာရဲ့ ...
အီး...အီး...

”

“စံနက်ကျော်”

“ခင်ဗျာ”

ကျွန်ုပ်သည် နေ့စဉ် မိမိနှင့် လက်ပွန်းတတီး ဆက်ဆံနေရသော စံနက်ကျော်အား ၎င်း၏အယူခံ ရှုံးနိမ့်သွားကြောင်း ဖွင့်ဟပြောဆိုရန် ဆွံ့အတုန့်ဆိုင်းနေသည်။ စံနက်ကျော်မှာ နံနက်စာကို မြိန်ရည်ယှက်ရည်စားသောက်နေသောကြောင့် ထမင်းစားပြီးသည်ထိ ခေတ္တစောင့်ဆိုင်းနေသည်။

စံနက်ကျော်သည် ပါးစပ်ထဲမှာ ထမင်း ပလုတ်ပလောင်းစားနေစဉ် ကျွန်ုပ်ထံမှ ထပ်မံစကားဆက်မလာသေးသဖြင့် ငေးကြောင်ကြည့်နေ သည်။ အကင်းပါးသော လူငယ်ပီပီ ကျွန်ုပ်မျက်နှာမကောင်းဖြစ်နေသည်ကို ရိပ်မိ သိရှိသွားဟန်ဖြင့် –

“ဆရာ .. ဘာအကြောင်းများ ထူးလို့လဲ”

“အင်း . . မင်းအယူခံရှုံးသွားပြီကွ”

“ဗျာ . . ဒါဆို အယူခံ ထပ်တက် ဦးမလား”

“တက်လို့မရတော့ဘူး . . နောက်ဆုံးအဆင့် သမ္မတကြီးဆီက အယူခံတဲ့ အသနားခံလွှာကို ပယ်ချလိုက်ပြီကွာ”

“ဗျာ ...”

“ဟုတ်တယ် . . စံနက်ကျော် ငါတို့ထောင်က မင်းကို မနက်ဖြန် နံနက် ကြိုးပေးစီရင်ဖို့ ဟောဒီမှာ အကြောင်းကြားစာ ပို့လိုက်ပြီ”

ကျွန်ုပ်သည် လက်ထဲမှ သေမင်းတမန်တော်စာအိတ်နီလေးကို စံနက်ကျော်အား ထောင်ပြလိုက်သည်။ ယင်းစာအိတ်နီပေါ်တွင် မှင်နီကြောင်နှစ်ကြောင်းကို ထင်ရှားစွာ ကြက်ခြေခတ်ထားလေသည်။

စံနက်ကျော်မှာ ကျွန်ုပ်ထောင်ပြနေသော စာအိတ်နီကို လှမ်းကြည့်ပြီး ခေါင်းငိုက်စိုက် ကျသွားလေသည်။ စားနေလက်စထမင်းကိုတောင် ဆက်မစားနိုင်တော့ဘဲ ထမင်းပန်းကန်ကို သံမံတလင်းပေါ် ပစ်ချလိုက်လေသည်။

“ထမင်းပြီးအောင် .. စားပါဦးလားကွာ”

“ဆရာရယ် .. မနက်ဖြန်သေရမယ့် လူတစ်ယောက်အဖို့ ဒီထမင်းကို ဆက်စားနေလို့ကော ဘာထူးလာမှာလဲ ဆရာရဲ့ အီး .. အီး”

စံနက်ကျော်သည် စကားပြောနေ



www.burmeseclassic.com

ရင်းမှ ဝမ်းနည်းလာဟန်ဖြင့် ချုံးပွဲချ ငိုကြွေးနေရှာသည်။ သမံတလင်းပေါ်တွင် ပစ်ချထားသော ထမင်းပုဂံထဲ မှာ စားလက်စတန်းလန်းကြားသား တုံးကြီးမှာ ငုပ်တုတ်ရှိနေဆဲဖြစ်သည်။ ကျွန်တော်လည်း တပါးသူအပေါ် ထမင်းစားနေတုန်း တန်းလန်းစိတ်မကောင်းစရာ သတင်းဆိုးကြီးကို သွားပြောလိုက်မိသဖြင့် နောင်တ အခါခါ ရနေတော့သည်။

"သိပ်လည်းစိတ်မကောင်း ဖြစ်မနေပါနဲ့ကွာ လူဆိုတာ သေမျိုးချည်းပါပဲ ခု မသေလည်း တစ်နေ့သေကြရမှာပဲ . .၊ ကံစီမံရာအတိုင်းလို့ပဲ သဘောထားလိုက်ပါကွာ "

"အီး . . အီး . . ဆရာရယ် ကျွန်တော်လည်း မသေရခင်တုန်းကတော့ သေမှာမကြောက်ဘူးလို့ ကိုယ့်ကိုယ်ကို အားတင်းထားနေခဲ့ပေမယ့် ခုတော့ ဘုတ်ဆုံမကို သတ်ပစ်ခဲ့သလို ကျွန်တော်လည်းပဲ သေရတော့မှာပါလား . . ဆရာရဲ့ . . အီး . . အီး"

စံနက်ကျော်မှာ လွန်စွာဝမ်းနည်းအားငယ်သွားဟန်တူသည်။ တိုက်ခန်းထဲမှ ကြုံကြုံပါအောင် အော်ဟစ်ငိုယိုနေတော့သည်။ ကျွန်ုပ်လည်း ဘေးဝဲယာ တိုက်ခန်းများမှာ ကြိုးသမားများကြားပြီး ထိတ်လန့်တုန်လှုပ်ကုန်မည်စိုးသောကြောင့် ချော့မော့ပြီး ဖြောင်းဖျနေရလေသည်။

တိုက်တာဝန်ကျဝန်ထမ်းတစ်ဦးအား လှမ်းခေါ်လိုက်ပြီးနောက် တိုးတိုးတိတ်တိတ်မှာ ကြားနေရ သည်။

"ဆရာခင်ထွန်း . . ဒီကြိုးသမားကို သေချာစောင့်ကြည့်ထားဗျာ . . စိတ်မနိုင်လို့ တစ်ခုခုလုပ်မယ်ဆို . . ဒီတိုက်တံခါးသော့ယူပြီး အထဲကို အမြန်ဝင်ထိန်းနော် . . ကျွန်တော် အလုပ်ကြီးဘက်မှာ ကြိုးသမားအတွက် . . စီစဉ်စရာရှိတာ သွားစီစဉ်လိုက်ဦးမယ်၊ နားလည်လား"

"စိတ်ချပါဆရာ . . ကျွန်တော် ကြည့်စီစဉ်လိုက်ပါ့မယ်"

ကျွန်ုပ်လည်း မနက်ဖြန် စောစောတွင် ကြိုးပေးစီရင်ရမည်မို့ လုပ်စရာရှိသည်များကို ဖယ်ဆက်သလို အလုပ်ရှုပ်နေသည်။ အလုပ်ကြီးဘက်ဝင်းဆီသို့ အမြန်ဆုံးသွားရောက်ပြီး လက်သမားဘုတ်တွင် ခေါင်းတလား တစ်လုံး ချက်ချင်းစပ်နိုင်းထားရသည်။

တဖန်ကြိုးကျစ်ဘုတ်ဆီသွားကာ ကြိုးသမားအား ကြိုးပေးစီရင်ရမည့် မနီလာကြိုးနှစ်ချောင်းကို အမြန်ဆုံး ကျစ်နိုင်းပြီ ကြိုးဆန့်နေစေရန် သံတုံးဖြင့် ဆွဲချိတ်ထားရန် မှာကြားနေရသည်။

ထို့နောက်ကြိုးသမားအား အရှင်လတ်လတ် သရဏဂုံတင်နိုင်ရန် ထောင်ကျောင်း ဆရာတော်ဦးကုမာရကို သွားပင့်လျှောက်ရလေသည်။ ထောင်ကျရုံးသို့ ဝင်၍ ကြိုးသမား၏ မိသားစုထံ အမြန်ဆုံး ထောင်ဝင်စာတွေ့ဆုံနိုင်ရန် အကြောင်းကြားစာကို ရိုက်ပြီး လူလွှတ်ခေါ်နိုင်းရလေသည်။

ယခုလို ကြိုးသမားတစ်ဦးအား ကြိုးပေးစီရင်ရမည် ဆိုသောအခါ ကြိုးတိုက်တာဝန်ခံထောင်မှူးအတွက် လွန်စွာအလုပ်ရှုပ်နေသည်။ ကြိုးတိုက်ခန်းထဲမှာရှိသော ကြိုးသမားကိုလည်း စိတ်ဓာတ်ယိမ်းယိုင်ကာ တစ်ခုခု ပြုလုပ်



www.burmeseclassic.com

> ❝ ကြိုးတိုက်ခန်းထဲမှ ဂျိသို့ရှတ်ရှတ် သဲသဲဖြစ်သွားသောကြောင့် အခြား ကြိုးတိုက်ခန်းများထဲမှ ကြိုးသမား အားလုံး အိပ်ရာမှ နိုးလာကုန်တော့သည်။ မိမိတို့နှင့် ဘဝတူကြိုးသမား တစ်ဦးကို ဒီမနက်မှာ ကြိုးပေးသတ်တော့မှာပါလားဆိုသည့် အတွေးဖြင့် စိတ်မကောင်းဖြစ်ကာ သံတိုင်ပေါက်မှာ ရပ်ပြီး နားစွင့်နေကြလေသည်။ ❞



သွားမည်ကိုလည်း စိုးရိမ်ကြောင့်ကျ ရသဖြင့် ကြိုးတိုက်စောင့် ဝန်ထမ်း အင်အားကို တိုးမြှင့်ချကာ စောင့်ကြည့် နိုင်းထားရလေသည်။ မနက်ဖြန် ကြိုး သမားတစ်ဦး ကြိုးပေးအသတ်ခံရတော့ မည်ကို ကြားသိနေသော ကြိုးသမား များသည် စိုးရိမ်စိတ်များဖြင့် တထိတ် ထိတ် ဖြစ်ပေါ်နေကာ ကြိုးတိုက်တစ်ခု လုံး တစပြင်လို ငြိမ်သက်နေလေသည်။

နံနက်အရုဏ်တက် ဝေလီဝေလင်း အချိန်ခန့်ဝယ် ကြိုးတိုက်ခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ကြိုး တိုက်ခန်းထဲရှိ ကြိုးသမားများမှာ အားလုံး အိပ်မောကြနေဆဲဖြစ်သည်။ ပတ်ဝန်းကျင်မှာလည်း ကြိုးပေးစီရင် နိုင်ရန် ဝန်ထမ်းလုံခြုံရေးများ စုရုံး ရောက်ရှိနေကြသည်။

ကျွန်ုပ်လည်း ကြိုးတိုက်ခန်းထဲရှိ ကြိုးတိုက်ခန်းအမှတ်(၅)တွင် ရှိနေ သော ကြိုးသမား စံနက်ကျော်၏ တိုက် ခန်းကို သော့ဖြင့် အသာအယာဖွင့်ရန် အချက်ပြလိုက်လေသည်။ ကြိုးသမား စံနက်ကျော်မှာ တစ်ညလုံး မအိပ်ဘဲ သွေးရူးသွေးတန်းဖြစ်နေရာမှ တိုက်ခန်း ထဲ တောင်လျှောက်လိုက် မြောက် လျှောက်လိုက်ဖြင့် စိတ်ဂဏှာ မငြိမ် ဟန်တူလေသည်။

မိုးလင်းလုကာနီးမှ မှေးခနဲ အိပ် ပျော်သွားခဲ့ဟန်တူလေသည်။ တိုက် ခန်းစောင့် ဝန်ထမ်းများမှာလည်း စိတ် မချနိုင်သောကြောင့် တစ်ညလုံး ဂျူတီလဲပြီးတော့ စောင့်ကြည့်နေကြ ရသည်။

ကျွန်ုပ်ကြိုးတိုက်ခန်းထဲသို့ အရုဏ် မတက်မီဝင်လာသောအခါမှ ကြိုးတိုက် ဝန်ထမ်းများသည် ဂျူတီစောင့်နေရာ ကြိုးသမားအိပ်ပျော်နေကြောင်း သတင်း ပို့နေသည်။

"ဒုန်း"

ကြိုးတိုက်ခန်းကို သော့ခတ်ထား သော သံတံခါးကြီးအား သော့ဖွင့်ပြီး သံချောင်းလုံးရှည်ကို ကလန့်ပိတ်ထား သည်အား ဆွဲလိုက်စဉ် ကျပ်နေသော ကြောင့် အားဖြင့်ဆွဲဖွင့်လိုက်ရာမှ အသံ



www.burmeseclassic.com

www.burmeseclassic.com





ထွက်သွားခြင်းဖြစ်သည်။

ထိုအခါ ကြိုးတိုက်ခန်းထဲမှာ မှေးခနဲအိပ်ပျော်နေရှာသော ကြိုးသမား စံနက်ကျော်သည် ငေါက်ခနဲနိုးသွားလေတော့သည်။ ကျွန်ုပ်လည်း ကြိုးသမားနိုးသွားသဖြင့် မထူးတော့ပါဘူး ဆိုပြီး ဗလကောင်းကောင်း ဝန်ထမ်းနှစ်ဦးကို တိုက်ခန်းထဲဆီသို့ လျှင်လျှင်မြန်မြန် ပြေးဝင်ခိုင်းလိုက်ရသည်။

စံနက်ကျော်မှာ မိမိအား ကြိုးပေးသတ်ရန် လာရောက်ခေါ်ထုတ်နေပြီဆိုသည်ကို ရိပ်မိသိရှိသွားကာ အိပ်နေရာမှ တိုက်ခန်းနောက်ဘက် ပိုင်းဆီထပြေးလေတော့သည်။ ဝန်ထမ်းနှစ်ဦးမှလည်း ထက်ကြပ်မကွာ လိုက်လံ လုံးထွေး ချုပ်နှောင်ဖမ်းဆီးရလေသည်။

ကြိုးတိုက်ခန်းထဲမှ ဤသို့ရုတ်ရုတ်သဲသဲဖြစ်သွားသောကြောင့် အခြား ကြိုးတိုက်ခန်းများထဲမှ ကြိုးသမားအားလုံး အိပ်ယာမှ နိုးလာကုန်တော့သည်။ မိမိတို့နှင့် ဘဝတူကြိုးသမားတစ်ဦးကို ဒီမနက်မှာ ကြိုးပေးသတ်တော့မှာပါလားဆိုသည့် အတွေးဖြင့် စိတ်မကောင်းဖြစ်ကာ သံတိုင်ပေါက်မှာ ရပ်ပြီး နားစွင့်နေကြလေသည်။

ကျွန်ုပ်လည်း ဝန်ထမ်းများအား ပိုင်းဝန်း ချုပ်နှောင်ခိုင်းထားစေပြီး စံနက်ကျော်ကိုယ်ပေါ်မှာ ကြိုးသမားအား ကြိုးဒဏ်စီရင်ခါနီး ဝတ်ဆင်ရမည့် အင်္ကျီရှည်ကို အတင်းအကျပ် ဝတ်ခိုင်းစေသည်။

ကြိုးသမား စံနက်ကျော်၏ တစ်ကိုယ်လုံးမှာလည်း မိုးတွင်းအေးချမ်းနေသည့်အထဲ ချွေးများဖြင့် ရွှဲနစ်နေသည်။ စံနက်ကျော်၏ အောက်ပိုင်းမှာလည်း ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် ချေး၊ သေးများပါ ထွက်ကြနေသည်။ ကြိုးတိုက်ခန်းတစ်ခုလုံး ချေးနံ့၊ သေးနံ့များဖြင့် မွှန်ထူလျှက်ရှိနေသည်။

စံနက်ကျော်အား နောက်ပြန်လျှက် လက်နှစ်ဖက်ကို ကြိုးဖြင့် ချည်နှောင်ထားလိုက်သည်။ ပြီးမှ ဝန်ထမ်းများ ခြံရံကာတိုက်ခန်းထဲမှ ဆွဲထုတ်လာခဲ့လေသည်။ ဝန်ထမ်းနှစ်ဦးမှ တစ်ဖက်တစ်ချက်စီ ချုပ်ကိုင်ပြီး ဒရွတ် ဆွဲခေါ်ဆောင်လာကြလေသည်။

တိုက်ခန်းအပြင်ဘက်သို့ ရောက်သောအခါ မိုးရောလေပါ တဝေါဝေါ မြည်သံကြားပြီး မိုးများသည်းထန်စွာ ရွာသွန်းနေသလို လေများကလည်း တဟူးဟူးနှင့် တိုက်ခတ်နေလေသည်။ ကြိုးစင်ဆီသို့ ဦးတည်ရာလမ်းပေါ်မှာ ရေများဖြင့် ဖွေးဖွေးလှုပ်နေသည်။

"ကျုပ်ကို .. မသတ်ကြပါနဲ့ .. ရှိကြီးခိုးပါရဲ့ဗျာ .. ကျွန်တော် နောက် ဒီလိုမမိုက်တော့ပါဘူး .. ဒီတစ်ခါပဲ ခွင့်လွှတ်ပေးကြပါ .. အီး .. အီး"

စံနက်ကျော်မှာ ဝန်ထမ်းများ ချုပ်ကိုင်ခေါ်ဆောင်လာနေသည့်ကြားမှ ငိုယိုတောင်းပန်လျှက် အော်ဟစ်ပြောဆိုနေသည်။ ဝန်ထမ်းများကလည်း အခြားသော အိပ်ဆောင်များမှ ကြားမည်ဆိုး၍ ပါးစပ်ကို တစ်ဖက်မှ ပိတ်ဆို့ထားသလို တစ်ဖက်မှဒရွတ်ဆွဲကာ ခေါ်ဆောင်လာနေသည်။

"နှောင် .. ဒူဝေ .. ဒူဝေ"

နိဗ္ဗာန်အဖွဲ့မှ ဝန်ထမ်းတစ်ဦးသည် ကြေးစည်သေးသေးလေးကို လက်ကိုင်ဘုဖြင့် ထုနက်ကာ ရှေ့မှ သွားနေပြီး နောက်မှဥပသကာတစ်ဦးသည် [illegible]



www.burmeseclassic.com

ဆင်းတုတော်လေးကို ခေါင်းပေါ်ရွက်ကာ လိုက်ပါသွားနေသည်။

နောက်ဆုံးနေရာမှ ကျွန်ုပ်နှင့် လုံခြုံရေးဝန်ထမ်း ဆယ်ဦးခန့်သည် ကြိုးသမား စံနက်ကျော်ကို ဝရုန်းသုံးကား တွန်းထိုးဆွဲခေါ်လိုက်ပါလာခဲ့ကြလေသည်။ မိုးကတော့ သည်းသည်းမည်းမည်း ရွာသွန်းလျက်ရှိနေသည်။

ယခုလို မိုးထဲလေထဲကြားမှာ စံနက်ကျော်သည် ဘုတ်ဆုံမဆိုသော ကောင်မလေးကို လူသူပြတ်လပ်နေခိုက် အတင်း အဓမ္မဗလက္ကာရ ပြုကျင့်ကာ နောက်ဆုံးသတ်ပစ်ခဲ့သည်ထိ ပြစ်မှုကြီးကို ကျူးလွန်လာခဲ့သူဖြစ်လေသည်။

မိမိသူတစ်ပါးအပေါ် ရက်ရက်စက်စက် လူမဆန်စွာ ပြုကျင့်ခဲ့လေသော ကံတရားသည် ယခုလို မိုးရွာနေချိန်နှင့် ထပ်တူထပ်မျှ ဖြစ်ပေါ်နေလေသည်။ အမှန်တော့ မိမိကျူးလွန်မိခဲ့သော မိုက်ပြစ်အတွက်တူသော အကျိုးပေးကို ခံနေရခြင်းသာ ဖြစ်ပါတော့သည်။

စံနက်ကျော်အတွက် ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာနေဟန်ထင့်။ မိမိကို မကြာမီ ကြိုးစင်ကြီးပေါ်ဝယ် ဒေါက်ဖြုတ်အသတ်ခံရတော့မည်ကို သိမြင်နေပါလျက် ကူသူကယ်သူ ကင်းမဲ့၍ နေလေသည်။

ဟိုးရှေ့တစ်ခေါ်လောက်တွင် ကြိုးစင်မှာ မိုးထဲလေထဲမှာပင် ထီးထီးကြီး လှမ်းမြင်နေရသည်။ လေအဝှေ့ဝယ် ကြိုးစင်ကြီးပေါ်ရှိ သံယက် မတန်းပေါ် ချည်နှောင်ထားသော မနီလာကြိုးချောင်းကြီးမှာ လှုပ်ယမ်းလျက် ရှိနေသည်။ ကြိုးစင်ကြီးကို လှမ်းမြင်လိုက်ရသော စံနက်ကျော်သည် ပို၍ ကြောက်ရွံ့ ထိတ်လန့်လာကာ သည်းထန်စွာ ငိုကြွေးရင်း ရုန်းကန်တွန်းထိုးလိုက်ပါလာနေသည်။ ကြိုးစင်ပေါ်မှ မနီလာချောင်းကြီး လှုပ်ရမ်းနေသည်မှာ သေမင်းခေါ်သံလေလား မှတ်ထင်နေရသည်။



ကြိုးစင်ကြီးရှေ့သို့ ရောက်ရှိသောအခါ ကြိုးစင်ဘေး ထောင်အုတ် နံရံပါးဝယ် ထောင်ပိုင်ကြီးဦးဆောင်လျက် တရားသူကြီး၊ ရဲအုပ်ကြီးနှင့် ထောင်ဆရာဝန်အပါအဝင် စောင့်ကြည့်နေကြသည်။ အကျဉ်းထောင်အရာရှိများနှင့် အခြားအဆင့် ဝန်ထမ်းအချို့လည်း အစုံအညီ ရောက်ရှိနေရာယူနေကြသည်။ မိုးများတသည်းသည်း ရွာသွန်းနေသည့်ကြားမှ ထီးရောင်စုံမိုးလျက်လည်းကောင်း၊ ဝန်ထမ်းများမှာ မိုးကာအင်္ကျီများဝတ်ဆင်ထားကြသည်။

ကြိုးစင်ကြီး ထောင့်လေးထောင့်နေရာတွင် အောက်လင်းဓာတ်မီးကြီးများ အလင်းရောင်ရရန် ထွန်းညှိထားလေသည်။ ကြိုးစင်ကြီးထက်ဆီမှာ ကြိုးသမားအား ဒေါက်မောင်းတံ ဖြုတ်ချပေးရမည့် တာဝန်ကျ ထောင်မှူးကြီးမှာ စိတ်လှုပ်ရှားစွာဖြင့် စောင့်ဆိုင်းနေလေသည်။

ကျွန်ုပ်လည်း ကြိုးစင်ကြီး လှေကားနားဆီ ကြိုးသမားအား ခေါ်ဆောင်ရောက်ရှိလာသည့်အခါ ဝန်ထမ်းတစ်ဦး၏ အကူအညီဖြင့် နှစ်ယောက် တွဲကာ ကြိုးစင်ပေါ်သို့ ဆွဲတင်ခဲ့ရလေသည်။

အချိန်မှာ မိုးသောက်ရောင်နီ မလင်းသေးသည့် မှုန်ပျပျ အချိန်အခါပင်



www.burmeseclassic.com

www.burmeseclassic.com





ရှိသေးသည်။ ကြိုးစင်ပတ်ဝန်းကျင်ဝယ် စောင့်ကြည့်နေကြသော လူများ ရှိနေသော်လည်း အားလုံး စိတ်မချမ်းမြေ့စွာဖြင့် တိတ်ဆိတ်ငြိမ်သက် စောင့်ကြည့်နေကြလေသည်။

ကျွန်ုပ်သည်. ထောင်မှူးကြီးလက်သို့ ကြိုးသမားအား လွှဲပြောင်းပေးလိုက်ပြီး အံ့ဖုံးသံတံခါးပေါ်တွင် ကြိုးသမားအားရပ်စေကာ ခြေထောက်နှစ်ချောင်းကို ကြိုးဖြင့်ချည်နှောင်ပေးခြင်းကို ဝိုင်းဝန်းကူညီပေးနေလေသည်။

ထောင်မှူးကြီးလည်း သံယက်မတန်းပေါ်ချည်ထားသော မနီလာကြိုးကို လေဖော့ရမ်းနေသဖြင့် လှုပ်ရမ်းနေသည်ကို တုန်ရီသောလက်ဖြင့် ခဲရာခဲဆစ် လှမ်းဖမ်းယူနေသည်။ ပြီးမှ ကြိုးသမားစံနက်ကျော်၏ လည်ပင်းနေရာဝယ် ကွင်းရှော်ပြုလုပ်ပေးပြီး ကြိုးထုံးကို ညာဘက်ပါးစောင်တွင် ပြည်မထွက်သွားစေရန် သံကွင်းဖြင့်ကျပ်နေစေသည်။

ကြိုးသမားအား ကြိုးပေးစီရင်ရန် အဆင်သင့်အနေအထား ရောက်သွားမှ ကျွန်ုပ်လည်း ကြိုးစင်ပေါ်မှ ဆင်းလာကာ ကြိုးစင်အောက်မှ စောင့်ကြည့်နေသည်။ စံနက်ကျော်မှာတော့ မိမိအဖြစ်ကို မည်သူမျှ ကူသူကယ်မဲ့နေသည့် အဖြစ်ကို နားလည် သဘောပေါက်သွားဟန်တူသည်။

ကြိုးစင်ရှေ့ ခပ်လှမ်းလှမ်းမှာ ရှိနေသော ကိုးတောင်ပြည့်စေတီတော်လေးကို မှုံဝါးဝါးမြင်နေရသည့်ကြားမှ လှမ်းမျှော်ငေးကြည့်ကာ ဘုရားကို အာရုံပြုနေဟန်တူသည်။ ကြိုးစင်ကြီး ဘေးပတ်ဝန်းကျင်မှာရှိနေသော လူများအားလုံးသည် ကြိုးစင်ကြီးပေါ်ဝယ် အရှင်လတ်လတ် လူသားတစ်ယောက်ကို ကြိုးပေး သတ်ဖြတ်တော့မည့် အခြေအနေကို ရင်ဖိုမောစွာဖြင့် စောင့်မျှော်ကြည့်ရှုနေကြလေသည်။

ထောင်မှူးကြီးသည်လည်း ၎င်းကိုယ်တိုင် ဒေါက်ဖြုတ် စီရင်ရမည့် တာဝန်ရှိနေသောကြောင့် စိတ်မချမ်းမြေ့စွာဖြင့် ဒေါက်မောင်းတံရှိရာ ညာဘက်ထောင့်ဆီလေးကန်သော ခြေလှမ်းများဖြင့် လျှောက်လှမ်းသွားနေလေသည်။

ထောင်ပိုင်ကြီးသည် ယူနီဖောင်းအင်္ကျီကို ဝတ်ဆင်ထားလျက် လက်ထဲမှာ ဂေါက်ရိုက်ရာတွင် ဆောင်သော ရောင်စုံထီးကျားကြီးကို မိုးရေဒဏ်မှ ကာကွယ်ရန် ဆောင်းထားပြီး ရှေ့ထွက်လာလေသည်။

"မောင်မင်းအနေနဲ့ ... နောက်ဆုံးအနေဖြင့် ဘာများတင်ပြစရာ ရှိသလဲ ..."

စံနက်ကျော်သည် ခေါင်းတွင် စွပ်ထားသော အဝတ်ဖြူအောက်မှ နေ၍ ထောင်ပိုင်ကြီးအသံလာရာဘက် ဆီမှန်းမျှော်ကြည့်ရှုလျက် –

"ကျွန်တော် ... ဒီအမှုကို ,အမှန်တကယ် ... ကျူးလွန်လာခဲ့တာ ဖြစ်ပါတယ် ... ကျွန်တော့်မိုက်ပြစ်အတွက် ... ပညာမတတ်ခဲ့တဲ့ .. ကျွန်တော့်လိုလူမှာ ... အသိဉာဏ် အတွေးအခေါ် ဆင်ခြင်မှုနည်းပါးခဲ့လို့ ဆင်ခြင်တုံတရား .. နည်းပါးပြီး .. ခုလိုပြစ်မှုမျိုးကို ... ကျူးလွန်သွားခဲ့တာပါ ..."

ကြိုးစင်ထက်ဆီမှ စံနက်ကျော်၏ အသံသည် လေးလေးမှန်မှန် ထွက်ပေါ်

> 66
> ကျွန်တော်...
> ဒီအမှုကို အမှန်တကယ်..
> ကျူးလွန်လာခဲ့တာ
> ဖြစ်ပါတယ်...
> ကျွန်တော့်မိုက်ပြစ်အတွက်
> ပညာမတတ်ခဲ့တဲ့
> ကျွန်တော့်လိုလူမှာ
> အသိဉာဏ် အတွေးအခေါ်
> ဆင်ခြင်မှုနည်းပါးခဲ့လို့
> ဆင်ခြင်တုံတရားနည်းပါးပြီး
> ခုလိုပြစ်မှုမျိုးကို
> ကျူးလွန်သွားခဲ့တာပါ...
> 99



www.burmeseclassic.com

www.burmeseclassic.com



လာနေသည်။ မိမိပညာမတတ်ခဲ့ခြင်းအပေါ် ယူကျုံးမရ နာကျည်းနေဟန်မျိုးဖြစ်ပေါ် ခံစားနေရရှာသည်။ မိမိသာပညာအခြေခံရှိခဲ့လျှင် ခုလို မိုက်ရူးရဲဆန်သော ရာဇဝတ်မှုမျိုးကို ကျူးလွန်ခဲ့မှာမဟုတ်ကြောင်း နောင်တတရား ရနေသည်။

ထောင်ပိုင်ကြီးမှာလည်း လူသားတစ်ဦးကို လူ့လောကထဲမှနေ အပြီးအပိုင် ထွက်ခွာသွားရတော့မည်ကိုမလိုလား။ မနှစ်မြို့ကဟန်တူသည်။ လူတစ်ယောက်၏သက်တမ်းကို ရနိုင်သမျှဆွဲဆန့်ထားနိုင်စေရန် မိမိကိုယ်တိုင် ခွင့်ပြုမိန့်ပေးရမည်ကို ချီတုံချတုံဖြစ်နေဟန်တူသည်။

ထောင်မှူးကြီးဖြစ်သူမှာလည်း မိမိနှင့် ရန်ငြိုးရန်စမရှိပါဘဲလျက် ထောင်မှူးကြီးများအား ဒေါက်ဖြုတ်စီရင်ခွင့်ပြုလုပ်ရန် မဲနှိုက်ရွေးချယ်ကြသောအခါတွင် ကံဆိုးသူမိမိမှာ မဲပေါက်သွားသဖြင့် စိတ်မချမ်းမြေ့စွာဖြင့် မလုပ်ချင်သော အလုပ်ကို လုပ်ဆောင်နေရခြင်းဖြစ်ပါသည်။

ကြိုးစင်ဘေး ပတ်လည်မှာရှိနေကြသော လူအားလုံးသည်လည်း မနက်စောစောစီးစီး အချိန်ဝယ် အမင်္ဂလာအဖြစ်အပျက်ကို ဝိုင်းဝန်း ကြည့်ရှုနေကြရသော်လည်း အပြစ်မဲ့ လူသားတစ်ဦးနှယ် ကင်းလွတ်စေချင်သောစိတ်ဆန္ဒများ ရှိနေခဲ့ကြလေသည်။

နောက်ဆုံးမှာတော့ တာဝန်အရကြိုးသမားကို ကြိုးပေးသတ်ရတော့မည်မို့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ပေါ်ခံစားနေရသည့်ကြားမှ ဖွတ်မိုတ်လုပ်ဆောင်ရန်သာဆုံးဖြတ်ချက်ချရလေတော့သည်။

ထောင်ပိုင်ကြီးသည် အားလုံးအဆင်သင့်အနေအထားရောက်နေပြီမို့ မျက်နှာပြင်ပေါ်တွင် စိတ်ညစ်ညူးဖွယ်ရာအခြေအနေကို ခံစားနေရင်းမှ မိမိစိတ်ကိုတင်းလိုက်ကာ ကြိုးသမားဘဝကူးကောင်းစေရန်အတွက် နောက်ဆုံးစကားတစ်ခွန်းကို လှမ်းမေး လိုက်လေသည်။

"မောင်မင်း … နောက်ဆုံး ဘာပြောစရာကျန်သေးလဲ .."

"ထောင်ပိုင်ကြီးခင်ဗျား .. ကျွန်တော်လို ပညာမတတ်ခဲ့လို့ .. ဒီအဖြစ်မျိုးကို ကြုံကြိုက်ခဲ့ရတာပါ နောင်ပညာတတ် လူငယ်လေးတွေဖြစ်အောင် .."

"ဂျိုင်း …"

စံနက်ကျော်၏ စကားသံအချို့က လမ်းခုလတ်မှာပင် ပြောနေရင်းမှ ရပ်တံ့သွားလေသည်။ ထောင်ပိုင်ကြီးသည် ကြိုးသမားကိုလှမ်းမေးနေရင်းမှ ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပုဝါအဖြူကို ထုတ်ပြီး လေထဲမှာဝှေ့ရမ်း အချက်ပြလိုက်စဉ်မှာပဲ ဂျိုင်းဆိုသော ကျယ်လောင် မြည်ဟီးသံကြီးက ကြိုးစင်ပတ်ဝန်းကျင်တစ်ဝိုက်ဝယ် ကျယ်လောင်စွာမြည်ဟီး ထွက်ပေါ်လာလေသည်။

ကြိုးစင်ဘေးရှိ ညောင်ညိုပင်ကြီးပေါ်မှာ ညဥ့်အိပ်တန်းတက်နေကြသော ကျီးတစ်အုပ်မှာလည်း နံနက်စောစောစီးစီး ကြောက်မက်ဖွယ်ရာ အသံကြီးကြောင့် လန့်ဖျတ်သွားကာ တအာအာနှင့် ကောင်းကင်ယံပေါ်ဝယ် အော်ဟစ်ပျံဝဲနေကြသည်။

ထောင်မှူးကြီး၏လက်ထဲမှ ဒေါက်မောင်းတံသည် ထောင်ပိုင်ကြီးထံမှ အချက်ပြနေသော ပုဝါဖြူကို လှမ်းမြင်လိုက်သဖြင့် အားနှင့် ဆွဲညှစ်ချလိုက်ရလေသည်။ ကြိုးသမားစံနက်ကျော် ရပ်နေသော အံဖုံးတံခါးနှစ်ချပ်မှာ ဂျိုင်းဆိုသောအသံကြီးနှင့်အတူ ဝုန်းခနဲ ကြိုးစင်အောက်ဆီပြုတ်ကျသွားခဲ့လေတော့သည်။

အချိန်အနည်းငယ် ကြာသည်အထိ ကြိုးစင်ပေါ်ရှိ သံယက်မတန်းမှာ ချည်နှောင်ထားသော မနီလာကြိုးရှည်ကြီးသည် ကျသွားသည့် လူ့ခန္ဓာကိုယ် အလေးချိန်ကြောင့် လှုပ်ရမ်းကျန်နေခဲ့သည်။

ကြိုးစင်အောက်ထဲမှ အလောင်းကြီးကို ဆွဲထုတ်ယူပြီး ထောင်ဆရာဝန်ကြီးကိုယ်တိုင် အမှန်တကယ် သေဆုံးသွားခြင်း ရှိ/မရှိ စစ်ဆေးကြည့်ရှုလေသည်။ ကြိုးပေးခံရသူ၏ သွေးခုန်နှုန်းရပ်ဆိုင်းမှ သေဆုံးကြောင်းအတည်ပြုချက်ပေးခဲ့လေသည်။

ကျွန်ုပ်သည် ကြိုးတိုက်ခန်းထဲတွင် နှစ်ရှည်လများ နေ့စဉ် အတူတူ ဆုံတွေ့ဆက်ဆံနေခဲ့ရပြီးနောက် အသက်ဝိညာဉ်ကင်းမဲ့နေသော ရုပ်အလောင်းကိုကြည့်ရှုကာ တရားသံဝေဂ ရနေလေသည်။

ယခုတော့ ကြိုးသမားစံနက်ကျော် တစ်ယောက် လူ့ဘဝကြီးထဲမှ အပြီးအပိုင်ထွက်ခွာသွားခဲ့ပြီမို့ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၎င်း၏မိသားစုထံ အကျဉ်းထောင် လက်စွဲဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရန် စီစဉ်နေရလေတော့သည်။


ဦသ



www.burmeseclassic.com

www.burmeseclassic.com





# မောင်မြိုင်းမား

< ရှိ ဇ ဘ ဝ လ း >

ဖြော့ထက် ညှပ်လေးဆိုး



www.burmeseclassic.com

တစ်ပတ်လောက် ကြိုတင်၍ စာရေးထားသောကြောင့် ကိုကံလုက ဘူတာရုံကို လှည်းနှင့် လာကြိုနေသည်။ လှည်းပေါ်တွင် မျက်နှာစိမ်း သုံးယောက်ကို တွေ့ရသည်။ သူတို့က စောဂျိမ်းတို့ကို တွေ့သည်နှင့် အပြေးအလွှား ဆင်းလာကြကာ အထုပ်အပိုးများကို ဝိုင်းသယ်ကြသည်။ လှည်းပေါ်မတက်မီ စောဂျိမ်းက တစ်စုံတစ်ခုကို သတိရကာ -

"ကျော်စိုး‥ဓာတ်ခဲဝယ်ဦးမယ်ဆို"

"ဟာ‥ဟုတ်သားပဲ၊ စောဂျိမ်းပြောမှ သတိရတယ်"

ကျော်စိုးက ဘူတာရုံကို ခပ်သုတ်သုတ် လျှောက်သွားကာ ကုန်စုံဆိုင်ကလေးမှ ဓာတ်ခဲဝယ်ပြီး လှည်းဆီကို ပြန်လျှောက်လာသည်၊ ကျော်စိုးရောက်သည်နှင့် နွားလှည်းက ချျှသံတလွင်လွင် ပေးကာ ထွက်လာခဲ့ကြသည်။

တော်တော်ဝေးဝေးတွင် ညို့ညို့မှိုင်းမှိုင်းနှင့်မြင်နေရသည်က ရိုးမတောင်ကြီး။ တောင်ပေါ်တွင် မြူတွေဆိုင်းနေသည်။ ဘူတာရုံက ဝေး၍ဝေး၍ ကျန်ခဲ့သလို ရိုးမတောင်ကြီးက တဖြည်းဖြည်း နီးလာသည်။

"ကိုကံလု‥ ရွာကို ဘယ်အချိန်လောက် ရောက်မလဲ"

"နေဝင်မှ ရောက်မယ်၊ ဗိုက်ဆာနေလို့လား"

"မဟုတ်ပါဘူးဗျာ‥မေးကြည့်တာပါ"

"စားဖို့သောက်ဖို့တော့ မပူနဲ့ အားလုံး စီစဉ်ထားပြီးသား။ ပင်ကျရည်စစ်စစ်ကလေးလည်း ချန်ခိုင်းထားတယ်"

ရွာကိုရောက်တော့ အတော်ပင်မှောင်နေပြီ၊ နွားချျှသံကြားကတည်းက ရွာထဲရှိအိမ်များကလူတွေ ထွက်ကြည့်နေကြသည်။ ကျွန်တော်တို့လာမည်ကို ကြိုသိထားကြဟန်တူသည်။ ကိုကံလု လှမ်းခေါ်ထားတာပဲ ဖြစ်နိုင်သည်။ ကိုကံလုအိမ်ကို ရောက်တော့ ထမင်းဝိုင်းကြီးက အဆင်သင့်၊ သောက်စရာ ပင်ကျရည်မြူအိုးကလည်း အဆင်သင့်။

"ကဲ‥စောဂျိမ်းတို့ ရေချိုးကြဦး။ ပင်ပန်းလာကြပြီ"

ထမင်းဝိုင်းတွင် ငါးခူကြော်၊ မျှစ်ချဉ်ဟင်း၊ ဆတ်သားခြောက်ဖုတ်များဖြင့် မြိုင်နေသည်။ စောဂျိမ်းတို့အဖွဲ့လည်း ခရီးပန်းလာသောကြောင့် ဆာဆာနှင့် တုပ်လိုက်ကြသည်မှာ ထမင်းမလောက်သောကြောင့် ထပ်၍ ချက်ယူရသည်။

ကိုကံလုက -

"မုဆိုးကြီးတို့ ဘယ်တော့ တော
ပစ်ထွက်ကြမလဲ"

"ထွက်ချင်တာကတော့ ဒီညပဲ
ဗျူ၊ တောကောင်ရမယ်ဆိုရင် ခုတော
ထွက်ချင်နေတာ"

"ဟာ‥အဲဒီလိုတော့ မလုပ်ပ
နဲ့ ခရီးပန်းလာတာ နားကြပါဦး၊ မနက်
စောစော ထွက်ကြပါ။ ကျွန်တော်တ
အဖွဲ့တွေလည်း လိုက်ကြမယ်"

"ခင်ဗျားအဖွဲ့တွေက ဘယ်သူတွေ
တုန်း။ တောပစ်ထွက်တာက လူမျာ
ရင် မကောင်းဘူး"

"လှည်းပေါ်မှာပါလာတဲ့ အောင်
ရယ်၊ ကံစိန်ရယ်၊ မြသောင်းရယ် သ
ယောက်ပါပဲ၊ ဒီကောင်တွေက သိ
တက်ကြွနေကြတာ၊ မုဆိုးကြီးတို့ လ
မယ်ကြားကတည်းက သွားကြိုမ
လုပ်နေကြတာ"

"သူတို့က တောပစ်ထွက်ဖူး
လား"

"လက်နက်တွေနဲ့တော့ မဟု
ဘူး၊ မုဆိုးကြီးရယ်၊ ဒူးလေးတို့ လေ
ချောက်တို့နဲ့ ထွက်ဖူးတာပါ၊ အ
အကြုံတွေတော့ ရှိကြပါတယ်၊ သူ
ကြောင့်လည်း ဟင်းစားကောင်
မကြာခဏ စားရပါတယ်"

"ဒါဆိုရင် တောတော့ ကျွမ်း
ထင်တယ်"

"ဟာ‥ကျွမ်းတာပေါ့"

"ဒါဆိုရင် ကောင်းပြီလေ၊ မ
စောစော ထွက်ကြတာပေါ့"

* * * * *

စောဂျိမ်းတို့ ဒီဝရာကနီး


www.burmeseclassic.com

www.burmeseclassic.com



ကောက်ညှင်းငချိတ်ပေါင်း ဇလုံကြီးက အဆင်သင့်ရောက်နေသည်။ ကိုကံလှ၏ ဇနီးက စောစောထလုပ်ထားဟန်တူသည်။ ဆတ်သားခြောက်ဖုတ်ကလည်း အဆင်သင့်။ စောဂျိမ်းတို့သုံးယောက် မျက်နှာထသစ်လိုက်ကာ ရေနွေးကြမ်း ပုကလေးနှင့် ဝမ်းဖြည့်ကြသည်။ စားနေကြတုန်း အောင်လှ၊ ကံစိန်နှင့် မြသောင်းတို့ သုံးယောက် ရောက်လာသည်။ စောဂျိမ်းတို့နှင့် အတော်လိုက်ချင်ကြပုံရသည်။

ကိုကံလှက လမ်းတွင်စားကြရန် ကောက်ညှင်းပေါင်းများကို တောင်စွန်ရွက်များဖြင့် ထုပ်နေသည်။ ဆတ်သားခြောက်များကိုလည်း ကြိုးဖြင့် အသေအချာ ချည်ကာ အိတ်ထဲကို ထည့်သည်။

"မှဆိုးကြီးတို့ ဘာလိုသေးလဲ"

"သောက်ရေဗျ"

"ရေဘူးတွေထဲမှာ ထည့်ပြီးပြီ"

"ဟုတ်ကဲ့‥ဒါဆိုရင် ပြည့်စုံပြီ၊ ကဲ‥သွားကြရအောင်"

စောဂျိမ်းတို့ ထွက်လာချိန်က မိုးတောင် မလင်းသေး။ ကိုကံလှတို့ရွာက တောင်ခြေရွာဆိုသော်လည်း တောင်ခြေနှင့် အတော်ဝေးသေးသည်။ စောဂျိမ်းတို့ မှောင်ထဲမှာ တောလမ်းအတိုင်း လျှောက်လာကြရာ တောင်ခြေရောက်တော့ မိုးထိန်ထိန်လင်းနေပြီ ဖြစ်သည်။

အောင်လှနှင့် ကံစိန်က ရှေ့မှ လမ်းပြကာ ချီတက်လာကြသည်။ ထင်းခုတ်၊ ဝါးခုတ်သွားသော လူများ၏ လမ်းကြောင်းမို့ တောတိုးစရာ သိပ်မလို၊ လမ်းကြောက ရှင်းနေသည်။ ၂ နာရီလောက် ဝင်မိသောအခါ လမ်းပျောက်သွားတော့သည်။ အောင်လှနှင့် ကံစိန်မှာ ရှေ့မှ လမ်းပြကာ ချီတက်လာကြရင်း အောင်လှက-

"ငုတ်တွင်း (တောင်ကြားလျှိုကြီး) ရောက်ရင်တော့ ဟင်းစားကောင်က သေချာတယ် မုဆိုးကြီး၊ ဒါပေမဲ့ ရောက်ဖို့က အတော်လိုသေးတယ်"

"ငုတ်တွင်းကို ဘယ်အချိန်လောက် ရောက်နိုင်မလဲ"

"မွန်းတည့်လောက်မှ ရောက်မယ်"

"ကြားမှာ တောကောင်ရနိုင်မယ့် နေရာတွေရော"

"ရှိတယ်၊ အဲဒီဘက်က သွားမယ်"

တောင်တက်လမ်းမှ ဝဲဘက်ကို ဖဲ့ဆင်းလိုက်ကြသည်။ မြရာတောနှင့် ကြိမ်တောများ ပေါက်နေသော အဆင်းကုန်းကြောအတိုင်း ချီတက်လာကြပြန်သည်။ ကြိမ်တောကို ခုတ်တွင် တိုးလာရသောကြောင့် ကြိမ်ရွက်များ၊ အရွက်များက ဆူးများကြောင့် လူတိုင်းလိုလို စပ်ဖျဉ်းဖျဉ်းဖြစ်ကုန်ကြသည်။ ကြိမ်ရွက်ရှိရာနေရာသို့ ချွေးများထိသောကြောင့် ဖြစ်သည်။

ကုန်းကြောအတိုင်း တစ်နာရီလောက် လျှောက်လာသည်အထိ ဟင်းစားကောင်ဆို၍ တစ်ကောင်တစ်မြီးမျှပင် မတွေ့ရသေး။ တစ်တောလုံး ကျေးငှက်သာရကာများ အသံမှလွဲ၍ တိတ်ဆိတ်နေသည်။ တစ်နေရာအရောက်တွင် ငြိမ်သက်နေရာမှ -

"ဖြောင်း‥ဖြောင်း‥ဖြောင်း"

စောဂျိမ်းတို့အဖွဲ့ ငြိမ်၍ ရပ်လိုက်ကြသည်။ ကိုက် ၆၀ အကွာလောက်ဆီမှ ဝါးပင်များသည် လှိုင်းလုံးကြီးထလာသလို လှုပ်ခါသွားပြီးနောက် မည်းမည်း၊ မည်းမည်းနှင့် မြင်လိုက်ရသည်ကား -

"ဟာ‥ဆင်အုပ်ကြီးဟော့‥"





www.burmeseclassic.com

ရှေ့ကရောက်နေသော အောင်လှနှင့် ကံစိန်က မြန်းခနဲ မြင်လိုက်ရသောကြောင့် နောက်ကို ပြန်ပြေးလာကြသည်။ စောဂျိမ်းက-

"ဟင်းစားကောင်ရှာတာ ဆင်အုပ်နဲ့ လာတိုးနေတယ်၊ အောင်လှရေ လမ်းကြောင်းပြောင်းဟေ့・・"

ဆင်အုပ်နှင့် ဝေးရာလမ်းမှ ခွဲထွက်လာကြသည်။ နာရီဝက်လောက်အကြာတွင် ရေစီးသံသဲ့သဲ့ ကြားရသောနေရာကို ရောက်လာကြသည်။ ရောက်နေသည့်က တောင်လက်မောင်းတစ်နေရာ။ ရှေ့ ဆယ်ကိုက်လောက်အကွာတွင် ကမ်းပါးပြတ်ကြီး။ ကျော်စိုးက -

"စောဂျိမ်း・・အောက်ဘက်မှာ စမ်းချောင်းဖြစ်မယ်"

ကံစိန်က -

"ဟုတ်တယ် မှဆိုးကြီး၊ ဒီမှာလည်း ဟင်းစားကောင် ရနိုင်တယ်"

ကံစိန်နှင့် အောင်လှတို့ ဦးဆောင်ကာ ကမ်းပါးပြတ်ကြီးကို ကုတ်ကပ်၍ တွယ်ဆင်းလာကြသည်။ အချို့နေရာများတွင် သစ်မြစ်ကိုဆွဲ၍ ဆင်းကြရသည်။ အတော်မတ်စောက်သောနေရာ ဖြစ်သည်။ အောက်ခြေတွင် ၅ ပေ ခန့် ကျယ်သော သဲချောင်းကလေး။ မိုးတွင်းဆိုလျှင်တော့ တောင်ကျရေနှင့် ပေ ၃၀ ခန့် ကျယ်သော ချောင်းကလေး ဖြစ်ပေလိမ့်မည်။

ယခုတော့ သဲချောင်းကလေး ဝဲယာနှစ်ဖက်တွင် သဲပြင်နှင့် ကျောက်တုံး ကျောက်ခဲများသာ ရှိသည်။ ကမ်းပါးနှစ်ဖက်တွင် မြရာတောနှင့် သန်းသတ်ချုံ၊ စွန်လက်သည်းချုံနှင့် ခေါင်ပဲ့ချုံများ။

စောဂျိမ်း၊ ကျော်စိုးနှင့် တင်ဝင်းက သဲမြေပေါ်တွင် ရှုပ်နေသော ခြေရာများကို လိုက်ကြည့်ရင်း -

"တောဝက်ခြေရာတွေကတော့ ရှုပ်နေတာပဲ။ တခြားအကောင် ခြေရာတွေလည်း တွေ့တယ်"

တင်ဝင်းက-

"စောင့်ပြီး ပစ်မလား စောဂျိမ်း။

ကမ်းပါးတစ်ဖက်စီတွင်
နေရာယူထားသော
နေရာများက
ဓားလွယ်ခုတ် အနေအထာ
ဖြစ်သည်။
ချုံများထဲတွင် ဝင်၍
စောင့်နေကြသောကြောင့်
အဝေးကကြည့်လျှင်
မမြင်နိုင်သော်လည်း
ချုံထဲက လူများကတော့
ပြင်ပကို မြင်နေရသည်။




www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ အများကြီးရှိတယ်"

"အေး··ကောင်းတယ်၊ ကျော်စိုးရယ်၊ အောင်လှရယ်၊ ကံစိန်ရယ်က သဲချောင်းဟိုဘက်က မြရာတောထဲက စောင့်၊ ငါရယ်၊ တင်ဝင်းရယ်၊ မြသောင်းရယ်က ဒီဘက်ခြမ်းက စောင့်မယ်၊ သတိတော့ ရှိပစေနော်"

"စိတ်ချ စောဂျိမ်း"

ကမ်းပါးတစ်ဖက်စီတွင် နေရာယူထားသော နေရာများက ဓားလွယ်ခုတ် အနေအထားဖြစ်သည်။ ချုံများထဲတွင် ဝင်၍ စောင့်နေကြသောကြောင့် အဝေးကကြည့်လျှင် မမြင်နိုင်သော်လည်း ချုံထဲက လူများကတော့ ပြင်ပကို မြင်နေရသည်။

စောဂျိမ်းတို့အဖွဲ့ တစ်နာရီကြာလောက်အထိ သည်းခံကာ ငြိမ်၍ စောင့်စားနေကြသော်လည်း ဟင်းစားကောင်အဖြစ် တစ်ကောင်တစ်မြီးမှ လာတာမတွေ့ရသေး။ တောကြောင်တစ်ကောင်နှင့် ယုန်ကလေးတစ်ကောင်သာ ခပ်သုတ်သုတ်လာ၍ ခပ်သုတ်သုတ် ပြန်ထွက်သွားသည်ကို တွေ့လိုက်ကြရသည်။

တစ်နာရီခွဲခန့်အကြာလောက်တွင် စောဂျိမ်းတို့စောင့်နေရာဘက် ကိုက် ၅၀ အကွာလောက်ရှိ ကမ်းပါးချုံတောထဲမှ "ခရူး· ခရူး ··ဖြော··ဖြော" ဆိုသော အသံများနှင့်အတူ ပြေးဆင်းလာသော တောဝက်နှစ်ကောင်။

ရှေ့က ပြေးဆင်းလာသော အကောင်ကြီးက ဝက်တောင်းကြီးဖြစ်၍ နောက်ကအကောင်က အချိန် ၃၀ ကျော်ခန့်လောက်ရှိ ဝက်ပေါက်တစ်ကောင်။ ဝက်ပေါက်က ဝက်တောင်းကို နောက်က လိုက်ပက်နေသလို၊ ဝက်တောင်းကလည်း နောက်ကိုလှည့်ကာ ဝက်ပေါက်ကိုပြန်ပက်ရင်း သဲချောင်းဆီသို့ ဒရောသောပါး ပြေးဆင်းလာကြခြင်း ဖြစ်သည်။

သဲပေါ်တွင် လုံးထွေးနေခိုက် တစ်ကောင်နှင့်တစ်ကောင် ကွဲသွားသည်နှင့် ရန်စောင်နေကြသည်။ တောဝက်တို့၏ သဘာဝမှာ ဝက်မများကိုအုပ်ချုပ်နေသော ဝက်တောင်းကြီးများသည် အသက်ကြီးလာသည်နှင့်အမျှ အစွယ်များက ရှည်လာပြီး ကွေးကောက်လာတော့သည်။ ထိုအခါ တစ်ကောင်နှင့်တစ်ကောင် ပက်လျှင် မထိတော့ဘဲ ချော်၍ချော်၍ ထွက်သွားတော့သည်။

ဝက်ပေါက်များကလည်း အစွယ်ထွက်စ၊ ချွန်ထွက်ဆဲဖြစ်၍ မိတ်လိုက်ချိန်တွင် ဝက်တောင်းကြီးများအား ခုခံတတ်သည်။ ပြန်ခုခံသော ဝက်တောင်းကြီးများ၏ အစွယ်များက ကွေးကောက်နေ၍ ဝက်ပေါက်များနှင့်ယှဉ်လိုက်သောအခါ ခံဘက်ကချည်း ဖြစ်နေသည်။ စောဂျိမ်းက ချုံထဲတွင်ထိုင်ကာ အခြေအနေကို စဉ်းစားနေသည်။ ဝက်တောင်းနှင့် ဝက်ပေါက်ဆင်းလာပြီး အခြေအနေအေးချမ်းပါက ဝက်မကြီးနှင့် ဝက်ပေါက်ကလေးများ ဆင်းလာမည်ကို တွေးမိသည်။

ထို့ကြောင့် ဝက်တောင်းနှင့် ဝက်ပေါက်တို့၏ ရန်ပွဲကို ကြည့်နေရင်းက ခဏအကြာတွင် ဝက်တောင်းကြီးက ဝက်ပေါက်ရန်ကိုကြောက်၍ သဲချောင်းကို ဆန်တက်ကာ ကိုက် ၂၀ လောက်အကွာတွင် ရပ်နေလိုက်သည်။ အချိန်ကောင်းဖြစ်သည်။ စောဂျိမ်းက ချုံထဲကနေ လက်ထုတ်ကာ ကျော်စိုးတို့ဘက်ကို ဝက်ပေါက်ကို လက်ညှိုးထိုးပြလိုက်သည်။ ကျော်စိုးကလည်း သဘောပေါက်သည်။

စောဂျိမ်းက ချုံထဲကနေ သေနတ်

❝

စောဂျိမ်းတို့ကတော့ ဒါမျိုးတွေ တောထဲမှာ မကြာခဏ ကြုံဖူးမယ်ထင်တယ်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာ အယူအဆကတော့ မကျွတ်မလွတ်နိုင် သေးတဲ့ ဂျပန်စစ်သားတွေဖြစ်မယ်လို့ ထင်တာပဲ

❞



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကာ ဝက်တောင်းကြီးကို ချိန်လိုက်သည်။ ချိန်သီးနှင့် မျက်လုံးက တည့်နေသည်။ ဝက်တောင်းကြီးက မငြိမ်သေး။ ဝက်ပေါက်ကို ရင်ဆိုင်မလို၊ သဲချောင်းထဲကရေကိုပဲ သောက်တော့မလိုနှင့် သဲပြင်ပေါ်တွင် လှည့်နေသည်။

စောဂျိမ်းက သေနတ်ကို အကျအနချိန်ထားဆဲ ထိုအချိန်တွင် ဝက်တောင်းကြီး နောက်ဘက် ပေ ၂၀ အကွာလောက်ဆီမှ ကလေးတစ်ယောက်လိုလို၊ လူပုပုတစ်ယောက်လိုလိုက ဖြတ်ပြေးကာ ကမ်းပါးပေါ်သို့ တက်သွားသည်ကို လျှပ်တစ်ပြက် မြင်လိုက်ရ၍ မျက်လုံးပြူးသွားသည်။

ပစ်ကွင်းနှင့်တော့ တည့်မနေ။ ပေ ၂၀ အကွာလောက်ကို လူတစ်ယောက် ဖြတ်ပြေးသွားသည်ဆိုလျှင် ဝက်တောင်းကြီးက လူနောက်ကို လိုက်၍သော်လည်းကောင်း၊ လန့်ပြီး ပြေး၍သော်လည်းကောင်း ဖြစ်ရမည်။ ယခုတော့ ဝက်တောင်းကြီးက သိဟန်ပင်မတူ။ သို့သော စောဂျိမ်းက ရလာသော အခွင့်အရေးကို လက်လွှတ်မခံ၊ ခလုတ်ကို ဆွဲလိုက်သည်။

"ဒိုင်း"

စက္ကန့်ပိုင်းလောက် အကြာတွင် -

"ဘောင်း"

မတူညီသော သေနတ်သံ နှစ်ချက်က ရေဆင့်နောက်ဆင့်ထွက်သွားပြီးနောက် ဝက်တောင်းနှင့် ဝက်ပေါက် ဆင်းလာရာ ကမ်းပါးဆီမှ "ဝေါ··ဗြော" ဟူသော အသံများကို ကြားလိုက်ရကာ ငြိမ်သက်သွားသည်။ စောဂျိမ်းကတော့ သဘောပေါက်လိုက်သည်။ သေနတ်သံများကြောင့် ဝက်မကြီးနှင့် ဝက်သားပေါက်ကလေးများ ထွက်ပြေးသွားသော အသံများ ဖြစ်လိမ့်မည်ဟု။

စောဂျိမ်းက ပစ်လိုက်သော ကျည်ဝင်ရာများကို တစ်ကောင်စီလိုက်ကြည့်ရင်း -

"ကဲ··ဟင်းစားကောင်တော့ ရပြီ။ ဒီမှာ ခဏနားကြမယ်ဟေ့၊ ကံစိန်ရေ·· ငှတ်တွင်းက ဝေးသေးတယ် မဟုတ်လား"



"နည်းနည်းတော့ ဝေးသေးတယ်"

"အေး··ဒါဆိုရင် ငှတ်တွင်းကို နောက်နေ့မှ သွားကြမယ်။ ဒီကောင်တွေ ပြန်သယ်ဖို့ကလည်း ရှိသေးတယ်။ ဒီမှာ နားပြီး ဝမ်းဖြည့်ကြတာပေါ့ကွာ၊ ဘယ့်နှယ့်လဲ"

"ကောင်းတယ် မှဆိုးကြီး"

"ဒါဆို စားဖို့သောက်ဖို့ လုပ်ကြလေကွာ"

သဲပြင်ပေါ်တွင် မီးဖိုတစ်ခု လုပ်လိုက်ကြကာ ပါလာသော ဆတ်သားခြောက်ကို ဖုတ်ကြသည်။ တင်ဝင်းက သစ်ပင်ပေါ်က မျောက်များကိုကြည့်ကာ လက်ယားနေသောကြောင့် မျောက်တစ်ကောင်ကို ပစ်ချကာ မျောက်ချေးခါးဟင်းချက်သည်။ ကျော်စိုးနှင့် တင်ဝင်းက ပါလာသော ရမ်အရက်များကို ထုတ်လိုက်သည်။

* * * * *

ရွာကိုပြန်ရောက်တော့ နေအတော် စောင်းနေပြီ။ ကိုကံလု အိမ်ရှေ့ကွပ်ပျစ် တွင် ညနေချမ်း ရေနွေးကြမ်းဝိုင်း ကြတော့ ကျော်စိုးက စောဂျိမ်း အနားသို့ ကပ်ကာ တိုးတိုး ပြောသည်။ စောဂျိမ်း အံ့ဩ သွားသည်။

"ငါလည်း မင်းကို အဲ အကြောင်း ပြောမလို့၊ အ တော့ မင်းတွေ့တာနဲ့ တွေ့တာ တူနေပြီ"

"ထူးဆန်းတယ်နော် စောဂျိမ်း"

စောဂျိမ်းနှင့် ကျော်စိုး တိုးတိုး ပြောနေကြသည်ကို ကံခိုင်က ရိပ်

www.burmeseclassic.com



သွားသောကြောင့် အနားကို တိုးလာသည်။ စောဂျိမ်းက တောဝက်ပစ်ရင်း ကြုံလိုက်ရပုံကို ကံစိန်အား ပြောပြလိုက်သည်။ ထိုအခါကျမှ ကံစိန်က စောဂျိမ်းတို့ကို ရှင်းပြလိုက်သည်။

"အဲဒီလိုဖြစ်မယ်မထင်လို့ ကျွန်တော်က စောဂျိမ်းတို့ကို ကြိုပြောမထားတာ၊ ကျွန်တော်တို့လည်း ကြုံဖူးတယ်၊ မုဆိုးတော်တော်များများလည်း ဖြတ်ဖြတ် သွားတာ တွေ့တတ်တာ၊ တစ်ခု ထူးဆန်းတာက သေနတ်ကိုင်ပြီးပစ်တဲ့ လူတွေပဲ တွေ့တတ်တာ၊ တခြားလူတွေ မတွေ့ပါဘူး"

"ဒါကြောင့်မို့ တောကောင်ချောင်းနေတဲ့ လူချင်းအတူတူ ကျွန်တော်တို့ကျတော့ မတွေ့ဘူး။ စောဂျိမ်းနဲ့ ကျော်စိုးပဲ တွေ့ကြတာဆိုတော့ ထူးဆန်းတယ်။ အရင်လာဖူးတဲ့ မုဆိုးတွေလည်း အဲဒါမျိုး တွေ့ဖူးတယ်၊ တောကောင်ပစ်တဲ့လူပဲ တွေ့တာဆိုတော့ တစ်မျိုးပဲဗျ၊ ကျွန်တော်ကြားဖူးတာက ကျွန်တော်တို့ ငယ်စဉ် ဂျပန်ခေတ်မှာ အင်္ဂလိပ်တွေ တက်လာတော့ ဂျပန်တပ်တွေ ဆုတ်သွားကြတော့ ဂျပန်တွေက ပြေးမိပြေးရာ ပြေးရင် အဲဒီနေရာမှာ ခေတ္တ စခန်းချတယ်တဲ့၊ နောက်ပြီး အင်္ဂလိပ်တွေလာရင် ခုခံဖို့ ကတုတ်ကျင်းတွေလည်း အဆင်သင့် တူးထားကြတယ်"

"ဒါပေမယ့် အင်္ဂလိပ်တွေက ဂျပန်တွေ အဲဒီနေရာမှာ ရှိတယ်ဆိုတာ သတင်းရထားတော့ တစ်ရက်မှာ ဝိုင်းပြီး တိုက်လိုက်ကြတာ ဂျပန်စစ်သားတွေ အားလုံးလိုလို အဲဒီနေရာမှာ ကျဆုံးသွားကြတယ်၊ တချို့လည်း ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြတယ်၊ ခုချိန်ထိ ကျွန်တော်တို့ တောဝက်ပစ်တဲ့ နေရာနဲ့ ကိုက် ၁၀၀ အကွာလောက်က ကမ်းပါးပေါ်မှာ ကတုတ်ကျင်းဟောင်းတွေ ရှိနေသေးတယ်"

"ဩော်…ဒါကြောင့်မို့လို့ ကလေးလိုလို အရပ်ပုပုအရွယ် လူတွေ တွေ့တာကိုး။ ကျော်စိုးတွေ့တာလည်း အဲဒီပုံမျိုးပဲ"

ကိုကံလှက -

"စောဂျိမ်းတို့ကတော့ ဒါမျိုးတွေ တောထဲမှာ မကြာခဏ ကြုံဖူးမယ်ထင်တယ်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာ အယူအဆကတော့ မကျွတ်မလွတ်နိုင်သေးတဲ့ ဂျပန်စစ်သားတွေဖြစ်မယ်လို့ ထင်တာပဲ"

"အင်း…အင်း…ကြုံဖူးပါတယ်၊ ဒါလည်း အတွေ့အကြုံတစ်မျိုးပေါ့ဗျာ။ ဒါတောင် ကျွန်တော်နဲ့ ကျော်စိုးက တောဝက်တစ်ကောင်စီရအောင် ပစ်လိုက်သေးတယ်၊ ပစ်ကွင်းထဲမှာ ဝင်လာတော့ ကြောင်တော့ ကြောင်သွားတယ်၊ ဒါပေမဲ့ အခွင့်အရေးရတုန်း ပစ်ရတာဆိုတော့ ဘယ်လက်လွှတ်ခံချင်မှာတုန်း"

"စောဂျိမ်းတို့က မကြောက်တတ်တော့ တော်သေးတယ်"

"မုဆိုးပဲဗျာ၊ ကဲ…ကဲ…နောက်နေ့ ဝတ်တွင်းကို စောစောထွက်ကြရဦးမယ်၊ အိပ်ကြရအောင်"

ကျော်စိုး၊ တင်ဝင်း၊ ကံစိန်နှင့် မြသောင်းတို့က ကွပ်ပျစ်ပေါ်တွင် ဟောက်တောင် ဟောက်ကုန်ကြပြီ။

မောင်မြင့်မား (ဘိုကလေး)


အဲဒီလို ဖြစ်မယ်မထင်လို့ ကျွန်တော်က စောဂျိမ်းတို့ကို ကြိုပြောမထား တာ၊ ကျွန်တော်တို့လည်း ကြုံဖူးတယ်၊ မုဆိုး တော်တော်များများလည်း ဖြတ်ဖြတ် သွားတာ တွေ့တတ်တာ၊ တစ်ခု ထူးဆန်းတာက သေနတ်ကိုင်ပြီးပစ်တဲ့ လူတွေပဲ တွေ့တတ်တာ၊ တခြားလူတွေ မတွေ့ပါဘူး



www.burmeseclassic.com

## မောင်ယဉ်ကျော်

# စုံထောက်နိုင်ယာရီ



■ အမတ်ရောဂါထလို့ လှုပ်ရှက်ထားတဲ့
အိမ်ထောင်ရေးအတွင်းရေးတွေ ပေါ်လာတဲ့ ဟီလာရီကလင်တန်
နှင့်
■ ကမ္ဘာကျော် ဘောလုံးသမား ရော်နယ်ဒိုကို
ကျိန်စာတိုက်ထားတာလို့ ပြောတဲ့ နတ်ဆရာတစ်ဦး

အပါအဝင် ...

www.burmeseclassic.com

www.burmeseclassic.com



(၁)

ခုတလော မကျေနပ်လို့ ကျိန်တတိုက်တာတို့၊ မေတ္တာပို့တာတို့ ကြားနေရချိန် ကမ္ဘာ့ဘောလုံးလောကမှ ဖြစ်ရပ်ဆန်းတစ်ခု ဟိုးလေးတစ်ကျော် ဖြစ်သာ၏။ ဖြစ်စဉ်က ဒီလိုပါတဲ့။

ဂါနာနတ်ဆရာကြီးတစ်ဦးက ရော်နယ်ဒိုကို ဒဏ်ရာရအောင် အောက်လမ်းနည်းနဲ့ စီရင်ထားကြောင်း တရားဝင် ကြေညာလိုက်တဲ့ကိစ္စပဲ။

အဲဒီ ဂါနာ နာမည်ကြီး နတ်ဆရာကြီးက ပေါ်တူဂီလက်ရွေးစင်ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒိုအား သေအောင်တော့ မလုပ်၊ ဘောလုံး မကစားနိုင်အောင် အောက်လမ်းနည်းနဲ့ လုပ်ထားကြောင်း။ ကမ္ဘာ့ဖလားအတွက် လက်ရွေးစင် အသင်းတွင်အရွေးခံထားရသော်လည်း ကြွက်သားအရွတ်ဒဏ်ရာကြောင့် မက္ကဆီကို၊ အိုင်ဘာလန်အသင်းတွေနဲ့ ခြေစမ်းပွဲတွေသို့ချော်စေရမည်ဖြစ်ကြောင်း၊ ထို့နောက် ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားလက်ရွေးစင်အသင်းနဲ့ လေ့ကျင့်ရေးတွေလွဲခဲ့ခြင်း ဖြစ်တယ်တဲ့။

မှော်ဆရာကြီး နာနာကွာဘွန်ဆပ်က ၎င်းသည် ဗီဖာကောင်းဆုံးဆုရှင်ကို ဒဏ်ရာရအောင် အောက်လမ်းနည်းနဲ့ လုပ်ထားပုံကို ဂါနာရေဒီယို Angel FM နဲ့ အင်တာဗျူးခန်းမှာ ပြောကြားခဲ့တဲ့ စကားတွေထဲမှာ -

"ရော်နယ်ဒိုရဲ့ ဒဏ်ရာအခြေအနေကို ကျွန်တော်သိပါတယ်။ ကျွန်တော်က သူ့ကို စီရင်ထားတာပါ။ ကျွန်တော်ဒါကို အတော်လေး အလေးထားပြီး လုပ်ထားတာပါ။ ပြီးခဲ့တဲ့အပတ်က ခွေးလေးကောင်ကိုရှာပြီး အထူးဝိညာဉ်တစ်ကောင် ဖန်တီးထားခဲ့တာပါ။

ခု ကျွန်တော်လုပ်တာ ရောဂါကလွန်ခဲ့တဲ့ လေးလလောက်ကတည်းက ကြိုတင်စီစဉ်လုပ်ထားတာ။ ဘာဆေးနဲ့မှ ကုလို့ရမှာမဟုတ်ပါဘူး။ ရော်နယ်ဒိုကို ကမ္ဘာ့ဖလားကထွက်ရအောင် ကျွန်တော်လုပ်မှာပါ။ အနည်းဆုံး ဂါနာအသင်းနဲ့ပွဲမှာ မပါနိုင်အောင် ကြိုးစားမှာ။

ဒီရောဂါက ဘာကြောင့်ဖြစ်တယ်ဆိုတာမသိအောင် စီစဉ်ထားတာ။ ဒီနေ့ဒူးမှာဖြစ်နေ၊ မနက်ဖြန် ခါးကိုရောက်၊ နောက်တစ်နေ့ တင်ပါးဒဏ်ရာ၊ နာတာက ရွေ့လျားနေမှာပါတဲ့။ နတ်ဆရာက ဂါနာလက်ရွေးစင်အသင်းဖြစ်ပြီး အဲဒီအသင်းနဲ့ ရော်နယ်ဒို ပါဝင်ကစားရမှာက ပေါ်တူဂီ၊ ဂျာမနီ၊ အမေရိကန်တို့နဲ့ အုပ်စု (G) မှာ ဇွန် ၂၆ ရက်နေ့မှာ စကစားရမှာတဲ့။

ကဲ‥ဒီကိစ္စ ခယ်သူမှာ တာဝန်ရှိသလဲ။ ဘယ်သူက ငွေဘယ်လောက်ပေးပြီး ခိုင်းတာလဲ။ ဒါမှမဟုတ် နတ်ဆရာက သူလောင်းထားတဲ့အသင်းနိုင်အောင် ဒီလိုပညာမျိုးနဲ့ ဒီလိုလုပ်တာ ဘယ်ဥပဒေနဲ့ အရေးယူမလဲ။ ဘောလုံးလောကမှာရော အရေးယူတဲ့ဥပဒေမရှိဘူးလားလို့ အငြင်းပွားနေကြတယ်။

(၂)

၂၆-၅-၂၀၁၄ ရက်နေ့က ဂျပန်နိုင်ငံတောင်ပိုင်း အိုဆာကာမြို့ကအဖြစ်အပျက်က သစ်စက်ကထွက်တဲ့ လွှစာမှုန့်တွေလို မီဒီယာလောကမှာ ပလူပျံသွားသလို ဂျပန်ရဲ့ရုံထောက်တွေ အတော်ကို အလုပ်ရှုပ်သွားကြရတဲ့ ဖြစ်ရပ်တစ်ခုပါတဲ့။ ဂျပန်အမျိုးသမီး လောကတွင်လည်း တုန်လှုပ်သွားစေတယ်ပေါ့။

ဒီလိုပါ။





www.burmeseclassic.com

www.burmeseclassic.com



ဂျပန်အမျိုးသမီးသူနာပြုဆရာမတစ်ဦးရဲ့ အလောင်းကို အရုပ်လက်ဆောင်ပေးတာပါဆိုပြီး စာတိုက်ကနေပါဆယ်နဲ့ တစ်မြို့ပြီးတစ်မြို့ လိုက်ပို့နေတဲ့ ဖြစ်ရပ်ဆန်းပါ။

ဂျပန်နိုင်ငံတောင်ပိုင်း အိုဆာကာမြို့ကနေ တိုကျိုမြို့ကို သယ်ဆောင်လာတဲ့ အရှည် ၆ ပေ၊ ၂ လက်မရှိတဲ့ သေတ္တာတစ်ခုအတွင်းမှာ သူနာပြုဆရာမတစ်ဦးဖြစ်တဲ့ ရီကာအိုဒါကာရဲ့ အလောင်းကို ဂိုဒေါင်တစ်ခုအတွင်းမှ စတွေ့ရာက ဒီသည်းထိတ်ရင်ဖို ဖြစ်ရပ်က ရဲ့ရုံးထောက်တွေလက်ထဲ ရောက်တော့တာပဲ။

အဲဒီသေတ္တာကြီးကို အရုပ်သေတ္တာပါဆိုပြီး စာတိုက်ကနေတစ်ဆင့် ပါဆယ်ဖိုးခကို အိုကာဒါဆိုတဲ့ နာမည်နဲ့ ဝန်ဆောင်ခပေးချေသတဲ့။ သေတ္တာပုံးရမ်းခ၊ ပို့ဆောင်ခတွေကို အိုကာဒါရဲ့ ခရက်ဒစ်ကတ်ကိုသုံးပြီး ငွေရှင်းပေးတာကို စစ်ဆေးတွေ့ရှိရပြီး နောက်ကြောင်းပြန် စုံစမ်းကြတဲ့အခါ-

ယခုနှစ် မတ်လနောက်ပိုင်းက စပြီး ပျောက်ဆုံးနေတဲ့ အသက် ၂၉ နှစ်အရွယ် သူနာပြုဆရာမလေး အိုကာဒါကို စားဒယ်ရာ တစ်ဒါဇင်ကျော်တွေနဲ့ သေနေကြောင်း ဂျပန်မီဒီယာသတင်းတွေက ဖော်ပြလာကြတာ တွေ့ရတယ်။

ဒီလိုအသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အိုဆာကာရဲ့ရုံးထောက်တွေက အသေးစိတ်ပြောဆိုဖို့ ငြင်းနေပါတယ်။ ဒါပေမယ့် မီဒီယာသမားတွေ စုံစမ်းရတဲ့ သတင်းကတော့ မူလတန်းကျောင်းတစ်

ဟီလာရီက
ကိုယ်ဝန်ရှိနေတာကို
သူ့ယောကျ်ားကိုမပြောဘဲ
လျှို့ဝှက်ထားခဲ့တယ်။
ဇနီးသည်မှာ
ကိုယ်ဝန်ရှိနေတယ်ဆိုရင်
ပထမ
သိခွင့်ရှိတာက
လင်သားပဲလေ။
ဒါပေမယ့်
သူက လျှို့ဝှက်ပြီး
မပြောခဲ့ဘူး။
ကလင်တန်
ဘယ်လို
သိရသလဲဆိုတော့ ..

---

ကျောင်းက မူလတန်းပြဆရာမလေးတစ်ယောက်က ယခုလစောစောပိုင်းက အိုကာဒါရဲ့ ပတ်စပို့ကိုသုံးပြီး အိုကာဒါနဲ့အတူ တိုကျိုကနေ လေယာဉ်နဲ့ထွက်ခွာသွားကြောင်း။

နောက် အမည်မဖော်ပြတဲ့ သေသူနဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်က သူနာပြုဆရာမအလောင်းတွေခဲ့တဲ့ နေရာနဲ့ အနည်းငယ်ဝေးတဲ့ ဒေသနေရာတစ်ခုမှာ ဆရာမနဲ့ သက်တူရွယ်တူ တရုတ် အမျိုးသမီးတစ်ဦးနဲ့

အတူနေထိုင်ခဲ့ကြောင်း၊ သူတို့ နှစ်
ယောက်စလုံး ရှန်ဟိုင်းသို့သွားသည့်
လေယာဉ်ခရီးစဉ်တွင် လိုက်ပါသွားကြ
ကြောင်း ပြောပြပြန်၏။

နောက်သတင်းတစ်ခုက ဆရာမ
လေး အိုကာဒါ မပျောက်ဆုံးမီ နောက်
ဆုံးအချိန်က သူ့ရဲ့ Facebook မှာ -
ဆယ်စုနှစ်နှင့်ချီ မတွေ့ခဲ့ရတဲ့ သူ
ငယ်ချင်းနဲ့တွေ့ရန် သွားမယ်လို့ ရေးခဲ့
ကြောင်းလည်း AFP သတင်းတွင် ဖော်
ပြပြီး၊ ယခု သတင်းရေးချိန်အထိ လူ
သေအရုပ်ပါဆယ်အလောင်းကိစ္စ တရား
ခံ မပေါ်သေးဘူးလို့ သိရတော့ အံ့ဩ
စရာပေါ့။

(၃)

ကမ္ဘာမှာရော မြန်မာမှာပါ ရွေး
ကောက်ပွဲရောဂါတွေ ထနေချိန်။

ကမ္ဘာ့နိုင်ငံရေးလောကတွင် လှုပ်
လှုပ်ရှားရှားဖြစ်နေတဲ့ ၂၀၁၆ ခုနှစ်တွင်
ကျင်းပမည့် အမေရိကန်သမ္မတ ရွေး
ကောက်ပွဲမှာ အမေရိကန်သမ္မတဟောင်း
ဘီလ်ကလင်တန်ရဲ့ဇနီး၊ ဟီလာရီကလင်
တန် ဝင်ရောက်အရွေးခံမည့်ကိစ္စ ပေါ်
ပြူလာဖြစ်သလို စိတ်ဝင်စားမှုတွေလည်း
များနေကြချိန်ဖြစ်၏။ ထိုအချိန်မှာပင်
ဟီလာရီကလင်တန်းသတင်းက ပိုပြီး
စိတ်ဝင်စားစရာဖြစ်လာတာက-

သမ္မတဟောင်း ဘီလ်ကလင်တ
နဲ့ ဟီလာရီကလင်တန်တို့ရဲ့ တစ်ဦး
တည်းသောသမီး ချဲလ်ဆီး ၃၄ နှစ်ပ
သမ္မတဟောင်း ဘီလ်ကလင်တန်
ရတဲ့ သမီးရင်းမဟုတ်ဆိုတဲ့ ကိ
ပိုပြီး ဂယက်ထနေတော့ ပြန်ပါတယ်
အဲဒီသတင်းကို ဘယ်သူ ဖွလိုက်တ



www.burmeseclassic.com

www.burmeseclassic.com



သဲဆိုတော့ ကမ္ဘာကျော် စာစောင်ကြီးတစ်စောင်ဖြစ်တဲ့ National Enquirer က ဖော်ကောင်လုပ်လိုက်တာပဲ။

အဲဒီလို ဖွပေးလိုက်လို့ မကြာခင်မှာပဲ ဇူလိုင်လ ၇ ရက်နေ့က ထုတ်လိုက်တဲ့ National Enquirer စာစောင်မှာလည်း ဘီလ်ကလင်တန်က ချဲလ်ဆီဟာ သူ့သမီးမဟုတ်ပါဘူးဆိုပြီး ဝန်ခံပြောဆိုတဲ့အကြောင်း၊ ဘီလ်ကလင်တန်ရဲ့ အချစ်ဆုံး၊ အခင်ဆုံး သူငယ်ချင်းတစ်ယောက်က သူက ကျွန်တော့်ကို ဒီလိုပြောခဲ့ပါတယ်ဆိုပြီး ကိုးကားထပ်ရေးတာ ပါလာပြန်ရော။

ဒီတော့ မိခင်ကလည်း အမတ်လည်းဖြစ်တော့မယ်အချိန် သမီးချဲလ်ဆီကလည်း ရင်းနှီးမြှုပ်နှံမှုဘဏ် လုပ်ငန်းရှင်ကြီး မာ့စ်ဗက်စ်ဗင်စကီနဲ့ အိမ်ထောင်ပြုပြီး ကိုယ်ဝန်အရင့်အမာ ရရှိနေချိန်ဆိုတော့ မိဘအိမ်ထောင်ရေးရော၊ သမီးအိမ်ထောင်ရေးပါ အတော်လေး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတာတော့ အမှန်ပဲ။



ဟီလာရီကလင်တန်၊ ဘီလ်ကလင်တန်၊ ချဲလ်ဆီး ကလင်တန်နှင့် ခင်ပွန်း မာ့ခ်မက်ဇ်ဗင်စကီး




ဝက်ဘ်ဟာဘဲလ်နှင့် ချဲလ်ဆီးကလင်တန်

ဒီလို အိမ်ထောင်ရေးမီးလောင်နေချိန်မှာ ကလင်တန်မိသားစုကို အမြဲတမ်း မကောင်းမြင်ဝါဒနဲ့ ဆန့်ကျင်ဘက်ခတ် ရေးသားလေ့ရှိတဲ့ The New Yorker စာစောင်က ဟီလာရီသည် သူ့သမီး ချဲလ်ဆီးနဲ့ ပတ်သက်လာရင် အဖြစ်မှန်ကို ဖုံးကွယ်ထားလေ့ရှိကြောင်း ဆိုတာ ဟုတ်ပါသလားလို့ မေးခွန်းတွေ ထုတ်ပြီး ဖွလိုက်ပြန်ရော။ ဒီလိုမေးခွန်းနဲ့ပတ်သက်ပြီး The National Enqurie က ဆက်လက်လျှို့ဝှက်၍ စုံထောက်များအားကိုးနှင့် စုံစမ်းရာ - ဘီလ်ကလင်တန် အာကင်ဆောပြည်နယ်မှာ ပြည်နယ်အုပ်ချုပ်ရေးမှူးဘဝနဲ့ တာဝန်ထမ်းဆောင်စဉ်က အတူတကွ လက်တွဲလုပ်ခဲ့ဖူးတဲ့ အခု အသက် ၆၃ နှစ်အရွယ်ရောက်နေပြီဖြစ်တဲ့ လယ်ရီကို သိသွားပြီး National Enquirer အား လယ်ရီကို ချော့ပြီး မေးကြည့်ရာ လယ်ရီက လယ်ရီအား ရင်ဖွင့် ပြောခဲ့ဖူးတဲ့ အကြောင်း၊ ထိုစဉ်က ဘီလ်မှာ ဒုတိယ သက်တမ်းထမ်းဆောင်နေတဲ့ ၁၉၈၄ ခုနှစ်ကာလက သူ့ကို ရင်ဖွင့်ပြောကြားခဲ့ဖူးကြောင်း၊ ထိုသို့ အတွင်းရေးများ ပြောပြီး တိုင်ပင်ခဲ့တဲ့အထဲမှာ မော်နီကာ လူဝင်းစကီးအကြောင်းတွေလည်း ပါကြောင်း။

အဲဒီတုန်းက ဘီလ်က အတော်စိတ်လှုပ်ရှားနေတဲ့ပုံပဲ၊ စွပ်စွဲတာတွေ များလာတော့ သူလည်း ဘာလုပ်ရမှန်း မသိတော့ ရင်ဖွင့်လိုက်တဲ့သဘောပါပဲ။ ဒီပြောတဲ့စကားတွေထဲမှာ လျှို့ဝှက်ထားတဲ့ သူက သူဟာ ကလေးဘဝကတည်းက သားသမီး မထွန်းကားနိုင်သူဖြစ်ကြောင်း၊ သိရပြီး ဥပမာပြောရရင် သူဟာ ယမ်းမပါတဲ့ ဗလာကျည်ဆန်ပေါ့ဗျာတဲ့။

အဲဒီလို သူ့ပါးစပ်ကထွက်လာတော့ အံ့ဩသွားပြီး ဒါဆိုရင် ခင်ဗျားတို့ သမီး ချဲလ်ဆီးက ဘယ်လို မွေးလာတာလည်းလို့မေးတော့ သူ့ မျက်နှာ နည်းနည်းပျက်သွားတယ်။ နောက် သူ



www.burmeseclassic.com

ဘာပြောသလဲဆိုတော့ ဟီလာရီနဲ့ ဝက်ဘ်ဟာဘဲလ်တို့ ငြိစွန်းရာကနေ ရလာတဲ့ ကိုယ်ဝန်ပေါ့လို့ ပြောတယ် ဗျာတဲ့။

ဒီလို သူငယ်ချင်းမျိုးလည်း ရှိသေးတယ်နော်။

ဝက်ဘဲလ်ဆိုတာက ဟီလာရီနဲ့ ဥပဒေအကျိုးဆောင်လုပ်ငန်းတစ်ခုကို အတူတူ ထူထောင်လုပ်ကိုင်ခဲ့ဖူးတဲ့လူပါ။ သူတို့မိသားစုနဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးလည်း ဖြစ်တာပေါ့။

ချဲလ်ဆီးကို ၁၉၈၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ မွေးဖွားခဲ့တာပါ။ ခုလို ကမ္ဘာကျော်ပုဂ္ဂိုလ်တွေရဲ့ လျှို့ဝှက်ထားချက်တွေ၊ ဒီလို သူတို့ရဲ့ လုပ်ရပ်များ အရှိန်မြင့်လာပြီဆိုရင် ပေါ်လာစမြဲပါ။

ခုလည်းကြည့်လေ၊ ဒါ ဘယ်သူမှ မသိသလို သူတို့ကလည်း ဘယ်သူမှ မပြောခဲ့တဲ့ကိစ္စ၊ ဒါပေမဲ့ စိတ်မချရတဲ့ သူငယ်ချင်းတစ်ယောက်ဆီက ပေါက်ကြားခဲ့ရာက ခုနှစ်ပေါင်း ၃၀ ကျော်ကြာ ဟီလာရီ အမတ်အရွေးခံတော့မယ်ဆိုမှ လူတစ်ယောက်ရဲ့ သိက္ခာကျဖို့ အကွက်ဆင်လိုက်တာပဲ။

တကယ်တော့ ဟီလာရီဟာ အမတ်ရာထူးနဲ့ မတန်ပါဘူး။ အကျင့်စာရိတ္တ ပျယ်ယွင်းခဲ့သူတစ်ယောက်ဖြစ်လို့ အမတ်အဖြစ် အရွေးခံဖို့ မသင့်သလို သမ္မတအဖြစ်လည်း ထမ်းဆောင်ရန် မသင့်တဲ့လူပါလို့ ပြောလိုက်တော့ သမီးလေး ချဲလ်ဆီးဘက်ကို ကြည့်လိုက်ရင်လည်း သူ့မျက်နှာက သူတို့ပြောတဲ့ ဝက်ဘ်ရဲ့ မျက်နှာနဲ့ တစ်ထေရာတည်း တူနေပြန်ရော။ ဘီလ်ကလင်တန်နဲ့ မတူရှာဘူး။ အဲဒီသတင်းကလည်း ရုပ်လက္ခဏာနဲ့ ယှဉ်ကြည့်ကြဖို့ ဖြစ်လာပြန်ရော။

ဟီလာရီက ကိုယ်ဝန်ရှိနေတာကို သူ့ယောက်ျားကိုမပြောဘဲ လျှို့ဝှက်ထားခဲ့တယ်။ ဇနီးသည်မှာ ကိုယ်ဝန်ရှိနေတယ်ဆိုရင် ပထမ သိခွင့်ရှိတာက လင်သားပဲလေ။ ဒါပေမယ့်သူက လျှို့ဝှက်ပြီး မပြောခဲ့ဘူး။ ကလင်တန် ဘယ်လိုသိရသလဲဆိုတော့ မီဒီယာသတင်းထောက်တွေကတစ်ဆင့် ဖတ်ပြီး သိရတာဆိုတော့ မခက်ဖူးလား။

ဒါပေမဲ့ ချဲလ်ဆီးဟာ သူ့အဖေအရင်းဖြစ်တဲ့ ဝက်ဘ်နဲ့ လုံးဝ သိခွင့်၊ တွေ့ခွင့်မရရှာခဲ့ပါဘူး။ အဲဒီ ဝက်ဘ်ဆိုသူကလည်း နော့သ်ကာရိုလိုင်းနားမှာ ကွယ်လွန်သွားတာ ကြာပါပြီ။ တကယ်လို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဟီလာရီကို မေးရင် ဝက်ဘ်မဟုတ်ပါဘူးလို့ ငြင်းမှာပဲ။

ချဲလ်ဆီးမွေးခင် (၇) နှစ်လောက်မှာ အခု အသက် ၆၆ နှစ်ရှိနေပြီဖြစ်တဲ့ ဟီလာရီနဲ့ သက်တူရွယ်တူ ဝက်ဘ်တို့ ဆုံဆည်းခဲ့ကြသည်။ သူတို့နှစ်ယောက်စလုံးက ဥပဒေဘွဲ့ရထားကြသူတွေ၊ ၁၉၇၃ ခုနှစ်မှာ သူတို့နှစ်ယောက်ပေါင်းပြီး ဥပဒေအကျိုးဆောင်လုပ်ငန်းဆိုပြီး ထူထောင်လုပ်ကိုင်ကြတယ်။ ဒါ သူတို့ နောက်ကြောင်း။

ချဲလ်ဆီးလေး မွေးပြီး (၄) နှစ်အကြာမှာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဘီလ်က သမ္မတဖြစ်လာပြီး သူ့မိတ်ဆွေ သူငယ်ချင်း ဝက်ဘ်ကို အာကင်ဆောပြည်နယ် တရားလွှတ်တော်မှာ တရားသူကြီးချုပ်အဖြစ် ခန့်လိုက်တယ်

ဒီလို ခန့်ပြီး ၁၉၉၄ ခုနှစ်မှ အခွန်ရှောင်မှု၊ အမှုသည်ဆီက မတ တဆ အကျိုးဆောင်ခတောင်းလို့ တ ဝန်က ရုပ်ဆဲခံရပြီး ထောင် (၂၁) န ချလိုက်ပေမဲ့ ၁၅ လနဲ့ပဲ ပြန်လွှတ်ပေ လိုက်တယ်။

အဲဒီလိုဖြစ်ပြီးနောက်ပိုင်း ဝက်ဘ် ဟာ စိတ်ဓာတ်ကျရောဂါ ကျန်းမာရေ ချို့တဲ့လာပြီး သူ့ရဲ့ဇနီး ဘူဇီနဲ့အ ကာရိုလိုင်းနားပြည်နယ်မှာ က လေးယောက်ရပြီးချိန် ရှားထော့မြို့ ကွယ်လွန်သွားခဲ့တယ်။

ဝက်ဘ်ဟာ ဥပဒေပညာရှင်တ ယောက်ဖြစ်သလို စာရေးတာလည် ဝါသနာပါတော့ သူမသေခင် နိုင်ငံ အခြေခံတဲ့ စာအုပ်တစ်အုပ် ရေးသ ထုတ်ဝေခဲ့တာ။ အဲဒီအထဲမှာ ချဲလ်ဆီ နဲ့ပတ်သက်ပြီး အရိပ်အငွေ့တွေပါ လည်း တွေ့ ကြရပါမယ်။

ဘာပဲဖြစ်ဖြစ် ခုလို သမ္မတလော အဖြစ် အရွေးခံတော့မယ့် အမတ်တ ယောက်ကို ခုလို ချိန်ကိုက်ပုံးလို သိ မဲ့ယမ်းတွေထဲ ဖောက်လွှတ်လိုက် အခါ -

တစ်သက်လုံးဖုံးထားတဲ့ အိမ်ထေ ရေး အချစ်ရေး လျှို့ဝှက်မှုတွေ အမ ရွေးခံချင်တဲ့ရောဂါကြောင့် ပေါ်လာ

သူတို့ ဘယ်လိုခံစားကြမလဲ တွေးရင်း. . .

စုံထောက်စာဖတ်သူတွေ ဗ သုတ ရရှိနိုင်ကြပါစေ။

မောင်ယဉ်



www.burmeseclassic.com

www.burmeseclassic.com



# အလင်္ကာသူရ

## တိမ်လွှာဖုံးသော လပြည့်ည



www.burmeseclassic.com

www.burmeseclassic.com



□

လတ်လတ်ရဲ့မိဘတွေက ကိုကိုနဲ့ အိမ်ထောင်ချပေးပြီးတဲ့နောက် သားဦးလေးအတာမျိုးခိုင် (၄)နှစ်သားအရွယ်လောက်မှာပဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးသွားကြတယ်၊ လတ်လတ်မိဘတွေအနေနဲ့ ကျွန်မကို ကိုကို့ထံအပ်ခဲ့တာကို စိတ်ချယုံကြည်သွားကြဟန်တူပါရဲ့ရှင်။ လတ်လတ်ကတစ်ဦးတည်းသောသမီးမို့ မိဘများရဲ့ အမွေအနှစ်ကိုရယူပိုင်ဆိုင် နိုင်ခဲ့တာပေါ့ရှင်၊ မိဘတွေပေးခဲ့တဲ့ အမွေအနှစ်ဆိုလို့ ပစ္စည်းဥစ္စာရတနာ ငွေကြေးများသာမဟုတ်ဘဲ၊ သူတို့ရဲ့ ဗီဇမျိုးဆက်သစ်ရုပ်ဆင်းအင်္ဂါနဲ့ စိတ်နေသဘောထားကိုပါ ရယူပိုင်ဆိုင်ခဲ့တယ်လို့ ဆိုရမလိုပါပဲလေ။

မိဘများရဲ့ အမွေအနှစ်ကို ကျွန်မအပြည့်အဝ ပိုင်ဆိုင်ခံစားရတယ်လို့ပဲ ပြောရမယ်ထင်ပါရဲ့၊ လတ်လတ်ရဲ့ ရုပ်ရည်ရူပကာနဲ့၊ မိန်းမသားတို့ ရှိသင့်ရှိထိုက်တဲ့ ကိုယ်ကာယခန္ဓာအလှအပတွေအားလုံးကို အမွေအနှစ်အဖြစ် ရယူနိုင်ခဲ့တယ်လို့ပဲ ပြောရမှာပေါ့ .. သာယာဖြောင့်ဖြူးခဲ့ကြတယ်လို့ ဆိုရမှာပါပဲ၊ ပြောရရင်, လတ်လတ်က အမေက ကရင်အမျိုးသမီးနဲ့ အဖေက ဗမာအမျိုးသားက ပေါက်ဖွားလာတဲ့ မိန်းကလေးပေါ့နော်၊ လတ်လတ်အတွက် ကံကောင်းတယ်လို့ပြောရမှာက၊ ကိုကိုဟာ ကျွန်မအပေါ်ကို အရမ်းကြင်နာတတ်တဲ့ ခင်ပွန်းလောင်းတစ်ယောက် ဖြစ်ခဲ့တာပါ၊ ကိုကိုက သူ့မိဘများရဲ့ လက်ငုတ်လက်ရင်း ဖြစ်တဲ့ ဒေသထွက်သီးနှံတွေကို လက်ကားအရောင်းအဝယ်လုပ်တဲ့ ကုန်သည်မျိုးရိုးထဲကပါပဲ၊ သူ့လုပ်ငန်း အောင်မြင်ကြီးပွားနေလို့ ထည်ထည်ဝါဝါနေနိုင်တဲ့ အဆင့်ရှိသူတစ်ယောက်လို့ ဆိုရမှာပေါ့ရှင်။

သူနဲ့ကျွန်မ အိမ်ထောင်ကျလို့ သားလေးအတာမျိုးခိုင် (ငါး)နှစ်ကျော် (ခြောက်)နှစ် အရောက်လောက်မှာ၊ မြို့ရဲ့တိုးချဲ့ကွက်သစ်မှာ မြေဝိုင်းခြံကျယ်ကြီးတစ်ခုကိုဝယ်ယူပြီး တိုက်ဆောက်နေထိုင်ခဲ့ကြတယ်။ သားလေးအတာမျိုးခိုင် ကျောင်းစတက်တဲ့နှစ်မှာပဲ၊ လတ်လတ်မှာ ဒုတိယ ကိုယ်ဝန်ကိုဆောင်ခဲ့ရပြန်တယ်၊ အဲဒီတုန်းကများဆိုရင် ကိုကိုအရမ်း ဝမ်းသာလိုက်ဘိဖြစ်ခြင်းရယ်လေ၊ အဲ ..ဒါပေတဲ့ နောက်ကိုယ်ဝန်ကမွေးလာတဲ့ သမီးလေးခမျာ လူ့လောကထဲ ကြာကြာမနေလိုက်ရပါဘူးရှင်၊ မီးတွင်းမှာပဲဆိုပါတော့ ဆုံးပါးသွားခဲ့ရပါတယ်နော်

"ကိုကိုတို့ရင်သွေးလေး ဆုံးပါးသွားခဲ့တဲ့အတွက် ကိုကို့ရင်ထဲမတရား ခံစားခဲ့ရပါတယ်ကွာ။ ကိုကို့အတွက် နောက်ထပ်သမီးလေးတစ်ယောက်မွေးပေးဦးနော် .."

"ကိုကိုကလေ .. ကလေးဆိုးကြီးကျနေတာပဲ၊ သားသမီးရတနာဆိုတာ ကိုကိုကုန်ရောင်းကုန်ဝယ် လုပ်သလိုမျိုး မှတ်နေတယ်ထင်ပါရဲ့ " လို့ ကိုကို့ကိုကြည့်ပြီး လတ်လတ်က ရယ်သွမ်းသွေးရင်း သူကျေနပ်သွားအောင် ပြောခဲ့ရပြန်တယ်။

"စိတ်ချပါကိုကိုရယ် ... နောက်တော့သာ ကလေးတွေအများကြီးမွေးခဲ့တဲ့ မိန်းမဆိုပြီး ပစ်မသွားရဘူးနော် .. ဒါပဲ .."

"ပစ်မသွားပါဘူးမိန်းမရာ .. သားသမီးတွေ အများကြီးမွေးတော့ သံယောဇဉ်နှောင်ကြိုးတွေက ပိုပြီးတင်းကျပ်ခိုင်မာသွားလို့ လတ်လတ်နဲ့ကိုကို ပိုမိုပြီးမခွဲတမ်း နေသွားကြရမှာဆိုတာ .. လတ်လတ်မတွေးမိဘူးလားဟင် .. အဟဲ .. ဟဲ .. ဟဲ "

သူက အရှက်ပြေပြောရင်း ရယ်မောနေလေရဲ့လေ၊ ပြောသာပြောရတယ် ကိုကို့အကြောင်းကို လတ်လတ်ကအသိဆုံးပါ ..၊

ကိုကိုက သိပ်ပြီးအချစ်သဝင်ကြောင်တတ်တာကလား၊ သူပြောတတ်တဲ့ စကားတစ်လုံးရှိတယ်၊ ဘာတဲ့ .. အဲ "တို့ကလွဲရင် ဘယ်သူ့ကိုမှ မချစ်ရ



www.burmeseclassic.com

www.burmeseclassic.com



သားလေး
အတာမျိုးခိုင်
ကျောင်းစတက်တဲ့နှစ်မှာပဲ
လတ်လတ်မှာ
ဒုတိယကိုယ်ဝန်ကို
ဆောင်ခဲ့ရပြန်တယ်၊
အဲဒီတုန်းကများဆိုရင်
ကိုကို အရမ်း
ဝမ်းသာလိုက်တဲ့
ဖြစ်ခြင်းရယ်လေ၊
အဲ...ဒါပေတဲ့
နောက်ကိုယ်ဝန်က
မွေးလာတဲ့
သမီးလေးခမျာ...

ဘူးတဲ့"လေ၊ ကဲ ့ ဘယ်လောက်ထိများ ချစ်သဝန်တိုသလဲဆိုတာ စဉ်းစားသာ ကြည့်ပါတော့နော် ့၊ သူကပြောရင်းနဲ့ လတ်လတ်ရဲ့ ပါးပြင်လေးကို ရွှတ်ခနဲ နမ်းလိုက်သေးရဲ့။

"ဟော ့့ ကိုကိုကတော့ လုပ်လိုက်ပြန်ပြီ ့့ ဟိုတိုက်ခန်းရှေ့မှာ ညှော်သည်တွေ ရှိနေတယ်ဆိုတာလဲ သတိထားပါဦးကိုကိုရဲ့ ့့" လို့ လတ်လတ်ကပြောလိုက်ရသေးတယ်၊ ဒါပေမဲ့ သူကတော့ ရယ်ပြုံးပြုံးနဲ့ "အို ့့ ဘာဖြစ်လဲ ကိုယ့်မိန်းမကို နောက်ထပ် ကလေးမွေးပေးဖို့ အနမ်းပေးပြီး တောင်းခံနေတာလေ"

ပြောလို့သာ ပြောရတယ်၊ တကယ်တော့ နောက်ထပ်သားသမီး ရဖို့အရေးမှာ ဘယ်သူကချို့ယွင်းမှုရှိနေသလဲဆိုတာ အဖြေရှာမရနိုင်အောင် ပါပဲလေ၊ သမီးလေးဆုံးသွားပြီးတဲ့ နောက် လတ်လတ်မှာ သားသမီး မပေါ်ခဲ့တာ ကြာပါပကောလား။

စဉ်းစားကြည့်လေ၊ ခုဆို သားလေး အတာမျိုးခိုင်တောင် ရန်ကုန် ဆေးတက္ကသိုလ်မှာ ကျောင်းတက်နေ ပြီပဲဥစ္စာ။

စာပိုဒ်(နှစ်)

လတ်လတ်တို့ မိသားစုမှာ၊ စီးပွားရေးလုပ်ငန်းတွေလည်း တိုးတက် အောင်မြင်ခဲ့တယ်ဆိုတာကလည်း၊ တကယ်ဆိုရင် ကိုကိုရဲ့ကြိုးစားမှုတွေ အများကြီး ပါပါတယ်ရှင်။ ဒေသထွက် သီးနှံတွေအတွက် ကျေးရွာအထိကို ကိုကိုကအပင်ပန်းခံ ကွင်းဆင်းပြီး မြေရဲ့ အနေအထား၊ ရေရရှိမှုအခြေအနေ၊ စိုက်ပျိုးလုပ်ကိုင်သူရဲ့ သမာဓိနဲ့ စိုက်ပျိုးခဲ့တဲ့မျိုးစေ့ကောင်းမကောင်းကို လိုက်လံကြည့်ရှုလေ့လာပြီးမှ အလှမ်းပေးဝယ်သင့်တာကိုဝယ်၊ မသေချာရင် သီးနှံတွေပေါ်ကာမှ စိုက်ခင်းတွေကိုလိုက် ကြည့်ပြီး ငွေချေတာမျိုးတွေ လုပ်တတ်တာမျိုးဆိုပါတော့နော့။

နောက်ပိုင်းမှာတော့ လတ်-လတ်တို့မိသားစု စီးဖို့ဆိုပြီး ဗင်ကားလေးတစ်စီး၊ ကိုကိုကျေးရွာတွေသွားပြီး သီးနှံဝယ်ရေးအတွက် အသုံးပြုဖို့ ဆိုပြီး တရုတ်ပြည်လုပ် ဆိုင်ကယ်တစ်စီးကို ဝယ်ထားခဲ့တယ်၊ ကိုကိုက စီးပွားရေးနဲ့ပတ်သက်ရင် မျက်နှာလွှဲခဲပစ်သဘောမျိုး မလုပ်တတ်ဘူး။ ကိုယ်တိုင်ကိုယ်ကျ ကျေးရွာတွေဆင်းပြီး ကုန်ဝယ်တတ်တယ်လေ၊ ကုန်ဈေးနှုန်း အတက်အကျအခြေအနေအရ လိုအပ်ရင် လိုအပ်သလို ရွာတွေကို ဆင်းသွားတတ်တယ်၊ ခုပဲကြည့်လေ နေ့လယ်ပိုင်းလောက်ရောက်မှ ကိုကိုဟာ တောင်သာမြို့နယ်က ရွာတစ်ရွာဘက်ကို မော်တော်ဆိုင်ကယ်နဲ့သွားဖို့ ပြင်ဆင်နေလေရဲ့။

"ကိုကို ရွာမှာညအိပ်ဖြစ်ချင် ဖြစ်လိမ့်မယ် ့့ ညမှာ လတ်လတ် တစ်ယောက်တည်းမအိပ်ရဲရင် ့့ အိမ်ဖော်ကောင်မလေး တင်ပုကိုခေါ် အိပ်နော် ့့ ကြားလား"

"လတ်လတ်အတွက် ဘာမှ မပူနေပါနဲ့ ကိုကိုအ ့့ တောသမ်းဆီ ကို ဆိုင်ကယ်နဲ့ သွားတဲ့ကိုကိုသာ ဂရုစိုက်သွားပါ၊ နောက်ပြီး အချိန်မတော် ကြီးမှာ အိမ်ကိုစိုးရိမ်လို့ဆိုပြီး တစ်ယောက်ထဲအရဲကိုးပြီး ပြန်မလာနဲ့နော်



www.burmeseclassic.com

ခေတ်ကာလက ကောင်းတာမဟုတ်ဘူး၊ လတ်လတ်ကတစ်ယောက်တည်း အိပ်ရဲပါတယ် ‥ တိုက်တံခါးကို လုံအောင်ပိတ်ရင် ရပါတယ် ‥ မစိုးရိမ်ပါနဲ့''

ကိုကိုစိတ်ချအောင် ပြောလိုက်ရပေမဲ့ ခါတိုင်းကိုကိုနဲ့အိပ်နေကျ၊ ကနေ့ညကျမှ လတ်လတ်တစ်ယောက်တည်း အိပ်ရမယ်ဆိုတဲ့ အသိစိတ် ဝင်လာတော့လည်း အားငယ်မိသလိုလို ခံစားခဲ့ရတာကတော့ အမှန်ပါပဲရှင်၊ ဒီတော့မှ မန္တလေးတက္ကသိုလ်မှာ စာသွားသင်နေတဲ့ သားလေးအတာကို သွားပြီး သတိရလိုက်သေးတာကလား၊ နောက်တော့ အားတင်းစိတ်ကိုမွေးပြီး ညစာထမင်းစားပြီးတာနဲ့ တင်ပုနဲ့အတူ တီဗီကြည့်လိုက်ကြတယ်၊ ကိုးနာရီထိုးလောက်မှ တင်ပုကို သူ့အိပ်ခန်းကို ပြန်လွှတ်ပြီး လတ်လတ်လည်း အိပ်ရာထဲကို ဝင်လာခဲ့တော့တာပါပဲလေ၊ ခါတိုင်းလို ခေါင်းနဲ့ ခေါင်းအုံးထိလိုက်တာနဲ့ တစ်ပြိုင်နက် နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်ပျော်သွားတယ်။ ဘယ်လောက် ကြာကြာ အိပ်ပျော်သွားလဲမသိဘူး၊ တစ်စုံတစ်ရာက ပုတ်နှိုးလိုက်သလို ခံစားလိုက်ရလို့ မှေးမှိတ်ထားတဲ့ မျက်လုံးတွေက ဖျတ်ခနဲပွင့်လာတယ်၊ နားထဲမှာလည်း တရှပ်ရှပ်နဲ့ ခြေသံလိုလို ဘာလိုလို ကြားလိုက်မိတယ်၊ တကယ်တော့ ဒီခြေသံကြောင့်ပဲ ဖြစ်လိမ့်မယ် ထင်ပါရဲ့၊ အာရုံစိုက် နားထောင်ကြည့်လိုက်တော့ အဲဒီအသံက ပျောက်သွားပြန်တယ်၊ လတ်လတ်မှာ ပြန်အိပ်ရကောင်းနိုးနိုး၊ အိပ်ရာကထပြီး ခြေသံကြားရာကို သွားကြည့်ရကောင်းနိုးနိုးနဲ့ စဉ်းစားပြီးမှ၊ အို ‥ ဘာမှ မဟုတ်ပါဘူးလေ၊ စိတ်ထဲက ထင်လို့ နေမှာပါဆိုပြီး မျက်စိကိုမှိတ်ထားလိုက်တယ်၊ ဟော ‥ ဒီတစ်ခါ‌ တော့ ခြေသံတင်မဟုတ်ဖူး တံခါးကိုအသာအယာ လာဖွင့်တဲ့အသံမျိုး။

မမြင်ရတဲ့အရာကိုမှ လူတွေက သိချင် မြင်ချင်တတ်ကြတာမဟုတ်လား၊ လတ်လတ်စိတ်ထဲမှာ မမြင်ရတဲ့ အရာကိုသိချင်မြင်ချင်တဲ့ စိတ်တွေက အရမ်းလှုံ့ဆော်နေတာကလား၊ နောက်ပြီး မကောင်းဆိုးဝါးဆိုတာမျိုးက အထီးကျန်တစ်ယောက်တည်းရှိတဲ့ အချိန်မျိုးမှာမှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြုံရတတ်တယ်လို့ ကြားဖူးနားဝ ရှိထားတာကိုး၊ လတ်လတ်မှာက လောလောဆယ် တစ်ယောက်တည်းရယ်လေ၊ ဆံပင်ကနေခြေဖျားအထိ ရစရာမရှိအောင် အေးစက်လာတယ်လို့တောင် ထင်လိုက်ရပါတော့တယ်၊ အကြောက်တရား ကြီးစိုးလာတတ်တဲ့





www.burmeseclassic.com

www.burmeseclassic.com



*လတ်လတ် ထထိုင်လိုက်တဲ့အချိန်ကိုပဲ ဘယ်လောက်ကြာသွားသလဲ မသိပါဘူးရှင်၊
တစ်စက္ကန့်လား, တစ်မိနစ်လား၊ တစ်နာရီလားဆိုတာမသိနိုင်ပါလေတော့၊
ကျွန်မအထင်တော့ တစ်ကမ္ဘာလားအောက်မေ့လိုက်မိပါရဲ့၊
ကြောက်စိတ်တွေက စောင်ကိုခေါင်းမီးခြုံ အိပ်ဖို့တွန်းအားပေးခဲ့ပေမဲ့....*

အခါမျိုးမှာ အတွေးအခေါ် အယူအဆတွေကလည်း အလွဲလွဲ အချော်ချော် ဖြစ်တတ်ကြတယ် မဟုတ်လား။ စဉ်းစားလိုက်မိတာနဲ့ လတ်လတ် ဖျတ်ခနဲ အိပ်ရာထက်မှာ ထထိုင်လိုက်တော့တာပေါ့၊ ညှဉ့်အိပ်တွန်း ဖိုက်ဝပ် ဖန်သီးရဲ့အလင်းရောင်က မပီပိုးတဝါး၊ တိတ်ဆိတ်နေတဲ့ ညှဉ့်လွှာကြားမှာ ပကာတိမှောင်မည်းနေသလို ပါပဲလား။

လတ်လတ် ထထိုင်လိုက်တဲ့အချိန်ကိုပဲ ဘယ်လောက်ကြာသွားသလဲ မသိပါဘူးရှင်၊ တစ်စက္ကန့်လား, တစ်မိနစ်လား၊ တစ်နာရီလားဆိုတာ မသိနိုင်ပါလေတော့၊ကျွန်မအထင်တော့ တစ်ကမ္ဘာလားအောက်မေ့လိုက်မိပါရဲ့၊ ကြောက်စိတ်တွေက စောင်ကိုခေါင်းမီးခြုံ အိပ်ဖို့တွန်းအားပေးခဲ့ပေမဲ့၊ အခန်းအပြင်ဘက်က ရုပ်တိုက်သွားနေတဲ့ ခြေသံက ဒီအတိုင်းဆက်နေလို့မဖြစ်နိုင်ဘူးဆိုတာ သိလိုက်တာကြောင့်၊ နောက်ဆုံးအဖြစ်မှန်ကို အဖြေရှာဖို့ အိပ်ရာကထရပ်လိုက်ပြီး အခန်းတံခါးနားကို အသာတိုးကပ်သွားလိုက်တယ်၊ အပြင်ခန်းကမီးကိုဖွင့်ကြည့်ဖို့ စိတ်ကူးလိုက်ပေမဲ့ တော်ကြာမတော်မရော်တွေများ တွေ့မြင်လိုက်ရလေမလားဆိုတဲ့ အတွေးနဲ့ အခန်းမီးကိုမဖွင့်ရဲဘဲ ဖြစ်နေရတော့တာပေါ့လေ၊

နောက်ဆုံးတော့ လတ်လတ် ကြားနေရတဲ့ခြေသံဟာ ဘယ်သူ့ခြေသံလဲ၊ ဘာကိစ္စနဲ့ တိုက်ခန်းထဲကို ဝင်ရောက်လာခဲ့ရတာလဲဆိုတဲ့ အဖြေကို သိချင်တဲ့စိတ်တွေက မတရားပြင်းပျလာခဲ့ရတာတော့ အမှန်ပါပဲရှင်၊ ဒီအဖြေကိုသိဖို့က အခန်းတံခါးကို မဖွင့်ဘဲမသိနိုင်ဘူးလေ၊ လတ်လတ်လဲ စိတ်ဆုံးဖြတ်ချက်နဲ့အတူ တံခါးဂျက်ကို အသာဖွင့်လို့ အခန်းအပြင်ဘက်ကို ကြည့်လိုက်တယ်၊ ဒီအချိန်မှာပဲ ဝုန်းဆိုတဲ့ အသံနဲ့အတူ သန်မာတင်းကျပ်တဲ့ လက်တစ်စုံက လတ်လတ်ရဲ့လည်ပင်းကို ဆုပ်ကိုင်လိုက်တာကို ခံလိုက်ရတယ်။

"နှင် .. နှင် . မိန်းမယုတ်၊ သစ္စာဖောက်မ .. နှင့်ကို လူ့ပြည်မှာ မထားဘူး .. မထားဘူး"

ဒေါသနဲ့ ရင့်သီးမှုလေသံမာမာကို ကြားလိုက်ရတဲ့နောက် လတ်လတ်မျက်လုံးတွေ ပြာဝေသွားပါတော့တယ်ရှင်၊ လည်ပင်းတင်းကျပ်လာတာနဲ့အမျှ အသက်ရှူမဝအောင် ဖြစ်သွားပါတော့တယ်၊ အော်ဟစ် အကူအညီတောင်းဖို့ဆိုတာ အခွင့်အရေးမရှိလိုက်ပါဘူး။ လတ်လတ်နားထဲမှာ ဒီအသံကို ကြားဖူးသလိုပဲ၊ ဒါပေမဲ့ လတ်လတ်ကြာကြာ မစဉ်းစားနိုင်တော့ပါဘူး။ တစ်စတစ်စနဲ့ ကျွန်မရဲ့ကိုယ်ခန္ဓာဟာ ပျော့ခွေတိမ်းညွတ်ရင်း ကြမ်းပြင်မှာ ပြိုလဲကျဆင်းသွားရပါတော့တယ်၊ တန့်ပြန့်တွန်းလှန်ရင်း၊ ရုန်းကန် လှုပ်ရှားနေစဉ်မှာပဲ ကျွန်မပါးစပ်ထဲက၊ ငံကျိကျိအရည်တွေက လျှံထွက်ကျလာတော့တာပါပဲလေ၊ လတ်လတ်သိလိုက်ရပါပြီ၊ မကြာခင်မှာ ကျွန်မအသက်ရှူမရတော့ဘဲ လူ့လောကကြီးထဲက ထွက်သွားရတော့မယ်ဆိုတာ သိလိုက်ရပါပြီရှင်။

နောက်ဆုံးမှာတော့, လတ်လတ် မျက်စိပြာဝေလာရာက အမှောင်တွေ တဖြည်းဖြည်းနဲ့ ကြီးစိုးလာပါတော့တယ်၊ မျက်စိအမြင် အာရုံတွေမှာ အမှောင်ဖုံး၊ နားအကြား အာရုံတွေ ကွယ်ပျောက်လို့ အသိတရားစိတ်တွေလည်း အမှောင်တကာ့အမှောင်ဆုံးဆီကို ရောက်သွားရပါတော့တယ်၊ အဲဒါတွေဟာ လတ်လတ်ရဲ့နောက်ဆုံး သိလိုက်ရတဲ့ အသိအာရုံရဲ့ နောက်ဆုံးအကြောင်းအချက်ပါပဲလေ၊ ပြောရရင်, လတ်လတ် သေခြင်းတရားနောက်ကို ကောက်ကောက်ပါအောင် လိုက်ပါသွားရတော့တာပါပဲရှင်ရယ်။

## စာပိုဒ်(သုံး)

"သား အိမ်ကိုအမြန်ပြန်လာခဲ့ပါ၊ ဘာမှဆက်မေးမနေနဲ့တော့၊ သားပြန်လာမှအခြေအနေအားလုံးကို ဖေဖေပြောပြမယ်၊ စိတ်ကိုအေးအေး



www.burmeseclassic.com

ထားနော် .. ကျောင်းကိုလဲ သေသေချာချာခွင့်စာရေးတင်ခဲ့ .. ကြားလား၊ ဒါပဲနော် ..''

ဖေဖေက ဖုန်းကို ကျွန်တော် အတာမျိုးခိုင် စကားပြန်မပြောနိုင်ခင်မှာပဲ ပိတ်သွားတယ် .. ဘာပဲပြောပြော အရေးတကြီး ဖုန်းနဲ့စကားပြောပြီး အိမ်ကိုပြန်လာဖို့ ခေါ်တယ်ဆိုတော့ ထူးခြားချက်တစ်ခုခုတော့ ရှိမယ်ဆိုတာ စိုးရိမ်ကြောင့်ကျစွာနဲ့ပဲ အတွေးမှာ တွေဝေခံစားရင်း ရန်ကုန်–မန္တလေး အမြန်ရထားလက်မှတ်ကို ရအောင်လုပ်ပြီး လိုက်လာခဲ့ရပါတော့တယ်၊ သာစည်လှမ်းခွဲကို မရောက်မချင်း ငါ့ကို ဘာ့ကြောင့် အကျိုးအကြောင်းမပြောဘဲ ဖုန်းဆက်ခေါ်ခဲ့ရတာလည်း ဆိုတာကို တွေးမရအောင် ဖြစ်နေခဲ့တာကတော့ အမှန်ပင်၊ ခရီးစဉ်တစ်လျှောက်လုံး သံသယဒွိဟနဲ့ ပဟေဠိဆန်လိုက်သည့် ဖြစ်ခြင်းရယ်လေ၊ ရထားကြီး သာစည်ဘူတာကိုဆိုက်တော့ အရှေ့မိုးကောင်းကင်မှာ ရောင်ခြင်နုသစ်ပွင့်သစ်စပဲ ရှိသေးတယ်၊ ကျွန်တော် အတာမျိုးခိုင် ရထားပေါ်ကဆင်းလို့ မကြာခင်မှာပဲ ကျွန်တော့်နာမည်ကို ခေါ်လိုက်တဲ့ အသံကို ကြားလိုက်ရတယ်။

''အတာ .. အတာ .. အတာမျိုးခိုင် .. ဦးလေးမိုး ဒီမှာ .. ဦးလေးမိုး လာပြီ .. လာပြီ ..''

အော်သံနှင့်အတူ ကျွန်တော့်ဆီကို ဦးလေးမိုး ရောက်လာတော့တာပါပဲဗျာ .၊ ဦးလေးမိုးက သာစည်ဘူတာကို ကားနဲ့လာကြိုနေခဲ့တာဆိုပါတော့နော်၊ ဦးလေးမိုးက ပြေးလာရင်း ကျွန်တော့လက်ဆွဲအိတ်ကို လက်လွှဲယူလိုက်ပြီး၊ သာစည်ဘူဟာကြီးနောက်မှာ ရပ်ထားတဲ့ မေမေတို့ကားလေးရဲ့ နောက်ခန်းထဲကို ထည့်လိုက်ပါတော့တယ်၊ နောက်ပြီးမှ ကားရှေ့တံခါးကို ဖွင့်ပေးပြီး ကျွန်တော့်ကိုလည်း ပြောပြစမ်းပါဦးဗျာ''

ကျွန်တော်မေးလိုက်သည့် မေးခွန်းကို ဦးလေးမိုးက ပြန်ဖြေချင်ပုံမပေါ်။ မကြားချင်ယောင်ဆောင်နေသည်ပဲထင့်၊ အတာကနောက်တစ်ကြိမ်ထပ်မေးလိုက်ပြန်၏။ သည်တော့မှ ဦးလေးမိုးက ကျွန်တော့်ဘက်ကိုလှည့်မကြည့်ဘဲ မျက်နှာကိုလွှဲရင်း ကားလမ်းတူရှုကို အာရုံစိုက်ကားမောင်းရင်း–

''အေး .. ဦးလေးမိုး မပြော လည်း အတာအိမ်ရောက်တော့ သိမှာပါလေ၊ မင်းနေရာမှာ ဦးလေးမိုးဝင်မြီး ကိုယ်ချင်းစာပါတယ်' .. လူလေးကို ကျောင်းတက်နေရင်းက ပြန်ခေါ်ရတဲ့ ကိစ္စက မင့်မေမေ .. လတ်လတ် မမျှော်လင့်ဘဲ ဆုံးပါးသွားရလို့ပဲ ပြော တော့မှာပါပဲ လူကလေးရယ် ..''

ဦးလေးမိုး လေသံက ပြော ရင်း ကြေကွဲသံပါလာသည်ကို ကျွန် တော် အတာ သတိထားလိုက်မိပ တယ် ဗျာ၊

''ခင်ဗျာ .. ဘယ်လို ဘယ် လို .. ဦးလေးမိုးရဲ့၊ အတာ့ကို ပြ ပြောစမ်းပါအုံး .. မေမေ သေပြီဟုတ် လား .. ပြောစမ်းပါဦး .''

ဖေဖေက အရေးတကြီး ဖုန် နဲ့ပြန်လာခဲ့လို့ ပြောခဲ့သည့်တိုင်အော သည့်လိုအဖြစ်မျိုးနဲ့ ရင်ဆိုင်တွေကြုံ လိမ့်မယ်ဆိုတာ မမျှော်လင့်ခဲ့မိတာ ကတော့ အမှန်၊ မေမေ ရုတ်တရက် သေဆုံးသွားရတယ် ဆိုတာမျိုးက အတာ မထင်မှတ်ခဲ့မိပါဘူးလေ၊ ဦ

ခရီးစဉ်တစ်လျှောက်လုံး သံသယဒွိဟနဲ့
ပဟေဠိဆန်လိုက်သည့် ဖြစ်ခြင်းရယ်လေ . . .
ရထားကြီး သာစည်ဘူတာကိုဆိုက်တော့
အရှေ့မိုးကောင်းကင်မှာရောင်ခြင်နုသစ် ပွင့်သစ်စပဲ ရှိသေးတယ်။
ကျွန်တော် အတာမျိုးခိုင် ရထားပေါ်ကဆင်းလို့ မကြာခင်မှာပဲ . . . . .


www.burmeseclassic.com

www.burmeseclassic.com



လေးမိုး စကားကို ကြားလိုက်ရသည်နှင့် အတာတစ်ကိုယ်လုံး အိုးထိန်းစက်ပမာလည်ပတ်ခါ ကမ္ဘာမြေကြီး တုန်လှုပ်သွားလိုက်ဘိသို့ ခံစားလိုက်သည့်ဖြစ်ခြင်းရယ်လေ၊

"ဟုတ်တယ် ႉႉ လူကလေးမင်းမေမေဟာ ဘယ်လိုရန်ညှိုးရန်စမှ မရှိပါဘဲနဲ့ ႉ လူတစ်ဦးတစ်ယောက်ရဲ့ လက်ချက်နဲ့ သူ့အသက်ထွက်သေဆုံးသွားရတယ်ဆိုတာ ႉႉ သားလေးပိုမို အံ့အားသင့်သွားလိမ့်မယ်ထင်ပါရဲ့ကွာ"

ဦးလေးမိုးပြောခဲ့တဲ့ စကားလုံးတွေဟာ အတာ့နားမှာ မကြားတစ်ချက်၊ ကြားတစ်ချက်၊ သို့သော်လည်းပဲ ရင်တွင်းမှာတော့ မခံမရပ်နိုင်လောက်အောင်ခံစားလိုက်ရဘိ ဖြစ်ခြင်းရယ်လေ။

"အတာ့မေမေဟာ ႉႉ လူသတ်လို့သေခဲ့ရတာ ႉႉ ဟုတ်လား ဦးလေးမိုးရဲ့၊ အတာတော့ ဘယ်လိုမှ နားမလည်နိုင်လောက်အောင်ကို ဖြစ်ခဲ့ရတာပါပဲလား ဦးလေးမိုးရယ်"

ထိုမေးခွန်း၊ အနှီမေးခွန်းကို *အတာ့နှုတ်ကမထွက်ပါဘဲ ရင်တွင်းက* မချိတင်ကဲ မေးလိုက်မိသော မေးခွန်းတစ်ပုဒ်သာ ဖြစ်လိမ့်မယ်လို့သာ ထင်လိုက်ရပါတယ်လို့ ပြောလိုက်ချင်ပါရဲ့ဗျာ၊ ကားပေါ်တွင် ထိုင်လိုက်ရင်း ဟိုတွေး ဒီတွေးနဲ့ တောင်တောင်အီအီတွေးရင်းနဲ့သာ ရင်ထဲဝယ် ဘလောင်ဆူခဲ့ရသည်လေ၊ သာစည်နှင့် မြင်းခြံမောင်းနှင်လာခဲ့သည့် ကိုယ်ပိုင် ကားလေး၏ အရှိန်ကလည်း ကျွန်တော့်စိတ်ထဲတွင် ကြာညောင်းလှပါဘိတောင်း။

အတာပြန်ရောက်တော့ တိုက်*ခန်းထဲမှာ အသုဘ အခမ်းအနားကို* ပြင်ဆင်ထားပြီး၊ အသုဘရှုညှိ့ပရိသတ် အချို့ကိုတွေ့မြင်လိုက်ရတယ်၊ တချို့သော မိတ်ဆွေအမျိုးသမီးတွေရဲ့ မျက်လုံးတွေမှာ ငိုထားတဲ့အရိပ်အယောင်တွေကိုလည်း တွေ့လိုက်ရတယ်၊ အတာဝင်လာတာကိုမြင်တော့ ကရုဏာသက်တဲ့ အကြည့်မျိုးနဲ့ ကြည့်နေကြတာလေ၊ လူအချို့ရဲ့ မျက်နှာတွေမှာတော့၊ ရှေ့ဆက်ဖြစ်ပေါ်လာမယ့် အကြောင်းကိစ္စ ပြဿနာအပေါ် စိတ်ဝင်စားနေကြပုံပါပဲ၊ အတာအနေနဲ့ ဒါတွေကို စိတ်မဝင်စားနိုင်ပါဘူးလေ၊ သပ်သပ်ယပ်ယပ် ပြင်ဆင်ထားတဲ့ မေမေရဲ့ ရုပ်*ကလာပ်ဆီကိုပဲ တန်းပြီးသွားခဲ့မိတာ*ကလား၊ မေမေ့ရုပ်အလောင်းကို ကြည့်လိုက်မိတော့လည်း မေမေဟာ အိပ်ပျော်နေသလိုပါပဲလား၊ သို့ပေမဲ့ မေမေဟာ လူ့လောကကြီးထဲမှာရှိတဲ့ ကျွန်တော် တို့ရဲ့သားအဖပေါ်ကို ဘယ်လိုမှ ပြန်လည်လှုပ်ရှား မထိတွေ့နိုင်တော့ပြီ၊ သားတစ်ယောက်အနေဖြင့် မေမေ့ရဲ့ ရုပ်အလောင်းကိုကြည့်ပြီး အဘယ်မျှဝမ်းနည်း ကြေကွဲရသည်ဆိုသည်ကို အကျယ်ချဲ့မပြောလိုတော့ပါ၊ မေမေသည် အတာ့အပေါ်မှာသော် လည်း





www.burmeseclassic.com

**မေမေ့လို မနောဖြူစင် လူ့သူအခင်အမင်များခဲ့တဲ့ မိန်းမသားတစ်ယောက်ကို ဘယ်လိုလူစားကများ အငြိုးအတေးနဲ့ သတ်ခဲ့တယ်ဆိုတာ အတာ သိချင်စမ်းပါဘိ၊ ဟုတ်တယ်. . . ကြည့်စမ်းပါအုံးတော့ မေမေရဲ့လှပတဲ့ မျက်နှာရဲ့အောက်ပိုင်းမှာရှိတဲ့ လည်တိုင်ကျော့ကျော့ပေါ်မှာ ညိုမည်းမည်း ဒဏ်ရာဒဏ်ချက်တွေက. . .**

ကောင်း၊ ဖေဖေ့အပေါ်မှာသော် လည်း ကောင်း၊ အကောင်းကြီးကောင်း၍ တာဝန်ကျေခဲ့သည့် မိန်းမသား တစ်ဦး သာဖြစ်သည်ကိုမူ ကျွန်တော့်အနေဖြင့် သံသယဝင်ရောက်ခြင်း အလျှဉ်းမရှိ ပါလေခဲ့။

ကြည့်လေ .. မေမေဟာ အသက်ဝိညာဉ် ချုပ်ငြိမ်းခဲ့ပြီးသည့်တိုင် သူ့ရဲ့ရုပ်အလောင်းဟာ ကြည့်လို့ကောင်း နေဆဲပါပဲလေ၊ အတာငယ်ငယ်က ဆို့ခဲ့တဲ့ မေမေ့ရဲ့ရင်သားမို့မို့ဟာ ခုချိန်ထိ မို့မို့ဖောင်းဖောင်းနဲ့ အလှတွေ မပျက် သေးတာကို တွေ့မြင်နေရဆဲ၊ အမြဲတမ်း အလှတွေ ကြွယ်ဂုဏ်ဝင့်ထည်ခဲ့လို့၊ ခုချိန်ထိ ပုရိသ ယောကျ်ားတွေရဲ့ အလယ်မှာ မငယ်သေးတဲ့ အပျိုရွယ် တစ်ယောက်လို့ တင်စားရင် ရပါလိမ့် မယ် ထင်ပါရဲ့ဗျာ၊ တစ်ချိန်က လောက အလယ်မှာ အလှကြွယ် သောကမနွယ် ဘဲ ဆင်းရဲခြင်းကလွတ်ကင်းပြီး ချမ်း သာခြင်းဆိုတဲ့ ဂုဏ်ဒြပ်နဲ့ ပြည့်စုံခဲ့တဲ့ မေမေဟာ ခုတော့ဖြင့် သက်မဲ့ဝိညာဉ် ဘဝနဲ့ မရဏာရင်ခွင်ထဲကို ရောက်ခဲ့ပါ ပကောလား၊ သည်ကြားထဲကြားခဲ့ရတဲ့ စကားတွေက အတင်းအဖျင်းများပဲ လား၊ ထင်ယောင်ထင်မှားနဲ့ ပြော စကားတွေက နားနဲ့မဆန့်အောင် ကြား လိုက်ရတာများ ရှက်များတောင် ရှက် မိပါရဲ့။

"လတ်လတ်က လူတစ်ဦး တစ်ယောက်ရဲ့ ရန်ငြိုးရန်စနဲ့ အသတ် ခံလိုက်ရတာ .." တဲ့လေ၊ သည်စကား လုံးတွေက အတာရဲ့အသည်းနှလုံးကို ပျက်သုဉ်းသွားစေတာကတော့ အမှန်ပါ။

မေမေ့လိုမနောဖြူစင် လူ့သူအခင်အမင် များခဲ့တဲ့ မိန်းမသားတစ်ယောက်ကို ဘယ်လိုလူစားကများ အငြိုးအတေးနဲ့ သတ်ခဲ့တယ်ဆိုတာ အတာသိချင်စမ်း ပါဘိ၊ ဟုတ်တယ် . . ကြည့်စမ်းပါအုံး တော့ မေမေရဲ့လှပတဲ့ မျက်နှာရဲ့အောက် ပိုင်းမှာရှိတဲ့ လည်တိုင်ကျော့ကျော့ပေါ်မှာ ညိုမည်းမည်းဒဏ်ရာဒဏ်ချက်တွေက သွေးရိုးသားရိုးသေဆုံးခဲ့တာ မဟုတ်ဘူး ဆိုတာ အထင်အရှားပြနေတာကလား ဗျာ။

ဝမ်းနည်းကြေကွဲမှုရဲ့ နောက် မှာ ဖြစ်ပေါ်လာတဲ့ အတာ့ရဲ့မနောအာရုံ ကြီးထဲမှာ နာကြည်းစွာခံစားလိုက်ရတဲ့ ဒေါသအရိပ်တွေဝင်ရောက်လာခဲ့ရတော့ တာပါပဲဗျာ၊ စဉ်းစားကြည့်လေ၊ မေမေ့ ကို ရန်သတ္တုရုပြုခဲ့တဲ့ တရားခံကို ရှာ ဖွေမတွေ့ရှိခဲ့ကြဘူးတဲ့လေ ..၊ ယခင် က ကုန်ရောင်းကုန်ဝယ် မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ တစ်ခွက် တည်း ဖလား သောက်ခဲ့ဖူးတဲ့အဖေဟာ မေမေ သေဆုံးသွားရတဲ့နောက်ပိုင်းမှာ၊ သူ့ရဲ့ သောကစိတ်ဝေဒနာကို အရက်နဲ့ ကြိတ် မှိတ် ဖြေဖျောက်ခဲ့ပုံရပါတယ်၊ အတာ့ အနေနဲ့ ဖေဖေအရက်သောက်တာကို မနှစ်သက်ပေမဲ့ တားဆီးဟန့်တားဖို့ကို လည်း ဝန်လေးမိတာ ကတော့အမှန် ပါ။

ရံဖန်ရံခါ သောက်ခဲ့တဲ့ ဖေဖေ ဟာ နောက်ပိုင်းမှာတော့ အရက်ကို အဖော်ပြုလာတော့တာပါပဲလေ၊ တစ် ရက်မှာဆိုပါတော့နော်၊ ဖေဖေ အရက် တွေသိပ်မူးနေတယ်လို့ ကြားလိုက်ရလို့ ဖေဖေသောက်နေတဲ့ "ရွှေထူး" စား



www.burmeseclassic.com

www.burmeseclassic.com

စုံထောက်ရသ

# ဟိုမှာ...တွေ့လား၊ ဟိုမှာ တွေ့လား... ငါတို့သားအဖကို မကျေနပ်တဲ့မျက်နှာထားနဲ့... လှမ်းကြည့်နေလိုက်တာများ.....

သောက်ဆိုင်က ပြန်ခေါ်ခဲ့ရပြန်ပါတယ်၊ အဲဒီညက လရောင်ကမှေးမှေး၊ လမ်းမီးတိုင်ရဲ့ မီးအရောင်က ရေးရေး၊ အညာဒေသမှာ ပေါက်လေ့ ပေါက်ထရှိတဲ့ ဘမာ၊ မန်ကျည်း၊ ထနောင်း စတဲ့ သစ်ပင်ရိပ်ကြီးတွေက၊ အတာတို့ သားအဖပြန်ရာလမ်းကြောင်းပေါ်မှာ အရိပ်မည်းကြီးတွေလို ထိုးကျနေတာကလား၊ ဘယ်လိုပင်ဖြစ်စေ အတာ့အနေနဲ့က အပြန်လမ်းကို မီးမောင်းထိုးပြစရာမလိုအပ်ပါဘူးလေ၊ ဒီလမ်းကြောင်းကို ကျွန်တော် ငယ်စဉ်ကတည်းက၊ သွားလာလှုပ်ရှား၊ သူငယ်ချင်းတွေနဲ့အတူ ကစားလာခဲ့ကြတာကလား၊ ဖေဖေစီးသွားတဲ့ ဆိုင်ကယ်ကို "ရွှေထူး" စားသောက်ဆိုင်မှာအပ်ထားပြီး၊ သူ့ကို အတာနဲ့ကပ်ရင်း ဟန်မပျက် လူမသိအောင် တွဲခေါ်လာခဲ့ရတာပေါ့နော်။

အဲဒီညမှာပဲ အမှတ်တရဖြစ်ခဲ့ရတဲ့ ညလို့ပဲပြောရတော့မှာပါပဲဗျာ..၊ ပွင့်ပွင့်လင်းလင်းတိတိကျကျပြောရရင် ကျွန်တော်တို့သားအဖအတွက် ကမ္ဘာပျက်တဲ့ညတစ်ညပါပဲလေ၊ မြို့သစ်ပိုင်းဆိုတော့ အဲဒီအချိန်ပိုင်းဆိုရင် လူသွားလူလာနည်းပါးလာတယ်လို့ ပြောလို့ရပါတယ်၊ ကျွန်တော့်အတွက်ကတော့ ဖေဖေမူးလာတာကို လူမမြင်စေလိုတာကြောင့် လူပြတ်တာကိုပဲ ကျေနပ်နေမိပါတယ်၊ လှမ်းအသွားအလာကင်းမဲ့တဲ့ အိမ်ပြန် လမ်းမှောင်မည်းမည်းထဲမှာ သားအဖနှစ်ယောက် ဖြတ်လျှောက်လာရင်း အတာတို့နေတဲ့ တိုက်ကိုလည်း ရောက်ခါနီးရော.. ရုတ်တရက် ဖေဖေ့လက်က အတာ့လက်ကို ဖျတ်ခနဲ ကိုင်လိုက်ရင်း ခြေသိုင်းနင်းနေတဲ့ သူ့ခြေထောက်တွေကို၊ တုန့်ကနဲရပ်ပြစ်လိုက်တယ်၊ နောက်မှ အတာတို့တိုက်ဘက်ကို လက်ညှိုးကြီးနဲ့လှမ်းထိုးရင်း ကတုံကယင်လေသံမျိုးနဲ့–

"ဟိုမှာ.. တွေ့လား. ဟိုမှာ တွေ့လား .. ငါတို့သားအဖကို မကျေနပ်တဲ့မျက်နှာထားနဲ့ .. လှမ်းကြည့်နေလိုက်တာများ"

ဖေဖေ့ရုတ်တရက် ပြောလိုက်တဲ့စကားသံကြောင့် အတာလည်း သူလက်ညှိုးထိုးတဲ့ဆီကို လှမ်းကြည့်လိုက်မိတယ်၊ ဘာဆိုဘာမှ မမြင်ရပါဘူးဗျာ၊ ဒါနဲ့ ကျွန်တော်က ဖေဖေ့ကို စိတ်ကျေနပ်သွားအောင်ဆိုပြီး .,

"ဘယ်မှာမှ .. ဘာမှမရှိပါဘူးဖေဖေရဲ့၊ ရှေ့မှာ အတာတို့တိုက်ကို ရောက်ပြီလေ ဖေဖေရဲ့ .. လာပါ ဖေဖေသိပ်နေမကောင်းဘူးထင်တယ်၊ လာ.. လှာ.. တိုက်ထဲကို ဝင်ကြရအောင်နော်"

အတာမူးနေတဲ့ ဖေဖေ့ကို ချော့ချော့မော့မော့နဲ့ ပြောလိုက်ပေမဲ့ ဖေဖေကလက်မခံပဲ ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားတဲ့လက်ကို ဖျတ်ခနဲ ဖြုတ်လိုက်ပြီးမှ တစ်နေရာဆီကို ငူငူကြီးစိုက်ကြည့်နေလေရဲ့။ သူ့ခန္ဓာကိုယ်ကြီးကလည်း မလှုပ်မယှက်နဲ့ကျောက်ရုပ်တစ်ရုပ်ပမာ ငြိမ်သက်နေလိုက်ပုံများ။ အတာ့စိတ်ထဲမှာ စိုးရိမ်စိတ်တွေ ငယ်ထိပ်ထိတက်လာခဲ့တာပေါ့နော်၊ သည်အချိန်မှာပဲ စောစောက တိမ်မည်းညိုကြားမှာ ခိုအောင်းနေတဲ့ လပြည့်ညရဲ့ အလင်းရောင်က ဖေဖေ့မျက်နှာပေါ်ကို ဖြာဆင်းကျလာတာနဲ့ အတာကြည့်အလိုက်မှာ ဖေဖေ့မျက်နှာဟာ ပိုးဟပ်ဖြူတစ်ကောင်လို ဖြူဖတ်ဖြူရော်နဲ့ လူသေတစ်ကောင်ရဲ့ မျက်နှာပုံစံမျိုးကို မထင်မှတ်ဘဲ မြင်တွေ့လိုက်ရပါတော့တယ်၊ သူ့မျက်လုံးတွေက တိုက်ကြီးရဲ့ တစ်နေရာဆီကို ငူငူ



www.burmeseclassic.com

www.burmeseclassic.com



စိုက်စိုက်ကြည့်နေဆဲ၊ အတာကလည်း ဖေဖေ့အကြည့်ပေါ်မှာ တစ်ထပ်တည်း ကျရောက်သွားတဲ့အချိန်လေးအတွင်း မှာပဲ၊ မထင်မှတ်ဘဲ ဖေဖေဟာ မမျှော်လင့်ဘဲ လာခဲ့ရာလမ်းအတိုင်း ပြန်လှည့်ပြီး ထွက်ပြေးသွားတော့တာပါပဲဗျာ ၊

"ဖေဖေ ‥ ဖေဖေ ‥ ဘယ်ကိုသွားမှာလဲ ‥ အတာတို့ တိုက်ကို ရောက်နေပြီလေ၊ သားဆီကို ပြန်လာခဲ့ပါ ‥ ပြန်လာခဲ့ပါ"

အတာကပြောရင်းနဲ့ ဖေဖေ ပြန်လှည့်ပြေးသွားရာကို နောက်ကနေ အပြေးလိုက်သွားရတယ်၊ ဖေဖေကတော့ နားမကြားရတော့တဲ့ လူတစ်ယောက်လို နောက်ပြန်လှည့်မကြည့်တော့ဘဲ တစ်ရှိန်ထိုး အပြန်လမ်းရဲ့အမှောင်အတွင်းကို ပြေးထွက်သွားရင်း ပျောက်ကွယ်သွားပါတော့တယ်၊ ဖေဖေ ပျောက်ကွယ်သွားတဲ့အချိန်ကစပြီး ခုချိန်ထိကို ပြန်မတွေ့ရတော့ဘူး ဆိုပါတော့ဗျာ။

## စာပိုဒ်(လေး)

ကျုပ်နာမည်က သာဓု၊

တကယ်ဆိုရင် သာဓုဆိုတဲ့ ပါဠိအဓိပ္ပာယ်က ကောင်းလေစွလို့ ပြောရင်ရမလားပဲ၊ ဒါပေမဲ့ လက်ရှိ ကျုပ်ဘဝက မကောင်းခဲ့တာမို့ နောင်ဘဝအဆက်ဆက်အတွက် ရည်သန်ပြီး ဒီနာမည်ကို မှည့်ခေါ်ခဲ့တာလို့ ငယ်ငယ်က မိဘတွေပြောတာကို ကြားဖူးပါရဲ့၊ နောက်တစ်ခုရှိသေးတယ်။ ဒီ သာဓုဆိုတဲ့ နာမည်ဟာ ကျုပ်ဘဝတစ်ဆစ်ချိုးမှာ ပြောင်းလဲမှည့်ခေါ်လိုက်တာလို့လည်း ပြောလို့ရမယ် ထင်ပါရဲ့၊ တိတိပပပြောရရင် ဒီတောင်ပိုင်းရှမ်းပြည်နယ်စပ်မြို့လေးကို ရောက်ကတည်းက ဆိုပါတော့၊ အချိန်အတိုင်း အတာနဲ့ ပြောရမယ်ဆိုရင်

ဆယ်နှစ်ရဲ့ ဟိုမှာ ဘက်ကို သီသီတောင် စွန်းခဲ့ပြီပေါ့။ ကျုပ်တို့မြတ်ဗုဒ္ဓရဲ့ တရား တော်တွေက တယ်မှန်ကန်ပါလားဆ တာ ‥ လူ့ လောကထဲရောက်လာခဲ ကြတဲ့ လူသားတိုင်း လက်ခံရမယ် အနက်အဓိပ္ပာယ် လေးနက်မှုတရားပါပဲ လောကကြီးမှာ ဖြစ်ချင်တိုင်းမဖြစ်နိုင်က သလို မဖြစ်ချင်တာတွေကိုလည်း ဘယ လိုမှ တားဆီးလို့မရဘဲ ကြုံတွေ့တတ ကြတာကလား။ တစ်ခုတော့ရှိတာပေ လေ ‥၊ လူ့ဘဝဆိုတာ ရှည်လျားက တယ်လို့ ထင်ကြရပေမယ့် တကယ တော့ အလွန် မတန်မှ တိုတောင်းလှတ အခိုက်အတန့်လေးပါနော်၊ သမုဒ္ဒရ ထက် ခဏတက်လာတဲ့ ရေပွက်ပ ဆိုတာ တရားအသိ နားလည် သိရှိကြ ဇ့တွလည်း ရှိတ ကြပါတယ်။



www.burmeseclassic.com



ကျုပ်ရဲ့ဘဝကို ပြန်လည်စဉ်းစားကြည့် ..၊

ဘယ်လိုမှဒီဘဝမျိုး ရောက်လာလိမ့်မယ်လို့ မတွေးမိခဲ့တာကတော့ အမှန်ပါပဲဗျာ၊ ဘာပြုလို့လဲဆိုတော့၊ ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကာလဆီက ကျုပ်ဟာစီးပွားရေး ကောင်းပြီး ကြွယ်ဝိုးကြွယ်ဝရှိခဲ့ဖူးပါတယ်၊ အလွန်မတန်မှ လှပ ချစ်စရာကောင်းတဲ့ဇနီးကိုလည်း ပိုင်ဆိုင်ဆုံစည်းခွင့်ရခဲ့တယ်ဆိုပါတော့နော် ..၊ နောက်ပြီး လိမ္မာရေးခြားရှိတဲ့ ပညာတတ် သားတစ်ယောက်လည်း ထွန်းကားဖူးပါတယ်ဗျာ၊ ခိုင်ခန့်ထည်ဝါတဲ့ တိုက်အဆောင်အယောင်နဲ့လည်း နေထိုင်နိုင်ခဲ့တာကလား၊ ဒါပေမဲ့ .. ခုတော့ အဲဒါတွေဟာ ကျုပ်ဘဝရဲ့ ပိုင်ဆိုင်မှုတွေ မဟုတ်ခဲ့ရတော့ပါဘူးလေ၊ ကျုပ်သေဆုံးသွားရင် မဆိုထားနဲ့ ခုလက်ရှိ ကျုပ်ဘဝမှာ ဒီလို အဆင်ပြေချောမွေ့မှုတွေအားလုံး ဆုံးရှုံးခဲ့ရတယ် ဆိုပါတော့ဗျာ။

ကျုပ်ရဲ့ ကြွယ်ဝိုးကြွယ်ဝ၊ မတောင့်မတ၊ မကြောင့်မကျနေခဲ့ရတဲ့ ဘဝကိုစွန့်ပြေးခဲ့ရတာဟာ ဆယ်နှစ်ဆယ်မိုးတောင်ရှိခဲ့ပြီပဲလေ၊ ကျုပ်တို့ယောကျာ်းသားတွေမှာ အားနည်းချက်တစ်ခုတော့ရှိတတ်ကြစမြဲပဲဗျ၊ ကိုယ့်မှာ သိပ်လှပြီးချစ်စရာကောင်းတဲ့မယားကို ပိုင်ဆိုင်ခဲ့တာနဲ့အမျှ ကိုယ့်ဇနီးမယားအပေါ်မှာတစ်မျိုး၊ ကိုယ့်လိုပုရိသ အနွယ်ဖွားယောကျာ်းသားတွေ ဖောက်ပြား တတ်တာကတစ်ဖုံနဲ့၊ အရာရာကို ယုံကြည်မှု ကင်းတတ်တာမျိုးလား၊ ကျုပ်ကစီးပွားရေးကို ကိုယ်တိုင်လုပ်မှ အားရကျေနပ်တာ၊ နယ်ထွက်သီးနှံတွေကို အကြိုပေးတန်ကပေး၊ လှမ်းဝယ်သင့်တာကိုဝယ်၊ နယ်မြေတွေကို ဆင်းပြီး ငွေလက်ငင်းချေတန်ချေခဲ့ပြီး စီးပွားရေးကို ဂရုတစိုက်နဲ့ စူးစူးစိုက်စိုက်လုပ်ရင်း ကြီးပွားချမ်းသာအောင် လုပ်နိုင်ခဲ့ပါ တယ်ဆိုပါတော့။

ဖြစ်ချင်တော့တစ်နေ့မှာ .. ကျေးရွာကို ကိုယ်တိုင်ဆင်းပြီး ဆိုင်ကယ်နဲ့အသွား၊ အိမ်ကျန်ရစ်တဲ့ဇနီးမယားကိုလည်း ညအိပ်ခရီးထွက်မဲ့ အကြောင်းပြောမှာကြားခဲ့သေးတာ .၊ သွားတဲ့ရွာရောက်တော့ စီးပွားရေးလုပ်ငန်းအတွက် အဆင်ပြေချောမွေ့စွာပြီးဆုံးခဲ့တာကြောင့်၊ အိမ်ကိုပြန်လာခဲ့တယ်၊ အချိန်ကလည်းရှိသေးတယ်ဆိုပြီး ပြန်အလာမှာ လမ်းမှာဆိုင်ကယ်ဘီးပေါက်တော့တာပါပဲဗျာ၊ ရွာတွေနဲ့ မနီးလေတော့ ဆိုင်ကယ်ကိုတွန်းရင်း အိမ်ပြန်လာခဲ့ရတော့တာပါပဲလေ၊ မြို့အဝင်ရောက်မှ စက်ဘီးပြင်တဲ့လမ်းဘေးဆိုင်တစ်ဆိုင်ကိုတွေ့ရလို့၊ ဆိုင်ရှင်အိပ်ပျော်တာကိုနှိုးပြီး တောင်းတောင်းပန်ပန်နဲ့ ဆိုင်ကယ်ဘီးကိုဖာနိုင်းပြီး အိမ်ကိုပြန်လာခဲ့ရတော့တာပေါ့၊ တောလမ်းမှာ ဆိုင်ကယ်ကိုတွန်းပြန်လာရတာ ဆိုတော့ အချိန်ကအတော်လေးကုန်သွားတာကလား၊ ဒါ့ကြောင့် အိမ်ကို ပြန်ရောက်တော့ သန်းခေါင်တောင်ရောက်လုပေါ့။

ဒီလိုနဲ့ ကျုပ်ရဲ့တိုက်ရှေ့ရောက်တော့ ဆိုင်ကယ်ဟွန်းတီးပြီး အိပ်ပျော်နေတဲ့ သူတွေကိုနှိုးလိုက်ရတယ်၊ ခြံစောင့်ကလည်း ကျုပ်ညအိပ်

ကိုယ့်မှာ
သိပ်လှပြီး
ချစ်စရာကောင်းတဲ့မယားကို
ပိုင်ဆိုင်ခဲ့တာနဲ့အမျှ
ကိုယ့်ဇနီးမယားအပေါ်မှာ
တစ်မျိုး၊
ကိုယ့်လိုပုရိသ အနွယ်ဖွား
ယောကျာ်းသားတွေ
ဖောက်ပြားတတ်တာက
တစ်ဖုံနဲ့၊
အရာရာကို
ယုံကြည်မှု
ကင်းတတ်တာမျိုးလား၊

www.burmeseclassic.com



သွားတယ်ဆိုပြီး တော်တော်နဲ့ခြံဝိုင်းတံခါးကို လာမဖွင့်ပေးဘူးလေ၊ နောက်ဆုံး အိပ်မှုံစုံဖွားမျက်လုံးတွေနဲ့ ကျုပ်ကိုမြင်လိုက်ရမှာ ကိုဘမိုးက–

"ဩော် .. ဆရာကိုကို ပါလား ..၊ ကျွန်တော်က ဆရာ ညအိပ်သွားတာမို့လို့ ပြန်မလာဘူးလို့ ထင်နေတာ .. "လို့ အံ့အားသင့် စိုးရိမ်တဲ့လေသံနဲ့ပြောရင်း ခြံတံခါးကို ဖွင့်ပေးတယ်၊

"အေး .. ဟုတ်တယ် .. လုပ်ငန်းက အဆင်ပြေပါတယ်ကွာ၊ ဒါပေမဲ့ တောလမ်းမှာ ဆိုင်ကယ်ဘီးပေါက်တော့ ဒုက္ခနည်းနည်းတော့ ရောက်ခဲ့တာပေါ့ကွာ .." လို့ ပြောပြီး ဆိုင်ကယ်ကို ကိုဘမိုးလက်ထဲထိုးပေးပြီး ဂိုထောင်ထဲကို သိမ်းခိုင်းလိုက်တယ်လေ။

နောက်ပြီးမှ တိုက်ရှေ့ကဆိုလတ်လတ်ကို နှိုးရင် မကြားမှာစိုးလို့ နောက်ဖေးဘက် ပေါ်တီဘက်ကိုပဲ လျှောက်လာခဲ့တော့တယ်၊ စိတ်ထဲကလည်း လတ်လတ်တစ်ယောက်တော့ ကျုပ်ပြန်မလာတော့ဘူးဆိုပြီး၊ အိပ်ပျော်နေရှာမှာဆိုတဲ့ အတွေးနဲ့ နောက်ဖေးပေါက်ဆီကို လှည့်လာတာလည်းပါရဲ့၊ နောက်ပြီး နောက်ဖေးတံခါးသော့အပိုတစ်ချောင်း ကျုပ်ဆီမှာ ရှိနေတာလဲပါရဲ့ပေါ့ဗျာ ..၊ အဲဒါနဲ့ပဲ နောက်ဖေး ပေါက်ဆီအရောက်မှာပဲ မထင်မှတ်ဘဲ လူတစ်ယောက်ရဲ့အသွင်သဏ္ဍာန် အရိပ်တစ်ခုဟာ တိုက်ခန်းအတွင်းထဲဖြတ် သွားတာကို မြင်လိုက်ရတယ်၊ မရေမရာ မသေချာတာဆိုရင် မကြိုက်တတ်တဲ့ ကျုပ်ဗီဇအတိုင်း အမြင်အာရုံကို ထင်ထင်ရှားရှား ပြတ်သားအောင်ဆိုပြီး စူးစူးစိုက်စိုက်နဲ့ ကြည့်နေလိုက်တယ်၊ တကယ့်ကိုပါပဲ၊ လူတစ်ယောက်ရဲ့ လှုပ်ရှားမှုက ကျုပ်ရဲ့ မျက်စိမြင်ကွင်းထဲမှာ ပတ်ဝန်းကျင်မှာ မှောင်မည်းနေပေမင့်၊ ထင်ထင်ရှားရှား မြင်လိုက်ရပါတယ်ဗျာ၊ ကျုပ်စိတ်ထဲမှာ သံသယအတွေးတွေနဲ့ပေါ့၊ ပြေးထွက်သွားတဲ့ လူရိပ်နောက်ကို လိုက်သွားခဲ့ပေမဲ့ ဘယ်သူဘယ်ဝါဆိုတာ မဖမ်းမိလိုက်တော့ဘူး ဆိုပါတော့ဗျာ ..။

နောက်တော့ ကျုပ်ရဲ့စိတ်ထဲမှာ . သံသယကနေ ဒေါသစိတ်တွေအဖြစ်ပြောင်းလဲသွားတော့တယ် သုတ်ခနဲ ပြန်လှည့်လာခဲ့ပြီး နောက်ဖေး တံခါးပေါက်ကို ဆွဲဖွင့်မယ်လုပ်လိုက်ချိ မှာပဲ ဘယ်လိုမှမမျှော်လင့်ဘဲ ကျုပ်ရဲ့ ဇနီးချောလေး လတ်လတ်ကို တွေ့ လိုက်ရတော့တာပါပဲဗျာ၊ စောစောက ဖြတ်ပြေးသွားတဲ့ လူရိပ်သဏ္ဍာန်ဆီက တံခါးဖွင့်ရင်း ငေးမောကြည့်နေလိုက် ပုံများ၊ ကျုပ်အသည်းကြားကို အပ်ချွ ချွန်နဲ့ထိုးဆွနေသလို ခံစားလိုက်ရတယ် တွေးလိုက်မိပါပြီ၊ စောစောကလူရိပ်က လတ်လတ်ဖွင့်ပေးလိုက်တဲ့ အဆော တော်တံခါးက ထွက်သွားခဲ့တာပေ ကိုးလို့၊ တိုက်ခန်းအတွင်းက မီးရော ဖျော့ဖျော့က လတ်လတ်ရဲ့ စိုးရိမ် ကြောင့်ကျမှုနဲ့ ကျေနပ်အားရလိုက် တို့ဟာ အထင်အရှားကို မြင်တွေ့လိုက် ရတာကလားဗျာ၊ ညဥ့် အဆောင်က သမားအပေါ် ဂရုဏာတော်ထားရှိခဲ့ ကျုပ်မိန်းမရဲ့ရုပ်ပုံလွှာက စိတ်ကိုမထိ နိုင်လောက်အောင် အျက်ဒေါသတွေ

တကယ့်ကိုပါပဲ၊
လူတစ်ယောက်ရဲ့
လှုပ်ရှားမှုက
ကျုပ်ရဲ့
မျက်စိမြင်ကွင်းထဲမှာ
ပတ်ဝန်းကျင်မှာ
မှောင်မည်းနေပေမင့်၊
ထင်ထင်ရှားရှား
မြင်လိုက်ရပါတယ်ဗျာ၊
ကျုပ်စိတ်ထဲမှာ
သံသယအတွေးတွေနဲ့ပေါ့၊
ပြေးထွက်သွားတဲ့
လူရိပ်နောက်ကို
လိုက်သွားခဲ့ပေမဲ့....



www.burmeseclassic.com

ပြာဝေသွားတော့တယ်လေ၊ ဒါနဲ့ ပွင့်ဟနေတဲ့တံခါးကို ဆွဲဖွင့်လိုက်ပြီး လတ်လတ်ရဲ့ လည်တိုင်ကျော့ကျော့ကို ကျုပ်ရဲ့ လက်ကြီးနှစ်ဖက်နဲ့ သိမ်းကြုံးရစ်သိုင်းလိုက်ပြီး အားရှိပါးရှိ ဖျစ်ညှစ်ပစ်လိုက်တော့တာပေါ့။

လင်ယောကျ်ား ညအိပ်ခရီးထွက်သွားတယ်ဆိုတာနဲ့ အိမ်သူ သက်ထား ဇနီးမယားကောင်းတစ်ယောက်လို့ ထင်မှတ်ထားတဲ့ လတ်လတ်ဟာ လော်လီဖောက်ပြား စိတ်ကစားလိုလှတာကြောင့် သဗ္ဗါစိုစိုအကြင်နာပိုပိုနဲ့ မပြုံမပြင် ချစ်စခန်းဝင်ခဲ့ကြတာကလားဗျာ၊ ကျုပ်နေရာကို ဝင်ကြည့်ကြစမ်းပါ၊ ကျုပ်နေရာကနေ စာနာကြည့်ကြစမ်းပါလားဗျာ၊ ယောကျ်ားသားဆိုတာ ကိုယ်သာပွေချင်တတ်ကြပေမဲ့ ကိုယ့်မိန်းမဖောက်ပြန်တယ်ဆိုရင်တော့ ဝန်တိုမှု စိတ်ရိုင်း ဒေါသမုန်တိုင်းတွေက မထိန်းနိုင်မသိမ်းနိုင်နဲ့ ကျုပ်လက်တွေကို အင်အားတွေမွေးဖွားပေးခဲ့တာကလား၊ ပါးစပ်ကလည်း ပြောလိုက်မိသေးရဲ့ ..၊

"မင်း မိန်းမယုတ် နင့်ကို လူ့ပြည်မှာမထားဘူး .. သီလား .. နင်သေပေတော့ .."

ဒေါသနဲ့ခံပြင်းမှုတွေကြောင့် တင်းကျပ်တဲ့ကျုပ်လက်နှစ်ဖက်အတွင်းမှာ လတ်လတ်ဟာ ဖျစ်ညှစ်လိုက်တဲ့ဒဏ်ကြောင့် ပျော့ခွေသွားတာကို တွေ့လိုက်ရတယ်၊ ကျုပ်ငုံ့ကြည့်လိုက်တော့ လတ်လတ်ဟာ အသက်မရှိတော့ဘူးလေ၊ မှုန်ဝါးဝါးမီးအလင်းရောင်က တစ်စတစ်စ ပိုမိုနက်ရှိုင်းရင်းပိန်းပိန်းပိတ် မည်းမှောင်ကြီးဖုံးသွားတော့တာပါပဲဗျာ၊ စဉ်းစားကြည့်လိုက်တော့ ကျုပ်ချစ်လှပါတယ်ဆိုတဲ့ ဇနီးမယားကို ကျုပ်ကိုယ်တိုင်သတ်ခဲ့မိပါပကောလား၊ အမှားအမှန်ကိုမသိငြား ကျုပ်ရဲ့နှလုံးသားထဲမှာတော့ ဗလောင်ဆူတုန်လှုပ်လိုက်သည့်ဖြစ်ခြင်း။

"ငါ ငါမှားသွားပြီလား အိုငါ .. မမှားဘူး .. သစ္စာမဲ့တဲ့ မိန်းမတစ်ကောင်ကို .. လူ့လောကထဲက နှင်ထုတ်ပြစ်လိုက်တာဟာ .. ငါမမှားဘူး .."

ကျုပ်ရဲ့ခြေရင်းမှာတော့၊ တစ်ချိန်က အလှအပတွေအားလုံးကို ပိုင်ဆိုင်ထားခဲ့တဲ့ လတ်လတ်ဟာ . ခုတော့ သွေးစသွေးနတွေနဲ့ မြင်လို့တောင် မကောင်းတော့ပါလား၊ စင်စစ်တော့သစ္စာမဲ့ခြင်းဆိုတဲ့ မကောင်းမှုဒုစရိုက်ဟာ သေမင်းကိုစိန်ခေါ်လိုက်သလိုပါပဲလေ၊ လူတွေကပြောကြတယ်၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးပဲ၊ ခုကိစ္စမှာ အသိသက်သေမျက်မြင်ဆိုတာ ဘယ်သူမှရှိတာမှ မဟုတ်တာ၊ တစ်ခုတော့ရှိတာပေါ့၊ ဒီတိုက်ခန်းထဲမှာ ကျုပ်ဆက်နေလို့တော့ မဖြစ်ဘူးလေ၊ ကိုဘမိုးကို ရှာမှာ ပိုက်ဆံအိတ်မေ့ကျန်နေရစ်လို့ဆိုပြီး ဆိုင်ကယ်ထုတ်နိုင်းလိုက်မယ်လေ၊ အိမ်မှာနိုင်းတဲ့ကောင်မလေးတင်ပု မနက်အိပ်ရာနိုးမှသိသွားမယ့်အချိန်ရောက်မှ တောကနေပြန်လာတာဆိုပြီး တိုက်ထဲကိုဝင်လိုက်မယ်၊ ဟုတ်ပြီ၊ ဒီအတိုင်းဆိုရင် ခုညဖြစ်ပျက်ခဲ့တာတွေကို ဘယ်သူမှ ရိပ်မိကြမှာ မဟုတ်တာဘူး။

ကျုပ်လုပ်ခဲ့တဲ့ အဖြစ်အပျက်

ကျုပ်ရဲ့ခြေရင်းမှာတော့၊ တစ်ချိန်က အလှအပတွေအားလုံးကို ပိုင်ဆိုင်ထားခဲ့တဲ့ လတ်လတ်ဟာ ခုတော့ သွေးစသွေးနတွေနဲ့ မြင်လို့တောင် မကောင်းတော့ပါလား၊ စင်စစ်တော့ သစ္စာမဲ့ခြင်းဆိုတဲ့ မကောင်းမှုဒုစရိုက်ဟာ သေမင်းကိုစိန်ခေါ်လိုက်သလိုပါပဲလေ၊ လူတွေကပြောကြတယ်၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးပဲ၊ ခုကိစ္စမှာ....



www.burmeseclassic.com

အဲဒီညမှာ
ကိုဝင်းနဲ့ ကျွန်မတို့နှစ်ယောက်
ချိန်းတွေ့ခဲ့ကြပါတယ်၊
ချစ်သူနှစ်ဦးတို့တွေ့ဆုံဖို့ဆိုရင်
လူသူမသိအောင်
အချိန်းအချက်လုပ်ရတာမျိုး
မဟုတ်လား၊ ဒါ့ကြောင့်
လွတ်လပ်တဲ့ အဲဒီညမှာပဲ
ကိုဝင်းကို ကျွန်မနဲ့လာတွေ့ဖို့
ချိန်းထားလိုက်မိတယ်
ဆိုပါတော့နော်၊
ကျွန်မမျှော်မှန်းတဲ့အတိုင်း
မမလတ်ကလဲ
သူ့ယောကျ်ားမရှိလို့
စောစော
အိပ်ယာဝင်သွားခဲ့တာပေါ့လေ၊
အဲဒီညမှာပဲ
ကိုဝင်းနဲ့ကျွန်မ တွေ့ဆုံဖို့
ချိန်းထားခဲ့တာမဟုတ်လား၊
လူသူကင်းမဲ့တဲ့
ချိန်းတွေ့ခဲ့တဲ့အချိန်ကလည်း . . .

ကို စိတ်ကူးနဲ့စီစဉ်ပြီးတာနဲ့ ထသွားမယ်လုပ်ပြီးမှ လတ်လတ်ရဲ့အလောင်းကို တစ်ချက်ငုံပြီး ကြည့်လိုက်သေးတယ်၊ ခွေခွေလေး လဲကျနေတဲ့ လတ်လတ်ရဲ့အသွင်အပြင်ကို မြင်လိုက်ရတော့လည်း ကျုပ်မနေနိုင်ပါဘူးဗျာ၊ လဲကျနေတဲ့ သူ့အနားကို ဒူးထောက်ထိုင်ချလိုက်ရင်း၊ ရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာကို အသံမထွက်တဲ့ ရှိုက်သံနဲ့အတူ မျက်ရည်စတွေ ထွက်အံကျလာရင်း –

“ ကိုကိုမှားသွားတယ်ဆိုရင်လည်း ရောက်လေရာဘဝကနေ ကိုကိုကို ခွင့်လွှတ်နိုင်ပါစေ လတ်လတ်ရယ် . .”

ကျုပ်ရဲ့ ရင်တွင်းစကား ဆိုရပေမဲ့ ဉပဒေစက်ကွင်းက လွတ်ကင်းအောင် ရှောင်တိမ်းနိုင်သော်ငြားလဲ “လောကပါလ”တရားရဲ့ စီရင်ချက်ကိုတော့ လောလောလတ်လတ်ဘဝမှာ ကျုပ်မလွဲမသွေ ခံစားနေရပါပြီလေ၊ ဒါ့ကြောင့် ကျုပ်ရဲ့ကျိန်စာသင့်နေတဲ့ဘဝကို အရက်နဲ့မျှောပစ်နေလိုက်တော့တယ်ဗျာ၊ တစ်နေ့ ကျုပ်သောက်တဲ့ ရွှေထူးစားသောက်ဆိုင်ကို သားလေး အတာမျိုးခိုင်ရောက်လာပြီး ကျုပ်ကိုလာခေါ်တယ်လေ၊ သားက ဆိုင်ကယ်နဲ့ဆို စိတ်မချတာနဲ့ ဆိုင်ကယ်ကိုဆိုင်မှာအပ်ပြီး ကျုပ်ကို ချော့မော့ရင်း၊ အိမ်ပြန်ခေါ်လာတာကို ကျုပ်သတိရလျက်ပါပဲဗျာ၊ အိမ်ကို လာရာလမ်းအတိုင်း သားအဖနှစ်ယောက်တည်း သိုင်းကွက်နင်းလာခဲ့ရင်းက အိမ်နားလည်း ရောက်ရော လတ်လတ်ရဲ့မျက်ထောင့်နီကြီးနဲ့ ကြည့်ပြီး သူ့ကိုသတ်ခဲ့မိတဲ့ကျုပ်ကို မကျေမချမ်း ရန်ထောင်နေလိုက်၊ ငိုပြီး သူ့အပေါ်ကို ရက်ရက်စက်စက် လုပ်ရက်လေခြင်းဆိုပြီး ဝမ်းနည်းကြေကွဲတဲ့ မျက်နှာထားနဲ့ တောင်းပန်နေတဲ့ မျက်နှာကို အဝေးကနေ လှမ်းမြင်လိုက်ရတော့၊ ကျုပ်မှားသွားပြီဆိုတာကို သဘောပေါက် နားလည်လိုက်ခဲ့ရပါတော့တယ်။

ဒါကြောင့်လည်း ပစ္စုပ္ပန်ကာလထဲကနေ ထွက်ပြေးလာခဲ့ရတော့တာပါပဲလေ၊ ဘယ်လောက်သောမနည်းမနောကာလတွေကို ကျော်လွှန်လာခဲ့ရပြီလဲဆိုတာ၊ ကျုပ်မှာရလာခဲ့တဲ့ နှလုံးသားဘဝဒဏ်ရာကြောင့် ရောဂါဝေဒနာခံစားလာခဲ့ရတာလဲ နှစ်တွေမနည်းမနော ကြာခဲ့ပြီပေါ့နော်၊ ရှုပ်ထွေးပွေလီလှတဲ့ လူ့ဘဝထဲက ရုန်းထွက်လာခဲ့ရင်းက လေဒဏ်၊ မိုးဒဏ်တို့ရဲ့ခံစားမှုက ကျုပ်ကို ဝိုင်းအုံဖိစီးပြီး၊ ကျုပ်ဘဝကို ဆွဲထုတ်ကြတော့မယ်လေ၊” တမလွန်ဆိုတဲ့ အနာဂတ်ဘဝထဲမှာ :.” ကိုကိုရဲ့နှလုံးသားထဲမှာ အမုန်းမပွားဘဲ .. ကြိုလင့်နေပါ့မယ် လတ်လတ်ရယ်လို့နော် ..။

ကျုပ်ကိုကျုပ် နောက်ဆုံးအသိဝင်လာတဲ့အချိန်ဟာ . နှလုံးသားရဲ့စည်းချက်တွေဖောက်လို့ တစ်စ, တစ်စနဲ့ အမြင်အာရုံတွေ ပျောက်ကွယ်သွားပါပကောလားလတ်လတ်ရယ် .။

စာပိုဒ်(ငါး)

ကျွန်မက ဦးကိုကိုနဲ့ မမလတ်လတ်တို့ အိမ်ဖော်မတင်ပုပါ၊ မမလတ်တို့အိမ်မှာ အလုပ်,လုပ်လာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com


ကြာပါပကောလား၊ သည်အိမ်မှာ ဘယ်သူတွေက ဘယ်လိုရှိတယ်ဆိုတာ ကျွန်မကအသိဆုံးဆိုရင် လွန်တယ်ဆင်မလားမသိဘူးနော် ..၊ ဘာလို့လဲဆို ကျွန်မ သည်တိုက်မတည်ခင်ကတည်းက သူတို့မိသားစုနဲ့ ရင်းနှီးလာခဲ့ရတာကလားရှင်၊ အဲ .. ဘယ်လိုပြောရလဲ မသိဘူး။ သည်မိသားစုနဲ့အတူနေထိုင်နေရာက၊ မမျှော်လင့်ဘဲ .. အစ်သက်တာမှာ မဖြစ်သင့်တဲ့အဖြစ်မျိုးနဲ့ တွေ့ကြုံခဲ့ရတာလေးကို ပြောပြချင်လိုက်တာ၊ ကျွန်မဘဝမှာ ဆုပ်သည်း စူး စားလည်းရှူးဆိုသလိုမျိုးအခက်တွေ ကြုံကြိုက်နေရာက ငါဘာလုပ်ရရင် ကောင်းမလဲဆိုတဲ့ အတွေးသံသရာနဲ့ ဆုံတွေ့ခဲ့ရတယ်လို့ဆိုရမလိုပါပဲလေ၊ အချိန်အတိုင်းအတာနဲ့ မပြောနိုင်ရင်တောင်၊ မမလတ်သေဆုံးသွားခဲ့ပြီး သူ့ယောက်ျားဦးကိုကိုသည်မြို့ကနေ လုံးဝပျောက်ဆုံးသွားတဲ့အချိန်အတွင်းမှာ ကျွန်မမှာ သားသမီးနှစ်ယောက်တောင်ရရှိနေခဲ့ပြီပဲဟာ ..၊ တွက်ကြည့်ပါတော့ရှင်။

တိတိပပပြောရရင် မမလတ်သေဆုံးသွားတဲ့ လပြည့်ညရဲ့ အဖြစ်ဟာ ကျွန်မတစ်သက်မှာ မေ့မရတဲ့အဖြစ်တွေလို့ ပြောရရင်တောင် ရမယ်ထင်ပါရဲ့ရှင် ..၊ မရှက်တမ်းပြောပါဆိုရင် အဲဒီအချိန်မှာ ကျွန်မဟာလွတ်လပ်တဲ့ အမျိုးသမီး တစ်ဦးလေ၊ အသက်အရွယ်အားဖြင့်လည်း၊ ဆယ်ကျော်သက်မို့ ချစ်သူရည်းစား ထားတတ်တဲ့အရွယ်ပဲလေ၊ ကျွန်မမှာ ချစ်သူရှိပါတယ်၊ သူ့နာမည်က ကိုဝင်းလို့ ခေါ်ပါတယ်၊ ကိုဝင်းက သူနဲ့ ကျွန်မနှစ်ကိုယ်တူတွေ့ချင်လှချည့်ရဲ့ ဆိုပြီး အခွင့်အရေးတွေတောင်းနေတာ ကြာပါပကောလားရှင်၊ သည်တစ်ညတော့ ဆရာဦးကိုကို ညအိပ်ခရီးထွက်မယ်ဆိုတာ၊ သူကလည်းသိထားတာမို့ ကျွန်မနဲ့တွေ့ဖို့ ခွင့်တောင်းလာတာကတကြောင်း၊ နောက်တစ်ခုက မမလတ်ကိုယ်တိုင် သူနဲ့ကျွန်မအတူအိပ်ဖို့ မလိုတူးလို့ပြောထားတာကတစ်ကြောင်းကြောင့် ကိုဝင်းရဲ့တောင်းဆိုချက်ကို ကျွန်မ လိုက်လျောမိခဲ့တယ်ဆိုပါတော့နော် ..။

အဲဒီညမှာ ကိုဝင်းနဲ့ ကျွန်မတို့နှစ်ယောက် ချိန်းတွေ့ခဲ့ကြပါတယ်၊ ချစ်သူနှစ်ဦးတို့တွေ့ဆုံဖို့ဆိုရင် လူသူမသိအောင် အချိန်းအချက်လုပ်ရတာမျိုး မဟုတ်လား။ ဒါ့ကြောင့် လွတ်လပ်တဲ့အဲဒီညမှာပဲ ကိုဝင်းကို ကျွန်မနဲ့လာတွေ့ဖို့ ချိန်းထားလိုက်မိတယ်ဆိုပါတော့နော်၊ ကျွန်မမျှော်မှန်းတဲ့အတိုင်း မမလတ်ကလဲ သူ့ယောက်ျားမရှိလို့ စောစော အိပ်ယာဝင်သွားခဲ့တာပေါ့လေ၊ အဲဒီညမှာပဲ ကိုဝင်းနဲ့ကျွန်မတွေ့ဆုံဖို့ ချိန်းထားခဲ့တာမဟုတ်လား၊ လူသူကင်းမဲ့တဲ့ချိန်းတွေ့ခဲ့တဲ့အချိန်ကလည်း လူသူကင်းမဲ့တဲ့အချိန်မျိုးမှာဆိုတော့၊ တိတ်ဆိတ် ငြိမ်သက်မှုဟာ မကောင်းတဲ့ကိစ္စကို အထောက်အကူပြုခဲ့တာကလားရှင်၊ ကျွန်မတို့ ချစ်သူနှစ်ဦး အချစ်ပလူးနေတဲ့ အချိန်လေးမှာပဲ၊ တိုက်ရှေ့ခြံဝိုင်းရှေ့က ဆိုင်ကယ်သံနဲ့အတူ ဦးလေးမိုးနဲ့ ဦးကိုကိုတို့စကားပြောသံတွေကို ကြားလိုက်ရတော့၊ နှစ်ယောက်သားလန့်ဖျန့်သွားရာက –

"ဟော ဦးကိုကို တောကို ညအိပ်ခရီးသွားမယ်ဆိုပြီးမှ ပြန်လာပါရောလား"ဆိုတဲ့ အသိကြောင့်၊ မဟုတ်တာလုပ်မိခဲ့တဲ့ ကျွန်မတို့နှစ်ယောက်ဟာ မထိန်းနိုင်မသိမ်းနိုင် စိုးရိမ်ကြောက်လန့်သွားခဲ့ရတာများ မပြောပါနဲ့တော့ရှင်၊ ကိုဝင်းက ကျွန်မကိုပွေ့ဖက်ထားရာက စိုးရိမ်စိတ်ကြောင့် သူ့လက်တွေကို ဖျတ်ခနဲ ရုပ်သိမ်းလိုက်ပြီး –

"တို့ .. ဘယ်လိုလုပ်ကြမလဲဟင် ..၊ ဒီလိုအခြေအနေမျိုးမှာ



တွေ့သွားရင်တော့ ဒုက္ခပါပဲကွာ" ဆိုပြီး ကြောက်လန့်နေခဲ့ပုံများ ခုထိ ကျွန်မ မျက်လုံးထဲက မထွက်တော့ပါဘူးလေ၊ သည်မှာတင် ကျွန်မက အိမ်ရှင်ဖြစ်နေလေတော့ ရွှတ်ခနဲ ပါးစပ်အပေါ် လက်ညှိုးလေးကာရင်း အသာနေဖို့ တားထားလိုက်ရတယ်ဆိုပါတော့နော်၊ ကျွန်မအထင်က ဦးကိုကိုဟာ တိုက်ခန်းရှေ့ပေါက်ကနေ သူ့မိန်းမကို ခေါ်နှိုးလိမ့်မယ်လို့ ထင်ထားခဲ့တာကိုး၊ သို့သော်လည်း ကျွန်မထင်တဲ့အတိုင်း ဖြစ်မလာပါဘူးနော်၊ ဦးကိုကိုက ဆိုင်ကယ်ကို ဦးလေးမိုးဆီမှာလွှဲအပ်ခဲ့ပြီး မထင်မှတ်ဘဲ ကျွန်မတို့ရှိရာ တိုက်နောက်ဖေးဘက်ကို လာခဲ့တော့၊ ကျွန်မမှာ မျက်ကလဲဆံပျာ ဖြစ်ခဲ့ရတော့တာ များမပြောပါနဲ့တော့ရှင်၊ နောက်ဆုံး ကြံရာမရတော့ ကိုဝင်းကို အနားကပ်ပြီး –

"ကဲ ကိုဝင်း အခြေအနေမကောင်းဘူး၊ ရှင် .. ပြေးသာပြေးတော့ ဟိုသရက်ပင်တွေဘက်ကို အမြန်ဆုံးသာပြေးသွားပေတော့၊ တွေ့လာမယ့် ပြဿနာကို ကျွန်မဘာသာ ကြည့်ရှင်းလိုက်တော့မယ် .." လို့ ပြောရင်း သူ့ကို ခြံနောက်ပိုင်းသရက်ပင်တွေဆီကို အပြေးခိုင်းလိုက်ရတော့တာပေါ့၊ ကျွန်မနဲ့တွေ့ချင်လို့သာ လာခဲ့ပေမယ့် အခက်အခဲနဲ့ ကြုံတွေ့တဲ့အခါဆို ယောကျာ်းသားများဟာ အတော်ကို သတ္တိနည်းကြတာ၊ ကိုယ်တွေ့ကြုံလိုက်ရတာပဲပေါ့လေ၊ ကြည့်လေ တိုက်ပိုင်ရှင်နဲ့တွေ့ပြီး ပြဿနာပေါ်မှာကို အကြောက်ကြီးကြောက်ခဲ့တဲ့ ကိုဝင်းဟာ ကျွန်မစကားဆုံးတာနဲ့ တစ်ပြိုင်နက် သုတ်ခနဲဆို ကျွန်မရှေ့က ထွက်ပြေးလိုက်တာများ ငိုအားထက်ရယ်အားသန်ခဲ့ရပုံများ မပြောပါနဲ့တော့၊ ကိုဝင်း ဖျတ်ခနဲပြေးထွက်သွားတာကို ဦးကိုကို တွေ့မြင်လိုက်ပုံရပါတယ်၊ ဦးကိုကိုဟာ ကိုဝင်းပြေးသွားရာဆီကို လှမ်းကြည့်နေရာက ကိုဝင်းနောက်ကို ပြေးလိုက် သွားခဲ့သေးတာကလား၊ ကျွန်မမှာတော့ စိုးရိမ်စိတ်တွေ ငယ်ထိပ် တက်သွားရတော့တာပေါ့ရှင်၊ ရင်ထဲမှာလည်း ငါတို့ရဲ့အကြောင်းတွေ သိသွားရင်တော့ ဒီတိုက်ကနေ ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ပြေးထွက်သွားရမှာကတော့ အသေအချာပဲမဟုတ်လား။

မကြာပါဘူး။ ကိုဝင်းနောက် လိုက်သွားတဲ့ ဦးကိုကိုပြန်ရောက်လာတော့မှ ကျွန်မရင်ထဲစိုးရိမ်စိတ်တွေ ပြေလျော့သွားရပါတော့တယ်ရှင်၊ ဒီမှာတင် မမလတ်ဟာ အိပ်ရာက လန့်နိုး လာတယ်ထင်ပါရဲ့၊ အိပ်ခန်းထဲကနေ အသံတွေကြားနေရတဲ့ နောက်ဖေး တံခါးကို ခပ်ဖြည်းဖြည်း ဖွင့်လိုက်တဲ့ အသံ ကြားလိုက်ရတယ်၊ ကျွန်မက တော့ နောက်ဖေးတံခါးရဲ့ နောက်နား မှာ မလှုပ်မယှက်နဲ့ မှောင်ရိပ်ခိုပြီး နေ လိုက်ရတယ်၊ ဦးကိုကိုကလည်း အိမ်ထဲ က အသံကြားလိုက်တာနဲ့ မမလတ် အခန်းဆီကို အသာတိုးကပ်သွားရာ က "မှင်း .. မင်းဟာ .. မိန်းမ ယုတ်၊ နင့်ကိုလူပြည်မှာမထားဘူး သ လား" ဆိုတဲ့ အသံကိုကြားလိုက်ရပြီး ရှန်းရင်းဆန်ခတ်ဖြစ်နေတဲ့ အသံကို ကြားလိုက်ရပါတော့တယ်၊ ကျွန်မနဲ့ သူ တို့ကွာလှမှ လေးငါးကိုက်ပေါ့

**ဟော. . .ပြောရင်းဆိုရင်း ဦးဇင်းအာစာရတောင် ဆွမ်းခံကြွလာပါပေါ့လား။ ခါတိုင်းလိုပဲ အိမ်ကို ဦးဇင်းအာစာရ ကြွလာခဲ့တာ တစ်နှစ်နီးပါးတောင်ရှိနေပြီပဲလေ၊ ဦးဇင်းလေးကို ဆွမ်းနဲ့ဆွမ်းဟင်း နေ့စဉ် လောင်းလှူဖို့ တာဝန်ယူထားတာမို့ ထပြီး ဆွမ်းနဲ့ဆွမ်းဟင်းကို လောင်းလှူ ပြီးတာနဲ့ ဦးဇင်းအာစာရဟာ သိက္ခာတော်ရှိစွာပဲ ပြန်ကြွသွားတယ်လေ။**


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း သိ အောင်ကို ဖြစ်သွားခဲ့ရတာလားလေ၊ အော်ဟစ်လိုက်ပြန်ရင်လဲ ကျွန်မတို့ အဖြစ်ကို ထုတ်ဖော်သလိုဖြစ်သွားမှာ ရသေးတယ်ပေါ့နော်၊ နောက်တော့ ကိုက်ခန်းထဲ ဘယ်လိုတွေဖြစ်ကုန်သလဲ သိချင်စိတ်တွေ အရမ်းဖြစ်လာတော့ အတွင်းဘက်ကို အသာဖြေဖျားလေး ဆောက် ဝင်ကြည့်လိုက်တော့ လား ဘား . ဦးကိုကိုက မမလတ်ရဲ့ လည် င်းကို သူ့လက်နှစ်ဖက်ကြီးနဲ့ တအား စ်ညှစ်နေလိုက်ပုံများ အသည်းယား ရောကြီးပါနော်၊ နောက်တော့ မမလတ် ရဲ့ ပါးစပ်ထဲကသွေးတွေစီးကျလာပြီး၊ သူ့ခန္ဓာကိုယ်ဟာလဲ ကြမ်းပြင်ပေါ်မှာ ခွေလဲကျသွားတာကို မြင်လိုက်ရတယ်၊ ကျွန်မလည်း ဆက်မကြည့်ရဲတော့တာ နဲ့ လက်နှစ်ဖက်နဲ့ပိတ်ထားပြီး အသာ ငြိမ်နေလိုက်ရတာပေါ့ရှင်၊ ကြာကြာ လည်း မကြည့်ဘဲ မနေနိုင်တော့ လက် ကို ပြန်ဖွင့်ကြည့်လိုက်ပါရော –

"ကိုကို မှားသွားတယ်ဆိုရင် လည်း ရောက်ရာဘဝက ကိုကို့ကို ခွင့် လွှတ်နိုင်ပါစေ လတ်လတ်ရယ်" လို့ ငိုသံပါကြီးနဲ့ ပြောလိုက်တဲ့အသံကို ကြားလိုက်ရတယ်၊ နောက်ဆုံးတော့ ကျွန်မရင်ထဲမှာ မချိမဆန့်ခံစားရလေ တော့ ငိုရှိုက်သံထွက်မလာအောင် ပါး စပ်ကိုပိတ်ပြီး ပြေးထွက်လာခဲ့ရတော့ တာပါပဲရှင် ..၊

ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့လေ ..

ခုတော့ ဒါတွေအားလုံး အချိန်ဆိုတာက ကုစားပြောင်းလဲသွား ရင်း ဆုံးခန်းတိုင်ခဲ့ပါပြီ၊ မမလတ်ဆုံး သွားပြီးလို့မကြာခင်မှာပဲ ဦးကိုကိုတစ် ယောက်လည်း သူ့သား အတာမျိုးခိုင် က အရက်ဆိုင်ကပြန်ခေါ်အလာမှာ စိတ်ဖောက်ပြီး ထွက်ပြေးသွားလိုက်တာ ခုထိ ဘယ်ဆီကိုရောက်သွားတယ် မပြောတတ်ပါဘူးရှင်၊ စဉ်းစားကြည့် လေ၊ ကျွန်မတောင် ကိုဝင်းနဲ့အိမ်ထောင် ကျလို့ ကလေးနှစ်ယောက်တောင်ရခဲ့ပါ ပကောလား၊ ဒီအကြောင်းနဲ့ပတ်သက် လို့ ကျွန်မဘယ်သူ့ကိုမှ ပြန်မပြောပြခဲ့ ရိုးအမှန်ပါ၊ ကိုဝင်းတောင် ဘာမှ မသိခဲ့ ဘူးဆိုပါတော့နော်၊ မမလတ်နဲ့ ဦးကိုကို တို့အဖြစ်ကိုကြည့်ပြီး ကျွန်မမှာ တရား မနာယူရဘဲ လူ့ဘဝရဲ့ဖြစ်ပျက်သဘော၊ သခ်ါရသဘောတရားကို ရခဲ့တယ်လို့ ပြောရမလိုပါပဲရှင်၊ လောကမှာ ဘယ် အရာမှ တည်မြဲခြင်းမရှိသလို အရာရာ မှာပြီးပြည့်စုံတယ်လို့ မရှိကြဘူးဆိုတာနဲ့ ဖြစ်ချင်ရာမဖြစ်ကြသလို မဖြစ်ချင် သော်လည်းပဲ ကံကံရဲ့အကျိုးဆက်အရ ဖြစ်ခဲ့ကြရသည်ချည့်၊ တစ်ခုတော့ရှိတာ ပေါ့နော့၊ ဝဋ်မှာ အမြဲ ငရဲမှာအပလို့ ဆိုရိုးရှိခဲ့တယ် မဟုတ်လား၊ အလွန် မတန်မှ အလှကြွယ်ပြီး ဂုဏ်ဒြပ် ထည် ထည်ဝါဝါနဲ့ နေခဲ့ရတဲ့ မမလတ်ဟာ ဟိုဘဝရေ စက်ရဲ့ကံကြမ္မာ အငြိုး ကြောင့်ပဲထင့်၊ လူ့လောကထဲက စော စီးစွာကြွေလွင့် သွားရှာခဲ့ရတာကလား၊

သူ့ရဲ့ခင်ပွန်း ဦးကိုကိုဆိုရင် လည်း ရာဇဝတ်ဘေးကို မခံရပေမဲ့၊ ရှေးရေစက်မကောင်းခဲ့တာမို့ ပြီးပြည့် စုံနေတဲ့ လူချမ်းသာဘဝကနေ ဘယ် ပေါက်လို့ ဘယ်ရောက်မှန်းတောင် မသိရတော့ပါလား၊ သူရှာဖွေခဲ့တဲ့ စီးပွားပစ္စည်းတွေကို စွန့်ခွာပြေးထွက် သွားရရုံမက ဇနီးနဲ့သေကွဲကွဲ၊ သား လေးနဲ့ ရှင်ကွဲကွဲရတဲ့အဖြစ်မျိုးနဲ့ ကံကြမ္မာ ဘယ်လောက်ဆိုးဝါးသလဲ ဆိုတာ တွက်ဆလို့သာ ကြည့်ကြပါ တော့ရှင်၊ ကျွန်မတော့သူတို့တစ်တွေ ရဲ့အဖြစ်ကို မျက်ဝါးထင်ထင်တွေ့မြင် ခဲ့ရတာကြောင့်၊ လောကကြီးကို အကျည်းတန် အရုပ်ဆိုးစေတဲ့ ဘယ် မကောင်းမှုကိုမဆို မပြုလုပ်တော့ဘူး ဆိုတဲ့ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချခဲ့မိတာ တော့အမှန်ပင်၊ ကိုဝင်းနဲ့အတူ ဒီလင် ဒီမယား ဒီသားသမီးတွေနဲ့ ရိုးသားစွာ ဘဝကိုထူထောင်ဖို့ သံဓိဋ္ဌာန်ချထားခဲ့ မိပါတယ်။

ဟော .. ပြောရင်းဆိုရင်း ဦးဇင်းအာစာရတောင် ဆွမ်းခံကြွလာ ပါပေါ့လား၊ ခါတိုင်းလိုပဲ အိမ်ကို ဦးဇင်းအာစာရ ကြွလာခဲ့တာ တစ်နှစ် နီးပါးတောင်ရှိနေပြီပဲလေ၊ ဦးဇင်း လေးကို ဆွမ်းနဲ့ဆွမ်းဟင်း နေ့စဉ် လောင်းလှူဖို့ တာဝန်ယူထားတာမို့ ထပြီး ဆွမ်းနဲ့ဆွမ်းဟင်းကို လောင်းလှူ ပြီးတာနဲ့ ဦးဇင်းအာစာရဟာ သိက္ခာ တော်ရှိစွာပဲ ပြန်ကြွသွားတယ်လေ။

သြော် .. ဒါနဲ့ ပြောရမယ့် စကားလေးမေ့သွားလို့ ခုမှ ပြောပြရ ဦးမယ်၊ အဲဒီ ဦးဇင်းအာစာရဆိုတာ တခြားဟုတ်ရိုးလား . ကျွန်မပြောပြ ခဲ့တဲ့ အဖြစ်အပျက်တွေရဲ့ ဇာတ်ကောင် ဦးကိုကိုနဲ့ မမလတ်တို့ရဲ့ သားလေး အတာမျိုးခိုင်ဆိုတာပဲပေါ့ရှင်၊ အတာ မျိုးခိုင်ပဲပေါ့ ..။



www.burmeseclassic.com

စုံထောက် ပွင့်သစ်

# နေဝင်ချိန်

နေရောင်ခြည်ရဲ့
နှုတ်ဆက်အနမ်းက
ရေပြင်ပေါ်မှာ မြအသွေးကဲ့သို့
တလက်လက် တဖိတ်ဖိတ်

ကောင်းကင်ပြင်မှာလည်း
ဝါဂွမ်းဖြူတွေ အဆုပ်လိုက်ပြည့်လို့

လေပြေအေးက
လတ်လတ်ဆတ်ဆတ်

စိတ်
အေးချမ်းတယ်။ ။

ရာဇဖွား (မန္တလေး)

## အမှတ်စဉ် (၁၄၃) နိဝင်ဘာလအတွက်

### ရွေးကဗျာစာရင်း

| | | |
|---|---|---|
| ၁။ | နန္ဒာမိုးကြယ် | သဒ္ဒမာယာ |
| ၂။ | မောင်တည်အေး | အလွမ်းခံတပ် |
| ၃။ | ဝေးနေ | ကန့်လန့်ဖြတ်ပုံရိပ်များ |
| ၄။ | မိုးဟိန်းထက် | ရှုဝံ့ကြယ်သမီးလေး |
| ၅။ | စန္ဒကူးနီ | သံမဏိနှလုံးသား |
| ၆။ | အဖျောက်မြေမောင်ဆွေမွန် | မတူညီတဲ့တူညီခြင်း |
| ၇။ | နှင်းစက်ကြည်စင်ငြိမ်း | သေနေ့အကြို ရှုမြင်ခြင်း |



www.burmeseclassic.com

# စုံထောက် ဝတ္ထု အတိုဆုံး

ကာဆုန်လပြည့်၊ နံနက် ၆း၀၀ နာရီ။

"ဗျို့ - ကိုမျိုးနွယ်"

"ဩော် - ကိုဝေတို့ပါလား - ၊ ကျွန်တော် ဒီနေ့မလိုက်တော့ဘူး"

"ဟ- ဘယ်လိုဖြစ်တာလဲ၊ ထူးထူးဆန်းဆန်း" ကိုမျိုးနွယ်က -

"ဒီနေ့ ဗုဒ္ဓနေ့လေဗျာ"

"အော် - ဒါကြောင့်ကိုး - ၊ ဒါဆိုရင် ကျွန်တော်နဲ့ ကိုတင့်ဆန်းပဲ သွားလိုက်တော့မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ - "

ကိုမျိုးနွယ်၊ ကိုတင့်ဆန်း။ ကျွန်တော် (ကိုဝေ) တို့ဆိုတာက တံငါအလုပ်နဲ့ အသက်မွေးနေကြတဲ့ သူငယ်ချင်းတွေပါ။ လှေကို ကိုယ်စီလှော်ခတ်လာရင်း ကိုတင့်ဆန်းက -

"ကိုမျိုးနွယ်ပြောသွားတာ ကြားတယ်နော် - "

"ကြားပါတယ်၊ ဘာဖြစ်လို့လဲ"

"ဗုဒ္ဓနေ့ဆိုတာလေ - "

"ဟုတ်တယ်လေ - ဒီနေ့က ဗုဒ္ဓနေ့ပဲဟာ - " ကိုတင့်ဆန်းက -

"အဲဒါပဲလေ - သူပြောပုံက ကျွန်တော်တို့က ဗုဒ္ဓနေ့မသိ၊ ဘာနေ့မသိ၊ အကုသိုလ်အလုပ်ထဲ နစ်မျောနေသလိုလို"

"ဩော် - ၊ ကိုတင့်ဆန်းက ကိုမျိုးနွယ်ကို အစာမကြေဖြစ်နေတာကိုး"

"သူ့စကားကို အလေးအနက်မထားစမ်းပါနဲ့ဗျာ - လောကမှာ နေတတ်ရင် ကျေနပ်စရာချည်းပါ"

"ခင်ဗျား - တံငါသည် သူငယ်ချင်းနှစ်ယောက်ပုံပြင် ကြားဖူးတယ်မဟုတ်လား" လို့ မေးတော့ ကိုတင့်ဆန်းက-

"ကြားဖူးပါတယ်၊ အကုသိုလ်နဲ့ ကုသိုလ်ချိန်းသွားတာလေ"

"အဲဒါပဲဗျ။ ကျွန်တော်တို့လည်း နေတတ်ရင် ကိုမျိုးနွယ်ထက် ကုသိုလ်ရနိုင်ပါသေးတယ်ဗျ"

ကိုတင့်ဆန်းက-

"ဘယ်လိုများလဲ၊ ကိုမျိုးနွယ်ပြောသွားတယ်လေ၊ ဒီနေ့ဟာ ဗုဒ္ဓနေ့တဲ့"

"ဒီမှာ ကိုတင့်ဆန်း၊ ကျွန်တော်တို့၊ ခင်ဗျားတို့ဟာ ရေးကံဒါနနည်းခဲ့လို့ ဒီဘဝမှာ သူများအသက်ကို သတ်ပြီး အသက်မွေးရတဲ့ တံငါဆိုပေမဲ့ လောဘကိုသတ်၊ အတ္တကို လျှော့ပြီး ၃၆၅ ရက်လုံးကို ဗုဒ္ဓနေ့လို့ နှလုံးသွင်းပြီး တတ်နိုင်သမျှ ဒါနလေးတွေ လုပ်သွားကြမယ်ဆိုရင် လူဖြစ်ရကျိုး မနပ်ဘူး ထင်တာပဲ၊ ဟုတ်တယ်မဟုတ်လား - " ကိုတင့်ဆန်းက -

"ဟုတ်လိုက်လေ ကိုဝေရယ်"

လမင်းသစ္စာ






www.burmeseclassic.com

www.burmeseclassic.com


မိန်းကလေးတွေများ ပြောရတာ ကိုက အတော့်ကို ခက်ပါတယ်။ အေး လေ··၊ အပြောရခက်လှအောင်ကိုလည်း နေကြတိုင်ကြတာ မဟုတ်လား။ ထားပါ တော့။ ဘယ်မိန်းကလေးမဆို ဖြူစင် သန့်ရှင်းတဲ့ဘဝတွေကိုပဲ ပိုင်ဆိုင်စေ ချင်ပါတယ်။

ဖြူစင်သန့်ရှင်းတဲ့ ဘဝကိုရဖို့ ဆို တာက အကျင့်စာရိတ္တတွေလည်း ကောင်း ပါဦးမှ၊ အကျင့်စာရိတ္တဆိုတာ ဖြူစင်တဲ့ စာရွက်ကလေးလိုပါပဲ၊ တစ်ခါ စွန်းထင်း သွားခဲ့ရင် တော်တော်နဲ့ ပြန်ဖျက်ဖို့က လွယ်တာမျိုးမဟုတ်ဘူး။ သည်တော့ မိန်းကလေးရယ်လို့ ဖြစ်လာပြီဆိုခဲ့ရင် အကျင့်စာရိတ္တတွေကလည်း ဖြူဖွေး သန့်စင်နေမှ တော်ရုံကျပါမယ်။

သည်လိုမှမဟုတ်ခဲ့ရင်တော့ မိမိ အခြေအနေကို မိမိမသိတဲ့သူဟာ ဘဝ ရဲ့ ဆုံးရှုံးမှုတွေကို ပိုင်ဆိုင်တဲ့သူအဖြစ် ရောက်သွားမှာ သေချာပါတယ်။ သင်း သင်းဆိုတဲ့ သူငယ်ချင်းမတစ်ယောက် ရှိခဲ့ဖူးတယ်။ ကျွန်တော်နေတဲ့ ရပ်ကွက် ထဲကပါပဲ၊ အရွယ်ကလေးကရ အတောင် အလက်ကလေးက စုံလာတော့ ပြော လိုက်ရတဲ့အချစ်အကြောင်း။

ရယူခြင်း၊ ပေးဆပ်ခြင်း၊ ပိုင်ဆိုင် ခြင်း၊ ခွင့်လွှတ်ခြင်း၊ စုံတကာကို စေ့ နေတာပါပဲ။ သည်ကြားထဲမှာ ကြင်နာ မှုဆိုတာ နာကျင်မှုရဲ့ နိဒါန်းဖြစ်ပြီး နာ ကျင်မှုကတော့ ကြင်နာမှုရဲ့ နိဂုံးဖြစ်တာ တို့ သူမို့ ပြောတတ်တယ်။

တစ်ခါတစ်ရံကျတော့ ထူးဆန်း ထွေလာတွေ ဆိုတတ်တယ်။ အချစ် သေလို့ ဘဝသေရတယ်ဆိုတာ လူမိုက် တွေရဲ့ ဆင်ခြေပါတဲ့၊ ဘယ်လိုစာအုပ် တွေဖတ်ပြီး၊ ဘယ်လိုနားလည်ရမှန်း မသိအောင် လုပ်ပြလာတော့ သင်းသင်း ရဲ့ အပေါ်မှာ စိတ်တောင်မှ ပျက်မိပါရဲ့။

ပြီးတော့ သင်းသင်းက မျက်နှာ များတဲ့သူ၊ သူထားခဲ့တဲ့ ရည်စားတွေဆို တာ နည်းမှ မနည်းတာ၊ တွဲခဲ့တဲ့သူ တွေက သင်းသင်းအပေါ်မှာ သစ္စာရှိ လေတော့ သင်းသင်းတစ်ယောက် ကံ ကောင်းခြင်းလက်ဆောင်ကို ရတယ်လို့ ပဲ ဆိုချင်တယ်။

သည်လိုနဲ့ ခင်မောင်မောင်ဆိုတဲ့ ကောင်လေးနဲ့ ငြိတိတိဖြစ်ပြီး လူသူ မသိရအောင် ကြိတ်ပုန်းခုတ်ကြတာပေါ့။ သင်းသင်းအပြောကတော့ ခင်မောင် မောင်က ချမ်းသာတဲ့ မျိုးရိုးဆိုလား ပဲ။ ပြီးတော့ ဆိုင်ကယ်ကိုလည်း ထည်လဲ စီးတတ်တဲ့သူတဲ့၊ သူ ပြောပြလို့ သိရတာပါ။ ဒါ့အပြင် ရွှေပင်နားမှ ရွှေကျေးဖြစ်တဲ့ အကြောင်း ဟုတ်တာပေါ့လေ။

ကျွန်တော်ကတော့ စိုးရိမ် စိတ်တွေနဲ့အတူ ပြောမိပါ တယ်။

"ကြည့်လုပ်ပေ့··၊ ကြည့် လုပ်၊ အချစ်တစ်ခုမှာ အနှစ်ပါမှ တန်ဖိုး ရှိတာပဲ၊ မှန်းချက်နဲ့ နှမ်းထွက်မကိုက် ခဲ့ရင် ကိုယ်ပဲ နစ်နာမှာနော်··"

ပြောပြီးလို့ ဘယ်လောက်မှ မကြာ လိုက်ဘူး၊ ခင်မောင်မောင်နဲ့ အပြီးအပိုင် ရွှေလက်တွဲလိုက်ကြတယ်။

အိမ်ထောင်သက် သုံးလေးလ ရောက်လာတော့ သင်းသင်း ကျွန်တော့် ဆီ ပေါက်ချလာတယ်။ ကျွန်တော်က မမေးရဘဲနဲ့ အိမ်ထောင်ရေးကို ရင်ဖွင့် ပြလာတယ်။

"ခင်မောင်မောင်ကို အစက အထင်ကြီးမိလို့ ယူခဲ့မိတာပါ။ အဲဒါကို က ငါ့အမှားပါ။ ခင်မောင်မောင်က ငါ ထင်သလို ဘယ်ကလာလို့ ဘောင် ဟုတ်ရမှာတဲ့တုန်း၊ ဆိုင်ကယ်ပြင်တဲ့ လုပ်ငန်းတစ်ခုမှာ နေ့စားဝင်လုပ်နေတဲ့ သူလေ၊ သူ့ဆိုင်ကယ်တွေအားလုံးက အပျက်တွေချည်းပါပဲ၊ အဲသည်ထဲကမှ ပြင်ပြီးစ ဆိုင်ကယ်တွေကို ယူစီးရင်း ဆိုင်ကယ်တွေနဲ့ ငါ့ကိုလာပြီး ဟန်ရေး ပြနေတော့ ငါကလည်း သူ့ကို ဘောင် မှတ်ပြီး··၊ သည်လောက်ပဲပြောပါရစေ ငါကိုက မိုက်ပါတယ်··"

တစ်ခါတစ်ရံမှာ ပေါ့ဆချွတ်ယွင်း မှုတစ်ခုလေးကြောင့် ဘဝတစ်ခုလုံး ကပြောင်းကပြန်ဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့်မို့ သင်းသင်းကိုကြည့်ပြီး တီး တိုးစွာနှင့် ပြောလိုက်မိပါရဲ့။

အချစ်ကြောင့် အသည်းကွဲရတာ မဆန်းပေမဲ့ အချစ်ကြောင့် ဘဝတွေ ပျက်သွားခဲ့ရင်··တကယ်ပါ၊ ဘဝတွေ ပျက်သွားခဲ့ရင်··၊ သည်လောက်ပါပဲ

အောင်ကျော်ပြုံး



# အောင်ကျော်ပြုံး
## ရွှေပင်နားသည်ဆိုပေမဲ့


www.burmeseclassic.com

www.burmeseclassic.com





# ရှစ်ခွင်ကျော် ဖောင်တော်သီ

မိဘတို့သဘော

ငမိုးဆိုတဲ့ကောင်နာမည်အရင်းက တင်မိုးတဲ့။ ကျွန်တော့်ညီက မွေးတဲ့ ကျွန်တော့်တူအရင်း စနေသား သားဦး။ မောင်နှမသုံးယောက်မှာ အကြီးဆုံး တစ်ဦးတည်းသောသား။

သားဦးစနေ မီးလိုမွှေဆိုတဲ့အတိုင်း မွေးထဲက ဂြိုဟ်မွှေခဲ့တဲ့ကောင်၊ မိဘကို အမျိုးမျိုး ဒုက္ခပေးခဲ့တဲ့ကောင်။ မိန်းမယူ၊ ကလေးသုံးယောက်မွေးပြီးတဲ့ အထိ ဆင်းရဲချို့တဲ့တဲ့မိဘကို ဆန်တစ်ပြည်၊ ဆီတစ်ပိဿာ မပေးဘူး။ လုံချည်တစ်ထည်၊ ပုဆိုးတစ်ကွင်း မကန်တော့ဖူးပေမဲ့ မိဘဆီက မပေးလည်းယူ၊ ပေးလည်းယူ၊ သားသမီးတွေ ကျောင်းအပ်ခ၊ ကျောင်းစရိတ် အကြောင်း အမျိုးမျိုးပြပြီးတောင်း နှိပ်စက်နေတဲ့ကောင်၊ တစ်လမ်းမောင်းသမား ပြန်ခြင်းခတ်တယ်ကို မရှိခဲ့ဘူး။

တစ်ရက်မှာတော့ ဒီကောင် ငမိုး လက်ထဲကို ငွေသုံးသောင်း ရောက်သွားတယ်။ ကျွန်တော်တို့ မွေးရပ်ဝန်ကြီးဌာန နှစ်ပတ်လည်အစည်းအဝေးအပြီး ပျော်ပွဲရွှင်ပွဲအနေနဲ့ ကာလပေါ်တေးအဆိုပြိုင်ပွဲမှာ ဟသ်ာတထွန်းရင်ရဲ့ စကားပြောသောအသည်းနှလုံး မိဘမေတ္တာဘွဲ့သီချင်းနဲ့ ပထမရလို့ ဆုချ တဲ့ငွေ။

"ဆုရတဲ့ငွေ မင်းမိဘနှစ်ပါးကို ကန်တော့လိုက်ပါကွာ··" လို့ ပြိုင်ပွဲ က အပြန် ကျွန်တော်တိုက်တွန်းကြည့်တယ်။

"ဘယ်လောက် ကန်တော့ရမှာလဲ" တဲ့။

"ဆုရတဲ့ငွေ အကုန်လုံးပေါ့ဟ"

"အကုန်လုံးကန်တော့ရင် အကုန်လုံး ယူလိုက်မှာပေါ့··"

ဘယ်လောက်ရိုက်သတ်ချင်စရာကောင်းလဲ။ ကျွန်တော် စိတ်ရှည်ရှည်ထားပြီး မင်း တစ်သက်လုံး မိဘရယ်လို့ ဘယ်နှပြားပေးဖူးလဲ။ ခုလို ကိုယ့်စွမ်းဉာဏ်စွမ်းနဲ့ ရတဲ့ငွေ သန့်ရှင်းစင်ကြယ်တဲ့ငွေဖြစ်လို့ တန်ဖိုးရှိတဲ့အကြောင်း မိဘနှစ်ပါးလုံး စိတ်ချမ်းသာမှု ရမှာဖြစ်ကြောင်း တိုက်တွန်းတော့ -

"တစ်သောင်းခွဲ ကန်တော့လိုက်မယ် အဘရာ··"

အဲလောက်မိုက်လုံးကြီးတဲ့ကောင်။ မိဘကန်တော့တာ ဈေးဆစ်တယ်လေ။

"မင်းမိဘအခြေအနေ မင်းမိဘတွေ သိနေတာပဲကွာ··၊ ယူမှာ မဟုတ်ပါဘူး ယူလည်း အနည်းအကျဉ်းပေါ့၊ မင်းကို ပြန်ပေးမှာပါ··"

"ပြန်မပေးရင် အဘက စိုက်ပေးမှာလား··"

ကျွန်တော် ဒေါသ ထောင်းခနဲ ထွက်သွားတယ်။ ကျွန်တော့်ကိုပါ ပြန်ချည်တာလေ။

"ဟေ့ကောင် ငမိုး··၊ ပေးမယ့် မင်းမိဘတွေယူတယ်ဆိုရင် ယူသလောက်ငါပြန်ပေးမယ်၊ အကုန်ကန်တော့လိုက်"

စိတ်ရှည်စရာရော ရှိရဲ့လားဗျာ။

* * * * *

ကျွန်တော် ငမိုးကို စိတ်မချဘူး။ မယူဘဲနဲ့ ယူပါတယ်ဆိုပြီး ကျွန်တော့်ဆီက ပြန်တောင်းမှာ စိုးရိမ်လို့ မြင်သာလောက်တဲ့ ခပ်လှမ်းလှမ်းကနေ အကဲခတ်ရင်း စောင့်ကြည့်နေတယ်။

ငမိုး ကုန်းကန်တော့တော့ လင်မယားနှစ်ယောက်စလုံး ပြုံးလို့ ပျော်လို့။ ဒါပေမဲ့ မျက်ဝန်းမှာတော့ မျက်ရည်တွေနဲ့။

ကျွန်တော်ပြောတဲ့အတိုင်းပါပဲ။ တစ်အိပ်တောင် ဖွင့်မကြည့်ဘဲ ပြန်ပေးလိုက်တယ်။ သားသမီးအဆင်မပြေတာ သိသိကြီးနဲ့ မိဘက ယူရက်ပါ့မလားဗျာ။

နောက်နေ့မနက်··

"အစ်ကို လာဗျာ··လက်ဖက်ရည်ဆိုင် သွားရအောင်"

အိပ်ရာထ၊ မျက်နှာတောင် မသစ်ရသေးတဲ့ ကျွန်တော့်ကို ကျွန်တော့်ညီက လာခေါ်တာပါ။

"မင်းက ဒကာခံမှာလား··"

"ဟုတ်ကဲ့··"

"ဘာလဲ··နှစ်လုံးပေါက်လို့လား"

"မဟုတ်ရပါဘူး အစ်ကိုရာ၊ အစ်ကို့တူ ငမိုးလေ··မနေ့က သီချင်းဆိုပြိုင်ပွဲမှာ ပထမဆုရတဲ့ ငွေသုံးသောင်းနဲ့ လာကန်တော့လို့"

"ဟုတ်တယ်··၊ ခဲအိုကြီး လိုက်သွား၊ လိုက်သွား··သားလေးလည်း ကုသိုလ်ရစေချင်လို့··"

ဩော်··မိဘ··မိဘ ··။

ရှစ်ခွင်ကျော် ဖောင်တော်သီ



www.burmeseclassic.com

"အစ်ကိုညီ ခုထိ ထမင်းပြန်မစားသေးဘူး၊ သွားကြည့်ပေးဦး"

နေ့လယ်ကျောင်းဆင်းချိန်၊ ကျွန်တော် ထမင်းပြန်စားတော့ ခယ်မဖြစ်သူက ဆီးကြိုပြောလိုက်ခြင်း ဖြစ်ပါ၏။ ကျွန်တော် သိလိုက်ပါပြီ။ ညီလေးတော့ ပွဲဆက်နေပြီပဲ။

"ဟိုဆိုင်မှာပဲလား"

"ပြုံးမေတ္တာမှာပဲပေါ့ အစ်ကိုရယ်၊ သူက ဆိုင်တကာသွားတာမှ မဟုတ်တာ··"

ကိုပြုံး၊ မပြုံးတို့ရဲ့ ပြုံးမေတ္တာဆိုင်ဘက် ထွက်ခဲ့တော့ ပြန်လာသည့် ဖိုးကျော်နှင့် ဆုံသည်။

"ဖိုးကျော်··ဟိုကောင် ဆိုင်မှာရှိလားကွ··"

"ဟာ··ဆရာကလည်း ဆရာ့ညီလား ရှိပ့ါဗျား··၊ ကျွန်တော့်ကို တစ်ခွက်တောင် တိုက်လိုက်သေး··"

"မင်းတို့ကတော့ ဟုတ်ပေ့ကွာ၊ ဘယ်အခန်းမှာလဲကွ··"

"ဟာ··ဆရာကလည်း လုပ်ချလိုက်ပြန်ပြီ၊ အရက်သမားပါဆိုမှ သူထိုင်နေကျ အခန်း (၃) မှာပဲပေါ့၊ ကျွန်တော် သွားခေါ်ပေးရမလား··၊ ဟဲ··ဟဲ··ကျွန်တော်လည်း နည်းနည်းလိုနေသေးတာနဲ့ အတော်ပဲ၊ ကျွန်တော် သွားခေါ်ခဲ့မယ်လေ··"

"ကောင်းတာပေ့ါကွာ··၊ ငါလည်း ကျောင်းစိမ်းပုဆိုးကြီးနဲ့ ဆိုင်ထဲ မဝင်ချင်ဘူး"

အထာပေါက်တဲ့ ကျွန်တော်က နှစ်ရာတန်တစ်ရွက် ထုတ်ပေးလိုက်သည်။ ဖိုးကျော် ပြုံးမေတ္တာဘက် ထွက်သွားတော့ ကျွန်တော်အိမ်ပြန်ခဲ့၏။

"အရက်သမားပါဆိုမှ သူထိုင်နေကျ အခန်း (၃) မှာပဲပေါ့" ဆိုသည့် ဖိုးကျော်ရဲ့စကားကို ကြားယောင်ရင်း ကျွန်တော်လိုက်ခေါ်သည့်အခါတိုင်း အခန်း (၃) ရဲ့ ပြတင်းဘေးစားပွဲထိုင်ခုံမှာချည်း တွေ့ခဲ့ရတာတွေကို သတိရမိသည်။ အရက်သောက်ကြသူများ အရက်ကိုစွဲသလို နေရာကိုလည်း စွဲတတ်ကြပါလား။

အခုတော့ ကျွန်တော့်ညီလေး လူမိုက်တွေရဲ့နောက်ကို လိုက်သွားခဲ့ပါပြီ။ နှစ်တစ်ပတ်ပင်လည်တော့မည်။ ဖိုးကျော်ကတော့ သွေးအန်ပြီး ကြောက်သွားလို့ အရက်ဖြတ်လိုက်သလိုလို ပြန်သောက်နေသလိုလို ကြားရသည်။ အချို့ဆိုရင်တော့ ဖြတ်လိုက်သောက်လိုက် သံသရာလည်လို့။

တစ်နေ့ ကျောင်းဆင်းချိန်မှာ ဖိုးကျော်နှင့် တွေ့သည်။ သံသရာထဲက လည်ထွက်လာတဲ့ပုံပင်။ သူ့ကိုတွေ့တော့ ညီလေးကို သတိရလို့ -


"ဖိုးကျော်ရေ··ငါ့ညီထိုင်တဲ့နေရာမှာ အခု ဘယ်သူထိုင်သလဲကွ"

ဖိုးကျော်ကတော့ သူ့ရဲ့ အာလုပ်စကားအတိုင်း -

"ဟာ··ဆရာကလည်း သူ့နောက်မှာ နှစ်ယောက်တောင် ပြောင်းသွားပြီ ဆရာရဲ့ ဟား·· ဟား··" တဲ့။ ကျွန်တော်က နှစ်ရာတန်တစ်ရွက် ပေးလိုက်တော့ ဖိုးကျော် ပြုံးမေတ္တာဘက် ထွက်သွားလေရဲ့။

အဆိုတော် ဗဒင်က နေရာ (၁) နေရာ (၂) ဆိုပြီး သီချင်းခွေနဲ့ တစ်ပြည်လုံးကို ကိုင်လှုပ်ခဲ့ဖူးသည်။ ပြုံးမေတ္တာရဲ့ နေရာ (၃) က လူဘယ်နှစ်ယောက်ကို ကိုင်လှုပ်ခဲ့ပြီလဲ။

ခက်လှိုင်းကျော်






www.burmeseclassic.com

www.burmeseclassic.com



# သက်ရှည်ကျန်းမာ ရယ်စရာ

## စလောင်သောင်း (သုံးဆယ်)



## ဒါမှ ငါ့သား

ဦးခင်မောင်ဝင်းတို့ သားအဖ နှစ်ယောက် ကန်သာယာရွာတွင် နေထိုင်ကြသည်။ ဦးခင်မောင်ဝင်းသည် စကား ပြောရာတွင် ကြွားဝါပြီး ပြောလေ့ရှိသည်။ တစ်နေ့တွင် သားဖြစ်သူမှ -

"အဖေ・・ သားတောထဲသွားတုန်းက မြွေကြီးတစ်ကောင်ကို ခေါင်းကကိုင်ပြီး ရိုက်သတ်လိုက်တယ်" လို့ ပြောပြလိုက်သည်။ ဦးခင်မောင်ဝင်းမှ ငါ့သား အကြွားပေါ့တယ်ဆိုပြီး ခေါင်းကို လက်ဝါးဖြင့် ရိုက်လိုက်သည်။ သားဖြစ်သူမှာ ဘာတစ်ခုမှ ပြန်မပြောတဲ့ ခေါင်းကိုပွတ်၍ တောစပ်ရှိ ရေအိုင်ဆီသို့ ထွက်သွားသည်။ ခဏအကြာတွင် "အဖေ・・လာပါဦး・・လာပါဦး" ဟု ခေါ်လိုက်သည်။ အဖေ အနားသို့ရောက်လာသည်။

"အဖေလာတာ နောက်ကျသွားပြီ၊ အခုလေးပဲ မိချောင်းကြီးပေါ်လာလို့ ဖမ်းပြီး ဆေးလိပ်မီးနဲ့ ဖုတ်စားလိုက်ပြီ" ဟု ပြောလိုက်သည်။ သား၏ခေါင်းကို လက်ဖြင့်သပ်၍ "ဒါမှ ငါ့သား" လို့ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## စာတန်းနှင့် ငါးရှဉ့်

မကျီးချောင်းကျေးရွာအနီး နွား စားကျက်တွင် မောင်အေး၊ မောင်မြ၊ လှအေး၊ သန်းဝင်းတို့ နွားကျောင်းရင်း စကားပြောနေကြသည်။ မောင်အေးမှ စကားစလိုက်သည်။

"မင်းတို့ ငါးရှဉ့် အကောင်ဘယ် လောက်ကြီးကြီး မြင်ဖူးလဲ၊ ငါ ပြေသလုံးလောက် မြင်ဖူးတယ်"

မောင်မြမှ - "ထွန်တုံးလောက်အကောင် မြင်ဖူးတယ်"

လှအေးက - "ပေါင်လုံးလောက်အကောင် မြင် ဖူးတယ်" လို့ ပြောကြသည်။

သန်းဝင်းက -"မင်းတို့မြင်ဖူးတဲ့ ငါးရှဉ့်က ဘာ ဟုတ်သေးလဲ၊ ငါတွေ့လာခဲ့တဲ့ ငါးရှဉ့်ဘေးမှာ စာတန်းကြီးနဲ့"

"ဟ‥ပြောပါဦး၊ ငါးရှဉ့်မှာပါတဲ့ စာတမ်းက"

"ငါ့ထက်ကြီးတဲ့ကောင် ငါ့သားကြီးပဲ" လို့ ရေးထားတယ်။ သူငယ်ချင်းသုံးယောက် ရယ်မောပြီး -

"အေးပါကွာ‥မင်းငါးရှဉ့်က ကြီးပါတယ်" လို့ ပြောပြီး အရှုံးပေးလိုက်ကြသည်။

## ခွေးကောင်းကြောင်း

သူငယ်ချင်းတစ်စု ခွေးကောင်းကြောင်း ပြောနေကြသည်။ သူ့ခွေးကတော့ ကောင်းတယ်၊ ငါ့ခွေးကတော့ ကောင်းတယ် ပြောနေကြသည်။ ချစ်စိန်ရောက်လာပြီး -

"မင်းတို့ခွေး ကောင်းတယ်ဆိုတာ ငါ့ခွေးကိုဘယ်မီမလဲ၊ ငါ့ခွေးကမှ လက်ခုပ်တီးလိုက်ရင် ကြွက်တို့၊ ယုန်တို့ ကိုက်ပြီးသားပဲ၊ တစ်နေ့ ငါ စပါးနယ်နေရင်း လယ်ကွက်ဘေး မြွေတစ်ကောင်ကို တွေ့လိုက်တယ်။ ခွေးကိုပြပြီး လက်ခုပ်တီးပေးလိုက်တာ ဝုတ်ဝုတ်နဲ့သာ ကြားလိုက်ရတယ်"

"မြွေကို ကိုက်မိရောလား" လို့ မေးလိုက်သည်။

"ဘယ်ဟုတ်မလဲ၊ ငါ့ခွေး ပေါင်ပဲ့ပြီး ချောင်းထဲကျသွားတယ်"

"မင်းခွေးကတော့ ကောင်းတဲ့ ခွေးပဲ" လို့ ပြောပြီး ရယ်မောလိုက်ကြသည်။

## ငှက်ပျောဖူးဟင်း

ရွာသာယာတွင် လင်မယားနှစ်ယောက် ကျပန်းအလုပ်ဖြင့် လုပ်ကိုင်စားသောက်ကြသည်။ မယားလုပ်သူမှာ စကားမပီသူဖြစ်သည်။ တစ်နေ့တွင် လင်ယောကျ်ား အလုပ်မှ ပြန်လာသည်။ ထမင်းဆာနေသည့်အတွက် -

"မိန်းမရေ‥ဘာချက်လဲ" လို့ မေးလိုက်သည်၊ မယားလုပ်သူမှာ မပြောဘူးလို့ ဖြေလိုက်သည်။ နောက်တစ်ခါ မကြားဘူးထင်၍ ထပ်မေးလိုက်သည်။ "မပြောဘူး" လို့ ဖြေလိုက်သည်။ ယောကျ်ားလုပ်သူမှာ စိတ်ဆိုးပြီး ကျောက်ထုလိုက်သည်။

"လာကြပါဦးရှင်‥၊ ကျွန်မကို အပြစ်မရှိဘဲ နှိပ်စက်နေတယ်" လို့ အော်လိုက်သည်။ အိမ်အနီးမှ လူများ ရောက်လာကြသည်။ "ဘာဖြစ်ကြတာလဲ" ဟု မေးလိုက်သည်။ မယားလုပ်သူမှ သူချက်ထားသော ဟင်းကို ပြလိုက်သည်။ ချက်ထားသည့်ဟင်းက ငှက် ပျောဖူးဟင်း ဖြစ်နေသည်။ စကားမပီ၍ ငှက်ပျောဖူးဟင်းကို မပြောဘူးဟု ပြောလိုက်မိတာပါ။ သဘောပေါက်ပြီး လူအများ ဝိုင်းရယ်လိုက်ကြသည်။

စလောင်သောင်း (သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com


အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မိမိကိုယ်ကို ယုံကြည်မှုရှိပါမှ စိတ်ကျပြီး ဆွဲဆောင်မှုရှိပါမည်။ သို့ဖြစ်၍ လှပခြင်းသည် မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းအပေါ်တွင် မှီတည်နေပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းမှု၊ သေသပ်ကျကျ ဝတ်စားဆင်ယင်တတ်မှု၊ ကိုယ်နေဟန်ထား ကောင်းမွန်မှုတို့သည် မိမိကိုယ်ကို ယုံကြည်မှုရှိရန် အခြေခံကျသော အချက်အလက်တို့ပင် ဖြစ်ပါသည်။ ထိုထဲမှ ချိုင်းချွေးနံ့ နံခြင်း၊ ကိုယ်နံ့ပြင်းခြင်းတို့သည် တစ်ကိုယ်ရေ သန့်ရှင်းမှုနှင့် ဆက်နွှယ်မှု ရှိသော်လည်း တိုက်ရိုက်ပတ်သက်မှုမရှိချေ။

အချို့သောသူများသည် မျိုးရိုးဗီဇကြောင့် သာမန်ထက်ပို၍ ချွေးထွက်သလို ကိုယ်နံ့လည်း ပိုမိုဆိုးရွားတတ်ပါသည်။ ထိုသို့သော သူများအတွက်မူ ယုံကြည်မှု နည်းသွားတတ်ကြပါသည်။ စိတ်လှုပ်ရှားမှုကြောင့်ဖြစ်စေ၊ အပူချိန်မြင့်လာ၍ဖြစ်စေ၊ ချွေးပြန်လာပါက ချိုင်းချွေးနံ့ နံတတ်သူများသည် အနေ[illegible]ကာ မိမိအနံ့ဆိုးကို သူတစ်ပါး ရိပ်မိသွားမည်ကို စိုးရိမ်ပူပန်ကြပါသည်။ ထိုသို့သောသူများအတွက် မိမိကိုယ်ကို ယုံကြည်မှုရှိစေရန် စိတ်အေးချမ်းစွာ အချိန်တိုင်း လူအများနှင့် ပေါင်းသင်းဆက်ဆံနိုင်စေရန် နည်းလမ်းကောင်းများကို စုစည်းတင်ပြပေးလိုက်ပါသည်။

## (၁)သန့်ရှင်းစင်ကြယ်မှုကို ဦးစားပေးပါ။

ကျန်းမာသောသူများသည် ရာသီဥတု ပူလာလျှင် ချွေးထွက်တတ်ပါသည်။ အနံ့ဆိုးထွက်ခြင်းမှာ ချွေးကြောင့် မဟုတ်ပါ။ ချိုင်းရှိ ဂလင်းမှ ထွက်သော ချွေးကို စားသုံးပျော်ပါးသော ဘက်တီးရီးယားများကြောင့် အနံ့ဆိုး ထွက်လာခြင်းဖြစ်ပါသည်။ ထိုအနံ့ဆိုး ထွက်ခြင်းကို ကာကွယ်ရန်မှာ အနံ့ထွက်စေသော ဘက်တီးရီးယားတို့ကို ဖယ်ရှားရမည် ဖြစ်ပါသည်။

ထို့ကြောင့် တစ်နေ့လျှင် တစ်ကြိမ် ရေချိုးကာ ကိုယ်လက်သန့်စင်ရပါမည်။ ရာသီဥတုပူပြင်းသောအခါများတွင်မူ လိုအပ်ပါက နှစ်ကြိမ် ရေချိုးသန့်စင်ပေးရပါမည်။ ချွေးနံ့ ပျောက်ကင်းသက်သာစေသည့် (Deodorant Soap) ဆပ်ပြာအမျိုးအစားကို သုံးပေးပါ။ စိုစွတ်နေသည့် တဘက်နှင့် အဝတ်တို့သည်လည်း ဘက်တီးရီးယားများ၏ ပျော်မွေ့ရာဖြစ်သောကြောင့် ယင်းတို့အစား သန့်ရှင်းခြောက်သွေ့သော တဘက်နှင့် အဝတ်တို့ကို သုံးစွဲပေးရပါမည်။

## (၂)ချွေးနံ့ပျောက်ဆေး Deodorant နှင့် Antiperspirant တို့၏ ကွာခြားချက်

ချွေးနံ့ပျောက်ဆေးနှစ်မျိုးဖြစ်သော Deodorant နှင့် Antiperspi-rants တို့သည် တစ်နေကုန် အနံ့ဆိုး မထွက်နိုင်စေရန် ကာကွယ်မပေးနိုင်ပါ။ အချိန်ကာလတစ်ခုအကြာသာ ကာကွယ်ပေးနိုင်ပါသည်။ Deodorant သည် ချွေးတို့ကို စားသုံးသော ဘက်တီးရီးယားများကို သုတ်သင်ပေးပါသည်။ အချို့မှာ သင်းပျံ့သောရနံ့ပင် ပါနိုင်ပါသည်။ ချိုင်းတွင် ဘက်တီးရီးယားများ မပေါက်ပွားနိုင်အောင် ကူညီပေးပါသည်။

Antiperspirants မှာမူ ဘက်တီးရီးယားများ စားသုံးသော ချွေးမထွက်စေရန် တားဆီးပေးပါသည်။ ချွေးဂလင်းများကို ပိတ်ဆို့ရန် Aluminium Salts များ ပါဝင်ပါသည်။ ချိုင်းသွားခြောက်သွေ့နေစေရန် လုပ်ဆောင်ပါသည်။

Antiperspirants များတွင် ပါဝင်သော Aluminium Salt သည် ကျန်းမာရေးကို ထိ ခိုက် စေနိုင်သကဲ့သို့



စုဝေနှင်း

# ချိုင်းချွေးနံ့ထွက်ခြင်းကို ကာကွယ်နိုင်သည့်နည်းလမ်းများ


www.burmeseclassic.com

Deodorant များသည်လည်း အချို့သော ထိခိုက်လွယ်သည့် အသားအရေတို့အတွက် ခါတ်မတည့်မှုကို ဖြစ်စေနိုင်ပါသည်။

## (၃)မုန့်ဖုန်ဆိုဒါကို အသုံးပြု၍ အနံ့ဆိုးမထွက်ရန် ကာကွယ်ခြင်း

မုန့်ဖုတ်ဆိုဒါ (ဆိုဒီယမ်ဘိုင်ကာဘွန်နိတ်) အနံ့ဆိုးများ သုတ်သင်ရန် အသုံးပြုနိုင်ပါသည်။ မုန့်ဖုတ်ဆိုဒါဘူးကို အဖုံးဖွင့်၍ ရေခဲသေတ္တာထဲတွင် ထည့်ထားပါက ယင်းထဲမှ အနံ့ဆိုးများကို ဖယ်ရှားနိုင်ပါသည်။

အဝတ်ခြောက်တစ်စကို မုန့်ဖုတ်ဆိုဒါတို့၍ တို့ပတ်ရိုက်သကဲ့သို့ ချိုင်းကို ရိုက်ပေးခြင်းဖြင့် ချိုင်းမှချွေးများကို ဘက်တီးရီးယားများ မစားသောက်နိုင်အောင် ကာကွယ်ပြီး ဖြစ်ပါသည်။

မုန့်ဖုတ်ဆိုဒါအစား ကလေးများ အသုံးပြုသော ပေါင်ဒါ (Baby Powder) ကိုလည်း အသုံးပြုပေးနိုင်ပါသည်။

## (၄)မှန်ကန်သော အဝတ်အစားများကို ရွေးချယ် ဝတ်ဆင်ခြင်း

ချွေးစုပ်၍ လေဝင်လေထွက်ကောင်းစေသော ချည်သား အဝတ်အထည်များကို ဝတ်ဆင်ခြင်းဖြင့်လည်း ချိုင်းချွေးထွက်ခြင်းကို ကာကွယ်နိုင်သဖြင့် အနံ့ဆိုးမထွက်အောင် ကာကွယ်ပြီး ဖြစ်ပါလိမ့်မည်။

လေ့ကျင့်ခန်းပြုလုပ်စဉ် ဝတ်ဆင်သော အဝတ်အစားသည်လည်း ချည်သားဖြစ်ရန် အရေးကြီးပါသည်။ ချည်သားသည် ချွေးစုပ်နိုင်သဖြင့် ချိုင်းသားစိုစွတ်မနေဘဲ ခြောက်သွေ့စေနိုင်ပါသည်။

## (၅)ချိုင်းကို သန့်ရှင်းစွာထားခြင်း

ချိုင်းရှိ အမွေးအမှင်များကို မသန့်ရှင်းထားပါက ချွေးများ ပိုမိုထွက်ရှိစေသဖြင့် အနံ့ဆိုးပိုမိုထွက်စေနိုင်ပါသည်။ ထို့ကြောင့် ချိုင်းကို အမွေးများ ကင်းစင်သန့်ရှင်းအောင်ရိတ်ခြင်း (သို့မဟုတ်) ဖယ်ရှားပေးခြင်းကို ဂရုတစိုက် ပြုလုပ်ပေးသင့်ပါသည်။ အချိန်မရ၍ ချိုင်းမွေးမရှင်းနိုင်လျှင်ပင် ချိုင်းနှင့် ချိုင်းမွေးကို အမြဲတစေ ဆေးကြောသန့်ရှင်းပေးရပါမည်။ ထို့ပြင် လေ့လာမှုတစ်ခုအရလည်း အမွေးကင်းစင်၍ သန့်ရှင်းသော ချိုင်းသည် ဆန့်ကျင်ဘက်လိင်တို့ကို ပိုမို ဆွဲဆောင်မှုရှိသည်ဟု သိရပါသည်။

## (၆)အဝတ်အစားတို့ကို အနံ့ကင်းစင် သန့်ရှင်းစေခြင်း

ချွေးထွက်သန်၍ ချွေးနံ့ပြင်းသောသူများ လေ့ကျင့်ခန်းလုပ်ရာတွင် ဝတ်ဆင်ထားသော အဝတ်အထည်များတွင် အနံ့အသက်များ စွဲနေပါက ယင်းတို့ကို မလျှော်ဖွတ်မီ မုန့်ဖုတ်ဆိုဒါ ဖျော်ထားသောအရည်ထဲတွင် တစ်နာရီခန့်စိမ်ပြီးမှ ပုံမှန်အတိုင်း လျှော်ပေးရပါမည်။ ထိုနည်းဖြင့် အဆင်မပြေပါက အဝတ်လျှော်သောရေထဲတွင် ရှာလကာရည်တစ်ခွက်ထည့်ပြီး လျှော်ဖွပ်ပေးရပါမည်။ အဝတ်အခြောက်ခံရာတွင် စက်အသုံးပြုခြင်းထက် သဘာဝနေရောင် အောက်တွင် အခြောက်လှန်းခြင်းသည် အဝတ်ကို ပိုမိုသန့်ရှင်းစေပါသည်။

## (၇)မှန်ကန်သော အစားအစာတို့ကို ရွေးချယ်စားသုံးခြင်း

အနံ့ဆိုးထွက်တတ်သူများသည် အနံ့ ပြင်းသော အစားအစာတို့ကို စ... မိပါက ပို၍ ဆိုးလာသည်ကို သ... ပြုမိပါလိမ့်မည်။ ထို့ကြောင့် အနံ့ပြ... သော ကြက်သွန်ဖြူ၊ ကြက်သွန်... ချင်း၊ ဂေါ်ဖီထုပ်နှင့် ရှာလကာရ... တို့ကိုလည်း ရှောင်ရှားပေးရပါမည်... ယေဘုယျအားဖြင့် မစားမီ အနံ့ပြ... သော အစာများသည် အနံ့ဆိုးထွ... တတ်သူများ ရှောင်ရမည့် အစားအ... တို့ပင် ဖြစ်ပါသည်။

အသားတို့တွင်လည်း ကြက်သ... နှင့် ငါးမှလွဲ၍ အနီရောင်အသားတို့သ... အနံ့ဆိုးထွက်ခြင်းကို သက်ရော... ရှိပါသည်။ ထို့ကြောင့် လတ်ဆတ်သေ... ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတို့... ပေါ်များစွာ စားသောက်ပေးရပါမည်...

## (၈)အခြားသော အချက်မျ...

လေဝင်လေထွက်ကောင်း၍ ... သောနေရာတွင်နေခြင်း၊ ပေါ့ပါးသေ... အဝတ်အစားများကို ဝတ်ဆင်ခြ... အပြင် အချိန်မှန် လေ့ကျင့်ခန်းပြုလု... တရားထိုင်ခြင်း၊ ပြင်ဆင်စရာမျ... ကြိုတင် ပြင်ဆင်ခြင်းတို့ဖြင့် စိ... အေးချမ်းစေခြင်းတို့သည်လည်း ... ထွက်ခြင်းကို သက်သာစေပါသ... ချွေးထွက်ခြင်းကင်းပါက ဘက်တီ... ယားများမှာ အစာရေစာ ပြတ်လ... အနံ့ဆိုးထွက်ခြင်းကို ကာကွယ်နိုင်... မည်။

နေ့စဉ် ကိုယ်လက်သန့်စ... ကျန်းမာရေးနှင့်ညီညွတ်အောင် ... ၍ အထက်ပါအချက်များကို လို... ခြင်းဖြင့် ချိုင်းချွေးနံ့ ကင်းစင်နိုင်... စေ။

*Ref:Internet*

နေ...

www.burmeseclassic.com

www.burmeseclassic.com

သူဘယ်လိုလုပ်တယ်
ရပေမယ့်
ကောင်အထည်လည်း မမြင်ရဘဲ
သူက ခံနေရပါတယ်။
ရုံကံမရှိရင်
ကဲ
သွားနိုင်လောက်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

□

ကျွန်တော် ဦးဆုံးပြောပြချင်တာက အဆောင်မှာ ကျွန်တော့်ကို သရဲ ခြောက်ခံရတယ်။ အဆောင်လို့ ကျွန်တော် ပြောနေတာက ကျွန်တော်တို့ လူပျိုတွေစုနေတဲ့ အိမ်ပါပဲဆရာ။ အဲဒီအိမ်မှာ လေးယောက်နေပါတယ်။ တစ်ညမှာ ကျွန်တော့်ဂျူတီက (၂-၄)ပါဆရာ။ မနက် နှစ်နာရီကနေ လေးနာရီအထိ စောင့်ရမယ့်အလှည့်ပါ။ ကျွန်တော် တစ်နာရီခွဲလောက်မှာ အိပ်ရာက နိုးပြီး အပေါ့အပါးသွားဖို့ နောက်ဖက်ကို ထွက်လာခဲ့ပါတယ်။

အိမ်သာနဲ့ကခြေလှမ်း ဆယ်လှမ်း၊ ဆယ့်နှစ်လှမ်းလောက်ဝေးပါတယ်။ ကျွန်တော်လည်း ကင်းနောက်ကျမှာစိုးတာကြောင့် ခပ်သွက်သွက် လျှောက်သွားချိန် ကျွန်တော့နောက်က လူတစ်ယောက် ခပ်သွက်သွက် လိုက်လျှောက်လာသလို ခံစားလိုက်ရပါတယ်။ ကျွန်တော်ရပ်လိုက်ရင် သူလည်းရပ်သွားတယ်။ သွားလာနေကျ နေရာမို့ စိတ်ထဲမှာဘယ်လိုမှ မနေပါဘူး။ အိမ်သာရောက်တော့ လူတစ်ယောက်တက်နေပြီး ရေသုံးတဲ့ အသံမျိုးကြားရလို့ ခဏစောင့်နေလိုက်ပါတယ်။

ငါးမိနစ်လောက်စောင့်နေပေမယ့် အထဲက တာထူးခြားမှုမှမပြပါဘူး။

"အထဲကဘယ်သူလဲ မြန်မြန်လုပ်ကွာ၊ ငါ ကင်းချိန်နီးပြီကွ"

ကျွန်တော်ပြောလိုက်ပေမယ့် အထဲက ဘာသံမှမကြားရပါဘူး။ ခဏကြာတော့ အထဲမှာရေသုံးလိုက်တဲ့အသံ ကြားလိုက်ပုံရပါတယ်။

"ဖွမ်း . . . ဝေါ . ."

ဒါဆို သူ အိမ်သာကိစ္စပြီးသွားလို့ ရေသုံးတာ၊ ထွက်လာတော့မှာဆိုပြီး ဘာသံမှမပေးတော့ဘဲ ဆက်စောင့်နေလိုက်ပါတယ်။ နောက်ထပ် ငါးမိနစ်လောက် ကြာသွားပြန်ပါပြီ၊ ထွက်မလာသေးပါဘူး။

"ဟာ ကြာလိုက်တာကွာ၊ ခုန ရေသုံးလို့ ပြီးပြီထင်နေတာ မြန်မြန်လုပ်ကွ။ ငါ သွားချင်လှပြီ"

ထိုသို့ပြောလိုက်သည်နှင့် အိမ်သာရေ သုံးလိုက်သံထပ်ကြားရပါတယ်။

"ဖွမ်း . . . ဝေါ . . ဝရော"

"ဟာ ဒီကောင် ဘာကောင်လဲကွာ၊ ငါတစ်ခါပြောလိုက်ရင် တစ်ခါရေသုံးပြတယ်၊ ပြီးရင် တကယ်လည်း ဆင်းလာတာ မဟုတ်ဘူး"

ကျွန်တော် စိတ်မရှည်တော့တာကြောင့် အိမ်သာတံခါးကို ခပ်ကြမ်းကြမ်းလေး ပုတ်လိုက်ပါတယ်။

"ဘုန်း ဘုန်း ဘုန်း"

ဘာသံမှမတုန့်ပြန်တာကြောင့် တံခါး ဆွဲဖွင့်လိုက်တော့ အိမ်သာထဲမှာ ဘယ်သူမှမရှိပါဘူး။ ကြက်သီးအနည်းငယ် ထသွားပေမယ့် ကမန်းကတန်း အိမ်သာထဲ ဝင်လိုက်ပါတယ်။ အိမ်သာမှာထိုင်ရုံရှိသေးတယ်၊ လူတစ်ယောက် အိမ်သာဘက်ဆီ လျှောက်လာတဲ့အသံမျိုးကြားလိုက်ရပြီး အိမ်သာတံခါးကို"ဘုန်း ဘုန်း" ဆိုပြီး လာထုပြန်ပါတယ်။

"ဘယ်သူလဲကွ၊ ဒီမှာမပြီးသေးဘူး၊ ခဏစောင့်"

"ဘုန်း ဘုန်း ဘုန်း"

စကားသံဆုံးတာနဲ့ တံခါးကို ဆက်ထုလိုက်ပြန်ပါတယ်။ ကျွန်တော်အိမ်သာကိစ္စ ချက်ချင်းသိမ်းလိုက်ပြီး တံခါးကို ဆွဲဖွင့်လိုက်ချိန်မှာ အပြင်မှာဘယ်သူမှ ရှိမနေပါဘူး။ ကျွန်တော်သိလိုက်ပါပြီ။ ဒါ သရဲခြောက်တာပါပဲ။ အိမ်သာကိစ္စ အမြန်လက်စသပ်ပြီး အဆောင်ဆီအမြန် ပြေးသွား လိုက်ပါတယ်။

အဲဒီလိုသရဲခြောက်ခံရပြီး နှစ်ရက်လောက်အကြာမှာ ကျွန်တော့်ကိစ္စတစ်ခု ရှိလို့ ဆိုင်ကယ်တစ်စီးနဲ့ ထွက်လာခဲ့ပါတယ်။ ကိစ္စကနည်းနည်း အရေးကြီးလို့ ဆိုင်ကယ်ကို ခပ်သွက်သွက်မောင်းလာရင်း တစ်နေရာအရောက်မှာ အရှည် ခုနစ်ပေ၊ ရှစ်ပေလောက်ရှိတဲ့ ဝါးလုံးပိုင်း တစ်ခုက ကျွန်တော့်ရှေ့ကနေ ကန့်လန့်ဖြတ် အလျားလိုက်ကြီးဝင်လာပါတယ်။ တစ်ပြိုင်တည်းမှာပဲ ကျွန်တော့်နားထဲမှာ "မင်းသေဖို့ပြင်ထား၊ မင်းသေရမယ်"လို့ ကြားနေရတယ်ဆရာ။

"ဟာ ဟာ သွားပြီ၊ သေပြီ"

"ရှောင် ရှောင်လိုက် ဝါးလုံးကြီးလာနေတယ်"

"မြန်မြန်ခေါင်းငုံ့လိုက်"

လမ်းဘေးမှာသွားနေကြသူတချို့ရဲ့ ဝိုင်းအော်သံကိုကြားလိုက်ရပါတယ်။ ကျွန်တော်လည်း ကိုယ့်ကိုယ်ကို သွားပြီလို့ မှတ်လိုက်မိပါတယ်။ ကန့်လန့်ဖြတ်ဝင်လာတဲ့ဝါးလုံးကြီးက ကျွန်တော့်ကိုယ်ကို ပိုင်းဖြတ်ရိုက်ချလိုက်နိုင်မှန်း သိလိုက်တဲ့ အတွက် ကျွန်တော်ဆိုင်ကယ်မှောက် လူပါလဲကျပြီး ဒဏ်ရာတစ်ခုခု ရပြီလို့ပဲ သတ်မှတ်လိုက်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားတာလစက္ကန့်ပိုင်းမှာ ဆုံးဖြတ်ချက်မှန်ပါမှ အသက်ရှင်ခွင့်ရမှာပါ။

ကျွန်တော်က ရဲတပ်ဖွဲ့ဝင် တစ်ယောက်ပါ။ လေ့ကျင့်သင်ကြားမှု မိမိကိုယ်နှိုက်က သတိလက်မလွှတ်မှုတွေကြောင့် အဲဒီစက္ကန့်ပိုင်းကလေးမှာ ကျွန်တော့်ကိုယ်ကို ရှိုပြီး ဆိုင်ကယ်နဲ့ တစ်သားတည်းလောက် ကပ်ထားလိုက်ပါတယ်။ ဝါးလုံးကြီးက ကျွန်တော့်ကျောပေါ်ကနေ ကျော်ထွက်သွားပါပြီ။ ကျွန်တော်ကံကောင်းလို့ လွတ်သွားရတာပါ။

ပတ်တ်ဝန်းကျင်ကလူတွေလည်း သက်ပြင်းချနိုင်ကြပါပြီ။ ခပ်လှမ်းလှမ်းမှာ ဆိုင်ကယ်ရပ်လိုက်ပြီး ဝါးလုံးကျလာတဲ့နေရာတဝိုက်ကို စစ်ဆေးလိုက်ပါတယ်။ ဒီနားမှာဝါးပင်မရှိ၊ ဝါးနဲ့ပါတ်သက်တာဘာမှမရှိပါ။ ဒါပေမယ့် ဒီဝါးလုံးကြီးက ဘာဖြစ်လို့ ကျွန်တော့်ဆီ တန်းတန်းမတ်မတ် ရောက်လာရတာပါလဲ၊ ပြီးတော့ ဘာဖြစ်လို့ မင်းသေရမယ်လို့ ပြောတဲ့အသံကိုကြားနေရတာလဲ။ ပတ်ဝန်းကျင်က သိပ်ကံကောင်းတာပဲလို့ ဝိုင်းပြောနေကြတာကို ဂရုမစိုက်နိုင်တော့ပါဘူး။ အတွေးတွေနဲ့ ဆိုင်ကယ်ဆီလျှောက်လာခဲ့မိပါတော့တယ်။

ဒါကပထမရင်ဆိုင်ရတဲ့သေဘေးပါ။

ဒုတိယရင်ဆိုင်ရတာက ... ကျွန်တော်တာဝန်ကျတဲ့မြို့က နယ်စပ်မြို့ဖြစ်ပါတယ်။ တောင်ကုန်းတွေနဲ့ အဆင်းအတက်များတာမို့ ဆိုင်ကယ်ကို သတိထားပြီး မောင်းလာခဲ့ပါတယ်။ မှတ်မှတ်ရရကို ခပ်ဖြည်းဖြည်းလေးမောင်းနေတာပါ။ ကွေ့တစ်နေရာရောက်တော့ ဘာဖြစ်သွားမှန်းမသိပါဘူး ဟန်တယ်ကို ညာဘက် ဆွဲကွေ့လိုက်သလို ဖြစ်သွားပြီး ဆင်ခြေလျှောဆီ တန်းတန်းမတ်မတ် ကျသွားပါလေရော။ သတိထားနေတဲ့ကြားက ဖြစ်သွားရတာပါ။ အဲဒီမှာလည်း အသံကိုကြားနေရတယ်ဆရာ။

"သေလိုက်၊ မင်းသေလိုက်စမ်း၊ သေလိုက်စမ်း"ဆိုတဲ့အသံပါ။

ဆိုင်ကယ်ကိုရပ်သွားအောင် မလုပ်နိုင်တော့ပါဘူး။ ကျောက်ခဲတွေကြားမှာ လဲကျမသွားဖို့တဲ ထိန်းပြီး ဆက်ဆင်းသွားနေလိုက်ပါတယ်။ တစ်နေရာအရောက်ရှေ့က ကျောက်တုံးကြီးကြီးတစ်တုံးခံနေတာကြောင့် ကျောက်တုံးကိုတိုက်မိပြီး ဆိုင်ကယ်လဲကျသွားပါတယ်။ ကျွန်တော်လည်း ခပ်လှမ်းလှမ်းကို လွင့်ထွက်သွားပါတယ်၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားလို့ ခေါင်းမထိပေမယ့် ခြေလက်တွေတော့ နည်းနည်းပွန်းပဲ့သွားပါတယ်။

ကျွန်တော်သေဖို့နှစ်ကြိမ်မက ဖြစ်ခဲ့ပါတယ်ဆရာ။

ဒါ သွေးရိုးသားရိုးတော့မဖြစ်နိုင်ဘူး။ နယ်ပိုင်တွေဘာတွေများ မကျေနပ်တာလား၊ ဒါမှမဟုတ် သူ့ရဲခြောက်တာလား တစ်ခုခုတော့ဖြစ်မှာ သေချာတယ်။ အဆောင်ရောက်လို့ ဒီအကြောင်းတွေပြန်ပြောပြတော့ သူငယ်ချင်းလုပ်ဖော်ကိုင်ဖက်တွေက မယုံကြဘူးဆရာ၊ ကျွန်တော့်ကိုကြောင်နေပြီတဲ့ ဆေးလှူပ်သောက်လို့ပြောကြတယ်။ ကျွန်တော်က ဆိုင်ကယ့်တော်တော်လေးကျွမ်းပါတယ်။ တော်တန်ရုံ ဘာမှမဖြစ်နိုင်ပါဘူး။ မှောက်ဖို့ဆိုတာတော့ ဝေးရောပေါ့ဆရာရယ်၊ ဒါပေမယ့် ကျွန်တော်ဖြစ်ခဲ့တာက တကယ်ပါ။

အသက် (၃၀) လောက်လူငယ်က ပြောပြနေတာကို ဆရာလုပ်သူက စိတ်ဝင်တစားနားထောင် နေလိုက်ပြီးခဏကြာမှ ...

"ဒါဆိုရင် မင်း အဲဒီမြို့ရောက်ပြီးမှ မြို့ခံတွေနဲ့ဘယ်လို ပြဿနာမျိုး ဖြစ်ခဲ့ဖူးလဲ"

"ဖြစ်ဖူးတယ်ဆရာ၊ သူတို့ဆီမှာတော့ နာမည်ကြီးတယ်လို့ ပြောတာပဲ၊ သူ့ကို ဘယ်သူမှလည်းမဖမ်းကြဘူး၊ သူက မိန်းကလေးတွေနဲ့ ပိုက်ဆံရှာစားနေတာ၊ တခြားအလုပ်တွေလည်း လုပ်စားတယ် ပြောတယ်"

"ဩော် ..မင်းက တကယ့်လူနဲ့မှ သွားဖြစ်ခဲ့တာကိုးကွ"

"ဟုတ်တယ် ဆရာ၊ ပြီးတော့ အဲဒီမိန်းမကြီးက စုန်းမကြီးလို့လည်း ပြောတယ်၊ ကျွန်တော့်ကိုများ ပညာနဲ့လုပ်ထားမလားလို့"

"အေးလေ .. စစ်ဆေးကြည့်လိုက်မယ်"

ဆရာလည်း ထိုလူငယ်ကို စစ်ဆေးပေးနေပါတယ်။ ထုံးစံအတိုင်း စစ်ဆေး

ဘာသံမှမတုန့်ပြန်တာကြောင့် တံခါးဆွဲဖွင့်လိုက်တော့ အိမ်သာထဲမှာ ဘယ်သူမှမရှိပါဘူး။
ကြက်သီးအနည်းငယ် ထသွားပေမယ့် ကမန်းကတန်း အိမ်သာထဲ ဝင်လိုက်ပါတယ်။
အိမ်သာမှာထိုင်ရုံ ရှိသေးတယ်...



www.burmeseclassic.com

www.burmeseclassic.com


တွေ့ရှိမှုကို ကုသနိုင်ဖို့တရားခံကို ခန္ဓာကိုယ်ထဲ ခေါ်သွင်းလိုက်ပါတယ်။ ကြည့်နေရင်းမှာ ပူးကပ်သူဟာတုန်ယင်လာပြီး သူ့ကိုယ်သူ ထိန်းမရဖြစ်သွားပါတော့တယ်။

"မင်းဘယ်သူလဲ ဒီရဲဘော်ကို ဘာဖြစ်လို့ တိုက်ခိုက်ထားတာလဲ"

မဖြေချင်ဖြေချင်လေသံနဲ့ –

"ဒီကောင် လူပါးဝလို့ လုပ်လိုက်တာ"

"ပြောင်းပြန်ပြောနေပြန်ပြီ၊ လူပါးဝတာက မင်းလား၊ သူလား"

နည်းနည်းနှိပ်စက်လိုက်တော့မှ သူလုပ်ထားတဲ့ကိစ္စတွေပြောပြပါတယ်။

"ဟုတ်ပါတယ်၊ ကျွန်မလုပ်ထားမိပါတယ်ဆရာ၊ ဒီအကောင်က လူမှန်း၊ သူမှန်းမသိလို့ သိအောင် ပညာပေးလိုက်တာပါ။ ပေးတာယူကျွေးတာစား ဝင်မရှုပ်ရဘူးဆိုတာ သူမသိသေးလို့ သိသွားအောင်ပါဆရာ"

"နင် သိသွားအောင်လုပ်တာကလည်း တစ်ဖက်သား အသက်သေသွားနိုင်တယ်"

"အဲဒါတော့မသိဘူးဆရာ၊ ကျွန်မသူ့ကို သေအောင်မလုပ်ပါဘူး။ ကြောက်အောင်ပဲခြောက်လိုက်တာပါ"

"ဒါဆို သူတို့အဆောင်မှာခြောက်တဲ့သရဲကရော"

"ကျွန်မက သူ့နောက်ကို သရဲတစ်ကောင်၊ ဘီလူးတစ်ကောင်ထည့်ပေးထားပါတယ်၊ ဒါကြောင့် သူသွားလေရာမှာ အဲဒီနှစ်ကောင်က လိုက်နှောင့်ယှက်အောင် ခိုင်းထားတာပါဆရာ"

ဆရာဆိုသူကလည်း သူ့အစွမ်းကို ပြတဲ့အနေနဲ့ ဘာတွေလုပ်တယ် သေသေချာချာ မသိရပါဘူး။ ပူးကပ်နေသူမှာတော့ သေလုမြောပါး အော်ဟစ်နေတော့တာပါပဲ။ တော်တော်ကြာအောင်ခံနေရတော့ စုန်းမကြီးကတောင်းပန်ပါတယ်။

"ဆ ..ရာ ..ကျွန်မပညာတွေကို ပြန်သိမ်းပေးပါ့မယ်၊ ခုချက်ချင်း ပြန်သိမ်းလိုက်ပါ့မယ်ဆရာ၊ နောက်လည်း မလုပ်တော့ပါဘူး၊ ခုလောက်ကြီး မနှိပ်စက်ပါနဲ့၊ ကြောက်ပါပြီ ..ကြောက်ပါပြီ"

စုန်းမတောင်းပန်ပြီးတော့ ဆရာက တီးတိုးလေးအမိန့်တစ်ခုပေးလိုက်ပါတယ်။ စုန်းမလည်း တော်တော်မခံနိုင် ဖြစ်နေရာက သက်သာသွားဟန်ရှိပြီး ခပ်မတ်မတ်ပြန်ထိုင်နိုင်ပါတယ်။



"ကဲ ..ဒါဆို မင်းပညာတွေ ထုတ်လိုက်စမ်း။ မြူမှုန်မကျန်အောင်ထုတ်ပေး"

"ဟုတ် ..ဟုတ် ထုတ်ပေးပါ့မယ်ဆရာ၊ မြူမှုန်မကျန်စေရပါဘူး"

စုန်းမ သူ့ခြေထောက်ကို ခြေရင်းဘက်သို့ဆင်းလိုက်ပြီး လက်နှစ်ဘက်နဲ့ ခေါင်းကနေစ ရိုက်ချနေပါတယ်။ ခေါင်း၊ မျက်နှာ၊ ဂုတ်၊ လည်ပင်း၊ ရင်၊ ကြော၊ ခြေနှစ်ချောင်းထိ ရိုက်ထုတ်လိုက်တာ ဆယ်မိနစ်လောက်ကြာမယ်ထင်ပါတယ်။ ဆရာကနှုတ်ဘေးကနေ တီးတိုးအမိန့်တွေပေးနေတာလည်း တွေ့ရပါတယ်။

နောက်ဆုံးမှာစုန်းမ ဆရာ့ဘက်ပြန်လှည့်လာပြီး ...“ကုန်ပါပြီဆရာ” လို့ လေသံပျော့ပျော့လေးနဲ့ ပြောလိုက်ပါတယ်။

"ကုန်တာသေချာတယ်နော်၊ ငါပြန်စစ်လို့ ပညာစက်ကျန်နေတာတွေ့ရင် နင်အသေပဲ၊ သရဲနဲ့ဘီလူးဆိုတာလည်း တစ်ခါတည်းသိမ်းသွားနော်"

"သိမ်းသွားပါတယ်၊ သေချာပါတယ် ဆရာ၊ မရှိတော့ပါဘူး"

"ကဲ ဒါဆို သစ္စာဆိုရမယ်"

ဆရာက ရှေ့ကတိုင်ပေးတယ်၊ စုန်းမကလိုက်ဆိုတယ်။ ပြီးတော့ သစ္စာရေသောက်တယ်။

"ပညာစက်မြူမှု မကျန်တာသေချာရင် ဘုရားကန်တော့ပြီးထွက်သွား"

အဲဒီလိုပြောလိုက်တော့မှ စုန်းမဘုရားကန်တော့ပြီး ငြိမ်သွားပါတယ်၊ စုန်းမရဲ့ပညာစက်ဟာ တော်တော်လေးစွမ်းပါတယ်။ ဘာဖြစ်လို့ဒီလို ပြောရတာလဲဆိုတော့ သူဘယ်လိုလုပ်တယ် မသိရပေမယ့် အကောင်အထည်လည်းမမြင်ရဘဲ ခံတဲ့သူကခံနေရပါတယ်၊ တော်ရုံကံမရှိရင် အသက်သေသွားနိုင်လောက်ပါတယ်။

"အင်း မင်းကိုလုပ်ထားတဲ့ ပညာစက်တွေမရှိတော့ဘူး၊ နောက် သရဲ

www.burmeseclassic.com



ခြောက်သလိုလည်း မဖြစ်တော့ဘူး။ ဆိုင်ကယ်နဲ့လည်း ဘာမှမဖြစ်နိုင်တော့ဘူး။ ဒါနဲ့နေပါဦး မင်းက ဒီကိုဘာလာ လုပ်တာလဲ''

''တာဝန်တစ်ခုနဲ့ လာတာပါဆရာ၊ တရားခံတစ်ယောက် လာဖမ်းတာပါ''

''မိပြီလား ...''

''မတွေ့သေးပါဘူးဆရာ၊ အဲဒီမိန်းမဓါတ်ပုံ ကျွန်တော့်ဆီမှာပါလာတယ်၊ သူက -------မြို့နယ်မှာနေတာ၊ လိပ်စာလည်းပါတယ်၊ ကျွန်တော် သူ့ကိုသွားစောင့်တာ သုံးညရှိပြီ၊ ဘာသတင်းများကြားရထားလည်း မသိပါဘူး။ သူ့အိမ်ကိုလုံးဝပြန်မလာဘူး''

''အဲဒီတရားခံက မင်းအတွက်သိပ်အရေးကြီးလား၊''

''ကျွန်တော့်အတွက်ရော တိုင်းပြည်အတွက်ပါ အရေးကြီးတယ်ဆရာ၊ သူက လူမှောင်ခိုလုပ်တဲ့မိန်းမ၊ သူ့ကိုအလိုရှိနေတာကြာပြီ၊ ဒါပေမယ့် သူက အရှောင်အတိမ်းသိပ်ကောင်းတယ်၊ ဒါကြောင့် မမိနိုင်ဘူးဖြစ်နေတာ''

''အေး အေး ဒါဆိုလည်း တစ်ကြိမ်တစ်ခါတော့ ကူညီလိုက်ပါ့မယ်ကွာ ..၊ မင်းရှာနေတဲ့သူကို ငါဒီနေရာက ထိုင်ပြီးလိုက်မယ်''

ဆရာလုပ်သူက မိန်းကလေးတစ်ယောက်ကို နဖူးပုတ်ပြီးတီးတိုးပြောဆိုလိုက်ပါတယ်။ ခဏနေတော့ မိန်းကလေးက ..

''နင်ရှာတာနေရာလွဲနေတယ်၊ သူက နင်ရှာတဲ့နေရာမှာမရှိဘူး၊ ဒီကနေမြစ်ကူးချောင်းဖျားမှာရှိတဲ့ ဆိုင်တစ်ဆိုင်မှာရှိနေတယ်။ အဲဒီဆိုင်ရှေ့မှာ မီးတွေရောင်စုံထွန်းထားတယ်။ နောက် ဆိုင်ရှေ့မှာ မြေကွက်လပ်တစ်ခုလည်းရှိတယ်၊''

''ကားရပ်တဲ့နေရာလား ..''

''မဟုတ်ဘူး၊ ကားတွေရပ်ဖို့က ဆိုင်ဘေးမှာ နေရာလုပ်ပေးထားတယ်။ အဲဒီဆိုင်ကိုလိုက်သွား နင် သူ့ကိုတွေ့လိမ့်မယ်''

ထို့နောက် ထိုသူငယ်က မိန်းကလေး ပြောတဲ့နေရာကို စဉ်းစားပါတယ်။

မြစ်ကူးချောင်းဖျားလို့ ပြောတဲ့အတွက် ရန်ကုန်ကနေမြစ်ကူးချောင်းဖျားဆိုတာ သံလျင်၊ ဒလ၊ လှိုင်သာယာ သုံးခုမှာဖြစ်နိုင်ကြောင်းနဲ့ ထိုသုံးခုလုံးရှိဆိုင်များကို စစ်ဆေးမည်ဟုပြောသော်လည်း မိန်းကလေးက ထပ်ပြောလိုက်ပြန်သောကြောင့် သူ့အတွက်ရှာဖွေရပိုလွယ်သွားစေခဲ့ပါတယ်။

''နင်တို့ရှာရမှာက မြို့သစ်ဟဲ့ မြို့သစ်''

အဖြေကရှင်းသွားပါပြီ။ သံလျင်လည်းမြို့သစ်မဟုတ်၊ ဒလလည်းမြို့သစ်မဟုတ် လှိုင်သာယာကသာ မြို့သစ်ဖြစ်ပါတယ်။

''ကျေးဇူးပါပဲဆရာ လှိုင်သာယာမြို့သစ်ပဲဖြစ်မယ်ထင်ပါတယ်၊ ကျွန်တော်သွားရှာလိုက်ပါ့မယ်''

ထိုရဲဘော်လေး ပျော်ရွှင်စွာဖြင့် ထွက်သွားပါတယ်။

''မင်းဘက်က ထူးခြားတာရှိရင်လည်း ငါ့ကို အကြောင်းကြားဦးနော်'' ဟု ဆရာလုပ်သူပြောလိုက်တဲ့စကားကို ကြားလိုက်ရပါတယ်။

နောက်ပိုင်းကြားရတာကတော့ ထိုရဲဘော်လေး လှိုင်သာယာသွားရှာတော စားသောက်ဆိုင်တစ်ဆိုင်မှာ တွေ့လိုက်မိပြီး သူတို့စခန်းရှိရာ နယ်စပ်မြို့ဆီ ထော်သွားတယ်လို့သိလိုက်ရပါတယ်။ ဘယ်သို့ပင်ဖြစ်ပါစေ၊ တရားကိုစောင့်သောသူကို မင်းက တရားသဖြင့် ကူညီစောင့်ရှောက်ပေးတတ်ကြောင်း သိရှိလိုက်ရပါတယ်။

[illegible]

ခပ်လှမ်းလှမ်းမှာ
ဆိုင်ကယ်ရပ်လိုက်ပြီး
ဝါးလုံးကျလာတဲ့
နေရာတဝိုက်ကို
စစ်ဆေးလိုက်ပါတယ်။
ဒီနားမှာဝါးပင်မရှိ၊
ဝါးနဲ့ပါတ်သက်တာ
ဘာမှမရှိပါ။
ဒါပေမဲ့ ..
ဒီဝါးလုံးကြီးက
ဘာဖြစ်လို့ ကျွန်တော့်ဆီ
တန်းတန်းမတ်မတ်
ရောက်လာရတာပါလဲ။



www.burmeseclassic.com

www.burmeseclassic.com




# ကိုမောင်သန်းဝင်း

## စိတ်ညွှတ်၍ပြန်ရောက်လာသော တမလွန်မှချစ်သူ

ပန်းချီ မင်းထက်နိုင်



www.burmeseclassic.com

ကျွန်ုပ်သည် ဇာတိမြေ ဘားကူး …သော ကျေးရွာသို့ အလှူကိစ္စတစ်ခု …င့် ရောက်နေလေခိုက် ကျွန်ုပ် လွန် … ကြိုက်နှစ်သက်သော နွားနို့စစ်စစ် … သောက်ခဲ့ရ၏။ တဝတလင်ပင် …သောက်ခဲ့ရပါ၏။

နွားနို့ညှစ်သည်ကို ကိုယ်တွေ့မျက် …င် တွေ့လိုက်ရသောအခါ ရင်ထဲတစ် … ဖြစ်သွားလေ၏။ အရင်က နွားနို့ …ညှစ်သည်ကို အမှန်တကယ် မတွေ့ဖူး …ပါ။ ယခုအကြိမ်မှ တွေ့ခဲ့ရခြင်း ဖြစ် …သ၏။

နွားပေါက်ကလေးကို နွားမကြီး …နှီးခေါ်၍ နို့ညှစ်ခြင်းဖြစ်လေ၏။ နွားမကြီးက သူ၏နွားကလေးကိုတွေ့၍ နို့လွှတ်ချသည်ဆို၏။ နွားကလေးစို့သောက်ရန် လွှတ်ချခြင်းသာ ဖြစ်လေ၏။ နွားကလေးမရှိလျှင် (သို့မဟုတ်) နွားကလေးကို မတွေ့လျှင် နို့မလွှတ်။ နို့ညှစ်၍မရဟု ဆို၏။

လူသားမိခင် သားသည် အမေများသည် မိမိသားငယ်နှင့် ဝေးနေသောပြား သားငယ်နို့တိုက်ချိန်၌ နို့သက် နို့လျှံကာ စီးယိုကျတတ်သည်လည်း ဆိုလေ၏။ ယင်းသည် မိခင်တို့၏ မေတ္တာစိတ်ဖြစ်သည်ဟုလည်း ဆိုလေ၏။ နို့သည် မိခင်တို့၏ သွေးပင်ဖြစ်လေ၏။

မေတ္တာဓာတ်သည် ရုပ်ဓာတ်၊ နာမ်ဓာတ် နှစ်ပါးတို့တွင် နာမ်ဓာတ်ဖြစ်၍ သံလိုက်ဓာတ်နှင့် တူသောကြောင့် ထိုမေတ္တာဓာတ်၏ အင်အားသည် အလွန်ကြီးမားလှလေ၏။ ထိုမေတ္တာဓာတ်အစွမ်းကြောင့် မိခင်တို့၏ နို့လွှတ်၊ နို့ထွက်ခြင်းဟု ဆိုသော် ရနိုင်ပေ၏။

မိခင်လိပ်မနှင့် ဥဒေါင်းမတို့သည် သားဥများ အုံ၍ အဝေးတစ်နေရာမှ မေတ္တာဓာတ်လွှတ်၍ ပို့သသောမေတ္တာကြောင့် ၎င်းတို့၏ သားဥများ မပုပ်မသိုးဘဲနှင့် ပေါက်ဖွားလာကြသည်ဟုလည်း ဆို၏။ အကယ်၍ မိခင်လိပ်မ၊ ဥဒေါင်းမတို့ သေကြေသည်ရှိသော် ကျန်ရစ်သော သားဥများ မပေါက်ဖွားကြဘဲ ပုပ်သိုးပျက်စီးကြရသည်ဟု ဆို

> **လူသားမိခင် သားသည်အမေများသည် မိမိသားငယ်နှင့် ဝေးနေသောပြား သားငယ်နို့တိုက်ချိန်၌ နို့သက် နို့လျှံကာ စီးယိုကျတတ်သည်လည်း ဆိုလေ၏။ ယင်းသည် မိခင်တို့၏ မေတ္တာစိတ် ဖြစ်သည်ဟုလည်း ဆိုလေ၏။ နို့သည် မိခင်တို့၏ သွေးပင်. . . .**



www.burmeseclassic.com

www.burmeseclassic.com



အရှယ်ရောက်နေသော စိုင်းနော်ကို သူ၏မိဘများက အမျိုးသမီးငယ်တစ်ယောက်နှင့် ထိမ်းမြားပေးလေ၏။ ဒါကို စိုင်းနော်က မငြင်း။ ငြင်းချက်က လည်း ထိရောက်မှုမရှိ။ သေသူနန်းခမ်းကို စောင့်နေသည်ဟု ဆိုလျှင်လည်း ထပ်၍ ဆေးထိုး၊ ဆေးသောက်ကုထုံး မျိုးစုံဖြင့် အကုသခံရနိုင်ဖွယ် ရှိလေ၏။

လေ၏။

လင်းတ မိခင်ကြီး မရှိသော်ငြား လည်း လင်းတပေါက်ကလေးများသည် မိမိတို့၏ မိခင်ကြီးအား အစာလာကျွေး မှာပဲဟု စိတ်တွင် ဖြစ်ပေါ်ခဲ့ကြ၊ စောင့် မျှော်ကြရင်းက အာဟာရပြည့်၍ အသက် ရှင်ကြရသည်လည်း ဆိုလေ၏။

မယ်လမှ မင်းသမီးလေးသည် လည်း မိခင်မရှိသော်ငြား ရသေ့ကြီးက အစိုအာန်ကျွေးလေ၏။ ကလေးငယ်လည်း မိခင်က နို့တိုက်ကျွေးသည်ဟု စိတ်ဖြစ် မှုကြောင့် အသက်ရှင်ရသည်ဟု ဆို၏။

ပညာရှင်အချို့သည် စိတ်ချင်း ဆက်နွယ်မှုကို သုတေသနပြု မှတ်တမ်း ပြုကြသည်ကိုလည်း ဖတ်မိဖူးလေ၏။

သူတို့ စမ်းသပ်နည်းကား ဆိတ်

ငယ်ကလေးနှင့် သူ၏မိခင်ဆိတ်မကြီး
တို့ကို မိုင်ပေါင်းများစွာဝေးသော နေရာ
တို့တွင် ခွဲ၍ထားကာ သတ်မှတ်ထား
သော အချိန်၊ နာရီ၊ စက္ကန့်တွင် ဆိတ်
ငယ်ကလေးကို ခေါင်းဖြတ်သတ်လိုက်
၏။ ထိုတစ်ချိန်တည်းမှာပင် အဝေ
တစ်နေရာမှ ဆိတ်မကြီး၏ခန္ဓာကိုယ်
သည် ဆတ်ခနဲဓာတ်လိုက်သလို တွ
၍ သွားလေ၏။ အံ့ဖွယ်ရာတည်း။

အမြွှာပူးအဖြစ်မွေးခဲ့သူတစ်မျိုး
သည် စိတ်ချင်းပါ ဆက်နွယ်တူညီ
ရှိကြသည်ဟူ၏။ တစ်ယောက်နှင့် တ
ယောက် တစ်နေရာဆီခြားနေသော်ငြ
တစ်ယောက်ထိခိုက် နာကျင်မှုရှိသေ
အခြားတစ်ယောက်သည်လည်း ခံစ
ရမှု ဝေဒနာကြုံခဲ့ရသည် ဆိုလေ
ကျွန်ုပ်သည် ငယ်စဉ်က ကျောင်းရ
ညီနောင်ဟူသော ရုပ်ရှင်ကားကို ကြ
ခဲ့ရစဉ်က အမြွှာညီအစ်ကို၏ စိတ်ချ
ဆက်နွယ်နေမှုကို တွေ့သိခဲ့ရပါ၏။

ကျွန်ုပ်သည် စိတ်ချင်းဆက်နွယ်
အကြောင်းများကို ဥပမာ၊ ဥပမေယျ
တင်ပြ၍ နိဒါန်းပျိုးနေရခြင်းမှာ လွန်
ထူးခြားသော စိတ်ဆက်နွယ်မှုဇာ
ကြောင်းတစ်ခုအား တင်ပြလို၍ဖြစ်သည်

တစ်ခါက ကျွန်ုပ်သည် ဒေါပုံမြ
နယ်ရှိ ဆရာကြီး ဦးတင်မောင်သန်း
သို့ တကူးတက သွားရောက်၏။ သွ
ရောက်ခဲ့ခြင်းကား စိတ်နှင့်ပတ်သက်





www.burmeseclassic.com

www.burmeseclassic.com





သည့် ဇာတ်လမ်းတစ်ပုဒ်ရေးလို့၍ ထူးခြားဖြစ်စဉ် သိရလေပြား သွားရောက်တွေ့ခုံခြင်း ဖြစ်လေ၏။

ဆရာကြီးသည် စိတ်နှင့်ပတ်သက်သော အကြောင်းအရာများကို အဘိဓမ္မာနည်းတွေအရရော၊ သိပ္ပံဆိုင်ရာတွေ့ရှိစူးစမ်းမှုတွေအရရော၊ ဂန္ဓာရီကျင့်စဉ် ကျင့်ရပ်တွေအရရော၊ ပြောဆိုရှင်းပြလေရာ ကျွန်ုပ်အဖို့ နားလည်သလိုရှိလိုက်၊ ဉာဏ်မမီလိုက်နှင့် ပျင်းရိစွာနားထောင်နေရလေတော့၏။

ထို့နောက် ထူးခြားသော ဇာတ်လမ်းတစ်ပုဒ် ပြောပြလေ၏။ ထိုအခါ ကျွန်ုပ်၏ မျက်လုံးအစုံသည် ငိုက်မျှဉ်းနေရာမှ လင်းလက်၍သွားသည်။ အဘယ်ကြောင့်ဟူမူ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းတစ်ပုဒ်ဖြစ် ရန်ပါသည်။

ဇာတ်ကြောင်းသည်ကား . . .

၁၉၄၅ ခုနှစ်ဝန်းကျင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း နယ်လေးတစ်နယ်တွင် ရွှေနှင့်မြ နေနှင့်လ ဟူ၍ ခိုင်နှိုင်းတင်စားထိုက်သော လွန်စွာချောမောလှပသည့် ချစ်သူစုံတွဲသည် ကံအကြောင်းမလှ၍ သေကွဲကွဲခဲ့ရလေ၏။

ထိုစဉ်အခါက ရောင်စုံသူပုန်သောင်းကျန်းသူများ ခေါင်းထောင်လှုပ်ရှားနေသည့်ကာလ ဖြစ်လေရာ တောရွာနေ ပြည်သူများ ကြီးလန့်စာစားဖြစ်နေရသည့်ကာလ။ ထိုကာလအတွင်း ချစ်စိတ်မွှန်ကာ မိုးမမြင်လေမမြင် အပျော်ကြီးပျော်နေကြသော ချစ်သူမောင်နှံအား အထင်အမြင် အမှတ်မှားကာ သူပုန်တစ်ယောက်က ပစ်လိုက်သော ကျည်ဆန်ကြောင့် အမျိုးသမီးချောလေးမှာ သေပွဲဝင်ခဲ့ရလေ၏။

သေအံ့မူးမူးတွင် အမျိုးသမီးချောကလေးမှ ငိုရှိုက်သံဖြင့် -

"အစ်ကို စိုင်းနော်··ကျွန်မ မနေရတော့ဘူး။ တစ်နေ့မဟုတ် တစ်နေ့ အစ်ကို့ဆီပြန်လာခဲ့ပါမယ်၊ စောင့်နေပါနော်။ တကယ်စောင့်နေမှာလားဟင်"

စိုင်းနော်သည်လည်း မျက်ရည်များ စီးထွေကျနေသည့်ချစ်သူကို ပွေ့ဖက်ရင်း ရင်ထုမနာ ဖြစ်လို့နေ၏။

"တကယ်ပြန်လာပါအချစ်နန်းခမ်းရယ်၊ အစ်ကိုစောင့်နေပါမယ်"

"အစ်ကို သစ္စာရှိရှိ စောင့်နေပါ။ ဘယ်နေ့ဘယ်ရက် ပြန်လာမယ်ဆိုတာ တန်ခိုးရှင်တစ်ယောက်မဟုတ်တော့ တိတိကျကျမပြောနိုင်ဘူးအစ်ကို၊ ခန့်မှန်းခြေ ၁၅ နှစ်လောက်တော့ ကြာမယ်ထင်တယ်၊ စောင့်နိုင်ပါ့မလားဟင်··"


"သစ္စာရှိရှိ စောင့်နေပါ့မယ် အချစ် နန်းခမ်းရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို စိုင်းနော်‥
ကျွန်မ
မနေရတော့ဘူး၊
တစ်နေ့မဟုတ် တစ်နေ့
အစ်ကို့ဆီ
ပြန်လာခဲ့ပါမယ်၊
စောင့်နေပါနော်။
တကယ်
စောင့်နေမှာလားဟင်‥"



"စိတ်ညွှတ်ရင် လာနိုင်ပါလိမ့်မယ်၊ အစ်ကို နေ့တိုင်း ဆုတောင်းပေးပါ၊ တကယ်ပြန်လာမယ်လို့လည်း စိတ်မှာ စွဲထားပါနော်"

စိုင်းနော်သည် သေအံ့မူးမူးဖြစ်နေသော ချစ်သူနန်းခမ်းကို နောက်ဆုံးအနေဖြင့် ကတိပေးနေရပြား သေပြီးသူက ပြန်လာလိမ့်မည်ဆိုသည်ကား မဖြစ်နိုင်မှန်း သိနေ၏။ သို့သော် နန်းခမ်းက သူ့ဆီ အမှန်တကယ် ပြန်လာမည်ဟု ဆိုနေသည့်အတွက် ဝမ်းသာမိသည်ကား အမှန်ပါတည်း။

စိုင်းနော်၏အသက်သည် ၁၈ နှ[illegible] မျှသာ ရှိသေး၏။ ချစ်သူနှင့် သေက[illegible] ခွဲရသည့်အတွက် ကြီးစွာသော သော[illegible] ဖြစ်ကာ သုံးလေးလခန့်မျှအထိ စိ[illegible] လေ၍ သောက်စားမူးယစ်ပြီး ဟို[illegible] သည်သည် လျှောက်သွားနေလေ[illegible] အရှုံးတစ်ပိုင်းနှယ်ဖြစ်နေသော စိုင်း[illegible] ကို သူ့မိဘမောင်ဘွားတို့က ကြပ်မ[illegible] ကာ ဆေးဝါးများဖြင့် ကုသလေ၏။ [illegible] ဖြင့် ကျန်းမာလာပြီး ပြန်လည်ပြည့်[illegible] လာလေ၏။ သို့သော် ချစ်သူ နန်းခမ်း[illegible] တော့ဖြင့် မေ့နိုင်စွမ်းမရှိသေး။

နေအိမ်၏ ထောင့်တစ်နေရာ[illegible] နန်းခမ်း၏ဓာတ်ပုံလေးကို တရိုတ[illegible] ထားရှိပြီး ပြန်လာဖါစေကြောင်းကို [illegible] တောင်းဆုပယူ ပြုနေသေး၏။

အရွယ်ရောက်နေသော စိုင်း[illegible] ကို သူ၏မိဘများက အမျိုးသမီး[illegible] တစ်ယောက်နှင့် ထိမ်းမြားပေးလ[illegible] ဒါကို စိုင်းနော်က မငြင်း။ ငြင်းချ[illegible] လည်း ထိရောက်မှုမရှိ။ သေသူနန်း[illegible] ကို စောင့်နေသည်ဟု ဆိုလျှင်လ[illegible] ထပ်၍ ဆေးထိုး၊ ဆေးသောက်ကု[illegible] မျိုးစုံဖြင့် အကုသခံရနိုင်ဖွယ်ရှိလေ[illegible]

သို့ဖြင့် မိဘတို့ပေးစားသူကို [illegible] လိုက်ရလေတော့၏။ ကုန်စုံဆိုင်ဖွင့်[illegible] စီးပွားရှာရင်း ရင်သွေးငယ်တစ်ယော[illegible] ပင် ရရှိခဲ့လေ၏။ သူ၏ သေဆုံး[illegible]

စာမျက်နှာ (၁၄၄) သို့

www.burmeseclassic.com



# မြသိန်း ပြပွဲမှ ရှေးဟောင်းပစ္စည်းပျောက်မှု





www.burmeseclassic.com

ဒွေးဝင်းနှင့် ကျွန်ုပ်ကျော်မြင့်သည် ရန်ကုန်တက္ကသိုလ်၌ အတူတကွ ပညာသင်ကြားခဲ့ကြသူများ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်မှ ဘွဲ့များရပြီးနောက် သူနှင့် ကျွန်ုပ် လူချင်း ကွဲသွားသည်။

ကျွန်ုပ်သည် ရဲတပ်ဖွဲ့ထဲ ဝင်လိုက်သည်။ သူသည် ရှေးဟောင်းသုတေသနဌာနတွင် အလုပ်ရသွားသည်ဟု ကျွန်ုပ်သတင်းရလိုက်သည်။

နောက်နှစ်ပေါင်း နှစ်ဆယ်ခန့် အကြာတွင် သူနှင့် ကျွန်ုပ်သည် ရန်ကုန်မြို့လယ်ကောင်ရှိ မြဝတီစာအုပ်တိုက် (ယခုမရှိတော့ပါ) ရှေ့၌ ရုတ်တရက် ဆုံတွေ့ကြသည်။

လက်ရွေးစင်လက်ဖက်ရည်ဆိုင်တွင် ကျွန်ုပ်တို့နှစ်ယောက် အတူတူထိုင်ရင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြပြီးနောက် လိပ်စာများကို ဖလှယ်ရင်း လူချင်းခွဲလိုက်ကြသည်။

တစ်နေ့တွင် ဒွေးဝင်းက သူတို့ရုံး၏အောက်ထပ်တွင် ခင်းကျင်းပြသမည့် ပွဲသို့လာရန် တယ်လီဖုန်းဖြင့် ကျွန်ုပ်ကို ဖိတ်သည်။

"ဟော့··ဖိုးကျော်မြင့် ဆက်ဆက်လာခဲ့နော်"

"အေးပါကွာ··ဒွေးဝင်းရာ၊ တခြားအရေးတကြီးအလုပ်မပေါ်ဘူးဆိုရင် လာခဲ့ပါ့မယ်"

သို့နှင့် ကျွန်ုပ်သည် ပြပွဲသို့ ရောက်သွားသည်။ ပြပွဲသို့ လာသူများမှာ သိပ်များပါ။

ပြပွဲမှာ သုံးရက်သာပြမည်ဖြစ်၏။

ပြပွဲ၏ အထူးခြားဆုံး ပြကွက်မှာ အဆိုပါ ရာဇဓာတုကလျာ ပန်းချီကားနှင့် ပန်းချီကားပါ ရာဇဓာတုကလျာပုံနှင့် ဆင်ဆင်တူသော အမျိုးသမီးငယ် တစ်ယောက်ကို ယှဉ်တွဲပြသထားသော ပြယုဂ်ပင် ဖြစ်သည်။



ရှေးဟောင်းအနုပညာပစ္စည်းများနှင့် မြန်မာ့ပန်းချီကျော်များ၏ ရှေးဟောင်းပန်းချီလက်ရာများပါသည်။

ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာ (က) နှင့် (ခ) တန်းများ၌ ကျွန်ုပ်သည် သမိုင်းဘာသာကိုလည်း သင်ယူခဲ့သူဖြစ်ရာ ကျွန်ုပ်သည် ပြခန်းတွင် ပြသထားသည်များအားလုံးကို စိတ်ဝင်တစားလေ့လာပါသည်။

ဒွေးဝင်းမှာ ပြတိုက်တာဝန်ခံဖြစ်သောကြောင့် ကျွန်ုပ်ကို ခေတ္တသာ နှုတ်ဆက်နိုင်ပြီး အခြားသူများကို လိုက်လံ နှုတ်ဆက်နေရပါသည်။

ပြခန်းတွင် ချိတ်ဆွဲပြသထားသည့် ရှေးပန်းချီကျော်များ၏ လက်ရာများကိုလည်း မှန်ဘောင်သွင်း၍ ပြသထား၏။

မန္တလေးမှ ပန်းချီကျော်တစ်ဦး၏ "ရာဇဓာတုကလျာ" ဟု အမည်ပေးထားသော အလျားသုံးပေကျော်ကျော်နှင့် အနံနှစ်ပေကျော်ကျော်ရှိသော မှန်ဘောင်သွင်းထားသည့် ပန်းချီကားများ ပြခန်း၏ ထောင့်စွန်းတစ်နေရာတွင်ရှိ၏။

ရတုထိပ်ခေါင် နတ်ရှင်နောင်အသည်းနှင့်အောင် ချစ်ခဲ့ရပါသည်ဆိုသော၊ ရာဇဓာတုကလျာကို ပန်းချီဆရာက စိတ်ကူးဖြင့် ပုံဖော်ထားသည်မှာ အလွန်အသက်ဝင်၏။

ပြပွဲ၏ အထူးခြားဆုံးပြကွက်မှာ အဆိုပါ ရာဇဓာတုကလျာပန်းချီကားနှင့် ပန်းချီကားပါ ရာဇဓာတုကလျာပုံနှင့် ဆင်ဆင်တူသော အမျိုးသမီးငယ်တစ်ယောက်ကို ယှဉ်တွဲပြသထားသော ပြယုဂ်ပင် ဖြစ်သည်။

www.burmeseclassic.com



အမျိုးသမီးငယ်သည် ပန်းချီကား ါ ရာဇဓာတုကလျာအတိုင်း ဆင်ယင် ထုံးဖွဲ့ ဝတ်ဆင်ထားပြီး ပန်းချီကားနံဘေး ၌ ယှဉ်၍ ရပ်ပြနေ၏။

ထိုပြကွက်ကို နံနက် ၁၀ နာရီ မှ ၁၁ နာရီအကြား တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ၃ နာရီအကြားတစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်သာ ပြသမည် ဖြစ်၏။

ရာဇဓာတုကလျာပုံနံဘေး၌ ရပ် နေသော အမျိုးသမီးမှာ၊ ဒေးဝင်း၏ လက်ထောက်ဖြစ်သော ကိုကြည်မြင့်က ရှာဖွေခဲ့သော အမျိုးသမီးဖြစ်သည်ဟု သိရသည်။

ထိုနေ့ နံနက်ပိုင်းတွင် ပြပွဲလာ သူများ၏ အထက်ပါ ရာဇဓာတုကလျာ ပြကွက်သတင်းကြောင့်၊ မွန်းလွဲပိုင်းတွင် ပြပွဲလာသူ ပိုများသည်။

ဒေးဝင်းက ဆွဲထားသောကြောင့် ကျွန်ုပ်သည် မွန်းလွဲပိုင်းတွင်လည်း ဆက်ရှိနေသည်။ (ထိုနေ့က ကျွန်ုပ်သည် အထက်လူကြီးထံ တစ်နေ့ခွင့်ပန်၍ ပြ ပွဲသို့ လာခဲ့ခြင်းဖြစ်သည်)

မွန်းလွဲပိုင်းတွင် လူပိုများလာသော ကြောင့် ဒေးဝင်း၏ မျက်နှာမှာ ရွှင်နေ သည်။

ဓာတ်ပုံများကို တဖျပ်ဖျပ်ရိုက်ယူ ကြသည်။

ပြပွဲလာသူများသည် ထိုပြကွက် ကိုကြည့်ရင်း -

"တူလိုက်တာ၊ အတော့်ကို တူ တာပဲ" ဟု ပြောကြသည်။

ပြပွဲလာသူများသည် ထိုပြကွက် ကိုသာ အာရုံစူးစိုက် ကြည့်ကြသည် က များ၏။

ကျွန်ုပ်သည် ခပ်မြင့်မြင့် ချိတ် ဆွဲထားသော "ရာဇဓာတုကလျာ" ပန်း ချီကားကို ဆယ်ပေခန့်အကွာမှ အချိန် ကြာကြာစိုက်ကြည့်ရင်း စုံထောက်ပီပီ စုံထောက်မျက်စိဖြင့် ပန်းချီကားမှန်မှ တစ်ဆင့် ကျွန်ုပ်၏နောက်ကျောကို ကြည့်နေမိရာ ထူးခြားချက်တစ်ခုကို သတိပြုမိလိုက်သည်။

အမျိုးသမီးတစ်ယောက်သည် ကျွန်ုပ်၏နောက်ကျောနှင့် ဆယ်ပေ ကျော်ကျော်ခန့်အကွာရှိ ပစ္စည်းတစ်ခု ကို သူမ၏ လက်ပွေ့အိတ်ထဲ ထည့် လိုက်သည်ကို ကျွန်ုပ်တွေ့လိုက်ရသည်။ ထိုအမျိုးသမီးအနီးတွင် ကျော်မြင့်၏ လက်ထောက် ကိုကြည်မြင့် ရပ်နေ၏။

ခဏအကြာတွင် ထိုအမျိုးသမီး သည် လက်ပွေ့အိတ်ကိုယူ၍ ထွက်ခွာ သွား၏။

ကျွန်ုပ်သည် ထိုအမျိုးသမီးကို မသင်္ကာ၍ သူမ နောက်သို့ မယောင် မလည်နှင့် လိုက်သွားမိသည်။ အမျိုး သမီးသည် တက္ကစီကားတစ်စီးကို တား ၍ ထွက်ခွာသွားရာ၊ ကျွန်ုပ်သည်လည်း အခြားတက္ကစီကားတစ်စီးကို တား၍ သူမ စီးသွားသောကားနောက်သို့ လိုက် နိုင်းသည်။ ကားမောင်းသူကိုလည်း ကျွန်ုပ်မည်သူမည်ဝါဖြစ်ကြောင်း ပြော လိုက်သည်။

ကျွန်ုပ်စီးလာသော တက္ကစီရှေ့မှ သွားနေသော အမျိုးသမီးသည် ကျောက် မြောင်း၊ x x x x လမ်း အလယ်သို့ အရောက်တွင် ကားကိုရပ်ပြီး ကားခရင်း နေစဉ် ကျွန်ုပ်သည် ကျွန်ုပ်စီးလာသော တက္ကစီကားသမားအား သူမအနီးတွင် ကားကို ရပ်ခိုင်းလိုက်ပြီး ကားတံခါး ကို ဖွင့်၍ ကားပေါ်မှ အမြန်ဆင်းပြီး သူမအနီးတွင် ကပ်လျက် ရပ်လိုက် သည်။

"မိန်းကလေး..အန်ကယ်နာမည် က ကျော်မြင့်ပါ၊ အင်းစိန် စီအိုင်ဒီက စုံထောက်တစ်ယောက်ပါ" ဟု ပြော လိုက်သောအခါ သူမသည် မျက်နှာ ပေါ်၌ သွေးမရှိအောင် ဖြစ်သွားလေ တော့သည်။

ထို့နောက် သူမ၏ မျက်လုံးအိမ် များထဲမှ မျက်ရည်များ ကျလာသည်။

"ကဲ..ကဲ..ငိုမနေနဲ့၊ မင်းရဲ့

"ကဲ..ကဲ..ငိုမနေနဲ့၊ မင်းရဲ့ လက်ပွေ့အိတ်ထဲက ပစ္စည်းကို အန်ကယ်ကို ပြန်ပေး၊ အန်ကယ် နေရာတကျ ပြန်ထားလိုက်မယ်၊ မင်းကို အရေးမယူပါဘူးကွယ်..."



www.burmeseclassic.com

လက်ပွေ့အိတ်ထဲက ပစ္စည်းကို အန်ကယ်ကို ပြန်ပေး။ အန်ကယ် နေရာတကျ ပြန်ထားလိုက်မယ်၊ မင်းကို အရေးမယူပါဘူးကွယ်"

ထိုသို့ပြောရင်း ကျွန်ုပ်သည် ကျွန်ုပ်၏အမည်ပါသော စုံထောက်ကတ်ပြားကို သူမယုံအောင် ပြလိုက်သည်။

ထိုမိန်းကလေးသည် သူမ၏ လက်ပွေ့အိတ်ထဲမှ လက်သီးဆုပ်အရွယ်ရှိ ရှေးဟောင်းနတ်ရုပ်တစ်ရုပ်ကို ထုတ်ပေးပါသည်။

"မင်းနဲ့ ကိုကြည်မြင့်က ဘာတော်လဲ"

သူမ ချက်ချင်းမဖြေဘဲ ခဏအကြာမှာ

"ချစ်သူတွေပါ၊ လက်ထပ်ဖို့ ငွေလို··"

သူမ ဆက်မပြောတော့။ လက်ကိုင်ပဝါထုတ်၍ မျက်ရည်များသုတ်နေသည်။

"ကဲ··နောက်ကို ဒီလိုအလုပ်မျိုး တစ်သက်လုံး မလုပ်တော့ပါဘူးလို့ အန်ကယ့်ကို ကတိပေးနိုင်မလား"

"ဟုတ်ကဲ့··ကျွန်မ··ကျွန်မ ကတိပေးပါတယ်"

"ကဲ·သွားတော့၊ အန်ကယ် အရေးမယူဘူး"

သူမသည် တိုက်တစ်



တိုက်ပေါ်သို့ ခပ်သွက်သွက် တက်
သွားလေတော့၏။

ကျွန်ုပ် ပြပွဲသို့ ပြန်ရောက်သော
အခါ ညနေ လေးနာရီထိုးတော့မည်

ကျွန်ုပ်သည် ,ဒွေးဝင်းကိုခေါ်
သူ၏အခန်းသို့သွားပြီး အခန်းတံခါးက
ပိတ်ကာ နတ်ရုပ်ကိုပေးရင်း ဖြစ်ရ
ကို ပြောပြလိုက်သည်။ (နတ်ရုပ်မှ
သိန်းငါးဆယ်ခန့်တန်၏)

"သူငယ်ချင်း··ပြပွဲအချိန်စေ့
တံခါးတွေကို ပိတ်ပြီးရင် ပြသထ
တဲ့ ပစ္စည်းတွေကို စစ်ခိုင်းပြီးတော့
ကိုကြည်မြင့်ကိုခေါ်ပြီး ဒီနတ်ရုပ်ကို

ကျွန်ုပ်ပြောသည့်အတိုင်း ဒွေးဝ
ပြုလုပ်ရာ ယင်းနတ်ရုပ်မှလွဲလျှင် အခြ
ပစ္စည်းများ ပျောက်ဆုံးခြင်းမရှိကြော
တွေ့ရ၏။

"ဒီကိစ္စကို အထက်လူကြီးတေ
သိသွားရင် စိတ်ဆိုးမှာပဲ၊ ဒါပေမဲ့
လျှို့ဝှက်ထားလို့လည်း မဖြစ်ဘူး၊ ကြ
မြင့်ကိုတော့ တစ်ခုခု အရေးယူရမှာ
ဒွေးဝင်းက ပြော၏။

ယင်းဖြစ်ရပ်နှင့်စပ်လျဉ်း၍ ကိုကြ
မြင့်ကို ချက်ချင်း အလုပ်မှ နှုတ်ထွ
ခိုင်းလိုက်သည်ဟု ဒွေးဝင်းက ကျ
ကို ဖုန်းဆက်၍ ပြော၏။

"သူငယ်ချင်း မင်းကို ကျေ
တင်တယ်ကွာ"

"မလိုပါဘူး သူငယ်ချင်းရာ··
ဟာ မင်းအတွက် သင်ခန်းစာပါ"

(ယခုအခါ ဒွေးဝင်းရော ကျ
ပါ ပင်စင်စားဘဝသို့ ရောက်နေပြ
ပြီ။

မြသ

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



□

ဂွန်ဒေါင်းနှင့် တင်ဆောင်လာခဲ့သော အုတ်များကို သက်ဆိုင်ရာနေရာသို့ ပို့ဆောင် သယ်ချခဲ့ပြီးပြီဖြစ်၍ ဘကြီးအဖို့ စိတ်လက်ပေါ့ပါးသလို ခံစားလိုက်ရသည်။ သူသည် အငှားလိုက်ဂွန်ဒေါင်းမောင်းသမားတစ်ဦး ဖြစ်သည်။

သူ့ဒေသ ကော့မှူးဘက်မှာက အုတ်ဖုတ်လုပ်ငန်း ရှိသည်။ အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းလည်း သင့်တင့်သည်မို့ နေရာအသီးသီးက မှာကြလေသည်။ အုတ်ဖုတ်လုပ်ငန်းပိုင်ရှင် ဦးသာတင့်က အမှာရလာသမျှကို ရက်ချိန်းအတိအကျဖြင့် မှာယူသူစိတ်တိုင်းကျ ပို့ဆောင်ပေးလေ့ရှိ၏။ သည်အခါများဝယ် ဘကြီးလည်း အလုပ်ကောင်းချေပြီ။

ဘကြီးက အလုပ်ကို အလုပ်နှင့်တူအောင် လုပ်တတ်သူဖြစ်လေသည်။

သည့်အတွက် အုတ်ဖုတ်လုပ်ငန်းသာမက ဂွန်ဒေါင်းကိုပါ ပိုင်ဆိုင်သော ဦးသာတင့်က လက်လွှတ်မခံနိုင်ခြင်းပဲ ဖြစ်သည်။ တစ်ခုတော့ ရှိသည်။ ဘကြီးအဖို့ အလုပ်ရှင်ခိုင်းစေသော လုပ်ငန်းမှန်သမျှ ထောင့်စေ့အောင်၊ ပီပြင်အောင် လုပ်ဆောင်မြဲလုပ်ဆောင်တတ်သော်ငြား ပြီးပြတ်ပြီ့ မောင်းခြည်လည်း သမ်းပြီဆိုလျှင်တော့ ဘယ်သူတားတားမရပြီ။ နီးစပ်ရာ ဘုံဆိုင်တစ်ဆိုင်ထဲဝင်၍ အကြိုက်တွယ်ပါလေတော့သည်။ သည်နေရာ၌ ဘယ်လောက်ပဲ ရေချိန်လွန်သည်ဖြစ်စေ မည်သူမည်ဝါနှင့်မျှ စကားပြော အဆင်မပြေခြင်း၊ ခိုက်ရန်ပွားခြင်း မရှိတတ်ဘဲ တပဟင်းဟင်းနှင့်သာ ရယ်မော နေတတ်သူ ဖြစ်ချေ၏။ သို့ရာတွင် ထိုသို့သော အချိန်အခါမျိုး၌ ဆက်ရက်တောင်ပံကျိုးကလေးများနှင့် ဆုံစည်းတွေ့ကြုံရလျှင်ဖြင့် ကြောင်ပုစွန်စားကြွပ်ကြွပ်ဝါးသည့်အလား ဝါသနာကြီးလှသည်သာ။ သည်တော့ သူပင်ပင်ပန်းပန်းနှင့် ရှာဖွေခဲ့သမျှသည် ဘုံဆိုင်တွင်လည်းကောင်း၊ အပျော်ကိစ္စရပ်များတွင်လည်းကောင်း "လူမိုက်နှင့်ငွေ အတူမနေ"… ဆိုသည့်ထုံးကို နှလုံးမူလေဘိသည့်အလား။

ခု အုတ်လာပို့ရသည့်နေရာက ဒလမြို့၏ ကမ်းနားဘက်ပိုင်းမှာဖြစ်သည်။ ကော့မှူးမှ တင်ဆောင်ခဲ့သော အုတ်တို့ကို ဒလကမ်းနားဘက်ပိုင်းရှိ ဆောက်လက်စ တိုက်အိမ်၏ ဝင်းခြံထဲ၌ ချပေးရသည်။

တကယ်ဆိုလျှင် ကိုယ်က ယာဉ်မောင်းသူ။

ယာဉ်ကို သွားလို လာလိုရာမောင်းအပြီး၌ ဖုတ်ဖက်ခါ၍ အေးအေးလူလူနေမည်ဆိုလျှင်ဖြင့် နေနိုင်သည့်အနေအထားမှာ ရှိသည်။ သို့ရာတွင် ဘကြီးက လူတစ်မျိုး။

သူ့ခြေသူ့လက်မောင်းနှင့် ရသည့် ဂွန်ဒေါင်းပေါ်သို့ အုတ်တွေ တင်တော့လည်း ကိုယ်တိုင်တင်ပြီး သပ်သပ်ရပ်ရပ်စေ့နေအောင်စီသည်။ သည့်အတွက် အလုပ်ရှင်က ကျိတ်ပြီးတော့ ကျေနပ်သည်။ နောက် အုတ်ပို့ရမည့် နေရာရောက်တော့လည်း ကိုယ်တိုင်အုတ်ကို ချသည်။ ကိုယ်တိုင် သပ်သပ်ရပ်ရပ်ဖြစ်အောင် စီသည်။ သည်တော့ အုတ်ဝယ်သူကလည်း သဘောကျသည်။ သည်သို့ သဘောကျခြင်း၏ နောက်ဆက်တွဲမှာတော့ ဘကြီးအရည်ပျော်ဖို့ အပျော်လိုက်ဖို့ အပိုလုပ်ခငွေကြေးတွေ လျှံလာသည်သာ။

ဘကြီးသည် ဂေါက်တံလှည့်စက်နှိုးပြီးနောက် ဒလကူးတို့ဆိပ်ရှိရာသို့ ဦးတည်လိုက်လေသည်။ အချိန်က ညနေ၏ ရီဝေယာထဲသို့ တစ်စတစ်စ တိုးဝင်လာခဲ့ပြီ။

ကော့မှူးကို ပြန်ဖို့တစ်ခုကလွဲလို့ ဘာမှ လေးလံသော ဝန်ထုပ်ဝန်ပိုး တစ်ခုမျှမရှိ။ ကူးတို့ဆိပ်ဝန်းကျင်က စားသောက်ဆိုင် (ယမကာလည်း ရသည့်ဆိုင်) တစ်ဆိုင်ဆိုင်ကို ဝင်မည်။ ပြီးလျှင် အမြည်းကောင်းကောင်းနှင့် အရသာခံမည်။ အစာပိတ်ကျတော့မှ

www.burmeseclassic.com



သူကြိုက်သော ကြွက်အသည်းအမြစ်နှင့် ထမင်းကြော်မှာကာ တစ်နေ့တာ၏ အကာန့်ကို ရပ်နားလိုက်မည်ဟု ဆုံးဖြတ်ထားခဲ့လေသည်။

* * * * *

ဘကြူးသည် ယမကာကို နွားသိုးကြီးပြတ် သောက်တတ်သူမဟုတ်။

ခပ်မျှဉ်းမျှဉ်းကလေး ဇိမ်ခံပြီး သောက်တတ်သူဖြစ်သည်။

အမူးဒီဂရီသည် ရီတီတီ၊ ရိတ်တိတ်တိတ်ကလေး ဆင့်ကဲ့ဆင့်ကဲတက်လာခြင်းကို သဘောကျသည်။ သည်အတွက်ကြောင့်လည်း ယမကာကို အလောတကြီးမမှာဘဲ ဦးစွာတစ်ပိုင်းမှာသည်။ နောက် လစ်မစ်ပြည့်ဖို့ ထပ်လိုလျှင် တစ်ပိုင်းလောက်မှာမည်။ သည့်ထက်တော့ အလွှန်အကျွံလုပ်၍ မဖြစ်။ ကိုယ်က အပြန်ခရီးမှာ တစ်ကိုယ်တော်ယာဉ်မောင်းရဦးမည် မဟုတ်ပါလား။

စားပွဲပေါ်မှာတော့ တို့တိတို့တိနှင့် မြည်းခဲ့သဖြင့် ဝက်ခေါင်းသုပ်လည်း ပြောင်သလောက်ရှိပေပြီ။ လူအနေအထားကလည်း တစ်ပိုင်းလောက်လောင်စာဆီဖြည့်ထားပြီးပြီးဖြစ်သည့်အတွက် စားကောင်းသောက်ကောင်း ပြောဆိုကောင်းသည့် အခြေအနေ။

သည့်အတွက် အစာပိတ်အဖြစ် သူ အလွန်မတန်ကြိုက်သည့် ကြက်အသည်းအမြစ်နှင့် ထမင်းကြော်ကိုမှာကာ ဝမ်းမဟာရလေအောင် စားနေတော့သည်။ အိမ်ပြန်ရောက်လျှင်ဖြင့် အစားအသောက်အတွက် ဘာမျှကရိကထများနေစရာမလိုပြီ။ တုံးခနဲ အိပ်

**အသံလေးက**
**ချစ်စရာ၊**
**စွဲမက်စရာ**
**ဘကြူးထင်သည်။**
**ပြီးတော့လည်း**
**လွှန်မြောက်လေခဲ့ပြီးသည့်**
**စာမျက်နှာတွေတုန်းကလို**
**တောင်ပံကျိုးသော**
**သက်ရက်ကလေးများ၊**
**မီးပုံဝင်တိုးမည့်**
**ပိုးဖလံကလေးများကို**
**မြင်ယောင်မိတော့သည်။**
**သည်တော့လည်း**
**စားရက်ကြံဖို့**
**မုတ်ဆိတ်**
**များစွဲလာတာပေပဲဟု. . .**

စက်လိုက်ရုံသာ။

သည်ခဏ ဝသန္တ၏လက်ကျန်မိုးက တဖွဲဖွဲကလေး ရွာချလိုက်သည်။

သည်တော့ ကားလမ်းမဝယ် ကူးတို့သင်္ဘောဆိုက်ချိန်မှအပ အသွားအလာတွေက ရှင်းရှင်းလင်းလင်း။

သည်လိုနှင့် သင်္ဘော နောက်ဆုံးခေါက်သို့ ရောက်လာခဲ့လေသည်။

စင်စစ် ကူးတို့ဆိပ်သည် ဒလကားဂိတ်လည်းဖြစ်၏။ သို့ပါသော်ငြား ကားဂိတ်မှာတော့ ဘာကားမျှ မရှိ။ ညခုနှစ်နာရီလောက်ဆိုရင်ပဲ ကားတွေက အလာပဲရှိတော့သည်။ အပြန်ကားက ရှားသွားသည်။

ဘကြူးသည် စားသောက်ဆိုင်ရှင်အား ကျသင့်ငွေကို ရှင်းလိုက်သည်။

ထိုအချိန်မှာပင် ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘောသည် နောက်ဆုံးခေါက်အဖြစ် ဒလဘောတံတားရှိရာသို့ ချဉ်းကပ်ခဲ့လေသည်။ သင်္ဘောပေါ်မှ လူအချို့ တံတားပေါ်ပြေးတက်ကြ၏။ နောက်ဆုံးအခေါက်မို့ ခရီးသည်တွေက ပါးလျလွန်းလှသည်။ လက်မှတ်ရုံတစ်ဝိုက်ဝယ် ဆိုက်ကားဆရာတို့သည် အလုအယက်ပင် ခရီးသည်တွေကို ခေါ်ငင်နေလေသည်။

"ဘုံးဘုံသွားမလား၊ နဝရတ်သွားမလား။ ကိုယ့်အိမ်လို စိတ်တိုင်းကျတည်းခိုရမယ်"

"ညောင်ကုန်းတစ်ယောက်လို ညောင်ကုန်း တစ်ယောက်လို"

"အောင်မင်္ဂလာ၊ မြို့မ (၄) ရောက်မယ်၊ အောင်မင်္ဂလာ မြို့မ (၄)"

"နာရီစင် ဝန်ထမ်းအိမ်ရာ ဆီ



www.burmeseclassic.com

www.burmeseclassic.com



စင် ဝန်ထမ်းအိမ်ရာ"

ပရိယေသနလေထိုးတံကြောင့် ဆိုက်ကားဆရာတို့၏ နှုတ်မှ ခရီးသည်ခေါ်သံတွေက ပဲ့တင်ထပ်လာကြသည်။ ဘကြူးကတော့ အေးအေးဆေးဆေး။ သွားကြားထိုးတံတစ်ချောင်းကို အိတ်ထဲကောက်ထည့်လျက် ကြိုတင်နှပ်ထားသည့် ဆေးပေါင်းကွမ်းယာကို ပါးစောင်တွင်း ပစ်သွင်းကာ ရပ်ထားသော သူ၏ ဝွန်ဒေါင်းရှိရာသို့ လျှောက်လာခဲ့လေသည်။

ဝွန်ဒေါင်းရှိရာသို့ ရောက်လျှင် စက်နှိုးရန်အတွက် ဖင်ထိုင်ခုံအံဝှက်ထဲမှ ဂေါက်တံကို ထုတ်ယူလိုက်သည်။ ဤတွင် သူ့နှာဝသို့ စပယ်ရနံ့လိုလို· နှင်းဆီရနံ့လိုလို · · ·သူကိုယ်တိုင် အဘယ်ရနံ့မှန်းခွဲခြားရမှန်း မသိတတ်နိုင်သည့် ရနံ့တစ်ခုခုကို ရသည်။ ထို့ကြောင့် ဂေါက်တံကို ကိုင်နေရင်းမှ အနောက်ဘက် လှည့်လိုက်သည်။

အသက်အစိတ်ထက် ကြီးဟန်မတူသည့် မိန်းမပျိုတစ်ဦး။

သူလိုကိုယ်လို သာမန်မျှ ဝတ်စားထားသော်လည်း မိန်းမလှတို့တွင် ရှိသင့်ရှိအပ်သော ခန္ဓာကိုယ်အချိုးအစား၊ အချိုးအဆစ်တွေက ထိုမိန်းမပျိုတွင် ထင်ရှားစွာရှိနေလေသည်။ သူ့၌ ငေါင်ရှားသော လက္ခဏာအဖြစ် ဘကြူးသတိပြုလိုက်မိသည်က ဇက်ပိုးအလွန်သာသော ဆံကေသာတို့အား စည်းနှောင်းထားသည့် ပဝါနီနီကလေးပဲ ဖြစ်လေသည်။ စောစောက ရလိုက်သောပန်းရနံ့မှာ သူ့ ထံကလားဆိုတော့လည်း မဟုတ်ပြန်ရှာ။ သူ့မှာ ဘာပန်းမှ ပန်ထားသည် မဟုတ်ဘဲ။

"ဒီ···ဒီက အစ်ကိုကြီးက ဘယ်ကို ပြန်မှာလဲဟင်"

အသံလေးက ချစ်စရာ၊ စွဲမက်စရာ ဘကြူးထင်သည်။ ပြီးတော့လည်း လွန်မြောက်လေခဲ့ပြီးသည့် စာမျက်နှာတွေတုန်းကလို တောင်ပံကျိုးသော ဆက်ရက်ကလေးများ၊ မီးပုံဝင်တိုးမည့် ပိုးဖလံကလေးများကို မြင်ယောင်မိတော့သည်။ သည်တော့လည်း စားရက်ကြံ့ဖို့မှတ်ဆိတ်ပျားစွဲလာတာပေပဲဟု သဘောထားလိုက်သည်။

"ကော့မှူးကို ပြန်မှာ"

"ဟင်···ဝမ်းသာလိုက်တာ"

သူ၏ မျက်နှာမှာ ဝင်းလက်သွားသည်။

"ကျွန်မက ဘကင်းရွာပြန်မှာဆိုတော့ လမ်းကြုံပါတယ်။ ကျွန်မကို လိုက်ခွင့်ပြုပါလားရှင်" စကားခေါ်နေပေပြီ။

သည်နေရာမှာ စကားအသွားအလာတွေ ချောဖို့၊ အခေါ်အပြောတွေ ညက်ဖို့ အရေးကြီးလှသည်။

"အင်း···လမ်းကြုံတာကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ညီမမှာ အဖော်ပါသေးလား"

"ဟင့်အင်း··ကျွန်မတစ်ယောက်တည်းပါ။ လှိုင်သာယာက ထွက်လာတုန်းကတော့ စောပါတယ်။ မီးခွက်ဈေးမှာ ရစရာအကြွေးကလေးတွေ စောင့်တောင်းနေတာနဲ့တင် ကြာသွားတာပါ။ ကျွန်မမှာ အဖော်မပါပေမဲ့ လိုက်ရဲပါတယ်။ ပြီးတော့ အစ်ကိုကြီးကိုလည်း ယုံပါတယ်"

စကားအသွားအလာက အဆင်ချောနေပါပြီ။ သို့ရာတွင် တင်ကြိုပြီး ကျားကန်စရာကလေးတွေ ရှိနေသေးသည်ဟု ဘကြူးထင်သည်။

"အဲဒါ ဘယ်လောက်ပေးရမလဲဟင်"

"ပေးမနေပါနဲ့ကွယ်၊ ညီမမလိုက်လည်း အစ်ကိုကြီးအနေနဲ့ မဖြစ်မနေ ပြန်ရမှာပါပဲ။ ညီမလေးပါလာတော့ လမ်းမှာ စကားပြောဖော်ရတော့ မပျင်း





www.burmeseclassic.com

www.burmeseclassic.com





တော့ဘူးပေါ့"

"အပြင်းပြင်း...ညီမက အစ်ကိုကြီး မပျင်းရလေအောင် ဘယ်လိုစကားတွေပြောရမှာလဲဟင်"

"မသိဘူးလေ၊ အစ်ကိုကြီးကတော့ ညီမလေး ဘာပြောပြော အပျင်းပြေမှာပဲလို့ ယုံကြည်တယ်။ အဟဲ..."

"ဒါဆိုရင်တော့ ပြောမှာပေါ့။ ပြီးတော့မှ စကားများလှချည်လား နားညည်းတယ်ဆိုတာမျိုး လုပ်မလာနဲ့နော်"

"အဟား...ဟား...စိတ်ချ။ ညီမလေးဆီက ကြားရတာ နားမဝလွန်းတာမို့ "နောက်တစ်ခေါက်လောက် ထပ်ပြော၊ နောက်တစ်ခေါက်လောက် ထပ်ပြော ဆိုပြီးတော့တောင် ပူဆာလိုက်ဦးမှာ"

"အဲပြင်း...ပြင်း...အစ်ကိုကြီးက ရယ်စရာတွေ အပြောတတ်သားနော်"

"ဩော်...ဒါထက် ညီမလေးကို တစ်ခုလောက် ကြိုပြောထားရဦးမယ်"

"ဘာများတုံး အစ်ကိုကြီး"

"ဟို...ဟိုဒင်းလေ...အစ်ကိုကြီးရဲ့ ဝှန်ဒေါင်း တစ်ခါတလေဆီတွေ ဘာတွေပိတ်တတ်လို့ လမ်းမှာ ခဏလောက် ထိုးရပ်သွားရင် မစိုးရိမ်ဖို့"

"အို...ကိစ္စမရှိပါဘူး အစ်ကိုကြီးရယ်၊ ညီမ အစ်ကိုကြီးကို နားလည်ပါတယ်"

"ကိုင်း...ဒါဆို တက်...တက်၊ အစ်ကိုကြီး စက်နှိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ခဏကြာတော့ ဝှန်ဒေါင်းလည်း စက်နိုးလာပြီမို့ ဘကြူးသည် စီယာတိုင်နောက်သို့ ဝင်လိုက်ကာ ဂီယာထိုးလိုက်ရင်း ဒလကား ဂိတ်မှ ထွက်လာခဲ့လေသည်။

* * * *

ဒလနာရီစင်ကို လွန်မြောက်တော့ လျှပ်စစ်အလင်းရောင်တွေက ဆိတ်သုဉ်း သွားခဲ့လေသည်။ မိုးက စဲသွားလေပြီ ဆိုသော်ငြား ဖွဲတုန်းက ဖွဲထားခဲ့သဖြင့် မီးထိုးလိုက်သောအခါ ကတ္တရာလမ်းသည် ပြောင်ချောလျက်နေလေသည်။

သည်လမ်းသည်ခရီးက ချိုင့်တွေ၊ ကျင်းတွေအတန်ငယ် ရှိသည်။ တချို့နေရာမှာလည်း ကမူတွေက မို့မို့မောက်မောက်။ သည်တော့ ရှောင်ရ၊ ကွေ့ရသည်။ အရှောင်အကွေ့၌ ထိုင်နေသောသူတို့မှာ ဟန်ချက်ပျက်ရလေစမြဲမို့ ဘေးချင်းကပ်ထိုင်နေမိသော ဘကြူးအဖို့မှာလည်း သူနှင့် မကြာခဏဆိုသလို ပခုံးချင်းတိုက်မိသွားတတ်သည်။ ခန္ဓာကိုယ် ဘေးချင်း ပူးတုံခွာတုံ။

ထိုအခါများဝယ် သူ့ထံမှ နိုးနိုးခစ်ခစ် ရယ်သံကလေးများ ထွက်ပေါ်လာခဲ့ရာ ဘကြူး၏ စိတ်ထဲယောက်ယက်ခတ်သွားလျက် လည်ချောင်းတစ်ခုလုံး ခြောက်ခြောက်သွေ့သွေ့ကြီး ဖြစ်နေရတော့သည်။ ပြီးတော့လည်း ဘာတွေဘယ်လို ရှေ့ဆက်ကြံလျှင် ကောင်းလေ

**ထိုအချိန်မှာပင် ကော့မှူးဘက်ဆီမှ ဝါးများတင်ဆောင်လာသော ဝှန်ဒေါင်းတစ်စီးသည် ဘကြူးရပ်ထားခဲ့သော ဝှန်ဒေါင်းနားအရောက်ဝယ် ထိုးရပ်လိုက်ပြီး ဟိုဟိုသည်သည် စူးစမ်း ကြည့်လိုက်လေသည်။ တတ်မီးဖြင့်လည်း နေရာအနှံ့...**

နေမည်နည်းဟုလည်း 'စိတ်ကူးဖဲရိုက်ကြည့်မိလိုက်သေးသည်။ တစ်ခါတစ်ရံ၌ ဂီယာ ဘေးချော်ထိုးမိလေသောအခါ သူ့ထံမှ "အို...အစ်ကိုကြီးရယ်.. ဘယ်လို လုပ်လိုက်တာလဲ" ဟူ၍ ပြောဆိုရလေမည့်အစား "အဟင်း.. အဟင်း"ဆိုသော ကျေကျေနပ်နပ်ညည်းသံ ထွက်ပေါ်လာရာ ဘကြူးအဖို့ရာတော့ တစ်ဆင့်ပြီးတစ်ဆင့် ခြေလှမ်းများကို ပြေးမြင်မိလေသည်။

ဆိပ်ကြီးကိုလည်း ကျော်ခဲ့ပြီ။ ပျော်ဘွယ်လေးလည်း လွန်ခဲ့ပြီ။

ပြီးလျှင် ပိတ်စွယ်ကို ရောက်မည်။ ရှေ့ဆက်သွားလျှင် ရန်ကုန်ပေါက်ကျေးရွာ၊ ထိုမှ ဘုရားငုတ္တိုကျေးရွာ။ အဲသည်ရွာကို လွန်မြောက်ပြီးပါမှ သူ သွားလိုပါသည်ဆိုသည့် ကဘင်းရွာသို့ ရောက်ပေတော့မည်။ သည်ကြားထဲ အကြံအစည်ထမြောက်အောင်မြင်ဖို့ ဆိုသည်မှာ ခုံကတော့ လှုပ်လိမ့်မည်မဟုတ်။ မြင်းကသာ လှုပ်ရပေလိမ့်မည်။ သည်တော့ ပိတ်စွယ်ကို ဝင်လာ၍ အနောက်ပိုင်း တံတားကို ကျော်ဖြတ်အပြီးမှာတော့ သူ့ခေါင်းထဲ အကြံအစည်တစ်ခုက ဖျတ်ခနဲဝင်လာသည်။

ထို့ကြောင့် လူနေအိမ်ခြေကင်းမဲ့သော၊ ခနိုကောအုပ်များ ထူထပ်သော၊ လမ်းဘေးတစ်နေရာအရောက်ဝယ် ဝှန်ဒေါင်းက ထိုး၍ ရပ်သွားလေသည်။

"ဟောဗျာ...ပြောခဲ့ဆိုခဲ့သလိုပဲ စက်ကတော့ ဖွဲဖောက်ပြီ။ ခဏနော် ...ညီမလေး"

"ရပါတယ် အစ်ကိုကြီး"

ကားက စက်ရပ်လိုက်သည်နှင့်

**ထိုသို့သော
အချိန်အခါမျိုး၌
ဆက်ရက်
တောင်ပံကျိုးကလေးများနှင့်
ဆုံစည်း
တွေ့ကြုံရလျှင်ဖြင့်
ကြောင်ပုစွန်စား
ကြွပ်ကြွပ်ဝါးသည့်အလား
ဝါသနာကြီးလှသည်သာ။
သည်တော့
သူပင်ပင်ပန်းပန်းနှင့်
ရှာဖွေခဲ့သမျှသည်
ဘုံဆိုင်တွင်လည်းကောင်း၊
အပျော်ကစ္စရပ်များတွင်
လည်းကောင်း...**



မီးအလင်းတွေပါ ပြတ်တောက်သွားသည်။ ထိုအခါ ဘကြူးသည် တောင်တောင်အီအီ စဉ်းစားမနေတော့ဘဲ နံဘေးကိုတိုးကာ သူ့ကို လှမ်းဖက်လိုက်သည်။

"အို..ဘယ်လိုလုပ်တာလဲ၊ လွှတ်ပါ.. အစ်ကိုကြီးရယ်..."

"မလွှတ်ချင်တော့ဘူးကွာ၊ အစ်ကိုကြီးက ညီမလေးကို တကယ်ချစ်နေမိလို့ပါ"

"ဟွန်း...မယုံပေါင်၊ တွေ့တာဖြင့် နာရီပိုင်းတောင်မှ မကြာသေးဘူး။ သူ့နာမည် ကိုယ်မသိ၊ ကိုယ့်နာမည် သူမသိဘဲနဲ့များ"

"ဒါများ ညီမလေးရယ်၊ အစ်ကိုကြီး နာမည်က ဘကြူးတဲ့"

"ဘကြူးဆိုတော့ "ဘူးကျ" တာပေါ့ ဟုတ်လား"

"ဟာ..နောက်တီးနောက်တောက်ကွာ၊ ညီမလေးရဲ့ နာမည်ကကော.."

"မြယမုံ...တဲ့"

"ဟယ်..လှလိုက်တဲ့နာမည်လေး။ နာမည်တင် လှတာ မဟုတ်ပါဘူး။ လူကလည်း လှဆိုတော့ အစ်ကိုကြီးရဲ့ အချစ်တွေ တားမနိုင်ဆီးမရတော့ဘူးကွာ"

"အို...ကားပေါ်မှာ မကောင်းပါဘူး အစ်ကိုကြီးရယ်၊ ကဲပါ..အောက်ကို ဆင်းနေလိုက်ပါ"

"အို...ကေ"

ဘကြူးအဖို့ မှိုရသည့်အလား ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ကောင်းကင်မှာတော့ လရောင်မရှိသော်ငြား ကြယ်တွေက



www.burmeseclassic.com

**မြယမုံအပါး ရောက်လာ သောအခါ ဘကြူးအဖို့ တုံ့ခနဲဖြစ်သွားရလေသည်။ အပုပ်နံ့တွေက စူးစူးဝါးဝါး။ ဘယ်လို အပုပ်နံ့တွေနှင့်မှ မတူ၊ ညှီစို့စို့နှင့် အတော်ကလေးကို အော်ဂလီဆန်ဖွယ် ကောင်းလှစွာသော အပုပ်နံ့။**

ုံလေသည့်အတွက် ပျပျကလေးလင်းနေရာသည်။

"ကိုင်း···ဒီကို လာလေ အစ်ကိုကြီး"

"လာပြီ···လာပြီ"

ဖိုးကျိုင်းတုတ်ဖြစ်နေသော ဘကြူးသည် လမ်းသေးတစ်ဖက်တစ်ချက်အစပ်တွင် ရပ်နေသော မြယမုံရှိရာသို့ လှမ်းခဲ့လေသည်။ မိုးအကုန် ဝင်ရောက်လာသော ဆောင်းဦးညဉ့်လေကြောင့် မြယမုံ၏ ပဝါဖြည်ချလိုက်သော ဆံနွယ်တို့သည် လေအဟုန်တွင် တဖျတ်ဖျတ်မျောလွင့်နေလေသည်။

သို့ဖြင့် မြယမုံ အပါးရောက်လာသောအခါ ဘကြူးအဖို့ တုံ့ခနဲဖြစ်သွားရလေသည်။

အပုပ်နံ့တွေက စူးစူးဝါးဝါး။

ဘယ်လို အပုပ်နံ့တွေနှင့်မှ မတူ၊ ညှီစို့စို့နှင့် အတော်ကလေးကို အော်ဂလီဆန်ဖွယ်ကောင်းလှစွာသော အပုပ်နံ့။ သို့ဖြင့် မြယမုံအပါး သူရောက်သွားတော့သည်။

"အား···အမယ်လေး···သသရဲ··သရဲ···"

မြယမုံအပါးရောက်တော့ ကြယ်ရောင်၏ အလင်း၌ ဘကြူးတွေ့မြင်လိုက်ရသည်မှာ လုတပတ မြယမုံမဟုတ်တော့။ ရွတ်တွ၍ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော နာနာဘဝ၏ ရုပ်သွင်ဖြစ်နေလေသည်။ ဘကြူးအဖို့ မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရသော မြင်ကွင်းကြောင့် သွေးပျက်သလို ခံစားရပြီး ပြေးမိပြေးရာ လယ်ကွင်းထဲဖြတ်ပြေးလေရာ တစ်နေရာ၌ ဟပ်ထိုးလဲကျသွားလေသည်။ သူ ခလုတ်တိုက်မိသည်ကား မြေကမူတစ်ခု။ မြေကမူပေါ်မှာတော့ သစ်သားမှတ်တိုင်တစ်ခု။ ထိုသစ်သားပြားပေါ်ဝယ် သေချာစွာ ကြည့်မြင်ဖတ်ရှုမိလျှင်ဖြင့်···

မြယမုံ

အသက် (၂၄) နှစ်

(၂၀-၅-၂၀၀၂) တွင် ကွယ်လွန်သည်။

ဆိုသော စာတန်းကို တွေ့ရပေလိမ့်မည်။ ထိုအချိန်ဝယ် ဘကြူးသည် ထိတ်လှန့်တုန်လှုပ်မှုအပေါင်းဖြင့် မေ့မျောသွားလေသည်။

ထိုအချိန်မှာပင် ကောမှူးဘက်ဆီမှ ဝါးများတင်ဆောင်လာသော ဂွန်ဒေါင်းတစ်စီးသည် ဘကြူးရပ်ထားခဲ့သော ဂွန်ဒေါင်းနားအရောက်ဝယ် ထိုးရပ်လိုက်ပြီး ဟိုဟိုသည်သည် စူးစမ်းကြည့်လိုက်လေသည်။ ဓာတ်မီးဖြင့်လည်း နေရာအနှံ့ ထိုးကြည့်ပြန်သေး၏။

"ဘကြူးတို့ကတော့ကွယ်···သည်လို ကိစ္စမျိုးဆို စံပါပဲ။ ဘယ်ကောက်ရိုးပုံသွားပြီး အလေလိုက်နေတယ် မသိဘူး"

"ဟာ···မျက်မြင်မဟုတ်ဘဲ မပြောနဲ့လေကွာ"

"မျက်မြင်မဟုတ်ပေမဲ့ တွေးကြည့်ရင် သိသာပါတယ်ကွာ။ ဟော··ဟိုက ဘကြူးရဲ့ စီယာတိုင်ကို ကြည့်လိုက်စမ်း"

"အား···ဟုတ်တယ်ကွ။ ကိုင်းကွာ···သူ့ဝါသနာနဲ့သူပဲ။ ကဲ···သွားကြမယ်ဟေ့"

ဝါးများတင်ဆောင်သည့် ဂွန်ဒေါင်းကား ဒလဘက်သို့ တရွေ့ရွေ့ထွက်ခွာသွားချေပြီ။

ထိုအချိန်ဝယ် ဘကြူးမောင်းသော ဂွန်ဒေါင်း၏ စီယာတိုင်၌ အမျိုးသမီးများဆံပင်စည်းနှောင်လေ့ရှိသည့် ပဝါနီနီလေးမှာ ရစ်ပတ်ချည်နှောင်လျက်သား ရှိနေပါတော့သတည်း။

နန္ဒာမိုးကြယ်



www.burmeseclassic.com



# အကြွေးမထားသော ဝဋ်

ကိုကိုမောင် (အင်းလေး)

“

ဟော့··မင်းတို့ ငါ့တမံကို ထိရဲ ထိကြည့်ကွာ··၊
ကိုယ့်အဖေ၊ ကိုယ့် ဦးလေးအရွယ်မို့ အရိုအသေပေးပြီး ဆက်ဆံနေတာ၊
လူလိုမသိတတ်တဲ့ လူတွေကို လူလို ပြောဆိုဆက်ဆံနေလို့ အပိုပဲ။
မင်းတို့ နောက်ဆုတ် ပြန်မလား၊ မပြန်ဘူးလား တစ်ခွန်းတည်းပြော···

”



www.burmeseclassic.com

www.burmeseclassic.com



□

ကိုတိုးအောင်သည် ပက်ကြားအက်လုနီးပါး ခြောက်သွေ့နေသည့် သူ၏ လယ်ကွက်များကို တစ်ချက်လှမ်းမျှော်ကြည့်လိုက်ပြီး သက်ပြင်းမောတစ်ခုကို အသာချလိုက်မိ၏။ စိုက်ပျိုးခါစ ကောက်ပင်များက လယ်ကွက်ထဲတွင် အားအင်ချိနဲ့စွာဖြင့် မတ်တပ်ထရန် ကြိုးစားနေကြသည်။

ဘေးနားတွင် ချထားသည့် ပေါက်တူးကို စိတ်မသက်သာစွာဖြင့် ဆွဲယူလိုက်ပြီး တူးမြောင်းအတွင်းမှ ရေများကို မိမိ၏လယ်ကွက်အတွင်းသို့ သွင်းယူရန် ရေမြောင်းတစ်ခုကို ဖောက်နေလိုက်သည်။ ထိုစဉ် ဒေါသသံပါသော စကားသံတစ်ခုက ကိုတိုးအောင်၏ နောက်နားမှ ထွက်ပေါ်လာ၏။

"ဟေ့ကောင်··တိုးအောင်၊ ဒါက ဘာသဘောလဲကွ၊ မင်း အဲဒီလို တမံတုတ်ပြီး ရေက ပိတ်ထားမှတော့ ငါ့ လယ်တွေထဲ ဘယ်လိုလုပ်ပြီး ရေ ရောက်တော့မှာလဲ၊ ဒီနေ့က ငါတို့ ရေ ယူရမယ့်ရက်ဆိုတာ မင်းမသိဘူးလား"

"ဪ··ဦးဘထွန်း၊ ဟုတ်ပါတယ်၊ ဒီရက်က ဦးဘထွန်းတို့ ရေယူရမယ့်ရက်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ ဒီနေ့တစ်ရက်တော့ ကျွန်တော့်ကို အလှည့်ပေးပါ ဦးဘထွန်းရယ်၊ ဦးဘထွန်းကို ကြိုတင်ခွင့်မတောင်းဘဲ ကိုယ့်သဘောနဲ့ကိုယ် အခုလို ရေဖောက်ယူမိတဲ့အတွက် တောင်းပန်ပါတယ်၊ နောက်ရက်တွေမှာ ဦးဘထွန်း ပိုယူပါ၊ လယ်စိုက်ပြီးကတည်းက မိန်းမ မီးဖွားနေတာနဲ့ လယ်ကို ဒီအတိုင်း ပစ်ထားရတယ်၊ အခုတော့ ဦးဘထွန်းတို့ မြင်တဲ့အတိုင်းပါပဲ၊ ရေပြတ်ပြီး ပတ်ကြားတောင် အက်ကုန်ပြီ၊ နောက်ထပ် တစ်ရက်၊ နှစ်ရက် ဒီအတိုင်းပစ်ထားလိုက်ရင် ကောက်ပင်တွေ ရေငတ်ပြီး သေကုန်တော့မှာဗျ··"

"အဲဒါတွေ ငါမသိဘူးကွာ··၊ ငါသိတာက ဒီရက်ဟာ ငါတို့ ရေယူရမယ့် အလှည့်ဆိုတာပဲ"

"အရင် ကျွန်တော် လယ်ထဲ မဆင်းနိုင်တဲ့ ရက်တွေတုန်းကလည်း ဦးဘထွန်းတို့ပဲ ဒီရေကို ယူသုံးနေကြတာပဲ၊ ဒီတစ်ရက်လေးတော့ ပေးပါ ဦးဘထွန်းရယ်··"

"မလိုချင်ဘူးကွာ··ဒီလို အငြင်းမပွားရအောင် အစကတည်းက သူ့ရက်နဲ့သူ အလှည့်ကျသတ်မှတ်ခဲ့ပြီးမှပဲ၊ အလုပ်သမား ရှာငှားရတာ လွယ်တာ မဟုတ်ဘူးကွ၊ ဒီနေ့ အလုပ်မဖြစ်ဘဲ ပြန်လွှတ်လိုက်ရင် နောက်နေ့ ပြန်ခေါ်လို့ ရချင်မှရမှာ"

"ကျွန်တော် တောင်းပန်ပါတယ် ဦးဘထွန်းရယ်၊ ဒီနေ့ တစ်ရက်တည်းပါဗျာ၊ နောက်နေ့ ဦးဘထွန်း အလုပ်သမားခေါ်မရရင် ကျွန်တော်ကိုယ်တိုင် ဝင်ပေးပါ့မယ်။ ကျွန်တော့်ကောက်ပင်တွေ ခြောက်ပြီး သေကုန်ရင် နောက် တစ်ခါ ပြန်စိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ။ ကျွန်တော့်မှာ မျိုးလက်ကျန်ကလည်း ရှိတော့တာ မဟုတ်ဘူးဗျ"

"ဘယ်ဖြစ်မလဲကွ··၊ မင်းလယ်တွေက ပျက်သွားလည်း ခုနစ်ကေ၊ ရှစ်ကေပေါ့၊ ငါ့လယ်တွေ ပျက်ကုန်ရင်ကေ ခုနစ်ဆယ်၊ ရှစ်ဆယ်ကွ၊ မင်း ဘာသိလို့လဲ"

"ဦးဘထွန်းရယ်··ဦးဘထွန်းတို့မှာက ကိုယ်ပိုင် အဝီစိတွင်း၊ ကိုယ်ပိုင် ရေမှုတ်စက်၊ ကိုယ်ပိုင် မီးစက်တွေနဲ့ အခက်အခဲရှိခဲ့ရင် ကိုယ့်စက်နဲ့ကိုယ် မောင်းပြီး ရေတင်လို့ရသေးတယ်၊ ပြီးတော့ ဦးဘထွန်းတို့ လယ်ကလည်း ကျွန်တော့်လယ်လောက် အခြေအနေ မဆိုးသေးပါဘူး··"

"စက်ရှိပေမဲ့ ရေနဲ့ထည့်ပြီး မောင်းလို့ရတာမဟုတ်ဘူးကွ၊ ဆီဖိုး အလဟဿ အကုန်မခံနိုင်ဘူး။ ကြာ တယ်ကွာ၊ မင်းတုတ်ထားတဲ့တမံကို ဖွင့်ပေးမလား၊ ဖွင့်မပေးဘူးလား ဒါပဲပြော··"

ဦးဘထွန်း၏လေသံက ပြောရင်းက မာလာသည်။ စကားသံနှင့်အတူ အရက်နံ့ကလည်း လေထဲတွင် လွင့်ပျံနေ၏။



www.burmeseclassic.com

"ဒီနေ့ တစ်ရက်တော့ လက်စနဲ့ ထားလိုက်ပါ ဦးဘထွန်းရယ်··၊ မနက်ဖြန် မနက်စောစော ကျွန်တော်ပြန်ဖွင့်ပေးပါမယ့်"

"မလိုချင်ဘူးကွာ··၊ ကဲ··ကြာတယ်၊ မင်း ဖျက်မပေးတော့လည်း ကိုယ့်ဘာသာကိုယ် ဖျက်ရတာပေါ့။ ဟေ့··ဘတင့်နဲ့ဘမြင့်··၊ မင်းတို့ ညီအစ်ကိုနှစ်ယောက် အဲဒီတုတ်ထားတဲ့ တမံကို ဖြိုပစ်ကြစမ်းကွာ··"

တပင်တပန်း စိုက်ပျိုးထားပြီးမှ သုံးရက်ခန့် လယ်ကွင်းထဲ မဆင်းနိုင်သည်နှင့် စိုက်ပျိုးထားသည့် ကောက်ပင်များ ရေဝတ်ပြီး သေရတော့မည့် အခြေအနေကို ကြည့်ပြီး စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်နေသော ကိုတိုးအောင်၏ စိတ်တို့သည် ဦးဘထွန်း၏ အညှာအတာ ကင်းမဲ့လွန်းသော စကားများကြောင့် ဒေါသအသွင်သို့ ကူးပြောင်းကာ -

"ဟေ့··မင်းတို့ ငါ့တမံကို ထိရဲထိကြည့်ကွာ··၊ ကိုယ့်အဖေ၊ ကိုယ့်ဦးလေးအရွယ်မို့ အရိုအသေပေးပြီး ဆက်ဆံနေတာ၊ လူလိုမသိတတ်တဲ့ လူတွေကို လူလို ပြောဆိုဆက်ဆံနေလို့ အပိုပဲ။ မင်းတို့ နောက်ဆုတ် ပြန်မလား မပြန်ဘူးလား တစ်ခွန်းတည်းပြော··"

"အောင်မာ··၊ ခွေးသူတောင်းစားက လူပါးဝလို့၊ ကဲကွာ··"

ပြောပြောဆိုဆိုပင် ဦးဘထွန်း၏ တပည့်တစ်ဦးဖြစ်သည့် ဘတင့်ဆိုသူက သူ့လက်ထဲကပေါက်တူးဖြင့် ကိုတိုးအောင်အား တအားလွှဲကာ ရိုက်ချလိုက်၏။ ကိုတိုးအောင်က ပေါက်တူးရိုးဖြင့် ကန့်လန့်ဖြတ်ပင့်ခံလိုက်ပြီး ရှေ့သို့ ခြေတစ်လှမ်းတက်ကာ ဦးဘထွန်းအား ရိုက်ဟန်ပြင်လိုက်သည်။ ထိုစဉ် ခွပ်ဟူသော အသံတစ်ချက်နှင့်အတူ ကိုတိုးအောင်တစ်ယောက် လယ်ကန်သင်းရိုးပေါ်သို့ အရုပ်ကြိုး ပြတ်လဲကျသွားတော့၏။ နောက်မှဝင်လာသည့် ဘမြင့်က ကိုတိုးအောင်အား အရင်ဦးအောင် ရိုက်ချလိုက်ခြင်း ဖြစ်သည်။



ဦးဘထွန်းနှင့် သူ၏ တပည့်နှစ် ဦးသည် ကန်သင်းရိုးပေါ်တွင် ကန့်လန့်ဖြတ်လဲကျကာ ညည်းညူနေသော ကိုတိုးအောင်ကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားကြ၏။ ခဏအကြာတွင် ကိုတိုးအောင်တစ်ယောက် လဲကျရာမှ အားယူထလာပြီး ပေါက်တူးကို တောင်ဝှေးကဲ့သို့ အား ပြုကာ ဒယီးဒယိုင်ဖြင့် ရွာဖက်သို့ တရွေ့ရွေ့ ကြိုးစားလျှောက်လာနေ၏။ အရိုက်ခံထားရသည့် ချိုစောင်းမှ သွေးများက မျက်နှာပေါ်သို့ စီးကျလျက်ရှိသည်။ ရွာထိပ်က ကုက္ကိုပင်နားသို့အရောက်တွင် ခေါင်းထဲ မိုက်ခနဲဖြစ်ကာ ထိုနေရာ ပင် လဲကျသွားတော့၏။

* * * * *

"အရီးမြရေ··အရီးမြ··"

မြေးလေး၏ အနီးသေးစိုနေသဖြင့် အနီးလဲပေးနေသော ဒေါ်မြခက်သည် အိမ်ရှေ့က အရေးတကြီးခေါ်သံကြောင့် နားစွင့်လိုက်၏။ ညက အိပ်ရေးပျက် ထားသဖြင့် အိပ်ရာထက်တွင် ဘေး တစ်စောင်းလှဲကာ မှိန်းနေသော မစပယ် လည်း အိမ်ရှေ့ကခေါ်သံကြောင့် လန့် နိုးသွားသည်။ ခေါ်သံက ရပ်မသွား။

"အရီးမြရေ··ကျွန်တော်တို့ပါ ခြံတံခါး မြန်မြန်ဖွင့်ပေးစမ်းပါဦး၊ ဒီမှာ တိုးအောင်ကြီး အရိုက်ခံရလို့"

သား အရိုက်ခံရသည်ဟူသော စကားကြောင့် ဒေါ်မြခက်သည် လ ထဲက မြေးလေးကို အိပ်ရာပေါ်သို့ မည်သို့မည်ပုံ ပြန်ချလိုက်သည်ကိုပင်

www.burmeseclassic.com



သတိမထားလိုက်နိုင်ဘဲ အိမ်ရှေ့သို့ အပြေးတစ်ပိုင်း ထွက်လာ၏။ မစပယ်လည်း ဒေါ်မြခက်နောက်မှ အပြေးလိုက်ရန် အိပ်နေရာက အားယူထလိုက်သည်။ ထိုစဉ် ခေါင်းထဲမိုက်ခနဲဖြစ်ပြီး အိပ်ရာထက်သို့ မစပယ်ပြန်လည်ခွေကျသွားခဲ့၏။

ကိုတိုးအောင်၏ညီမလေးနှင့် အိမ်နီးချင်းအဖော်တစ်ဦးက လဲကျသွားသော မစပယ်အား ပြေး၍ ပွေ့လိုက်ကြသည်။

"မစပယ်‥မစပယ်၊ အမလေး မေမေရေ‥မစပယ်ကို ခေါ်လို့မရဘူး။ ဘာဖြစ်သွားသလဲမသိဘူး မေမေရဲ့ လာကြည့်ပါဦး ‥"

ဒေါ်မြခက်သည် သားနှင့် ချွေးမကြားတွင် ဟိုပြေးရမလို၊ ဒီသွားရမလိုနှင့် ကြံရာမရဖြစ်ကာ-

"လာကြပါဦးရှင့်‥၊ ကယ်ကြပါဦး‥၊ ဒီမှာ သားနှင့်သမီး ဘာဖြစ်ကုန်လဲ မသိဘူး။ လာကြပါဦး‥"

ဒေါ်မြခက်၏ အော်ဟစ်အကူအညီတောင်းသံကြောင့် အိမ်နီးချင်းများ တစ်ယောက်ပြီးတစ်ယောက် အပြေးအလွှားရောက်လာကြသည်။ ရွာမြောက်ပိုင်းက ကျန်းမာရေးဆရာမကို ပြေးခေါ်ကခေါ်၊ မစပယ်ကို ဝိုင်းဝန်းနှိပ်နယ်ပြီး သတိရအောင် ပြုသူကပြု၊ ကိုတိုးအောင်၏ ချိုစောင်းမှ ဒဏ်ရာကို ဆေးကြောပြီး ဆေးထည့်သူကထည့်နှင့် တစ်အိမ်လုံး အလုပ်ရှုပ်ကုန်ကြ၏။

နာရီဝက်နီးပါးခန့်ကြာမှ ကိုတိုးအောင်ရော၊ မစပယ်ပါ သတိပြန်လည်လာကြသည်။ သတိလည်လာသော ကိုတိုးအောင်အား အိမ်သားများက

**ကိုယ့်အလှည့်ကျရင်**
**တိုးအောင်တို့လို**
**ပြုံးပြုံးလေးခံနိုင်အောင်**
**ကြိုးစားထားပေဦးတော့**
**ဦးဘထွန်းရေ‥၊**
**တိုးအောင်တို့က**
**သူများကို**
**ဘယ်တော့မှ**
**မတရား**
**မလုပ်တတ်သလို**
**ကိုယ့်အပေါ်**
**မတရားလာလုပ်ရင်လည်း**
**ဘယ်တော့မှ**
**ခေါင်းငုံ့လက်ပိုက်**
**အညံ့ခံနေမှာ**
**မဟုတ်ဘူး။**

ဘာဖြစ်လာသည်ကို ဝိုင်းဝန်း၍ မေးကြ၏။

"ဘယ်လိုဖြစ်တာလဲ တိုးအောင်"

ကိုတိုးအောင် တွေ၍ စဉ်းစားနေ၏။ ခဏကြာမှ အံကြိတ်ကာ တံတွေးတစ်ချက် မျိုချလိုက်ပြီးမှ -

"ကျွန်တော်လည်း ဘာဖြစ်မှန်းတောင် မသိလိုက်ရပါဘူးဗျာ၊ ပေါက်တူးထမ်းပြီး လယ်ထဲပြန်အလာ ရွာထိပ်ကကုက္ကိုပင်နားရောက်တော့ ချောင်းအရိုက်ခံလိုက်ရတာဗျ။ ဘယ်သူတွေရဲ့ လက်ချက်မှန်းလည်း မသိလိုက်ဘူး"

ဒေါ်မြခက်က ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိကာ ဘုရားတရင်း -

"ဘုရား‥ဘုရား‥၊ မသေကောင်း။ မပျောက်ကောင်း သားရယ်၊ သားမှာ ရန်ညိုးရန်စများ ရှိနေလို့လားကွယ်‥"

"ဘာရန်ညိုးရန်စမှ မရှိဘူး မေမေရဲ့ လူမှားပြီး အရိုက်ခံလိုက်ရတာ ဖြစ်မှာပါ‥"

ကိုတိုးအောင်က မိခင်စိတ်ပူနေမှာ စိုးရိမ်သည့်အပြင် အဖြစ်မှန်ကိုလည်း အသိမပေးလိုသဖြင့် ဘာမျှမဖြစ်သလို ဖုံးဖုံးဖိဖိဖြင့် ပြောဆိုလိုက်၏။ မစပယ်က စိုးရိမ်သံဖြင့် -

"ဘယ်လိုနေသေးလဲ အစ်ကို၊ ခေါင်းထဲက မူးသေးလား။ ဦးနှောက်ကိုတော့ မထိလောက်ပါဘူးနော်‥"

"ဘာမှ မဖြစ်တော့ပါဘူး စပယ်ရဲ့ အစ်ကို့အတွက် ဘာမှ စိတ်မပူပါနဲ့၊ ဒီလောက်ဒဏ်ရာလေးနဲ့ အစ်ကို ဘာမှ မဖြစ်နိုင်ပါဘူး။ မစပယ်ရော နေသာရဲ့လား‥"



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်က
မြန်ဆန်လွန်းလှပါသည်။
ကိုယ်ကို
တစောင်းလှဲ၍
ညာတစ်တောင်ဖြင့်
ထောက်ကာ
အိမ်ဘက်သို့
တရွေ့ရွေ့လာနေသော
တိုးအောင်
အိမ်နားသို့ အရောက်တွင်॰॰

"ဟုတ်ကဲ့၊ နေသာပါတယ် အစ်ကို"

ထိုညက တိုးအောင်တစ်ယောက် တော်တော်နှင့် အိပ်၍မပျော်။ အိပ်ပျော်မည်ကြံတိုင်း ဒေါသမာန်မာနတရားႏ ဉး ဖုံးလွှမ်းထားသည့် ဦးဘထွန်း၏ မျက်နှာနှင့် အသံကို ပြန်လည် မြင်ယောင်၊ ကြားယောင်ကာ ညအတော်နက်သည့်တိုင် အိပ်မပျော်နိုင်ဘဲ ရှိနေသည်။


"ကိုယ့်အလုပ်ကျရင် တိုးအောင်တို့လို ပြုံးပြုံးလေး ခံနိုင်အောင် ကြိုးစားထားပေဦးတော့ ဦးဘထွန်းရေ॰॰၊ တိုးအောင်တို့က သူများကို ဘယ်တော့မှ မတရားမလုပ်တတ်သလို ကိုယ့်အပေါ် မတရားလာလုပ်ရင်လည်း ဘယ်တော့မှ ခေါင်းငုံ့ လက်ပိုက် အညံ့ခံနေမှာ မဟုတ်ဘူး။ အလုပ်ဆိုတာ ကြံ့တတ်ပါတယ် ဦးဘထွန်းရယ်၊ အဲဒီနေ့ အဲဒီ အလုပ်ကို တိုးအောင် ဆက်ဆက် စောင့်နေမယ်"

ညသန်းခေါင်ယံတွင် ပေါက်ကွဲပွင့်အံလာသည့် တိုးအောင်၏ ရင်ထဲက ကြုံးဝါးသံများကို တိုးအောင်မှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ သိနိုင်၊ ကြားနိုင်လိမ့်မည် မဟုတ်ပါ။

* * * * *

နွေစပါးများ ရိတ်သိမ်းခြွေလှေ့ချိန်သို့ပင် တိုင်ခဲ့ပြီ ဖြစ်သည်။ ဒီနှစ် နွေစပါးစိုက်ရသည်မှာ တိုးအောင်အတွက် မှန်းချက်ထက် နှမ်းထွက်စိုခဲ့သည်ဟုပင် ဆိုရပေမည်။ တိုးအောင်တို့တစ်ရွာလုံး အထွက်တိုးကြသည်။ ထိုအထဲတွင် တိုးအောင်၏အကွက်များက ပို၍ အထွက်နှုန်းကောင်းခဲ့သည်။

စတင်စိုက်ပျိုးစဉ်က မစပယ်မီးဖွားသည့်ရက်နှင့် တိုက်ဆိုင်နေသဖြင့် ရေငတ်ပြီး သေပြီဟု ထင်ထားသည့် ကိုတိုးအောင်၏ နွေစပါးစိုက်ခင်းလေးသည် မစပယ် မီးဖွားပြီးနောက်ပိုင်း ကိုတိုးအောင်၏ ကြိုးစားပြုစုပျိုးထောင်မှုကြောင့်လား၊ မစပယ် မွေးဖွားပေးလိုက်သည့် သားလေး သုခအောင်၏ ကုသိုလ်ကံကြောင့်လား မိမိတို့မှန်းထားသည့် အထွက်နှုန်းတိုးရုံမျှမက စျေးကောင်းပါ ရခဲ့သဖြင့် ဆင်လည်း ဆင့်အထွာနှင့်ဆင်၊ ဆိတ်လည်း ဆိတ်အထွာနှင့် ဆိုသလို အတိုင်းအတာတစ်ခုအထိတော့ အဆင်ပြေခဲ့သည်ဟု ဆိုရပေမည်။ အခြေပြတ်နေသည့် အိမ် တိုင်အချို့ အသစ်လဲကာ အမိုးကိုလည်း ပြန်မိုးထား



www.burmeseclassic.com



သဖြင့် တိုးအောင်တို့၏ အိမ်လေးမှာ အရင်ကနှင့်မတူ သပ်ယပ်လှပပြီး နေချင့်စဖွယ် ဖြစ်နေသည်။ မိုးဦးလေဦးမှာ ကြုံတွေ့ရတတ်သည့် မုန်တိုင်းရန်ကိုလည်း မှုစရာမလိုတော့၊ စိတ်အေးလက်အေး နေနိုင်ကြပြီဖြစ်သည်။

ညဲသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ခွေးဟောင်သံပင်လျှင် မကြားရ။ ကိုတိုးအောင်တို့ တစ်အိမ်သားလုံးလည်း အိပ်မောကျကုန်ပြီဖြစ်သည်။ ကိုတိုးအောင်သည် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသည့် သား၏အနားတွင်ပင် အိပ်လိုက်ပြီး သား၏နဖူးကို ခပ်ဖွဖွနမ်းကာ ကျေနပ်စွာပြုံးလိုက်၏။ မျက်စိအစုံကို မှိတ်၍ ငှပ်အတင်း အိပ်သော်လည်း အိပ်မပျော်နိုင်ဘဲ ရှိနေသည်။ ထိုစဉ် "မီးဗျို့..မီး..မီး.." ဟူသော အော်သံနှင့်အတူ သံချောင်းခေါက်သံများ ဆူညံစွာ ထွက်ပေါ်လာ၏။

"ရွာတောင်ပိုင်းမှာ မီးလောင်နေတယ်ဗျို့ ထကြ၊ ထကြ.."

ငြိမ်သက်တိတ်ဆိတ်စွာ အိပ်မောကျနေသည့် ရွာလေးသည် အိပ်ပျော်ရာမှ အလန့်တကြား လန့်နိုးကာ အော်ဟစ်ပြေးလွှားသံများ၊ သံချောင်းခေါက်သံများဖြင့် ဆူညံသွားတော့သည်။

"အစ်ကို..အစ်ကို..ရွာတောင်ပိုင်းမှာ မီးလောင်နေလို့တဲ့၊ ထကြည့်ပါဦး အစ်ကိုရဲ့.."

"အင်း.."

မစပယ်သည် ကိုတိုးအောင် အိပ်မောကျနေသည်အထင်ဖြင့် ကိုတိုးအောင်အား လှုပ်၍၊ လှုပ်၍ နှိုးနေ၏။ ကိုတိုးအောင်က အိပ်ချင်မူးတူးအသံဖြင့် "အင်း..အဲ" ဖြစ်နေသည်။ အမေနိုးလာပြီး အမေပါ ဝိုင်းကူနှိုးတော့မှ ကိုတိုးအောင် အိပ်ရာမှ နိုးသွားသည်ဟန်ဖြင့် အိမ်ရှေ့သို့ ပြေးထွက်သွားသည်။

"ဟာ..ဟုတ်တယ်ဗျို့ ရွာတောင်ပိုင်းမှာ မီးလောင်နေတယ်၊ မီးရှို့တောင် အတော်များနေပြီ၊ အမေနဲ့ညီမလေး အထုပ်အပိုးတွေပြင်ထား၊ ကျွန်တော် သွားကြည့်လိုက်ဦးမယ်၊ မစပယ်က သားလေးကို ဂရုစိုက်နော်.."

ကိုတိုးအောင်သည် ရွာတောင်ပိုင်းသို့ တိုးဝှေ့ပြေးလွှားနေကြသည့် ရွာသားများနှင့်အတူ ရောရှ်ပါသွား၏။

ရွာတောင်ပိုင်းရှိ ဦးဘထွန်း၏ စပါးဂိုထောင်အား မီးစွဲလောင်နေခြင်းဖြစ်သည်။ ဂိုထောင်ဟု ဆိုသော်လည်း ငွေကြေးတတ်နိုင်သူများဖြစ်သဖြင့် အိမ်ကြီးတစ်လုံးစာမျှ ရှိသည်။ သစ်ဖြင့် အခိုင်အမာဆောက်လုပ်ထားသည့် သွပ်မိုးပျဉ်ထောင် ဂိုထောင်ကြီးဖြစ်၏။ ဂိုထောင်နှင့် မလှမ်းမကမ်းတွင်ရှိနေသည့် ကောက်ရိုးပုံမှတစ်ဆင့် ကူးစက်လောင်ကျွမ်းခြင်းဖြစ်နိုင်ကြောင်း၊ မီးဝိုင်းဝန်းငြိမ်းသတ်နေသည့်ကြားထဲက ပေါက်ကွဲလွင့်စင်သံများနှင့်အတူ အရှိန်ပို၍ များလာနေ၏။ မီးလောင်ရာလေပင့်ဆိုသည့် စကားအတိုင်း စောစောက ညင်ညင်သာသာ တိုက်ခတ်ရှိသည့်လေသည် အရှိန်ဖြင့် တိုက်ခတ်လာနေသည်။

"သတိထားကြဗျို့..ဂိုထောင်ထဲမှာ ဒီဇယ်ပုံးတွေ၊ အင်ဂျင်ဝိုင်ပုံးတွေ ရှိတယ် ထင်တယ် ထပေါက်ပြီး လူတွေ မှန်ကုန်ဦးမယ်"

ရွာသားတစ်ဦး အော်ဟစ်သတိပေးနေစဉ် မီးလုံးကြီးတစ်ခု ပျံဝဲလွင့်တက်လာပြီး လေထဲတွင် ပေါက်ကွဲကာ မီးလောင်လျက် ပြန်ကျလာ၏။

---

**ဦးဘထွန်းနှင့် ကိုတိုးအောင်တို့အကြား ရှိခဲ့သည့် ရန်ငြိုးရန်စကို မသိရှာသည့် ရွာသားများက ထိုကိစ္စကို ထူးခြားလှသည့် ဖြစ်ရပ်တစ်ခုအဖြစ် ရိုးသားစွာ ရှုမြင်သုံးသပ်ကြသည်။**

**ကာယကံရှင် ကိုတိုးအောင်၏ စိတ်ထဲ၌မူ**

**'ဘယ်သူမပြု၊ မိမိမှုတဲ့၊ အကုသိုလ်ကံ အကျိုးပေးကလည်း နေ့တောင် မကူးပါလား၊ အကြွေးမထားတတ်တဲ့ ဝဋ်ဆိုတာ ဒါမျိုး ထင်ပါရဲ့' ဟု**



www.burmeseclassic.com



"ဟာ··ဆီပုံးတွေ ထပေါက်ကုန်ပြီဟေ့··၊ လေကလည်း ကြမ်းလာနေပြီ၊ တစ်ရွာလုံးပြန့်ကုန်ရင်တော့ မတွေးဝံ့စရာပဲဗျာ··၊ ဒုက္ခပါပဲ··"

ကိုတိုးအောင်သည် ရွာသားများနှင့်အတူ ရေနှောကာ မီးကို ဝိုင်းဝန်းငြိမ်းသတ်ပေးနေသည်။

ထိုစဉ် မီးလုံးကြီးတစ်ခုသည် မီးတောက်မီးလျှံများကြားထဲက လွင့်ပျံတက်လာပြီး လေနှင့်အတူ ရွာမြောက်ပိုင်းသို့ ပျံဝဲလွင့်ပါသွားသည်ကို ရင်တထိတ်ထိတ်ဖြင့် ဝိုင်းကြည့်နေကြ၏။ ရွာမြောက်ပိုင်းသားအချို့ မီးလုံးသွားရာနောက်သို့ ပြေးလိုက်သွားကြသည်။ ထိုသူများထဲတွင် ကိုတိုးအောင်သည် ရှေ့ဆုံးမှ ပါလာ၏။

မီးလုံးကြီးမှာ ကိုတိုးအောင်၏ အိမ်ဘက်သို့ ဦးတည်လျက်ရှိသဖြင့် ကိုတိုးအောင်မျက်လုံးများ ပြာသွားပြီး ဘာကိုမျှ မမြင်နိုင်တော့တဲ့ အိမ်ဘက်သို့ အားသွန်၍ ပြေးလိုက်သည်။ ထိုစဉ် သစ်ငုတ်တစ်ခုကို ခလုတ်တိုက်ပြီး ကိုတိုးအောင်တစ်ကိုယ်လုံး မြေကြီးနှင့် ကိုင်ရိုက်လိုက်သလို ပစ်ကျသွား၏။

နာကျင်သည့်ဝေဒနာကို ပြင်းထန်စွာ ခံစားနေရစဉ် မြောက်ပိုင်းသားတစ်ဦး၏ အော်ဟစ်ပြောဆိုသံက ကိုတိုးအောင်၏နားထဲသို့ သံရည်ပူနှင့် အလောင်းခံလိုက်ရသကဲ့သို့ ဝင်ရောက်လာ၏။

"ဟာ··မီးလုံးကြီး တိုးအောင်တို့ အိမ်ခေါင်မိုးပေါ် တည့်တည့်ကျသွားပြီဟေ့··၊ တိုးအောင်တို့တော့ ဒုက္ခပါပဲကွာ··၊ တိုးအောင်ရေ··၊ ဟေ့··တိုးအောင်··"

"ကျွန်တော် ဒီမှာပါဗျ၊ ခလုတ်တိုက်ပြီး ပစ်ကျသွားတာ ခြေသလုံးရိုးတွေ ကျိုးကုန်ပြီလား မသိဘူး၊ ခြေထောက် လုံးဝကို ထောက်လို့ မရတော့ဘူး၊ လုပ်ကြပါဦးဗျာ··၊ ကျွန်တော့်သား ကျွန်တော့်မိန်းမ၊ ကျွန်တော့်အမေကို ကယ်ပေးကြပါဦး··"

အဖြစ်အပျက်က မြန်ဆန်လွန်းလှပါသည်။ ကိုယ်ကို တစောင်းလှဲ၍ ညာတစ်တောင်ဖြင့် ထောက်ကာ အိမ်ဘက်သို့ တရွေ့ရွေ့လာနေသော တိုးအောင် အိမ်နားသို့ အရောက်တွင် ကိုတိုးအောင်တို့ တစ်အိမ်လုံး မီးဟုန်းဟုန်းတောက်လောင်နေပြီ ဖြစ်သည်။ ကိုတိုးအောင် အမောဆို့ကာ ခြံစည်းရိုးအစပ်တွင် သတိလစ်လဲကျသွား၏။

ကိုတိုးအောင် ပြန်သတိရလာသောအခါ သူ့အနားတွင် သူ့အား စိုးရိမ်ပူ

ကိုတိုးအောင်တစ်ယောက် လဲကျရာမှ အားယူထလာပြီး ပေါက်တူးကို တောင်ဝှေးကဲ့သို့ အားပြုကာ ဒယီးဒယိုင်ဖြင့် ရှေ့ဖက်သို့ တရွေ့ရွေ့ ကြိုးစားလျှောက်လာနေ၏။ အရိုက်ခံထားရသည့် ချိုစောင်းမှ သွေးများက မျက်နှာပေါ်သို့ စီးကျလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



**ကိုတိုးအောင်က ပေါက်တူးရိုးဖြင့် ကန့်လန့်ဖြတ်ပင့်ခံလိုက်ပြီး ရှေ့သို့ ခြေတစ်လှမ်းတက်ကာ ဦးဘထွန်းအား ရိုက်ဟန်ပြင်လိုက်သည်။ ထိုစဉ် ခွပ် ဟူသော အသံတစ်ချက်နှင့်အတူ ကိုတိုးအောင်တစ်ယောက် လယ်ကန်သင်းရိုးပေါ်သို့ အရုပ်ကြိုး ပြတ်လဲကျသွားတော့၏။ နောက်မှဝင် လာသည့် ဘမြင့်က ကိုတိုးအောင်အား အရင်ဦးအောင် ရိုက်ချလိုက်ခြင်းဖြစ်သည်...**

---

ပန်စွာ ဝိုင်းကြည့်နေကြသည့် မစပယ်နှင့် မိခင်ဒေါ်မြခက်ကို တွေ့လိုက်ရ၏။

"မစပယ်..၊ သားရောဟင်..၊ သား.. ဘယ်မှာလဲ..၊ မစပယ်နဲ့ အမေတို့ ဘာမှမဖြစ်ဘူးနော်.."

"သားလေးရှိပါတယ် အစ်ကို..၊ မစပယ်တို့အားလုံး ဘာမှ အထိအခိုက် မရှိပါဘူး၊ အိမ်တော့ ပြာပုံအတိ ဖြစ်သွားပြီလေ၊ အဝတ်အစား အချို့နဲ့ အတွင်းပစ္စည်းလေးတွေပဲ ရလိုက်တယ်၊ အခု မစပယ်တို့ရောက်နေတာ ရွာဦး ဘုန်းတော်ကြီးကျောင်းက ဇရပ်တစ်ခု မှာပါ။ ဘုန်းဘုန်းနဲ့ ရွာသားတွေအားလုံးက မစပယ်တို့ကို ဝိုင်းဝန်းကူညီကြပါတယ်"

မစပယ် ရေဆက် ပြောဆိုရှင်းပြနေသော စကားသံများကို ကိုတိုးအောင် မကြားနိုင်တော့။ သူ့စိတ်အာရုံတွင် နွေစပါး စတင်စိုက်ပျိုးစဉ်က ရေလုရာမှ ရွာတောင်ပိုင်းသား ဦးဘထွန်းတို့ လူသိုက်နှင့် ရိုက်ပွဲဖြစ်ခဲ့ပုံများ၊ နွေစပါးများ ရိတ်သိမ်းပြီးစအချိန်တွင် ဦးဘထွန်း၏ စပါးကိုထောင်အနီးရှိ ကောက်ရိုးပုံသို့ တိတ်တဆိတ်သွားရောက်ပြီး မိမိကိုယ်တိုင် ဆေးလိပ်မီးပစ်ခဲ့ပုံ၊ ကောက်ရိုးပုံကို မီးစွဲလောက်မှ အိမ်သို့ပြန်လာပြီး အိပ်မောကျနေပုံ ဟန်ဆောင်ခဲ့ပုံ၊ စပါးကိုထောင်ကြီး မီးဟုန်းဟုန်း တောက်လောင်နေပုံကိုကြည့်ပြီး ကျေနပ်အားရစွာ ပီတိဖြာခဲ့ရပုံ၊ နောက်ဆုံး မီးလုံးကြီး တစ်ခု ကောင်းကင်ထက်သို့ ပျံတက်ပြီး မိမိ၏ အိမ်ခေါင်မိုးပေါ်သို့ကျကာ မီးကူးစက်လောင်ကျွမ်းနေပုံကို ကြည့်ပြီး ရှူးမတတ်ခံစားခဲ့ရပုံများကို ရုပ်ရှင်ပြကွက်ပမာ အတွေးဖြင့် ပြန်လည်မြင်ယောင်နေမိသည်။

ရွာတောင်ပိုင်းရှိ ဦးဘထွန်း၏ စပါးကိုထောင် မီးလောင်ကျွမ်းရာမှ ရွာမြောက်ပိုင်းရှိ ကိုတိုးအောင်အိမ်သို့ ခုန်ကျော်ပြီး မီးကူးစက်လောင်ကျွမ်းခဲ့ပုံများကို တစ်ရွာလုံးက အံ့ဩစွာဖြင့် ပြော၍ မဆုံးနိုင်အောင် ရှိကြသည်။ ဦးဘထွန်းနှင့် ကိုတိုးအောင်တို့အကြား ရှိခဲ့သည့် ရန်ငြိုးရန်စကို မသိရှာသည့် ရွာသားများက ထိုကိစ္စကို ထူးခြားလှသည့် ဖြစ်ရပ်တစ်ခုအဖြစ် ရိုးသားစွာ ရှုမြင်သုံးသပ်ကြသည်။ ကာယကံရှင် ကိုတိုးအောင်၏ စိတ်ထဲ၌မူ "ဘယ်သူမပြု မိမိမှုတဲ့၊ အကုသိုလ်ကံ အကျိုးပေးကလည်း နေ့တောင် မကူးပါလား၊ အကြွေး မထားတတ်တဲ့ ဝဋ်ဆိုတာ ဒါမျိုး ထင်ပါရဲ့" ဟု တိတ်တခိုးလေး တွေးနေမိသည်။

စပါးတင်း ထောင်ချီ၊ ကာလတန်ဖိုး သိန်းရာချီ ဆုံးရှုံးပျက်စီးခဲ့ရသည့် ဦးဘထွန်းတို့တွင် နေစရာအိမ်နှင့် ရင်းနှီးစားသောက်စရာ အတွင်းပစ္စည်းများ အပြည့်အစုံရှိနေသဖြင့် ဟန်မပျက်လှသော်လည်း အိုးမဲ့အိမ်မဲ့၊ ခြေမဲ့လက်မဲ့ ဘဝသို့ ရုတ်တရက် ကျရောက်သွားခဲ့ရသည့် ကိုတိုးအောင်တို့မိသားစုလေးမှာ ဘဝကို မည်သို့မည်ပုံ ပြန်စရမည်ကိုပင် မတွေးတတ်အောင် ရှိပါတော့သည်။

ကိုကိုမောင် (အင်းလေး)



www.burmeseclassic.com



# ထွန်းအောင်ရင်

## ပွဲဈေးတန်းက လူလိမ်များ



www.burmeseclassic.com

www.burmeseclassic.com



■

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါက်မြို့နယ်ကျေးရွာများရှိ တောင်သူကြီးများအား (သမဝါယမ) စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ပေးသည့် သတင်းဖတ်ရသည်။ ကျွန်တော့်ရွာက ပေါင်မြို့နယ်အတွင်းမှာရှိ၍ ရွာကလူများလည်း ရပေကြပေတော့မည်ဟု မုဒိတာပွားရပြန်သည်။

"အစ်ကိုရေ…ရွာက ဘုရားပွဲနီးနေပြီနော် … ဒီနှစ်တော့ ကျွန်မတို့သားအမိ မလိုက်နိုင်တော့ဘူး…အစ်ကိုသွားချင်ရင် တစ်ယောက်တည်းသာသွားပေတော့…"

ဇနီးဖြစ်သူမာဦး၏ မီးဖိုထဲမှ လှမ်းပြောသံကြောင့် ရွာမှရှေးဟောင်းဘုရားပွဲဖြစ်ရန် ရက်နီးနေပြီဖြစ်ကြောင်း သတိရသွားသည်။ မနှစ်က ဘုရားပွဲတွင် လောင်းကစားဝိုင်းများခွင့်ပြုခဲ့၍ ဒေသခံရွာသူရွာသားများ ရှုံးသူများပြောင်းကာ ဒုက္ခဖြစ်ခဲ့ကြသည်ကို သိထားသဖြင့် ယခုနှစ်တွင် ကစားဝိုင်းလက်မခံဖို့ ပြောခြင်းထက် လူလိမ်တွေ လိမ်စားကြတာကို သိထားသဖြင့် ယခုနှစ်တွင် ကစားဝိုင်းလက်မခံဖို့ ပြောခြင်းထက် လူလိမ်တွေ လိမ်စားကြတာကို အလုပ်နှင့်သက်သေပြရန် စိစဉ်ထားခဲ့သည်။ အချိန်မီ ရွာကိုကြွသွားကာ သက်ဆိုင်ရာလူကြီးများကို လက်တွေ့ပြဖို့ ဆုံးဖြတ်လိုက်ပါသည်။

* * * * *

ရွာကိုရောက်သည့်နေ့မှာပင် သက်ဆိုင်ရာ လူကြီးများနှင့် တွေ့ဆုံရန် ဖိတ်ကြားလိုက်သည်။

"လူလည်းစုံပြီမို့ ကျွန်တော်အခုလို ဖိတ်ရတဲ့ အကြောင်းလေးပြောပါရစေ … အဓိကအကြောင်းကတော့ ယခုနှစ် ကျွန်တော်တို့ရွာက ဘုရားပွဲမှာ အရင်နှစ်တွေလိုပဲ မော်လမြိုင်ဇာတ်တစ်ဇာတ် ငှားမယ်…အဲဒီငှားခကို ကစားဝိုင်းဒိုင်ချုပ်လုပ်တဲ့သူက သူ့အဖွဲ့ငွေနဲ့ ငှားပေးမယ်လို့ သိထားရပါတယ်…" ဘကြီးဖြစ်သူထံမှ သိထားခဲ့သော စာကြောင်းကို ကျွန်တော်စ၍ တင်ပြလိုက်သည်။

"ဟုတ်တယ်လေ…တို့ရွာမှာက ပွဲငှားဖို့ ငွေမှမရှိတာ…အရင်လည်း ဒီလိုလုပ်ခဲ့ကြတာပဲလေ…"

"ဟုတ်ပါတယ် … ကျွန်တော် ရှင်းပြပါရစေ … ဘုရားပွဲသုံးရက်မှာ ကစားဝိုင်းက နေ့ရောညပါ ဖြစ်မှာမို့ ကျွန်တော်တို့ ရွာသားတွေ အခုရထားတဲ့ စိုက်ပျိုးစရိတ် ချေးငွေတွေနဲ့ 'လောင်းကစားလုပ်ကြတော့မယ်ဆိုတာ ဦးကြီးတို့ အားလုံးသိကြမှာပါပဲ"

"ဒါက…သူတို့ အပိုင်းဘဲလေကွာ…ငါတို့က တားမြစ်ပိုင်ခွင့်မရှိဘူးလေ…မိုက်တဲ့သူ လောင်းကြ၊ အသိရှိတဲ့သူ မလောင်းနဲ့…သူ့ထိုက်နဲ့ သူ့ကံပဲ… ငါတို့က ဘာတတ်နိုင်မှာလဲ"

ဦးလေးစိန်ပန်းက ပွင့်ပွင့်လင်းလင်း ပြောလာသည်။

"ဦးလေးပြောသလို လောင်းကစားလုပ်ချင်တဲ့လူက ရွာမှာကလေးရော လူကြီးပါ သုံးပုံနှစ်ပုံလောက်ရှိနေတော့ ရွာကငွေတွေ ဆုံးရှုံးမှုအများကြီးဖြစ်တော့မှာကို စိုးရိမ်စိတ်နဲ့ ကျွန်တော်လာခဲ့တာပါ"

"မင်း တားမြစ်လို့ရော ရမှာမို့လား…"

"ကျွန်တော်တားမြစ်လို့လည်း မရပါဘူး…တခြားလူတွေ မပြောနဲ့…ကျွန်တော့်အမျိုးတွေကိုတောင် ကျွန်တော်ပြောလို့ မရနိုင်ပါဘူး…"

"ဒါဖြင့် ငါ့ဦးက ဘယ်လိုလုပ်စေချင်တာလဲ…ပွင့်ပွင့်လင်းလင်းသာပြောပါကွာ…"

ရပ်ကျေးဥက္ကဋ္ဌ ကိုအုန်းမြင့်က လိုရင်းကိစ္စကို မေးလာခဲ့သည်။

"ဟုတ်ကဲ့အစ်ကို ကျွန်တော်ပြောပါ့မယ်…ဒါက ကျွန်တော့်မိန်းမတောက်တူဝမ်းကွဲပါ… သူ့နာမည်က ထွန်းထွန်းလို့ခေါ်ပါတယ်…ရန်ကုန်မှာပဲနေတာပါ"



www.burmeseclassic.com

ကစားသမားတွေရဲ့ လိမ်နည်းပေါင်းစုံကို နောကြေအောင် သိနေတဲ့လူပါ‥ အခု သူနဲ့အတူ ကစားဝိုင်းထဲမှာ အသုံးပြုနေတဲ့ လောင်းကစား ပစ္စည်းလေးတွေ ရှာကြံပြီး ယူခဲ့ပါတယ်‥‥ ကျွန်တော်တို့ လက်တွေ့ပြတာကို သည်းခံပြီး ကြည့်ပေးကြပါ‥ ပြီးရင် ကျွန်တော်တို့ ဘာကိုဆိုလိုသလဲလို့ အားလုံး သိသွားကြမှာပါ‥

"မင်းညွှေ့သည်က ဘယ်လိုများ တို့ရွာဘုရားပွဲနဲ့ ပတ်သက်လို့လဲ‥ ရှင်းပါဦး မောင်ရာ"

ဘကြီးအုန်းဖေက ဝင်ထောက်၍ မေးပြန်သည်။

"ထွန်းထွန်းက ဘုရားပွဲနဲ့တော့ မပတ်သက်ပါဘူး‥လောင်းကစားပွဲနဲ့တော့ ပတ်သက်ပါတယ်‥အရင်တုန်းက အထက်အညာဘုရားပွဲတွေမှာ ထွန်းထွန်းက (၁၂) ပွဲဈေးသည်ပါ‥ ဈေးလည်းရောင်းတယ်‥‥ကစားဝိုင်း လုပ်ခွင့်ရတဲ့ နေရာတွေမှာလည်း ကစားဝိုင်းလုပ်တယ်‥‥ဒါကြောင့် ကစားသမားတွေရဲ့ လိမ်နည်းပေါင်းစုံကို နောကြေအောင် သိနေတဲ့လူပါ‥အခုသူနဲ့အတူ ကစားဝိုင်းထဲမှာ အသုံးပြုနေတဲ့ လောင်းကစားပစ္စည်းလေးတွေ ရှာကြံပြီး ယူခဲ့ပါတယ်‥‥ကျွန်တော်တို့ လက်တွေ့ပြတာကို သည်းခံပြီးကြည့်ပေးကြပါ‥ပြီးရင် ကျွန်တော်တို့ ဘာကိုဆိုလိုသလဲ လို့ အားလုံးသိသွားကြမှာပါ‥‥"

ကျွန်တော်က စကားကို ရှည်ရှည်ပြောပြီး အဆင်သင့်ယူလာသော ပစ္စည်းများကို လူကြီးများရှေ့သို့ ထုတ်၍ မျက်လှည့်ပွဲမှာ ခင်းကျင်းသလို ပြင်ဆင်လိုက်ပါသည်။ အားလုံးအဆင်သင့်ဖြစ်သည်နှင့် -

"ကဲ ထွန်းထွန်း မောင့်ရင့်အလှည့်ရောက်ပြီ"

ထွန်းထွန်းက အားလုံးကို အရိုအသေပေးပြီး

"ဒါက ခြသေ့ံတစ်ဖက် ပန်းတစ်ဖက်နဲ့ အရင်တုန်းက ကျပ်စိဖြစ်ပါတယ်‥‥အားလုံးသိကြမှာပါ" ဟုပြောပြီး တစ်ကျပ်တန် အလေးစိကြီးကို လူကြီးတွေ လက်ထဲထည့်ပေးလိုက်သည်။

"အားလုံးကြည့်ပြီးရင်တော့ ဒီ အဝတ်ဖြူပေါ်တင်ပေးပါ"

"ဟ မျက်လှည့်ပြမလို့လားကွဲ"

"မဟုတ်ပါဘူး‥လောင်းကစားနိုင် တွေ ဘယ်လိုလိမ်သလဲဆိုတာ လက်တွေ့ ပြမလို့ပါ"

ထွန်းထွန်းက အဝတ်ဖြူအခင်းပေါ် သို့ ပိုက်ဆံပြားကို တင်လိုက်သည်။ ပလတ်စတစ်ရေခွက်တစ်ခု တောင် လိုက်ပြီး အုပ်လိုက်သည်။ ရေခွက်ကို ဝိုင်းနေအောင် လှည့်ပါတော့သည်။

"ကဲ ဘကြီးတို့ ဦးဥက္ကဋ္ဌတို့ ဘာက ထိုးမလဲဟုပြော၍ ရှေ့က ကပ်ပြားပေါ် တွင် ပန်းတစ်ဖက် ခေါင်းတစ်ဖက် ရေးထားသော ပန်ချီကားကို လက်ညှိုး ထိုးပြလိုက်သည်။ တချို့က ခေါင်း တချို့က ပန်းဟုထိုးကြသည်။

ထွန်းထွန်းက အားလုံးကို အက ခတ်သလို တစ်ချက်ကြည့်လိုက်ပြီး


"ပန်းသမားက များတယ်‥ ခေါင်းသမားက နည်းတယ်‥‥ကျွ တော်က ခေါင်းကိုဖွင့်ပါ့မယ်"

ဟုပြော၍ ပလတ်စတစ်ရေခွက် ကို လှန်လိုက်ရာ ခေါင်းဖြစ်နေသည် နောက်ထပ်အကြိမ်ပေါင်းများစွာ လုပ် သည်။ အများကြိုက်တာကို မဖွင့်ဘဲ အနည်းကြိုက်တာကိုသာ ဖွင့်သည်


www.burmeseclassic.com

www.burmeseclassic.com





တစ်ခါမှ အမှားမပါပေ။ သူပြောသည့်အတိုင်း ဖွင့်လိုက်လျှင် ဖြစ်နေလေသည်။

"ဟာ···ခေါင်းနဲ့ ပန်းက ဒီက ညီလေးဖြစ်စေချင်သလို ဖြစ်နေတာပါလား···"

ရပ်ကျေးက ဥက္ကဋ္ဌက သူ့အမြင်ကို ပြောသည်။

"ဖြစ်နေတာ မဟုတ်ပါဘူး···အကိုကြီး။ ကျွန်တော်ဖြစ်စေချင်တာကို လုပ်ယူလို့ရတာပါ··· အကြိမ်တစ်ရာလုပ်လည်း မမှားအောင် ကျွန်တော်လုပ်ပြနိုင်ပါတယ်"

ထွန်းထွန်းလုပ်ပြသည်ကို ဝိုင်း၍ ကြည့်နေကြသော လူကြီးများတအံ့တသြ ဖြစ်နေကြသည်။

"ဒီက ငါ့တူလုပ်ပြတာ ရှင်းရှင်းလေးပါပဲ··· လိုသလို ဖြစ်အောင် ဘယ်လိုလုပ်သလဲဆိုတာသာ မသိတာ"

"နောက် ကျွန်တော်ပြောပြပါ့မယ်··နောက်လောင်းကစားနည်းတစ်ခုကိုလည်း ကျွန်တော်လက်တွေ့ပြပါဦးမယ်"

ထွန်းထွန်းက မျက်လှည့်ပြသလို ကျော်ပိုးအိတ်ထဲမှ ပစ္စည်းတချို့ကို ထပ်၍ထုတ်လိုက်ကာ ဖြန့်သည်။

"ဒါကို ဦးလေးကြီးတို့ ကြည့်ကြပါ···"

ဟုပြောပြီး ရွာလူကြီးများကို သစ်စား အန်စာတုံးလေး ပေးလိုက်သည်။

"ဟာ···တစ်ဖက်က ငါးရုပ်၊ တစ်ဖက်က ဖားရုပ်လေးပါလား···"

"ဟုတ်ပါတယ် မျက်နှာစာ (၄) ဖက်မှာ ဖားနဲ့ငါးကို ကျောချင်းကပ်ဆွဲထားတဲ့ သစ်သားအန်စာတုံးလေးပါ"

အန်စာတုံးလေးက အလျား (၃) လက်မ၊ အနံ (၂) လက်မခန့်ရှိသော သစ်သားတုံးပေါ်တွင် သဘော်ဆေးဖြင့် ဖားရုပ် (၂) ကောင်နှင့် ငါးရုပ် (၂) ကောင် ဆွဲထားခြင်းဖြစ်သည်။

"တချို့နေရာတွေမှာ မိချောင်းနဲ့ လိပ်၊ ငမန်းနဲ့ မြွေစသဖြင့် အရုပ်မတူပေမဲ့ လိမ်နည်းလိမ်ပုံကတော့ အတူတူပါပဲ"

ထွန်းထွန်းက သစ်သားတုံးကို ပြန်ယူပြီး အုပ်ဆောင်းသဏ္ဌာန် ထွင်းထားသော သစ်သားအုံခွက်တစ်ခုထဲသို့ ထည့်လိုက်သည်။ သစ်သားတုံးနှင့် သစ်သားခွက်မှာ နီးပြားလေးလောက်သာ လွတ်နေ၍ လေးဘက်လေးတန် အံဝင် ခွင်ကျဖြစ်နေသည်။ ထိုခွက်ကို လူကြီးများထံသို့ လှမ်းပေးလိုက်ပြီး -

"အဲ့ဒီခွက်ထဲက မျက်နှာစာမှာ ဘာပုံပေါ်နေလဲခင်ဗျ"

"ဖားပုံပေါ်နေတယ်"

"ငါးပုံပေါ်လာအောင် သစ်သားတုံးကို အပြင်မထုတ်တဲ့ လက်နဲ့လှည့်ကြည့်ပါ"

လူကြီးတစ်ယောက်နှစ်ယောက်က ခွက်ထဲတွင် လှည့်ကြည့်သည်။

"ဘယ်ရမလဲ ကွက်တိဝင်နေတာ"

ထွန်းထွန်းက သစ်သားခွက်ကို ပြန်ယူလိုက်ပြီး အန်စာတုံးကို ဘယ်ဘက် လက်ဖဝါးပေါ်သို့ မှောက်ချလိုက်သည်။ လက်ဖဝါးပေါ်တွင် ငါးပုံပေါ်နေသည်ကို တွေ့ရသည်။

"ဦးကြီးတို့ ကျွန်တော် ဒီငါးပုံပေါ်နေတဲ့ အန်စာတုံးပေါ် ဒီသစ်သားအုပ်ကို မှောက်ချလိုက်မယ်···သေချာကြည့်ထားကြပါ···"



www.burmeseclassic.com

လူကြီးအားလုံး စိတ်ဝင်တစား ကြည့်နေကြသည်။

လက်ဖဝါးပေါ်မှ အန်စာတုံးကို လုံးဝအုပ်လိုက်ပြီးချိန်တွင် သူ့ရှေ့မှ အဝတ်ဖြူပေါ်သို့ အသာအယာချထားလိုက်သည်။ ပြီးနောက် ဖားနဲ့ငါးပုံဆွဲထားသည့် ဖျင်စအထူကို ရှေ့မှာခင်းကာ -

“ကဲ ဦးကြီးတို့ ဘယ်ဘက်ကိုထိုးမှာလဲ…”

“ငါတို့က ငါးပုံပေါ်ကို သေချာအုပ်လိုက်တာ တို့အားလုံးမြင်နေတာဘဲ…ငါးဘက်ကို ထိုးမှာပေါ့”

ထွန်းထွန်းက လက်တစ်ဖက်တည်းနှင့် သစ်သားအုပ်ကို အသာအယာဖွင့်လိုက်ရာ…

“ဟာ…ဖားဖြစ်နေပါလား…”

**လက်ဖဝါးပေါ်မှ အန်စာတုံးကို လုံးဝ အုပ်လိုက်ပြီးချိန်တွင် သူ့ရှေ့မှ အဝတ်ဖြူပေါ်သို့ အသာအယာ ချထားလိုက်သည်။ ပြီးနောက် ဖားနဲ့ငါးပုံ ဆွဲထားသည့် ဖျင်စအထူကို ရှေ့မှာခင်းကာ…**

“ကဲ နောက်တစ်ခါ ကျွန်တော် ပြန်လုပ်ပြမယ်…ဟောဒီမှာ ဖားနော်… ကျွန်တော်အုပ်လိုက်ပြီ…”

ပိတ်ဖြူစပေါ် အုပ်ကိုအသာချလိုက်ပြီး

“ကျွန်တော် ဘာကောင်ဖွင့်ရမလဲ…”

“ကျွန်တော်ကြည့်ရတာ…ဖားသမားက များနေတယ်…ငါးသမားက (၃) ယောက်တည်းဆိုတော့ ကျွန်တော် အနည်းကိုလျှော်လိုက်မယ်” ဟုပြောပြီး အုပ်ကိုဖွင့်လိုက်ရာ ငါးဖြစ်နေပြန်သည်။

“မင်းအုပ်လေး ဘကြီးကို ခဏလောက် ပြန်ပေးပါဦး”

ထွန်းထွန်းက သစ်သားတုံးနှင့် အုပ်ကို ကမ်းပေးလိုက်ရာ ဘကြီးစံမြင့်က သစ်သားတုံးကို အုပ်ထဲထည့်ကြည့်လိုက်၊ လှည့်ကြည့်လိုက်၊ ပြန်ထုတ်ကြည့်လိုက် လုပ်နေပြီး…

“အေးကွ…ဘယ်လိုမှ လှည့်ပြလို့မကို မရဘူး…ငါတို့က တန်ခိုးများရှိနေသလားပဲ…” ဟု ရယ်မောရွှေ ပြောပါသည်”

“ကျွန်တော့်မှာ ဘာတန်ခိုးမှ မရှိဘူး…ဒါပေမဲ့ လူတိုင်းလုပ်လို့တော့ မရပါဘူး…နောက် ကျွန်တော်ရှင်းပြပါ့မယ်…”

“လောင်းကစားဒိုင်တွေက သူဖွင့်ချင်တာကို ဖွင့်လို့ရနေမှတော့ ကြာရင် ထိုးသားတွေငွေကုန်ပြီး မွဲရုံပဲ ရှိတော့မှာပေါ့”

ရပ်ကျေး ဥက္ကဋ္ဌက သူ့အမြင်ကို



ပြောလေသည်။

“အခု ကျွန်တော်ပြခဲ့တဲ့ ကစားနည်း နှစ်ခုလုံးမှာ အဓိကကတော့ လက်ရဲ့ ကျွမ်းကျင်မှုပါပဲ…

ပိုက်ဆံကျပ်စေ့ကို ပလတ်စတစ်ရေခွက်နဲ့ ကျွန်တော်လှည့်တဲ့အခါ မှာ ကျွန်တော့်ရဲ့ ကျွမ်းကျင်မှုကြောင့် ပိုက်ဆံက ခွက်ထဲမှာ လည်မသွားဘဲ အလိုက်သင့် ခွက်ဘေးနားမှာထောင်ပြီးနေတယ်…ကျွန်တော်ခွက်ကို ဖွင့်တဲ့အခါ ကျွန်တော့်ဘက်ကို အသာလေးဖွင့်ချင်ဖွင့်မယ်…ထိုးသားဘက်ကို အသားလေးဖွင့်ချင်ဖွင့်မယ်…ကျွန်တော် ခေါင်းလိုချင်လား ပန်းဖြစ်ချင်လား ပေါ်မှာ မူတည်ပါတယ်… ကျွန်တော့် ပိုက်ဆံအဝတ်စပေါ် လဲကျသွားတာ ဘယ်သူမှ မသိလိုက်ဘူး လိုချင်တဲ့ဘက်က ပေါ်နေမှာပါဘဲ…ကျွန်တော် ပြန်လုပ်ပြပါ့မယ်”

ထွန်းထွန်းကလုပ်နည်း လုပ်ဟန်ကို သေချာလုပ်ပြလိုက်ရာ လူကြီးများအားလုံး လက်ခံသွားကြပြီး

“ဟုတ်တယ်ဟေ့…နိုင်လုပ်သူရဲ့ ကျွမ်းကျင်လေ့လာမှုကို ထိုးသားတွေက မသိတော့ နိုင်လုပ်သမျှခံကြရတာပေါ့ကွာ…”

“နောက်…ဒီငါးနဲ့ ဖားကလည်း ဟောဒီသစ်သားခွက်ရဲ့ သုံးပုံနှစ်ပုံ ဒီနေရာလေးမှာ ဘယ်လိုမှ မသိနိုင်အောင် အံစာတုံးကို လှည့်လို့ရတဲ့ တစ်နေရာ ရှိနေပါတယ်… ဟောဒီမှာကြည့်ပါ”

ထွန်းထွန်းက သစ်သားခွက်ကို လက်ညှိုးထိုး၍ပြသည်။ သေသေချာချာ စနစ်တကျထွင်းထားသောကြောင့် သာမာန် မျက်စိဖြင့် မမြင်နိုင်ပါချေ။

“ကျွန်တော် အန်စာတုံးကို အုပ်လိုက်တဲ့အခါမှာ ဒီဘယ်ဘက်လက်ခလယ်လေးနဲ့ တစောင်းလေး လှည့်လိုက်ပြီး အုပ်လိုက်တာပါ…အဝတ်ပေါ်မှာလည်း အထဲက အန်စာတုံးက တစောင်းလေးပဲ ရှိနေတယ်…ကျွန်တော် အသာဆွဲဖွင့်ရင် ကျွန်တော့်ဘက်ကို လဲကျသွားပြီး ဘာကောင်ဆိုတာ ကျွန်တော်သိနေသလို ထိုးသားဘက် ယိုင်ပြီးဖွင့်ရင်လည်း ဘာကောင်ဆိုတာ သိနေတာမို့ ကျွန်တော် ဖွင့်ချင်တဲ့အကောင်ကို ဖွင့်လို့ ရပါတယ်…”

ထွန်းထွန်းက ဖြည်းဖြည်းချင်းလုပ်ပြလိုက်ရာ

“ဟာ…ဟုတ်တယ်ဟေ့…ထိုးသားတွေ ဘယ်လိုမှ မတွေးမိတဲ့ လျှို့ဝှက်ချက်ပဲ ငါတို့ မင်းကိုတော့ ကျေးဇူးတင်တယ်ကွာ…ငါတို့က အရင်နှစ်တွေ ကစားဝိုင်းလာလုပ်နေကြတာ သူ့ကံ ကိုယ့်ကံပဲဆိုပြီး အပျော်သဘောထားကြတာ…ခုလို နွားသေကို ကြိုးချည်ရိုက်သလို ဖြစ်နေမှတော့ တို့ရွာသားတွေ မကုန်ရင် ဘယ်သူကုန်တော့မှာလဲ”

“ကျွန်တော့်မှာ ပစ္စည်းတွေပါလာလို့ ကျွန်တော်ပြောပြပါဦးမယ်…ရှေ့ဘောလုံးဆိုတဲ့ ကစားနည်းဟာလည်း သေချာလိမ်တဲ့ကစားနည်းပါပဲ၊ ဦးကြီး

ကျွန်တော် အန်စာတုံးကို အုပ်လိုက်တဲ့အခါမှာ ဒီဘယ်ဘက် လက်ခလယ်လေးနဲ့ တစောင်းလေး လှည့်လိုက်ပြီး အုပ်လိုက်တာပါ.. အဝတ်ပေါ်မှာလည်း အထဲက အန်စာတုံးက တစောင်းလေးပဲ ရှိနေတယ်… ကျွန်တော် အသာ ဆွဲဖွင့်ရင် ကျွန်တော့်ဘက်ကို လဲကျသွားပြီး ဘာကောင်ဆိုတာ ကျွန်တော် သိနေသလို…


www.burmeseclassic.com

www.burmeseclassic.com



တို့ တွေ့ဖူးကြလား…"

"တွေ့ဖူးတယ်…နှစ်တိုင်းတို့ရွာ ဘုရားပွဲမှာ လူကြိုက်အများဆုံးပဲ… မိန်းကလေးချောချောလေးတွေ အရှေ့မှာ စီတန်းထိုင်နေပြီး အစိမ်း၊ အနီ၊ အဝါ အကွက်တွေနဲ့ ထိုးကြေးလက်ခံနေကြတာ အနောက်မှာ စားပွဲခုံအကြီးကြီးနဲ့ ချိုင့်ခွက်တွေ အရောင်ခိုးထားပြီး မီးတွေထွန်းထားတာမှ အပြည့်ပဲ၊ အဲ့ဒီမှာ လူအစည်းဆုံးဘဲဟေ့"

"ဟုတ်ပါတယ်…ပလတ်စတစ်ဘောလုံးအရွယ်တော်လေးကို ခုံပေါ်ပစ်ချပြီး ဟိုလိမ့်လိုက်ဒီလိမ့်လိုက်နဲ့ နောက်ဆုံးငြိမ်သွားတဲ့ ချိုင့်ခွက်ထဲမှာ သူ့အရောင်အလိုက် ပေါက်ကောင်အလျော်အစားလုပ်ကြတာ ဦးကြီးတို့ သိကြမှာပေါ့…"

"သိတယ်…တစ်ဆကိုသုံးဆ တောင်လျော်တာ ဒါကြောင့် လောင်းသမားပိုများတယ်…မိန်းမယောက်ျား ကလေး၊ လူကြီး အကုန်ထိုးကြတယ်၊ ခုံအောက်ခုံပေါ်မှာလည်း ရှင်းနေတာပဲ၊ အားလုံးမြင်နေရတော့…မသမာတဲ့ နည်းနဲ့ ဘာမှ လုပ်မထားဘူးလို့ ထင်တာပဲ…"

"ဟုတ်ပါတယ်…ဒီကစားဝိုင်းကို ပရိသတ်အမြင် ရှင်းအောင်လုပ်ထားတယ်…ဘာမှ မသင်္ကာစရာမရှိဘူး ဘောလုံးကို ယူကြည့်လို့လဲရတယ် ရိုးရိုး ပလတ်စတစ်ဘောလုံး ပါးပါးလေးပဲ…သူတို့တစ်တွေရဲ့ လျှို့ဝှက်ချက်က ဘောလုံးလည်းမဟုတ်ဘူး…ကစားတဲ့ ခုံလည်းမဟုတ်ဘူး…ချိုင့်ခွက်လို့ထွင်ရတဲ့ စက္ကူကတ်ထူခွက်တွေက စပီကာ၊ ဆောင်းဘောက်တွေပါ…တစ်ခုနဲ့တစ်ခု သွယ်တန်းထားတဲ့ ကြိုးတွေကို အပျောက်ဖျောက်ထားပြီး အပြာလေးလား၊ အနီလေးလား၊ အဝါလေးလားနဲ့ အော်နေတဲ့ လူ့ရဲ့လက်ထဲက ကြိုးမဲ့မိုက်နဲ့ ချိတ်ဆက်ထားတာပါ ဘောလုံးက ချိုင့်ခွက်ထဲဝင်တော့မယ်လုပ်လိုက်၊ ထိုးကြေးများမယ့် အရောင်ဖြစ်နေရင် သူ့လူတွေဆီက အချက်ပြတာကို လှည့်ကြည့်လိုက်ပြီး အသံကို တင်အော်လိုက်တာနဲ့ စပီကာ အသံလှိုင်းနဲ့ ပြန်မှုတ်ထုတ်လိုက်သလိုဖြစ်သွားတာ ဘောလုံးက ပြန်ထွက်သွားပြန်ရော လူတွေအထိုးနည်းတဲ့ ခွက်ထဲလည်းရောက်ရော အသံကို နှိမ့်ပြီး တိုးတိုးလေးနဲ့ လျှော့ပြောလိုက်တော့ ပြန်မထွက်တော့ဘဲ ငြိမ်သွားတော့တာပဲ…အဲဒီမှာ ဒိုင်က အများကို သိမ်းကြုံးစားပြီး အနည်းကို လျော်ပေးလိုက်တယ်…"

"ဒါဆို သူတို့လိုချင်တဲ့အကွက်ထဲ လိုသလို လုပ်ယူလို့ရတာပေါ့နော်…"

"ဟုတ်ကဲ့…ဒိုင်စိတ်ကြိုက်အကွက်ထဲ ပေးဝင်လို့ရပါတယ်…ဒါကို မသိတဲ့ ထိုးသားတွေ…ငွေမျော ငွေ





www.burmeseclassic.com

www.burmeseclassic.com



> သူတို့တစ်တွေရဲ့
> လျှို့ဝှက်ချက်က
> ဘောလုံးလည်း
> မဟုတ်ဘူး...
> ကစားတဲ့ ခုံလည်း
> မဟုတ်ဘူး။
> ချိုင့်ခွက်လို့ထင်ရတဲ့
> စက္ကူကတ်ထူခွက်တွေက
> စဝီကာ၊
> ဆောင်းဘောက်တွေပါ..
> တစ်ခုနဲ့ တစ်ခု
> သွယ်တန်းထားတဲ့
> ကြိုးတွေကို
> အပျောက်ဖျောက်ထားပြီး
> အပြာလေးလား။
> အနီလေးလား။
> အဝါလေးလားနဲ့
> အော်နေတဲ့
> လူ့ရဲ့လက်ထဲက
> ကြိုးမဲ့ဖိုက်နဲ့
> ချိတ်ဆက်ထားတာပါ...

နဲ့လိုက်တော့ အိမ်ပေါင်ခြံပေါင် ကျွဲနွား ပေါင်ကြတဲ့အထိ ရှုံးကြရတာပါပဲ.. "

"ငါတူပြောသလိုဆိုရင် ဘုရားပွဲ တွေမှာ ကစားဝိုင်းလုပ်ခွင့်ပေးလိုက်ရင် သူတို့ မတည်ပေးလိုက်တဲ့ ငွေကနည်း နည်း၊ ကျေးရွာထဲက ပြန်ယူသွားတဲ့ငွေ က များများ ဖြစ်နေတော့ ဘုရားပွဲ ပြီး သွားတဲ့အခါ ရွာခံလူထုတွေ ဖွတ်တက် သလို ဖြစ်သွားကြရတာကို ခုလိုလက် တွေ့ပြောပြတာ သိလိုက်ရတော့ ဒီလိုလူ လိမ်တွေကို ကစားဝိုင်းလုပ်ခွင့်ပေးဖို့ မပြောနဲ့ ရွာထဲတောင် အဝင်ခံဖို့ မကောင်းဘူး..."

ကျွန်တော်လိုချင်သော အချိန်ကို ရောက်ခဲ့ပြီဖြစ်ပါသည်။

"ဟုတ်ပါတယ်...ကျွန်တော်က ဒါတွေကို လက်တွေ့ပြချင်လို့ ဒိုင်လုပ် ဖူးတဲ့ မောင်ထွန်းထွန်းကို အကူအညီ တောင်းပြီး ရွာကို တကူးတကခေါ်ခဲ့တာ ပါ...ကျွန်တော့်အပြောနဲ့အဆို အရာ မရောက်မှန်းသိလို့ ခုလိုလက်တွေ့မြင် အောင် လုပ်ပြနိုင်းခဲ့တာပါ..."

ထွန်းထွန်းကပါ ထပ်၍ရှင်းပြပြန် သည်။

"ကျွန်တော်က အခုကစားဝိုင်း အလုပ်မလုပ်တော့ပါဘူး ကောင်းရောင်း ကောင်းဝယ်ပဲ လုပ်ပါတော့တယ် ကျေး ရွာလူထုတွေ ဒုက္ခရောက်ကြတာ ကျွန် တော်အများကြီး မြင်ခဲ့တွေ့ခဲ့ပြီးပါပြီ၊ ဒါကြောင့် ဒီအလုပ်ကို ကျွန်တော် စွန့်လွှတ်ခဲ့တာပါ ...အခြားလောင်း ကစားနည်းတွေ အကုန်လုံးဟာလည်း လိမ်စားတဲ့နည်းတွေချည်းဘဲ...အမှန် အကန်သမားတစ်ယောက်မှ မရှိဘူး။

ဒါကြောင့် အခုလိုသိထားပြီးရင် ကိုယ့်ငွေကို အလကားသက်သက် အဆုံးရှုံးမခံကြပါနဲ့...ဒါမှ ကျွန်တော် လာပြရကျိုးနပ်မှာပါ ...ကျွန်တော် ရွာလူထုအပေါ် မတရားနည်းနဲ့ ငွေရှာခဲ့ ဖူးတာကို ယခုလို ပြန်ကူညီချင်လို့ ဖော်ကောင်လုပ်ရတာပါ..." ဟု သူ့ အဖြစ်ကို ပြောပြပါသည်။

"အားလုံးပဲ ကျွန်တော်တို့ ည ကားနဲ့ ရန်ကုန်ပြန်ကြမှာမို့ နှုတ်ဆက် ပါတယ်..."

"ရပ်ကျေးအဖွဲ့က လူကြီးတွေနဲ့ ဂေါပကလူကြီးတွေ ဆက်ပြီးဆွေးနွေးကြ ပါ...ဘုရားပွဲစည်စည်ကားကားဖြစ်ဖို့ အတွက် အခြားနည်းလမ်းတစ်ခုခုကို စဉ်းစားတိုင်ပင်ကြပါခင်ဗျာ..."

"ညီလေးတို့ နှစ်ယောက်လုံးကို ကျေးဇူးတင်ပါတယ်ကွာ...တို့ရွာသား တွေတင်မကဘူး တခြားရွာက လူတွေ ကပါ ကယ်တင်လိုက်တဲ့အတွက် မင်း တို့လည်း ကုသိုလ်ဖြစ်ပါတယ်..."

* * * * *

ကျွန်တော်တို့ နှစ်ယောက်ရန်ကုန် ပြန်ခဲ့ကြပြီး ဘုရားပွဲရက်တွင် ရွာသို့ ကျွန်တော် နောက်တစ်ခေါက်ရောက်ဖြစ် ခဲ့ပါသည်။ ကစားဝိုင်းလုံးဝလုပ်ခွင့်မပေး ဘဲ စည်စည်ကားကားဖြစ်နေသော ဘုရားပွဲကို တွေ့လိုက်ရ၍ ဝမ်းသာကြည် နူး ပီတိဖြစ်ခဲ့ရပါသည်။

ထွန်းအောင်ရှင်



www.burmeseclassic.com

စာမျက်နှာ (၁၄၆) မှ အဆက်

ဆိတ်ငယ်ကလေးနှင့်
သူ၏မိခင်
ဆိတ်မကြီးတို့ကို
မိုင်ပေါင်းများစွာဝေးသော
နေရာတို့တွင်
ခွဲ၍ထားကာ
သတ်မှတ်ထားသော
အချိန်၊ နာရီ၊ စက္ကန့်တွင်
ဆိတ်ငယ်ကလေးကို
ခေါင်းဖြတ်သတ်လိုက်၏။
ထိုတစ်ချိန်တည်းမှာပင်
အဝေးတစ်နေရာမှ
ဆိတ်မကြီး၏
ခန္ဓာကိုယ်သည်
ဆတ်ခနဲ
ဓာတ်လိုက်သလို
တွန့်၍ သွားလေ၏။
အံ့ဖွယ်ရာတည်း။

သူ ချစ်သူ နန်းခမ်း၏ဓာတ်ပုံကိုကြည့်ပြီး ပြန်လာပါစေဟု စိတ်ညွှတ်ဆုတောင်းနေလျက် ရှိနေသေး၏။ ဒါကို သူ၏ ဇနီးသည်က မသိကျိုးကျွံပြုထားသဖြင့် လွတ်လပ်စွာ လုပ်ဆောင်ခွင့်ရနေလေ၏။ စိုင်းနော်က လင်ယောကျ်ားကောင်းတို့၏ ဝတ္တရားအတိုင်း ဦးဆောင်ဦးရွက်ရှာဖွေကျွေးမွေးမှု ရှိနေသည်ကြောင့်လည်း ဇနီးသည်က မပြောသာ၍လည်း ဖြစ်လေ၏။

ဇနီးမောင်နှံနှစ်ယောက် ဒိုးတူပေါင်ဖက် လုပ်ကိုင်ကြရင်း သမီးငယ်လေးနှင့် ပျော်ပါးစွာနေကြသော်လည်း ရွာတွင် ကာလဝမ်းရောဂါဆိုးကြီးက သူတို့၏ရွာသားတော်တော်များများကို သေတွင်းသို့ ဆွဲခေါ်သွားလေရာ စိုင်းနော်၏မိဘတွေလည်း ပါသွား၏။ သူ၏ ဇနီးနှင့် သမီးကလေးတို့ကိုလည်း အလွတ်မပေး၊ နှိပ်စက်ကလူ ပြုသွားလေ၏။

စိုင်းနော်လည်း အရှုံးတစ်ပိုင်းဖြစ်ရပြန်ချေ၏။ မိမိနေရပ်ကိုစွန့်၍ ဖြစ်သလို နေထိုင်စားသောက်ခဲ့ရလေ၏။ တစ်ရွာဝင်တစ်ရွာထွက် သွားလာခဲ့လေ၏။ နောက်ဆုံးတွင်တော့ မြန်မာနိုင်ငံ အရှေ့ဖျားရှိ တာချီလိတ်မြို့ကလေးဆီသို့ ရောက်ရှိခဲ့လေတော့၏။



တာချီလိတ်ရှိ တာလေအမည်ရ ဈေးကြီးအတွင်းရှိ စားသောက်ဆိုင်နှင့် တွဲဖက်ရှိနေသော တည်းခိုခန်းတွင် ဝင်ရောက် နားခိုလေ၏။ တည်းခိုခန်းတွင် ရေမိုးချိုး သန့်စင်ပြီး ထမင်းဟင်းလျာများကို မှာယူစားသောက်လေ၏။

ထမင်းဟင်းများ လာရောက်ပေးပို့သူ ရှမ်းတရုတ်စပ် မိန်းမပျိုလေးကို တွေ့ရသည့်အခါ လွန်စွာမှပင် တအံ့တသြ ဖြစ်သွားလေ၏။ သေကွဲကွဲခဲ့ရသော ချစ်သူလေး နန်းခမ်း၏ မျက်နှာသွင်ပြင်နှင့် ခွဲ၍မရအောင် တူလွန်းသောကြောင့်ပင်ဖြစ်လေ၏။ နန်းခမ်းကလေးများလားဟူ၍ပင် ထင်မိလေ၏။

စိုင်းနော်နှင့်တူ မိန်းမပျိုလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း စိုင်းနော်ကို တခုတ်တရ ကြည့်နေလေ၏။ စူးစမ်းသောအကြည့်များဟု ထင်မိလေ၏။

ဤတွင် စိုင်းနော်က မိမိအိပ်ကပ်ထဲ အမြဲထည့်ဆောင်ထားသော ဓာတ်ပုံလေးကို ထုတ်ယူလိုက်ပြီး-

"သူငယ်မ . . စိတ်မရှိနဲ့နော်၊ ဟောဒီဓာတ်ပုံလေးကိုကြည့်စမ်း၊ မင်းနဲ့ တူလွန်းလှတယ်ကွယ် . ."

မိန်းမပျိုလေးသည် စိုင်းနော်ကမ်းပေးသော ဓာတ်ပုံလေးကို ယူ၍ ကြည့်လေ၏။ သို့သော် ထူးခြားဟန်မပြ။ အပြုံးတစ်ဝက်ဖြင့် -

"ကျွန်မဟာ နန်းခမ်းမှ နန်းခမ်းပါပဲရှင် . .၊ အစ်ကိုစိုင်းနော်ကို လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ကျွန်မ သေနတ်မှန်ပြီး သေအံ့မူးမူးမှာ ပြန်လာမယ်လို့ ပြောခဲ့ပါတယ်၊ ကျွန်မရဲ့ဓာတ်ပုံကိုကြည့်ပြီး အစ်ကို ကျွန်မကို စိတ်ညွှတ်ဆုတောင်း၊ ဆုယူပြုခဲ့တယ် မဟုတ်လား။ ကျွန်မလည်း အစ်ကိုစိုင်းနော်ဆီ စိတ်ညွှတ်ပြီး မျှော်နေခဲ့တာ ၁၅ နှစ်ရှိခဲ့ပါပြီ ဝမ်းသာလလိုက်တယ် အစ်ကိုရယ်"

ဟု ဆိုကာ မိန်းမပျိုလေးသည် လဲပြိုကျသွားလေ၏။

ထိုသည်နေ့မှစ၍ သူမသည် ယခင်ဘဝဟောင်း၏ အကြောင်းကို မပြောတော့ပေ။ မေး၍လည်း မရတော့။ ဘာမှလည်း မသိတော့ပြီဟု ဆိုသည်။



စိုင်းနော်သည် ထိုမိန်းမပျိုလေး၊ တစ်နည်းအားဖြင့် နန်းခမ်းကို လက်ထပ် ထိမ်းမြားပြီး တာချီလိတ်တွင်ပင် တစ်အိုးတစ်အိမ်ထူထောင်ကာ သက်ထက်ဆုံး နေထိုင်သွားပါလေတော့သတည်း။

ဤသည်ကား ဆရာကြီး တင်မောင်သန်း ပြောပြခဲ့ပါသော စိတ်ချင်းဆက်နွှယ်မှုဆိုင်ရာ ဇာတ်လမ်းတစ်ပုဒ်ပင် ဖြစ်လေ၏။

ဆရာကြီးပြောခဲ့သော စိတ်ညွှတ်ဇာတ်လမ်းသည် ကျွန်ုပ်ဖတ်ရှုခဲ့ရသော စိတ်ဆက်နွှယ်မှုများနှင့်မတူ၊ တစ်မူထူးခြား ဆန်းပြားလှချေ၏။

သက်ရှိလူသားတို့ချင်း စိတ်ချင်းဆက်နွှယ်နေမှုမဟုတ်ဘဲ တစ်ဘဝခြားသော်လည်း စိတ်ညွှတ်မှုကြောင့် ချစ်သူနှစ်ဦး ပြန်လည်ဆုံတွေ့ခဲ့ရသည်မှာ အံ့ဖွယ်ကောင်းသော စိတ်ဆက်နွှယ်မှု ဖြစ်လေ၏။

ပုံပြင်ဆန်လှသော်ငြား စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းတစ်ပုဒ်ဟု ဆိုချင်ပါတော့သတည်း။

ကိုမောင်သန်းဆင်



www.burmeseclassic.com

www.burmeseclassic.com


စာမျက်နှာ (၄၉) မှ အဆက်

သည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ မေလလဆန်းပိုင်းအထိ လီလီထွေးတင်ပို့ပေးသော ခဲတုံးများကို စိုင်းဝင်းခိုင်ကိုယ်တိုင် မန္တလေး အလင်းရောင် ကားဂိတ်မှ ထုတ်ယူခဲ့ပြီး နေအိမ်တွင် ခေတ္တသိမ်းဆည်းထားပေးသည်။ နေအိမ်သို့ရောက်ရှိပြီး နှစ်ရက် သုံးရက်အကြာ သိမ်းဆည်းထားသော ခဲတုံးများကို အားလျှန်ကိုယ်တိုင်သော်လည်းကောင်း၊ တစ်ခါတစ်ရံ အားလျှန်တပည့် တရုတ်ကလေးတစ်ဦးတို့မှ ကုန်တင်ကားကြီးဖြင့် လာရောက် သယ်ယူသွားကြောင်း စိုင်းဝင်းခိုင်မှ ပြောဆို ပြသည်။

"ခဲတုံးတွေကို ဘယ်လိုသယ်မယ်လို့ ပြောသလဲ"

"မူဆယ်ကနေ တရုတ်ပြည်ကို သယ်မယ်လို့ ပြောပါတယ်"

"ခဲတုံးတွေကို ထုတ်ယူသိုလှောင်လို့ စိုင်းဝင်းခိုင်အတွက် အကျိုးအမြတ် ဘာရသလဲ"

"ကျွန်တော့်အတွက် အချိန်ကုန်လူပန်းတာကလွဲလို့ ဘာအကျိုးအမြတ်မှ မယူပါဘူး။ တစ်ယောက်နဲ့တစ်ယောက် အခကြေးငွေယူရမယ့်သူတွေလည်း မဟုတ်ပါဘူး"

စီးပွားရေးသမားချင်း ရင်းနှီးသူများဖြစ်လို့ အပြန်အလှန် ကူညီမှုရှိတာ မှန်ပါသည်။ သို့သော် မရိုးသားသူ၏ မသမာမှုကြောင့် ရိုးသားစွာကူညီဆောင်မသူမှာ လတ်တလော ဝေဒနာဖြစ်ရခြေပြီ။

လီလီထွေးနှင့် စိုင်းဝင်းခိုင်တို့၏ သတ္တုတုံးများ တင်ပို့၊ သယ်ဆောင်၊ ထုတ်ယူမှုကို သိလို၍ စုံထောက်စံထူးကိုယ်တိုင် မန္တလေးမြို့ရှိ စိုင်းဝင်းခိုင်ထံသို့ ခဲမဖြူ သတ္တုတုံးများကို (၁၄-၁-၂၀၁၂)ရက်နေ့မှ (၄-၅-၂၀၁၂)ရက်နေ့အထိ အလီလီပေးပို့ထားသော ကုန်ပို့လွှာဖြတ်ပိုင်း(ပြေစာ)များက မန္တလေး အလင်းရောင် ကားဂိတ်တွင် အထင်အရှား ရှိနေခဲ့ပါသည်။ ဒါကိုကြည့်လျှင် အမှုနှင့်ပတ်သက်သော ခဲမဖြူသတ္တုတုံး(၁၀၁၅)တုံးသည် တရုတ်နိုင်ငံသား အားလျှန်လက်ဝယ်မှ တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားခဲ့ပြီမှာ သေချာသလောက်ဖြစ်သည်။

သက်သေခံသတ္တုတုံးများအား တစ်ဖက်နိုင်ငံသို့ သယ်ဆောင်သွားရာလမ်းကြောင်း စုံစမ်းလေ့လာကြည့်သည်။ မန္တလေးမှ မူဆယ်သို့သွားရာ ပြည်ထောင်စုလမ်းမကြီးတွင် ရှာဖွေစစ်ဆေးရေးဂိတ်များရှိသည်။ ၂၀၁၂ ခုနှစ်အတွင်း ထိုစစ်ဆေးရေးဂိတ်များမှ တရားမဝင် ခဲမဖြူသတ္တုတုံးများ ဖမ်းဆီးအရေးယူမှုမရှိကြောင်း သိရသည်။ ဒါကို ကြိုတင်သိထားသော တရုတ်နိုင်ငံသား အားလျှန်သည် ကုန်းလမ်းခရီးထက် မြစ်ကြောင်းအတိုင်း ရေလမ်းမှ ဆန်တက်သွားဖွယ်ရှိသည်။ သစ္စာမဲ့သော နိုင်ငံ့ဝန်ထမ်း၊ ကိုယ်ကျိုးကိုသာ သိသောပွဲစားနှင့် အလစ်သမား တိုင်းတစ်ပါးသားတို့၏ မသမာမှုကြောင့် မြန်မာ့သတ္တုရတနာများသည် ပြည်ပသို့ ရောက်ရှိသွားခဲ့ပါတော့သည်။

အခန်း(၉)

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုလုပ်ငန်း၊ ခဲမဖြူသတ္တုသန့်စင်စက်ရုံ၊ ဂိုထောင်အမှတ်(၂)အတွင်း ပြည်ပသို့ တင်ပို့သော (အေ)အဆင့်ရှိ သန့်စင်ပြီး ခဲမဖြူသတ္တုတုံး (၁၀၁၅)တုံး ကာလတန်ဖိုး ငွေကျပ်(၂၇၇၂၆၆၆)သိန်း ပျောက်ဆုံးမှုမှာ မှန်ကန်ပါသည်။ သို့ကြောင့်မို့ပင် တာဝန်ရှိသူ စက်ရုံမှူး ဦးတင်အေးမှ တရားလို(အမှုတိုင်သူ) ပြုလုပ်၍ သက်ဘမကင်းသူ ဂိုထောင်မှူးနှင့် ဂိုထောင်စာရေးအပါအဝင် (၁၀)ဦးကို ရဲလက်သို့အပ်နှံခဲ့သည်။ ပျောက်ဆုံးသောပစ္စည်းနှင့် တန်ဖိုးတို့မှာ ကြီးမြင့် များပြားမှုကြောင့် အထက်ဌာန၏ တာဝန်ပေးမှုဖြင့် မှုခင်းရဲတပ်ဖွဲ့မှ အမှုစစ်အရာရှိ စုံထောက်စံထူးနှင့်အဖွဲ့က လွှဲပြောင်းလက်ခံ စုံစမ်းစစ်ဆေးခဲ့ပါသည်။

စတင်စစ်ဆေးစဉ်ကပင် ဆန်နိုးမမိ ဖွဲနိုးမိဆိုသလို စွန့်ပစ်ပစ္စည်းများမှ ထုတ်ယူရရှိသော သာမန်အောက်အဆင့်ရှိ သတ္တုတုံး(၂၀)ကို အလွဲသုံးစား ပြုခဲ့၍ သက်ဆိုင်ရာဌာနမှ တရားလိုပြုလုပ်ပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူတို့ကို အမှုဖွင့်အရေးယူခဲ့ရပါသည်။ အဓိကကျသော (အေ)အဆင့်ရှိ ခဲမဖြူသတ္တုတုံးများ ပျောက်ဆုံးမှုတွင် ညောင်မြစ်တူးတော့ ပုတ်သင်ဥပေါ်ဆိုသလို အမှုဖွင့်တိုင်ကြားခဲ့သော တရားလို စက်ရုံမှူးဦးတင်အေးသည် ပင်လျှင် ပြစ်မှုကျူးလွန်သူအဖြစ်သို့ ကူးပြောင်းသွားခဲ့ပါသည်။

အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဤဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းတွင် အဓိကဇာတ်ဆောင်မှာ စက်ရုံမှူးဦးတင်အေးပင်ဖြစ်ကြောင်း တွေ့မြင်ကြပါလိမ့်မည်။ ဦးတင်အေး၏ ဇာတ်ရုပ်ကို အတူပါဝင်ခဲ့ကြသော ပွဲစားခင်မောင်သိန်း(ခ)ရှဖီး၊ ဂိုထောင်မှူး ဦးစန်အောင်၊ ဂိုထောင်စာရေး ဦးစိန်အေးနှင့် ဝန်ထမ်းများက ဇာတ်ပို့ဇာတ်ရံများအဖြစ် ပါဝင်လှုပ်ရှားခဲ့ကြပါသည်။ ဇာတ်ပို့ဇာတ်ရံများ၏ ပီပြင်မှုကြောင့် ပျောက်ဆုံးသွားသော ခဲမဖြူသတ္တုတုံးများ၏ သွားရာလမ်းကြောင်းကိုလည်း စုံထောက်စံထူးမှ မီးမောင်းထိုးပြခဲ့ပြီး ဖြစ်ပါသည်။


www.burmeseclassic.com

အမှုမှ သက်သေခံပစ္စည်းအဖြစ် ပွဲစား ခင်မောင်သိန်း (ခ) ရှဖီးထံမှ ပျောက်ဆုံးသွားသော သတ္တုတုံးများ လွှဲပြောင်းရောင်းချရာမှ အကျိုးအမြတ်ဆို ငွေကျပ်သိန်း(၄၀၀)၊ စက်ရုံမှူးဦးတင်အေးနေအိမ်ဗီရိုအတွင်းမှ ငွေကျပ်(၁၀၄)သိန်းကျော်နှင့် သက်သေခံ စာရွက်စာတမ်း အထောက်အထားများ ရရှိခဲ့ပါသည်။ ပြစ်မှုကျူးလွန်သူ နှစ်ဦးကလည်း ၎င်းတို့သဘောဆန္ဒအတိုင်း ပြစ်မှုကျူးလွန်ခဲ့ပုံကို တရားရုံး၌ ဖြောင့်ချက်ပေးသည်။ ထို့အတူ တွေ့မြင်သိရှိကြသော သက်သေအချို့ကလည်း သူတို့၏စိတ်ဆန္ဒအတိုင်း တရားရုံးတွင် ကြိုတင်ထွက်ဆိုခဲ့ကြသည်။

ဤအမှုတွင် ပြစ်မှုကျူးလွန်ရာ၌ ပါဝင်၊ ပတ်သက်၊ တာဝန်မကင်းသူ(၇)ဦးရှိသည်။ ထိုသူများမှာ ဦးတင်အေး (စက်ရုံမှူး)၊ ဦးစန်အောင်(ဂိုထောင်မှူး)၊ ဦးစိန်အေး(ဂိုထောင်စာရေး)၊ ခင်မောင်သိန်း(ခ)ရှဖီး(ပွဲစား)၊ သိန်းမြင့်စိုး (ခင်မောင်သိန်းတပည့်)၊ ဇော်မြင့်(ခင်မောင်သိန်းတပည့်)နှင့် အားလျှန်- (တရုတ်နိုင်ငံသား)တို့ ဖြစ်သည်။ သိန်းမြင့်စိုး၊ ဇော်မြင့်နှင့် အားလျှန်တို့(၃)ဦးမှာ တိမ်းရှောင်ထွက်ပြေးနေကြသည်။

ကျူးလွန်သူများကို ပြစ်မှုနှင့် ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ရရှိရေးအတွက် အမှုစစ်အရာရှိ စုံထောက်စံထူးမှ ဥပဒေပညာရှင်ထံ အကြံဉာဏ်တောင်းခံရပါသည်။ ခိုင်လုံသော သက်သေများ၊ ပြည့်စုံသော အထောက်အထားများနှင့်အတူ (အေ)အဆင့်၊ ခဲမဖြူသတ္တုတုံး(၁၀၁၅)တုံး အလွဲသုံးစားမှုတွင် ပြစ်မှုကျူးလွန်သူ ဦးတင်အေး၊ ဦးစန်အောင်၊ ဦးစိန်အေးနှင့် ခင်မောင်သိန်း(ခ)ရှဖီးတို့(၄)ဦးကို ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၀၉ အရလည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူ သိန်းမြင့်စိုး၊ ဇော်မြင့်နှင့် အားလျှန်တို့(၃)ဦးကို အပက-၃၊ ပြစ်မှု-၁၀၉၊ ကျင့် ၅၁၂ တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ပါသည်။ ဒါက တစ်မှု။

နောက်တစ်မှုရှိပါသေးသည်။ ဤသည်မှာ စွန့်ပစ်ပစ္စည်းများကို ကြိုချက်၍ ထွက်ရှိလာသောသတ္တုတုံး(၂၀)ကို အလွဲသုံးစားမှုဖြစ်သည်။ ထိုအမှုတွင် ပြစ်မှုကျူးလွန်ခဲ့ကြသော ဦးတင်အေး (စက်ရုံမှူး)နှင့် ခင်မောင်သိန်း(ခ)ရှဖီး (ပွဲစား)တို့အား ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၃)၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရ တောင်ပိုင်းခရိုင် တရားရုံးသို့ပင် တရားစွဲတင်ပို့ခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူ (၇) ဦးတွင် အဆင့်အတန်းနှစ်မျိုးကို တွေ့ရသည်။ တစ်မျိုးမှာ နိုင်ငံ့ဝန်ထမ်းဖြစ်၍ ကျန်တစ်မျိုးမှာ စီးပွားရေးသမားတို့ဖြစ်သည်။ စီးပွားရေးသမားဆိုသည်မှာ အမြှောင်ရလျှင် ယူမည်။ အလကားပေးလျှင် နည်းသေးသည်ဟု ထင်မှတ်ကြသော ဝိသမလောဘသမားများ ဖြစ်သည်။ ထိုသူများသည် အာဏာရှိသူ၊ ပါဝါရှိသူ၊ စွမ်းဆောင်ရည်ရှိသော နိုင်ငံ့ဝန်ထမ်းများကို ငွေကြေး၊ ဥစ္စာပစ္စည်းတို့ဖြင့် ချည်းကပ်၍ မိမိတို့လိုရာကို တောင်းဆိုကြမည်။ ဝိသမလောဘသမားနှင့် သစ္စာမဲ့သော နိုင်ငံ့ဝန်ထမ်းတို့ သဘောကြည်ဖြူကြသောအခါ နိုင်ငံပိုင်၊ အများပြည်သူပိုင်၊ ဌာနပိုင် ဥစ္စာပစ္စည်းများ ဆုံးရှုံးခဲ့ရပါသည်။

ယခုအမှုတွင် နိုင်ငံ့ဝန်ထမ်း အဆင့်၌ လူတန်းစားနှစ်မျိုးကို တွေ့ရမည်။ ဤသည်မှာ အုပ်ချုပ်သူလူတန်းစားနှင့် အုပ်ချုပ်ခံလူတန်းစားတို့ ဖြစ်သည်။ အုပ်ချုပ်သူလူတန်းစားမှ တရားမဝင်၊ ဥပဒေမဲ့အလုပ်ကို အုပ်ချုပ်ခံလူတန်းစားကို တာဝန်ပေးခိုင်းစေခဲ့သည်၊ အုပ်ချုပ်ခံလူတန်းစားက လည်း သိလျက်နှင့် အငြင်းမဖက်ဘဲ ဓားခုတ်ရာ လက်ဝင်လျှိုခဲ့သည်။ ဥပဒေမဲ့ပြုသော အုပ်ချုပ်သူ၏ ပြုလုပ် မှုသည် အပြစ်ရှိသလို၊ အပြစ်မှန်း သိပါ လျက် ငြင်းဆန်ရန် ပျက်ကွက်ခဲ့သော အုပ်ချုပ်ခံ လူတန်းစားတွင်လည်း အပြစ်ရှိပါသည်။ ပွင့်လင်းမြင်သာမှု ရှိနေပြီဖြစ်သော ယနေ့ခေတ်ကာလတွင် အုပ်ချုပ်သူက တရားဥပဒေနှင့်အညီ မှန်ကန်သော အလုပ်တာဝန်ကို စေခိုင်းလာသည့်အခါ အုပ်ချုပ်ခံသူက အဂတိတရား ကင်းရှင်းစွာဖြင့် တာဝန် ကျေပွန်စွာ ထမ်းဆောင်ရမှာဖြစ်သည်။ အုပ်ချုပ်သူက မတရားသဖြင့် ဥပဒေမဲ့ စေခိုင်းမှုမျိုးကို အုပ်ချုပ်ခံသူက လုံးလုံးလျားလျား ငြင်းဆန်၍ ကန့်ကွက်ရမည်။ ဤသို့ဆိုလိုရခြင်းမှာ ယခုအမှုမှ အုပ်ချုပ်ခံ လူတန်းစားနှစ်ယောက်၏ ဖြစ်စဉ်ကို ပမာတင်၍ အသိပေးရခြင်း ဖြစ်ပါသည်။

ဤအမှုတွင် အုပ်ချုပ်သူ၏ တရားမဝင်၊ ဥပဒေမဲ့ အလွဲသုံးစားမှုကို သိလျက်နှင့် ဝိဘက်ကြမ္မာငင်ခဲ့ကြသော အုပ်ချုပ်ခံလူတန်းစားများ၊ ဝိသမလောဘသမားများ၏ မဟုတ်မမှန် ပြုခဲ့မှုကြောင့် မြန်မာ့သတ္တုရတနာများ ဆုံးရှုံးခဲ့ရသည်။ ဤသည်ကို အကြောင်းပြု၍ "စုံထောက်စံထူးနှင့် ခြစားခံရ သော သတ္တုတုံးများ"ဟု ပမာပြုရပါကြောင်း။

စုံထောက်မောင်ရွေ



www.burmeseclassic.com

www.burmeseclassic.com



# ဗေဒင်

၇ ရက်သားသမီးများအတွက်

# ကံကြမ္မာစုံဇာတာ

၂၀၁၄ ခု၊ အောက်တိုဘာလ

### တနင်္ဂနွေသားသမီးများ

ဒီတစ်ပတ်အတွင်းမှာ **ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်တို့ရဲ့ အလှူ၊ မင်္ဂလာ၊ ပွဲလမ်းသဘင်၊ သာရေး၊ နာရေးကိစ္စတွေအတွက် မိမိစားဖို့သောက်ဖို့ထဲက ဖဲ့ပြီး ရှာကြံထောက်ပံ့နေရတတ်ပါတယ်။ တစ်ဖွတ်ထိုးတွေ လုပ်မိပြောမိတတ်တာကို သတိပြုပါ။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ထိုးမုန့်ကပ်လှူပြီး ဆုတောင်းပါ။ သဗ္ဗာဒေဝ မနုဿာနံဂုဏ်တော်ကို အခေါက် ၅၀ ရွတ်သွားပါ။

– ခရမ်းရောင်၊ အပြာရင့်ရင့် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ဒါန်းညွန့် ၅ ညွန့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် သုံ့ပူးအပေါင်းတစ်ပူးပေါ်မှာ (င) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ မြတ်စွာဘုရားမှာ မလိုင် ၉ လုံး လှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၅ အစ၊ ၈ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ကန်စွန်းညွန့် ၆ ညွန့်နဲ့ ၈ ချက် ရိုက်ပါ။

BURMESE CLASSIC

### တနင်္လာသားသမီးများ

ဒီတစ်ပတ်အတွင်းမှာ **ဝါးသွားပေါ်က ပျားရည်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ရန်အန္တရာယ်တွေများလွန်းသလို အောင်မြင်မှုကြီးတွေလည်း ကြုံရတတ်ပါတယ်။ အပြောင်းအရွှေ့၊ နေရာသစ်၊ လုပ်ငန်းသစ်၊ ခရီးသွားလာရေးတွေ ပိုကောင်း ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ သောက်တော်ရေ ၆ ခွက် ကပ်လှူပြီး ဆုတောင်းပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။

– အပြာရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ သပြေညွန့် ၆ ညွန့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် စက္ကူတစ်ရွက်ပေါ်မှာ (ည) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ကြာသပတေးထောင့်မှာ မေမြို့ပန်း ၁၉ ပွင့်လှူပြီး ဆုတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



– ထီထိုးချင်ရင် ၆ အစ၊ ၉ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို စံပယ်ပန်း ၁၅ ပွင့်နဲ့ပေါက်ရင်းဆုတောင်းပါ။

**အင်္ဂါသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ **လေထဲတိုက်အိမ်ဆောက်** ဆိုတဲ့ကိန်းမျိုး ကြုံနေရတတ်ပါတယ်။ ထင်ထား၊ တွက်ဆထားတာတွေကတစ်ခြား၊ လက်တွေ့ကြုံရတာတွေကတစ်ခြားဖြစ်နေပြီ စိတ်ဓါတ်ကျ၊ အားငယ်ရတာမျိုး၊ စိတ်ကြောင့်ကျန်းမာရေးထိခိုက်တာမျိုးတွေ ကြုံရတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ဆီးယိုကပ်လှူပြီး ဆုတောင်းပါ။ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်ကို အခေါက် ၃၀ ရွတ်သွားပါ။

– အညိုရောင်၊ ကြက်သွေးရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ စံပယ် ၃ ကုံး ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ကျောက်ခဲတစ်လုံးပေါ်မှာ (င) လို့ရေးပြီး အမိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ စံပယ် ၅ ကုံးလှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၃ အစ၊ ၆ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ကန့်စွန်း ၂၃ ညွန့်နဲ့ ၂၃ ချက် ရိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ **ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ မျက်နှာလည်းပွင့်၊ ကံလည်းပွင့်၊ လာဘ်လှည်းပွင့်မယ့်အချိန်ပါပဲ။ မအောင်မြင်ခဲ့တဲ့အလုပ်တွေကို ပြန်ပြီး ကြိုးစားသင့်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ရေခဲမုန့်ကပ်လှူပြီး ဆုတောင်းပါ။ လောကဝိဒူဂုဏ်တော်ကို အခေါက် ၄၀ ရွတ်သွားပါ။

– အစိမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ရွှေပန်း ၄ ပွင့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် စာရွက်တစ်ရွက်ပေါ်မှာ (ည) လို့ရေးပြီး အမိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ စံပယ် ၂၃ ကုံးလှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၄ အစ၊ ၁ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ဇော်စိမ်း ၅ ညွန့်နဲ့ ၂၃ ချက် ရိုက်ပါ။

**ကြာသပတေးသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ **သိကြားမကိန်း ဆိုက်ချိန်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ မိတ်ဆွေကောင်း ဆရာကောင်းတို့ရဲ့ အကူအညီကောင်းတွေ ပေါ်လာတတ်ပါတယ်။ ထီပေါက် မဲပေါက်သလို ကံထူးတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ပေါင်မုန့်ကပ်လှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။

– အဝါရောင်၊ ရွှေရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ မေမြို့ပန်း ၅ ပွင့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရွက်လှရွက်တစ်ရွက်ပေါ်မှာ (ဝ) လို့ရေးပြီး အမိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ တနင်္ဂနွေထောင့်မှာ အုန်းညွန့် ၆ ညွန့်လှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၅ အစ၊ ၂ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီ ၁၀ ပွင့်နဲ့ ၁၀ ချက် ရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**သောကြာသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ခရီး၊ အပြောင်းအရွှေ့၊ အစီအစဉ်အသစ်များ အကျိုးပေးချိန်ဖြစ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ သံပုရည်ရည်ကပ်လှူပြီး ဆုတောင်းသွားပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။

– အပြာရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ သပြေ ၆ ညွန့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မြေအိုးတစ်လုံးမှာ (ပ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ အုန်းရေလှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၆ အစ၊ ၃ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွန့် ၆ ညွန့်နဲ့ ၂၁ ချက် ရိုက်ပါ။

**စနေသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ ငွေလိုချင်ရင် ငွေဖြစ်ရမယ် ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ငွေကြေး၊ ရာထူး၊ ဆု၊ နာမည်ဂုဏ်သတင်း၊ ကား၊ နိုင်ငံခြား ... စတာတွေမှာ အောင်မြင်မှုကြီးတွေ ပေါ်လာတတ်ပါတယ်။ ပွဲလမ်းသဘင်တွေ ကြုံရတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ နွားနို့ကပ်လှူပြီး ဆုတောင်းသွားပါ။ ဂုဏ်တော် ၉ ပါးကို ၇ ခေါက် ရွတ်သွားပါ။

– အရောင်ရင့်ရင့် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ နှင်းဆီပန်း ၇ ပွင့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရွက်လှရွက်တစ်ရွက်ပေါ်မှာ (လ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့သောကြာထောင့်မှာ သောက်တော်ရေ ၆ ခွက်လှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၇ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွန့် ၆ ညွန့်နဲ့ ၆ ချက် ရိုက်ပါ။

သဗ္ဗေဓမ္မာ ဇင်ယော်နီ

BURMESE CLASSIC

ဒီလအတွက် ယတြာလက်ဆောင်

## ကားငှားရ ခက်နေသလား၊ ဒီလိုလုပ်လိုက်ပါလား...

တစ်ခါတလေမှာ အရေးကြီးကာမှ ကားငှားလို့မရတာ၊ အဆင်မပြေတာ၊ အကြာကြီးစောင့်နေတာတောင် ကားတစ်စီးမှ ပေါ်မလာမျိုးတွေ ကြုံရတတ်ပါတယ်။ အဲဒီလိုကြုံလာခဲ့ရင် သိပ်ခက်မှာတော့ မဟုတ်ပါဘူး။ မတ်စေ့လို အကြွေစေ့လေးတစ်စေ့ကို လက်မလေးနဲ့ လေထဲကို တောက်တင်လိုက်၊ ပြန်ဖမ်းလိုက်လုပ်ရင်း ဆုတောင်းရပါတယ်။ မကြာခင်မှာပဲ ကားငှားချင်တဲ့ကိစ္စ အဆင်ပြေသွားပါလိမ့်မယ်။ ကျွန်တော်တို့ရှေ့မှာ အဘမင်းသိင်္ခကိုယ်တိုင် လုပ်ပြသွားတဲ့ ကိုယ်တွေ့နည်းလေးပါ။ ကားမှ မဟုတ်ပါဘူး၊ လှေကိစ္စ၊ လှည်းကိစ္စ၊ ပစ္စည်းတစ်ခုခု ငှားချင်တဲ့ ကိစ္စတိုင်းမှာ အသုံးတည့်ပါလိမ့်မယ်။

သဗ္ဗေဓမ္မာ ဇင်ယော်နီ



www.burmeseclassic.com